
http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။




ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် ၄ ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် ၄ ရပ်

*စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး*
*ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး*
*ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး*
*နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး*

လူမှုရေးဦးတည်ချက် ၄ ရပ်

*တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး*
*အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး*
*မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး*
*တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး*

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

နန်းချစ်ကြည်
စာပေ

# ရှင်ခြင်းနှင့် သေခြင်းကြားမှ ကျွန်မတို့တစ်တွေ

ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)

**ရှင်ခြင်းနှင့်သေခြင်းကြားမှ ကျွန်မတို့တစ်တွေ**
ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ
အုပ်ရေ ၅၀၀၊

**အဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၆၁/ ၂၀၀၅ (၂) နှင့်
စာမူခွင့်ပြုချက် အမှတ် ၈၅/ ၂၀၀၅ (၁) တို့အရ
ဒေါက်တာမတင်ဝင်း (၃၇၇၄) ဝင်းရတနာစာပေ၊ ၃၃ အက်ဖ်၊
ရတနာလမ်းသွယ်၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်က
ထုတ်ဝေ၍
မျက်နှာဖုံး ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်၊ ၉၆/၁၊ ၁၁
လမ်း နှင့် အတွင်းစာသား ဦးဇော်မင်း၊ ဝိဇာဒ်ပုံနှိပ်တိုက်၊
၁၉၈ မြေညီထပ်
၃၃ လမ်းက ပုံနှိပ်သည်။

**စာအုပ်ချုပ် ဇော်ဝမ်း**
**တန်ဖိုး ၈၀၀ ကျပ်**

**ဖြန့်ချိရေး ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း (အထက်လမ်း)၊ ရန်ကုန်၊ ဖုန်း ၂၅၃၂၄၆၊
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်။
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## မာတိကာ


စာရေးသူ့အမှာ ၄
၁။ ရေးသင့်တာကို ရေး မှာသင့်တာကို မှာခြင်း ၇
၂။ မညာချင်ကြစမ်းပါနဲ့ ၁၆
၃။ မပြီးစီးနိုင်သော မှာကြားချက်များ ၂၅
၄။ သံသရာ ခရီးသွားများ ၃၄
၅။ မသေလို့တွေ့ရ မေ့နိုင်ပါရိုးလား ၄၃
၆။ ထားခဲ့တာတွေကို ဘယ်လိုခံယူကြမလဲ ၅၂
၇။ အသေကောင်းအောင် အနေကောင်းရတယ် ၆၁
၈။ အေးဆေးစွာ ထွက်ခွာစေခြင်း ၇၀
၉။ အချိန်နဲ့အသက် ၇၉
၁၀။ သေခြင်းဆိုတာ သိမ်မွေ့တယ် အလေးအမြတ်ပြုအပ်တယ် ၈၇
၁၁။ ကုသိုလ်အမျှဝေကြဖို့ အားထုတ်ကြပါ ၉၆
၁၂။ မအိုမီ မနာမီ မသေမီ ဘာလုပ်ကြမလဲ ၁၀၅
၁၃။ မွေးနေ့လက်ဆောင်နဲ့ သေနေ့လက်ဆောင် ၁၁၄
၁၄။ သေသွားပေမယ့် ကိစ္စတွေက မပြီးဘဲ
ကျန်နေတတ်တယ် ၁၂၃
၁၅။ နောက်ဘဝမှာ ဘယ်လိုနေလို့ ဘယ်လိုစားကြရမလဲ ၁၃၂
၁၆။ သေခြင်းရင်ဆိုင်နိုင်ဖို့ ရှင်တုန်းမှာ
ကောင်းကောင်းနေသင့်တယ် ၁၄၁
၁၇။ သေမှ ပူဆွေးပြီး ငိုမနေနဲ့၊ မသေခင်မှာသာ
လုပ်သင့်တာတွေကို လုပ်ပေးလို့ရတယ် ၁၅၀
၁၈။ ရှင်နေတုန်း ရှင်းအောင် သန့်အောင်နေပါ ၁၅၉
၁၉။ အစွဲအလမ်း ၁၆၈
၂၀။ သေဆုံးခါနီး အနီးအနားကလူများဟာ
သိတတ်ဖို့လိုပါတယ် ၁၇၇


## စာရေးသူ့အမှာ

သေခြင်းတရားနှင့်ပတ်သက်သော မြန်မာတို့၏ အယူအဆ အတွေးအခေါ်များ၊ ဓလေ့ထုံးစံများသည် မည်သည့်ကိုးကွယ်ယုံကြည်မှုမှ ဆင်းသက်လာမှန်း မသိသည့် အတွေးအခေါ် အယူအဆတို့နှင့် ဓလေ့ထုံးစံတို့၏ လွှမ်းမိုးခြင်းကို ခံနေရပြီဆိုသည့်အကြောင်းကို အကြောင်းတိုက်ဆိုင်လွန်း၍ ကြားခဲ့ သိခဲ့ရပါသည်။ မည်သည့်လူမျိုး၌မဆို မွေးဖွားလာခြင်း (ရှင်ခြင်း)၊ သေဆုံးခြင်းတို့နှင့်ပတ်သက်သည့် လူမှုရေးဆိုင်ရာ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ကိုယ်ပိုင်အယူအဆများ၊ ကိုယ်ပိုင်အတွေးအခေါ်များ ရှိတတ်ပါသည်။ ကိုယ်ပိုင်ဟု ပြောရာတွင် ခြွင်းချက်တော့ရှိရပေမည်။ ယဉ်ကျေးမှု ကူးလူးဆက်ဆံခြင်းကြောင့် ဆောင်ရွက်ဖွယ်ကိစ္စများတွင် အဓိပ္ပာယ်ကို ကောင်းစွာမသိဘဲ လုပ်ဆောင်နေကြသည့်ကိစ္စများရှိပါသည်။ သို့သော် နှစ်များစွာကြာသွားသည့်အချိန်တွင် ထိုထုံးစံများနှင့် မိမိတို့၏ဓလေ့ထုံးစံများ ရောနှောကာ ကိုယ်ပိုင်ဟုပြော နိုင်လာပါသည်။

ကိုယ်ပိုင်ဟု မပြောနိုင်သည့်ကိစ္စမှာ မြန်မာနိုင်ငံသားတို့၏ လူမှုရေး၊ ယဉ်ကျေးမှု အသွင်သဏ္ဍာန်များနှင့်မတူဘဲ ပကာသနဖက်ကာ ဆောင်ရွက်တတ်လာကြခြင်း ဖြစ်ပါသည်။ တိုင်းတစ်ပါးသားတို့တွင် သူတို့၏အစဉ်အလာအရ လိုက်နာလုပ်ဆောင်ခဲ့သော ယဉ်ကျေးမှု ဓလေ့ထုံးစံများ ရှိပါသည်။ သူတို့တွင် သူတို့၏ကိုးကွယ်ယုံကြည်မှု၊ သူတို့၏ လူမှုရေး ဓလေ့ထုံးစံများအတိုင်း ဆောင်ရွက်ဖွယ်တို့ကို ဆောင်ရွက်ခြင်းသည် ပကာသနအလုပ်မဟုတ်ဟု ဆိုနိုင်ပါသည်။ သို့သော် မြန်မာတို့က

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



သူတို့၏အလေ့အထများကို ပုံတူကူး၍ လုပ်ဆောင်ခြင်းမှာမူ ခေတ်မီသည်၊ အဆင့်မြင့်သည်ဟု ယူဆ၍ လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း သိသာထင်ရှားလှပါသည်။ တချို့မှာမူ မိမိတို့ယုံကြည်ပါသည်ဟု ဝန်ခံထားသော ထေရဝါဒနှင့်ဆန့်ကျင်ဘက်ကိစ္စများကို မည်သည့်အကြောင်းကြောင့်ဟု ထင်ရှားစွာမသိဘဲ ဆောင်ရွက်နေခဲ့ကြသည်။ အကြောင်းတိုက်ဆိုင်၍ တင်ပြရသော် ဘာသာခြားအသုဘတစ်ခုသို့ ကျွန်မ မရှောင်သာ၍ သွားခဲ့ပါသည်။ ထိုအသုဘတွင် ရွတ်ဖတ်နေသော သူတို့၏ဘုန်းတော်ကြီးသည် ရုတ်တရက် သေဆုံးသူ၏သမီးဖြစ်သူကို သမီးကလေး၊ သမီးကလေးဟာဖြင့် မာတာပီတု ဥပဋ္ဌာနံ၊ အမိအဖတို့ကို လုပ်ကျွေးတဲ့အတွက် ကုသိုလ်အများကြီးရပေတယ်။ သမီးကောင်းတစ်ယောက်ဖြစ်ပေတယ်ဟု ခန့်ညားသောလေသံဖြင့် ပြောလိုက်သည့်အခါ ဗုဒ္ဓဘာသာအများစုသည် အတော်အနေရ အထိုင်ရခက်သွားမည်ဟု ကိုယ်ချင်းစာ၍ နားလည်ခဲ့ရသည်။ ထို့အတူ မိမိတို့နှင့် အယူလည်းမတူ၊ ဓလေ့လည်းခြားနားသောသူများ၏ ယဉ်ကျေးမှုကို မသိနားမလည်ဘဲ လုပ်နေမိသောသူများ စဉ်းစားနိုင်ရန် စာရေးဦးမှဟု ကျွန်မစဉ်းစားနေမိပါသည်။ စာရေးဆရာ၏ဉာဉ်သည် ရှင်သန်လှသည်ဟု ယူဆပါသည်။

မြန်မာ့လူမှုအဖွဲ့အစည်းတွင် မွေးဖွားသည့်ကိစ္စတွင်လည်း ဝိုင်းဝန်းဆောင်ရွက်တတ်သော ဓလေ့ရှိခဲ့ပါသည်။ ပကာသနကင်းကင်း စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ရသော သေခြင်းနှင့်ပတ်သက်သည့် အသုဘကိစ္စတွင်လည်း အသုဘရှင်တို့ စိတ်သက်သာရစေခြင်းငှာ ကိုယ်သက်သာရစေခြင်းငှာ ဝိုင်းဝန်းဆောင်ရွက်တတ်ကြပါသည်။ များသောအားဖြင့် ထေရဝါဒ အယူအဆများ ဓလေ့ထုံးစံများကို လိုက်နာလုပ်ဆောင်တတ်ကြပါသည်။ ထိုအကြောင်းကို တင်ပြခြင်းဖြင့် သေဆုံးသွားသူလည်း အကျိုးရှိ၊ ကျန်ရစ်သူများအတွက်လည်း ဖြေသာသောဆောင်ရွက်ဖွယ်



ကိစ္စတို့၏အကြောင်းကို လူငယ်မျိုးဆက်သစ်များအနေဖြင့် သိနားလည်လာမည်ဟု စာရေးသူ မျှော်လင့်မိပါသည်။

ထိုထိုသော အတွေးများ၏ တွန်းအားပေးမှုကြောင့် A 4 စာမျက်နှာ ၆၀ ရှိသော **'ရှင်ခြင်းနှင့် သေခြင်းကြားမှ ကျွန်မတို့တစ်တွေ'** ဟု ခေါင်းစဉ်ပေးထားသည့် စာအုပ်တစ်အုပ်ကို ရေးသားမိပါသည်။

စာအုပ်တွင် သေသောသူအတွက် ရှင်ကျန်ရစ်သောသူများတွင် တာဝန်ရှိသဖြင့် ထိုတာဝန်ကို ထမ်းဆောင်ခြင်းဖြင့် သားသမီးဝတ္တရား၊ မိဘဝတ္တရား၊ အဆွေအမျိုးတို့၏ဝတ္တရားစသည်ဖြင့် အချင်းချင်း ကူညီစောင်မသည့် အလုပ်များသည် ကုသိုလ်များစွာ ရရှိသည်ကို သိစေချင်ပါသည်။

ထိုသို့ဆောင်ရွက်ဖွယ်ကိစ္စများ မဆောင်ရွက်ဘဲ မလိုအပ်သည့် မိမိတို့နှင့်များစွာမနီးစပ်သော အလုပ်များကို အချိန်ကုန် လူပန်းခံကာ ဆောင်ရွက်နေကြခြင်းဖြင့် အကျိုးမများသည့်အကြောင်းကို သိစေချင်ပါသည်။ အမှန်အားဖြင့် မသေမီစပ်ကြား မိမိကိုယ်တိုင် မိမိတာဝန်ကို ယူသွားရန် ပိုမိုသင့်တော်သည်ဆိုသည့်အကြောင်းကို ကျွန်မ တင်ပြလိုရင်း ဖြစ်ပါသည်။ အကြောင်းမှာ အကြောင်းကြောင်းကြောင့် အမျှပေးဝေသည့်နည်း မှားယွင်းနေပါက မျှော်သာမျှော်၍ အမျှမရဘဲ ပြိတ္တာဘဝတွင် တဝဲလည်လည် ဖြစ်နေနိုင်သောကြောင့် ဖြစ်ပါသည်။

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## ရေးသင့်တာကိုရေး မှာသင့်တာကို မှာခြင်း

ကျွန်မနဲ့ ရင်းနှီးတဲ့ အသိုက်အဝန်းမှာ နာရေးဖြစ်ရင် ကျွန်မတို့လည်း ဝင်ပါရတော့တာပါပဲ။ အဲသည်ကိစ္စက ဓမ္မတာလေ။ သူသေ ကိုယ်ပို့၊ ကိုယ်သေတော့လည်း သူပို့ပေါ့။ အဲသည်လိုကိစ္စက အစောပိုင်းက သိပ် မကြုံရပေမယ့် နောက်ပိုင်းရောက်လေလေ ကြုံရလေလေပါပဲ။ ကိုယ်က အသက်ကြီးသွားလေလေ ကိုယ့်အသိုက်အဝန်းက အသက်ကြီးလာလေ လေ။ သူတို့ကိုယ်တိုင် နာရေးမဖြစ်ရင်တောင်မှ သူတို့ထက်ကြီးတဲ့သူ တွေက နာရေးတွေဖြစ်တတ်တော့ နာရေးတွေ ဆက်တဲ့အခါတွေနဲ့ တောင်မှ ကြုံရပါတယ်။

အဲသည်လို ကြုံတိုင်း သမီးဟာ မျက်စိမျက်နှာ ပျက်တတ်ပါ တယ်။ သက်ပြင်းချတတ်ပါတယ်။ အမေတစ်ခု သမီးတစ်ခု၊ တစ်ဦးနဲ့ တစ်ဦး သိပ်တွယ်တာ၊ သိပ်မှီခိုနေရတာဆိုတော့ သူ့ခမျာ ကြောက်ရှာ မှာပဲလို့တွေးရင်း ကြည့်နေခဲ့ပါတယ်။ အခုတလောမှာ ဆွေမျိုးလိုရင်းနှီး တဲ့သူတစ်ယောက်လည်း ဆုံးရော။ သမီးကြောက်လိုက်တာ အမေရယ်လို့ သမီးက ဖွင့်ပြီးပြောတော့တာပါပဲ။ အဲသည်တော့ ကျွန်မက ရယ်ရယ် မောမောနဲ့ အမေ စီစဉ်ပြီးပါပြီလို့ ပြောရပါတယ်။

အမေ သေရင် ကိုမြတ်ခိုင်ဆီကို အရင်တယ်လီဖုန်းဆက်လိုက်၊ ပြီးရင်တော့ ရေနံချောင်းဆက် ဆရာတော်တစ်ပါးဆီကို ဆက်လိုက်၊ ဆရာတော်ကလည်း အမြန်ကြွပြီး သရဏဂုံတင်ပေးမှာပဲ။ ဆရာတော် ကိုလည်းလျှောက်ထားပြီးပြီ။ အရေးကြီးတာက သရဏဂုံတင်ဖို့ ဖြစ် တယ်လို့ သမီးကိုမှာထားတယ်။ နောက်ကိစ္စတွေတော့ သမီးစိတ်မပူ နဲ့တော့ ကိုမြတ်ခိုင်က ပြည့်စုံအောင်စီစဉ်ပေးလိမ့်မယ်လို့လည်း ပြောထား



ပါတယ်။ အဲသည်ကိစ္စကိုလည်း အမေကိုယ်တိုင် ကိုမြတ်ခိုင်ကို နှုတ်နဲ့ ပြောပြပြီးပါပြီလေ။ ကိုမြတ်ခိုင်ကို စာရေးဆရာတွေရဲ့ နောက်ဆုံးခရီး နဲ့ပတ်သက်တဲ့ကိစ္စတွေမှာ ကိုယ်တိုင်ကိုယ်ကျ ကူညီနေတာ တွေ့ ကတည်းက အကူအညီတောင်းထားပြီးသား။ အမေက နှုတ်ကဖွင့်ပြီး အကူအညီမတောင်းရင်တောင် ကိုမြတ်ခိုင်က လာမှာပါ။

အဲသည်သေခြင်းကိစ္စကြီးကို ကျွန်မတော်တော်စဉ်းစားပါတယ်။ ထပ်ပြီးမှာစရာတွေကို စဉ်းစားတာပေါ့လေ။ အခုထပ်ပြီးမှာစရာက မသေခင်နာပြီဆိုကတည်းက ကိုမြတ်ခိုင်က လာရှာမှာပါ။ နေမကောင်း မှန်းသိရက်နဲ့ အမေသက်သာတယ်နော်လို့ မေးဦးမှာလည်း သေချာပါ တယ်။ အဲသည်လိုဆိုရင်တော့ ကျွန်မက ကိုမြတ်ခိုင်ကို ပြောရမယ်၊ အမေ့ကို ဘာပဲဖြစ်ဖြစ် ဆေးရုံတော့တင်ပါသားရယ်၊ ဘာဖြစ်လို့လဲဆို တော့ ဆေးရုံမှာက အသက်ထွက်တာကို သက်သောင့်သက်သာ ဖြစ် အောင် ချုပ်စက်တို့ အောက်စီဂျင်တို့နဲ့ စီစဉ်ပေးနိုင်တယ်မဟုတ်လား။ အဲသည်လိုသာ ပြောရတာပါလေ၊ တကယ်တော့ သေခြင်းကောင်းတာ မကောင်းတာက ကိုယ့်သီလနဲ့လည်း သက်ဆိုင်ပါတယ်။ ဝဋ်နဲ့လည်း ဆိုင်မှာပေါ့။ တချို့သူတော်ကောင်းကြီးများတောင်မှ သေခြင်းတရားကို ရင်ဆိုင်တဲ့အခါမှာ ပင်ပန်းတတ်ကြတယ်ဆိုတာကို ကိုယ်တိုင်မြင်ခဲ့ သိခဲ့ရတာတွေ ရှိပါတယ်။ သို့ပေမဲ့ ဆေးရုံကိုတော့ တင်ပါလေ။ ဒါပေမဲ့ မရနိုင်တော့မှန်း သိလျက်နဲ့ လုပ်သင့်တာတော့ အကုန်လုပ်ပေးမယ်ဆို ပြီး ပိုက်တွေဘာတွေနဲ့ အတင်းဆွဲမထားနဲ့၊ သက်သောင့်သက်သာပဲ ထွက်ခွာပါရစေ။

ထွက်ခွာရတော့မယ့်အခါမှာ တရားနာရင်းပဲ သွားချင်ပါတယ်။ ဘယ်သူမှ မငိုနဲ့နော်။ ငိုချင်ရင် တခြားမှာသွားငိုပေါ့။ အမေ့ရှေ့မှာ သံမှန်နဲ့ အေးအေးဆေးဆေး စကားပြောဖို့ ကြိုးစားပါလို့ ကျွန်မက အားလုံးကို မှာရပါမယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



နောက်တစ်ချက် မှာချင်တာက သေတဲ့ကိစ္စက မွေးဖွားတဲ့ကိစ္စလိုပဲ။ လူမှုအသိုက်အဝန်းတိုင်းမှာ အရေးကြီးတယ်။ သေခြင်းနဲ့ ပတ်သက်တဲ့ ဓလေ့ထုံးစံက အမျိုးမျိုးကွဲပြားနေတယ်။ ယဉ်ကျေးမှုအဆင့်မြင့်ရင် မြင့်သလို နည်းတွေ ထွေပြားလာတတ်တယ်။ ခေတ်အလိုက်နည်းအမျိုးမျိုးနဲ့ ဆောင်ရွက်ကြတတ်တယ်။ ကိုးကွယ်ယုံကြည်မှုအလိုက်နည်းလမ်းများ ကွဲပြားတတ်တယ်။

အဲသည်တော့ ကျွန်မကိစ္စကို ဆောင်ရွက်ပေးမယ့် ကိုမြတ်ခိုင်ကို မှာရပါမယ်။ အမေတို့က ထေရဝါဒဗုဒ္ဓဘာသာဝင်တွေဆိုတော့ ထေရဝါဒီတွေရဲ့နည်းနဲ့ပဲ ဆောင်ရွက်ရပါမယ်။ သေတဲ့သူနဲ့ပတ်သက်ပြီး တချို့က ၇ ရက် မလည်မချင်း အိမ်မှာရှိနေဦးမယ်လို့ ထင်တတ်ကြတယ်။ အမေ့ကို ကိုမြတ်ခိုင်က ဓာတ်ပုံလှလှကြီးတွေ ရိုက်ပေးထားတော့ ဓာတ်ပုံကြီးထောင်ပြီး စားစရာတွေ ချပေးနေတာတွေ ဘာတွေများ လုပ်မယ်စိတ်မကူးနဲ့၊ အမေတို့ ထေရဝါဒီများရဲ့ လုပ်ထုံးလုပ်နည်း မဟုတ်ဘူး။

အခုမှာနေတဲ့အချိန်မှာ နာမနေသေးတော့ မှာချင်တာကို စုံစေအောင် မှာချင်လို့ ဓာတ်တော်တစ်ခုကို ပြောပြချင်ပါတယ်။ ထေရဝါဒီများရဲ့ ဘဝကူးခြင်းကို ထင်းခနဲနေအောင်ပြနိုင်တာက လာဇာဒေဝီတာဝတ္ထုဖြစ်တယ်။ လာဇာနတ်သမီးဆိုတာက နတ်သမီးလေးပေါက်ပေါက်လို့ ဘာသာပြန်ရမယ်။ ဓာတ်ကြောင်းကိုပြန်ရရင် သူက လူ့ဘဝမှာတုန်းက လယ်တောသူမကလေး ဖြစ်ခဲ့တယ်။ အဲသည်လယ်တောသူကလေးက အရှင်မဟာကဿပကြီးကို လယ်ထဲမှာတင် ကောက်ညှင်း ကောက်သစ်ကို ကိုယ်တိုင် ပေါက်ပေါက်ဖောက်ပြီး လှူခဲ့တယ်။ အရှင်မဟာကဿပဟာ နိရောဓသမာပတ်က ထတော်မူတိုင်း ချီးမြှင့်သင့်တဲ့ပုဂ္ဂိုလ်များထံကို ကြွတော်မူပြီး ဆွမ်းရပ်တော်မူတတ်တာကိုး။ အဲသည်လို လှူပြီးတဲ့နောက် ဆင်းရဲသူမ လယ်တောသူကလေးဟာ အိမ်ကိုပြန်ပါ



တယ်။ လက်ထဲမှာ ဆန်ကောတို့ ဒယ်အိုးတို့ကို ကိုင်ပြီး ပြန်သွားတာပေါ့။ အဲသည်လိုအိမ်ပြန်ခရီးမှာ လယ်ကန်သင်းရိုးတစ်ခုကိုလည်း ကျော်လိုက်ရော မြွေဟောက်တစ်ကောင် ပေါက်လိုက်လို့ အဲသည်လယ်တောသူကလေး သေရှာပါလေရော။

အဲသည်လိုသေတာနဲ့ သူ့ကုသိုလ်စိတ်ကြောင့် တစ်ခါတည်း နတ်ပြည်ကိုရောက်သွားပါလေရောတဲ့။ နတ်ဘုံနတ်နန်းကလည်း ပေါက်ပေါက်ပွင့် ဖြူဖြူကလေးတွေနဲ့ တန်ဆာဆင်ပြီး ဖြူဖွေးတဲ့အရောင်နဲ့ လှပနေသလို သူကလေးကလည်း အသားဖြူဖြူဖွေးဖွေးကလေးနဲ့ လှပနေပါသတဲ့။ အမည်ကလည်း နတ်သမီးလေးပေါက်ပေါက်လို့ မြန်မာပြန်လို့ရတဲ့ လာဇာဒေဝီတာ ဖြစ်ပါသတဲ့။ နတ်သမီးကလေးက နတ်စည်းစိမ်ကိုရတာနဲ့ အောင်မယ်၊ ငါသည်ကားဟုဆိုရင်လို့ မာန်ဝင့်ချင်တဲ့ သူမျိုး မဟုတ်ရှာပါဘူးတဲ့။ ငါဟာ ဘာဖြစ်လို့ အခုလိုစည်းစိမ်ရှင် ဖြစ်ရတာပါလိမ့်လို့ တွေးတောပြီး နတ်မျက်စိနဲ့ကြည့်လိုက်တော့ ဟိုဘဝတုန်းက သူ့အလောင်းဟာ ကန်သင်းရိုးကိုမှီပြီး လက်ထဲမှာ ဆန်ကောတွေ အနားမှာ ဒယ်အိုးတွေနဲ့ ရှိနေဆဲပါပဲတဲ့။ သူသေတာ ရွာကလူတွေတောင် မသိသေးဘူး။ သူက နတ်သမီးဖြစ်နေပြီ။

ဘဝကူးတယ်ဆိုတာ အကြားအလပ်မရှိ အဲသည်လိုကူးတယ်လို့ အမေတို့ထေရဝါဒီတွေယုံကြည်ပါတယ်။ အမေက အရှင်မဟာကဿပနဲ့မှ မတွေ့နိုင်တာ၊ တော်တော်ကြာ မကျွတ်မလွတ်ဘဲ ဖြစ်နေရင်ကောလို့ အထွန့်မတက်နဲ့။ သူ့တန်ရာတန်ရာဘဝကို အကြားအလပ်မရှိ ရောက်သွားမှာ ဖြစ်ပါတယ်။ အမေ့ဘဝမှာ အားကိုးစရာ ဒါန၊ သီလ၊ ဘာဝနာလည်း ရှိတာပဲ။ သို့ပေမဲ့ နောက်ဆုံးထွက်ခွာခါနီးက အရေးကြီးတယ်။ ငိုသံတွေ ဆူညံသံတွေနဲ့ စိတ်ကိုပျံ့လွင့်မသွားအောင် ကုသိုလ်စိတ်တွေ ကုသိုလ်ဇောတွေကျနိုင်အောင် စီမံပေးရမှာက ကျန်တဲ့သူများရဲ့ကိစ္စဖြစ်ပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



အကုသိုလ်စေကြောင့် အပါယ်လေးပါးလည်း ကျနိုင်တယ်။ ပြိတ္တာလည်းဖြစ်သွားနိုင်တာပေါ့။ ပြိတ္တာတောင်မှ တစ်မျိုးပဲ အမျှအတန်း ဝေတာကို ရနိုင်တဲ့အကြောင်းကို နောက်မှပြောတော့မယ်။ ဘာပဲဖြစ်ဖြစ် ကျန်ရစ်သူများရဲ့တာဝန်ဝတ္တရားအရ အမျှအတန်း ဝေရမှာဖြစ်ပါတယ်။ အဲသည်တော့ အလှူဒါနလည်း ပြုကြရမှာဖြစ်ပါတယ်။

အလှူဒါနလုပ်တဲ့နေရာမှာလည်း ပကာသနမပါပါစေနဲ့။ အရေးကြီးတာက သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်များကို အလှူအတန်းလုပ်နိုင်ကြဖို့ ဖြစ်ပါတယ်။ အမျှအတန်းဝေရင်တော့ သီလနဲ့ပြည့်စုံတဲ့ သံဃာတော်များကို လှူဒါန်းမှုအစုစု လုပ်ကြရပါမယ်။ အဲသည်နေရာမှာ ရေနံချောင်းဆက် ဆရာတော်က သွန်သင်တော်မူဖူးပါတယ်။ အသုဘဆွမ်းသွတ်တဲ့ အခါမှာ လှူရင် ဘုန်းတော်ကြီးကို မစွဲနဲ့။ သံဃာ့ဂုဏ်ကို အာရုံပြုပြီး သံဃာတော်ကိုသာ ရည်စူးဦးခိုက်ပြီး လှူပါ။ ပြီးတော့ သေဆုံးသွားသူကို အလှူမှာ တရားနာနိုင်အောင် ဖိတ်ခေါ်ပါ။ အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်များက တရားနာလာရောက်ခွင့် ပေးပါလို့လည်း ခွင့်တောင်းပါ။ တရားနာပြီးတဲ့နောက် အမျှအတန်းဝေပါ။ ကြားလောက်အောင် နာမည်ခေါ်ပြီး အမျှဝေပါ။ ဝမ်းနည်းစရာကိစ္စဖြစ်တယ်ဆိုတာကတော့ မငြင်းပါဘူး။ ဝမ်းနည်းနေလို့ ငိုနေလို့လည်း မပြီးသေးဘူးလေ။ အဲသည်တော့ တည်တည်ငြိမ်ငြိမ်နဲ့ အလှူပေးကာ အမျှဝေပါလေ။ အဲသည်ကိစ္စကို လုပ်ရတာက သေဆုံးသူရဲ့ကျေးဇူးဂုဏ်ကို အောက်မေ့ပြီး သူ့အတွက် လိုလေသေးမရှိအောင် လုပ်ရတာပဲဖြစ်ပါတယ်။

အသုဘချတာဟာ ပကာသနနဲ့ လုပ်ရမယ့်ကိစ္စ မဟုတ်ဘူး။ တစ်ခါတည်း ပြောချင်တာက သတင်းစာထဲမှာ ပန်းခွေ ပန်းခြင်းပို့ခြင်း သည်းခံပါလို့ ထည့်လိုက်ဖို့ မှာချင်တယ်။ သို့ပေမဲ့ သမီးရဲ့ပန်းခြင်းကိုတော့ အမေက ခွင့်ပြုရမှာပေါ့လေလို့ သမီးကို ရယ်ရယ်မောမောနဲ့ ပြောရတယ်။ ပန်းသိပ်ကြိုက်တဲ့အမေ့ကို ပန်းနဲ့မပို့ရင် မသမီးက



စိတ်ဆင်းရဲနေမှာ စိုးလို့ပါပဲ။ သမီးက အခုအထိ ဘုရားမှာ ပန်းမွှေးမွှေး လှူရင်း အဘွားကို တ,သနေတုန်းဖြစ်တယ်။ အမေ့အတွက် စာကြည့်ခန်းထဲမှာ ပန်းအိုးလှလှကလေးတွေ ထားပေးတတ်တယ်။ သူ့ကိုတော့ ပန်းခြင်းလှလှနဲ့ အမေ့ကို ပို့ခွင့်ပေးရမှာပေါ့။ အဲသည်အကြောင်းကို ရေးရင်း တချို့သောသမီးများ ညီမများကိုလည်း သတိရလိုက်တယ်။ တော်ပြီ။ ခွင့်ပြုလိုက်ရင် စိတ်မပါပေမယ့် မကောင်းတတ်ပါဘူးလေ ဆိုတဲ့သူတွေက ပါလာဦးမှာ။ ခွင့်မပြုတော့ဘူး။

ပန်းခွေ ပန်းခြင်းကိစ္စကို မူလကတည်းက ပကာသနတစ်မျိုးပဲလေလို့ ယူဆနေတာ။ ပြီးတော့ ငွေစုထည့်ရတဲ့သူတိုင်းက စိတ်ကျေနပ်မှာ မဟုတ်ဘူး။ လူတွေလည်း နည်းအမျိုးမျိုးနဲ့ ပင်ပန်းကြတယ်လေ။ ကိုယ်က သိတော့မှာလည်း မဟုတ်ဘူး။ ကျန်တဲ့သူတွေ ဘယ်လိုနည်းနဲ့မှ မပင်ပန်းစေချင်ဘူးလေ။ ပန်းခြင်းကိစ္စကို ပိုပြီးစိတ်ကုန်သွားတာက ဓာတ်သိအသုဘတစ်ခုကို ရောက်ခဲ့တဲ့အခါမှာ တွေ့မြင်ရတာကြောင့် ဖြစ်ပါတယ်။ ပန်းခြင်းတွေက လှလိုက်တာ၊ တစ်နေရာတည်းမှာတင် အော်ဒါမှာတာ ထင်ပါတယ်။ တစ်ညီတည်းလိုလို ပြင်ဆင်ထားပါတယ်။ အဆင့်မြင့်မြင့်ပြင်ထားတာ။ မြန်မာလူမျိုးတွေပေမဲ့ ပန်းခြင်းအကုန်လုံးမှာ အင်္ဂလိပ်လိုရေးထားပါတယ်။ ဘယ်လိုချစ်ခင်လေးစားတယ်ဆိုတာတွေ ရေးထားတာဖြစ်မှာပေါ့။ ကျွန်မက သူစိမ်းဖြစ်ပေမယ့် တော်တော့်ကို ပတ်သက်မိတာကြောင့် အကုန်လုံးက ညာနေတာပဲလို့ သိနေပါတယ်။ သေခါမှ လှပသေသပ်စွာ အဆင့်မြင့်စွာ လွမ်းပြနေတာဟာ တကယ်တော့ သေသူက သိတာလည်း မဟုတ်ဘူး။ အသက်ရှင်စဉ်က ပညာတွေ အများကြီးတတ်ပြီး ဆွေမျိုးထဲက ငယ်သူအားလုံးကို ဂရုစိုက်ခဲ့ရှာတဲ့ သေသူဟာ သိမ်ငယ်တဲ့ ပင်ပန်းတဲ့အတွေ့အကြုံကို အသက်ရှည်သလောက် ခံစားသွားရရှာတယ်ဆိုတာ ကျွန်မက သိနေတယ်လေ။ ငယ်ရွယ်တဲ့ ကျေးဇူးစားတစ်ယောက်ကဆိုရင် မထီမဲ့မြင် ဆက်ဆံခဲ့တယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



မူလတုန်းက ကျို့ခဲ့သလောက် သူက အသာစီးရသွားတဲ့အခါ ထန်ထန်မာမာ ဆက်ဆံခဲ့တယ်ဆိုတာကို ကိုယ်ကသိနေတယ်။ အသာစီးရတယ်ဆိုတာက ပြိုင်ပြီးတိုက်လို့ မဟုတ်ဘူး၊ အသက်ကြီးတဲ့အခါမှာ ဘယ်သူပဲဖြစ်ဖြစ် ကျလူဖြစ်လာပြီ။ တက်လူက တက်နိုင်သလောက် တက်နေတုန်းမှာ ကျလူက ထိန်းမထားနိုင်အောင် ကျသွားတတ်တယ်လေ။ စီးပွားရေးကျရင် ကျန်းမာရေးကျရင် ကျသလိုပေါ့။

အဲသည်ကျေးဇူးစားက နောက်ကျမှ ခဝ်သုတ်သုတ်လာပြီး အလောင်းနားကဝ်သွားတယ်၊ တစ်ခဏလောက် ငိုတယ်။ ပြီးတော့ မျက်ရည်သုတ်ပြီး သူတို့အမည်နဲ့ပန်းခြင်းကို အရှေ့ဘက်ရောက်အောင် ထုတ်တယ်။ ပြီးတော့ လူတွေကိုလိုက်ပြီး စကားပြောတယ်။ အဲသည်တော့ ကျွန်မဟာ ပန်းခြင်း ပန်းခွေကိစ္စကို တော်တော်စိတ်ကုန်သွားပါတယ်။ ပြစားတဲ့ကိစ္စတွေဟာ အသုဘမှာတောင် ပါနေတာ မကောင်းပါဘူး။

နောက်ပြီးတော့ မှာစရာရှိတယ်။ မြန်မာမှာ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုတဲ့ စကားပုံရှိတယ်။ ကျောင်းဆိုတာက ဘုန်းတော်ကြီးကျောင်းကို ညွှန်းဆိုတာ၊ ဘုန်းတော်ကြီးကျောင်းကို ဆယ်ခေါက်လောက်သွားပြီး တရားတွေ ဘာတွေနာတဲ့အခါမှာ ရလာနိုင်တဲ့ သတိသံဝေဂမျိုးကို မသာတစ်ခေါက်လိုက်ပို့ရင် ရလာနိုင်တယ်ဆိုတာကို ပြောချင်တာပဲဖြစ်ပါတယ်။ တကယ်တော့ အသုဘဆိုတာ *ကြည့်၍မတင့်တယ်တော့တဲ့အရာကို လာကြည့်ရင်း ရှုဆင်ခြင်တဲ့အလုပ်ကို လုပ်ကြရတာ ဖြစ်ပါတယ်။ သေသူရဲ့ကျေးဇူးဂုဏ်ကို အောက်မေ့ရင်း ကျန်ရစ်သူကို အားပေးဖို့ နှစ်သိမ့်ဖို့ လာရောက်စုရုံးကြရတာပါပဲ။* အမေတို့ငယ်ငယ်ကတည်းက ဘွားဘွားတို့ဟာ အသုဘကိုသွားမယ်ဆိုရင် မျက်နှာမှာ သနပ်ခါးတွေ ဖုန်မနေစေနဲ့၊ ပန်းမပန်နဲ့။ သင့်တင့်လျောက်ပတ်တဲ့ သန့်စင်တဲ့အဝတ်ကိုဝတ်သွား။ အသုဘမှာ လျှပ်ပေါ်



လော်လည်တဲ့အဝတ် အပြင်အဆင် မပါစေနဲ့။ အချိန်အခါ နေရာဒေသကိုကြည့်ပြီး ဝတ်ဆင်နေထိုင်ပြောဆိုပါလို့ သွန်သင်ခဲ့တယ်။

အခုတော့ ဟိုကြည့်သည်ကြည့် ဟိုလူနဲ့စကားပြော၊ သည်လူနဲ့စကားပြော။ တချို့များ တသောသောမဟုတ်တောင်မှ ရယ်သံဟဟတော့ ထွက်လာသေးရဲ့။ သမီးကဆိုရင် အမေတို့စာရေးဆရာတွေများ အသုဘမှာတောင် မထိန်းနိုင်ဘဲ ဆောင်းပါးတောင်းကြတယ်လို့ ပြောတတ်တယ်။

အမေ့ကိစ္စဆိုရင်တော့ ကိုမြတ်ခိုင် ဘယ်တော့ဆောင်းပါးပေးမလဲဆိုတာမျိုး တောင်းချင်တောင်းနေမှာနော်။ ကိုမြတ်ခိုင်ကလည်း အမေ့အတွက် လုပ်စရာရှိတာကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးနေရင်းက ဘယ်အကြောင်းကစပြီး ရေးရမလဲလို့ တွေးနေမိဦးမယ် ထင်တယ်။ လူဆိုတာ သူ့ဝါသနာနဲ့ သူ့ဓလေ့နဲ့ကိုး။ ကိုမြတ်ခိုင်ကိုလည်း ပြောရဦးမယ်။ အမေနဲ့ မင်းနဲ့မတွေ့ခင်ကအကြောင်းတွေကို အခုကတည်းက အမေ့ကိုမေးထားဦး။ တော်ကြာ အမှားတွေပါနေဦးမယ်။ အမှားတွေပါသွားလည်း ဘာဖြစ်လဲအမေရယ်၊ အမေ မရှိတဲ့အချိန်အထိ ပွဲဆူပြီးကျန်ရစ်ရင် ကောင်းတာပေါ့လို့ ပြုံးကျဲကျဲနဲ့ ပြောနေဦးမှာထင်ပါရဲ့။

အခုရေးလိုက်တဲ့စာကို ဖတ်ပြီး ဘယ့်နှာကြီးမှန်းလည်းမသိ၊ နိမိတ်မရှိ နမာမရှိ ရေးရသလားလို့ တယ်လီဖုန်းဆက်ပြီး ရန်တွေ့မယ့် သမီးတွေ ညီမတွေလည်း ရှိနေသေးတယ်။ ဟိုမိန်းမလေ နှင်းဝေငြိမ်းအဲ သူဖတ်မိရင်တော့ အမေလို့ အသံပြဲကြီးနဲ့အော်ပြီး ရန်တွေ့ဦးမှာ၊ ဒါမျိုးတွေ မရေးစမ်းပါနဲ့အမေရာ၊ စိတ်ကိုညစ်သွားတာပဲလို့ ပြောဦးမှာ။

တကယ်တော့ သေခြင်းအကြောင်းတရားဆိုတာ ရှိနေတဲ့အကြောင်းတရားပဲ။ မရှိတာကို အရှိလုပ်ပြီး ရေးနေတာမဟုတ်ဘူး။ အမေတို့ဟာ သေခြင်းကိုတယ်ပြီး မသိကျိုးကျွန်လုပ်တတ်ကြတယ်။ အနားမှာရှိနေတဲ့

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ကိုယ်မခေါ်ချင်တဲ့ မနှစ်သက်တဲ့သူကို မသိချင်ယောင်ဆောင်ပြီး သူနဲ့ မျက်စိချင်းမဆိုင်မိအောင် ရှောင်တဲ့အနေနဲ့ သူ့ခေါင်းပေါ်ကကျော်ပြီး ကြည့်သလို ကြည့်တတ်ကြပါတယ်။ လူဆိုရင်တော့ တယ်ပြီးကြီးကျယ်တဲ့သူပဲ။ ငါ့ကိုမသိချင်ယောင်ဆောင်တယ်၊ ငါကလည်း ဂရုမစိုက်ဘူးကွာလို့ ပြောပြီး ထွက်သွားကောင်း ထွက်သွားလိမ့်မယ်။

သေခြင်းဆိုတာကတော့ ဘယ်သူမှရှောင်လွှဲလို့မရပါဘူး။ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါများကအစ သတ္တဝါအားလုံး မရှောင်နိုင်ပါဘူး။ ရှင်သေမင်းရယ်လို့ တင်စားပေမယ့် အကောင်အထည်ဒြပ်မရှိတဲ့ သဘာဝတရားတစ်ခု ဖြစ်ပါတယ်။ သေခြင်းကိုရင်ဆိုင်ဖို့ ပြင်ဆင်သောအားဖြင့် အမေရေးရပါတယ်လို့ သက်ဆိုင်တဲ့သူများကို ပြောရမှာပါပဲ။

## မညာချင်ကြစမ်းပါနဲ့

ကျွန်မဟာ ကိုယ့်ကိုယ်ကို အိုပြီလို့ ခဏခဏပြောလာတာ အသက် ၆၀ ပြည့်တော့မယ့်တားတား အချိန်ကတည်းကပါပဲ။ အဲသည်အချိန်ကတည်းက လမ်းသွားရင် မလဲအောင် ခြေကုပ်မြဲအောင် သတိထားလာခဲ့ပါတယ်။ ဟိုအရင်တစ်ချိန်တုန်းကတော့ လမ်းသွားရင် ဖြည်းဖြည်းမသွားတတ်ပါဘူး။ ခပ်သုတ်သုတ်သွားတတ်ပါတယ်။ အခုတော့ အဲသည်အချိန်တွေတုန်းက ငါ့ကိုယ်မဟုတ်တော့ဘူးလို့ မိမိကိုယ်ကို သတိပေးရပါတယ်။

ဖြည်းဖြည်းသွားတာတောင်မှ လဲဖြစ်အောင် လဲတတ်ပါသေးတယ်။ လဲပဟာဆိုရင် အနားမှာရှိတဲ့သူတွေက ပြေးလာပြီး ကူညီတတ်ကြပါတယ်။ ဘယ်နာသွားလဲ ဘာဖြစ်သွားလဲနဲ့ ဂရုစိုက်တတ်ကြပါတယ်။ တော်သေးရဲ့၊ ဘာမှမဖြစ်ဘူးလို့ တွေးမိပြီး ခုကစပြီး နောက်ဆိုရင် ဖြည်းဖြည်းသွားပါတော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ရပါတယ်။ အဲသည်လိုနဲ့ အသွားအလာနှေးသွားတဲ့ ကျွန်မဟာ အသက်ကြီးတဲ့သူမှန်း သိသာလာပါတော့တယ်။

တာဝန်တစ်ရပ်ရပ်နဲ့ ခရီးသွားရင်လည်း အတူသွားတဲ့သူများက ကန်တော့နော်၊ ကျွန်တော်တွဲမယ်လို့ပြောပြီး တွဲပေးတတ်ပါတယ်။ အင်း အသက်ကြီးတာ အဲသည်လိုကောင်းကွက်တွေ ရှိပါတယ်။ တွဲလိုက်လို့လည်း အထင်အမြင်လည်း မမှားတော့ဘူး။ တွဲတဲ့သူလည်း တင့်တယ်တယ်၊ အတွဲခံရတဲ့ အသက်ကြီးတဲ့သူလည်း စိတ်အေးချမ်းသာရှိတယ်ပေါ့။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



အထူးသဖြင့် သည်နှစ်ပိုင်းတွေမှာ ခရီးသွားတဲ့အခါမှာပဲဖြစ်ဖြစ်၊ အကြောင်းအားလျော်စွာ တစ်နေရာရာမှာ စာဖတ်သူများနဲ့တွေ့ရင် ကျွန်မကို သေသေချာချာကြည့်ပြီး ဆရာမကြီး၊ အသက်ဘယ့်လောက်ရှိပလဲလို့ အမေးခံရတတ်ပါတယ်။ အရှေ့တိုင်းမှာ အသက်မေးတာဟာ မရိုင်းပါဘူး။ အသက်ကြီးတဲ့သူဆိုတော့ အသက်ကို ဝှက်စရာလည်း မလိုတော့ အမေးခံရတာ ပိုတောင်မှကောင်းပါသေးတယ်။ အသက်က ၆၄ နှစ်လို့ပြောလိုက်ရင် ဩော် ကျန်းမာရေးကော ကောင်းတယ်နော်လို့ ဆက်မေးတတ်ကြပါတယ်။ ကောင်းပါတယ်၊ အသက်နဲ့စာရင် တော်တော်ကောင်းပါသေးတယ်လို့ ကိုယ့်ကိုယ်၌ကလည်း မကြွားသာကြွားသာကလေး ကြွားလိုက်မိတယ်။ အဲသည်စကားဟာ တစ်ပါတည်းဆိုသလို ကိုယ့်ကိုယ်ကို အားပေးတဲ့စကားလည်း ဖြစ်ပြန်တယ်လေ။ တချို့ဆိုရင် သွေးတိုးရော၊ နှလုံးရောစသည်ဖြင့် မေးတတ်ကြပါတယ်။

အားလုံးကောင်းတယ်ဆိုတာသိတော့ ဆရာမကြီးရယ်၊ အသက်သိပ်ရှည်စေချင်တာပဲ။ စာတွေက ဖတ်လို့ကောင်းနေတုန်းမှာ ဆရာမကြီး စာတွေနောက်ထပ်မထွက်တော့မှာ စိုးရိမ်နေတယ်။ ကျန်းမာအောင်နေပါနော်လို့ ပူပူပန်ပန် မှာတတ်ကြပါတယ်။ သိပ်ထူးဆန်းတာက တစ်နေရာတည်းတွင် အဲသည်စကားမျိုးပြောတာမဟုတ်ဘူး။ နယ်အသီးသီးက လူတော်တော်များများက ပြောတတ်တာဖြစ်ပါတယ်။ အေးလေ ကိုယ့်ကိုဂရုစိုက်တယ်ဆိုတော့လည်း ပျော်စရာကောင်းပါတယ်။ ဒါပေမဲ့ သေသေချာချာ စဉ်းစားပြီးတဲ့အချိန်မှာ ငါဟာ စိတ်မချလောက်စရာကောင်းတဲ့ အိုခြင်းတရားရဲ့လက္ခဏာရပ်များကို သယ်ဆောင်ပြီး သွားလာနေတာပါကလားလို့ တွေးမိပါတယ်။

တချို့လူတွေကတော့ တွေ့တာနဲ့ ဟယ်၊ မမက ငယ်ရုပ်မပျောက်ဘူးလို့ ရွှင်ပျစွာပြောတတ်ကြပါတယ်။ ဘယ်မှာဖြစ်နိုင်ပါ့မလဲ။ ကျွန်မက ဝတဲ့သူဆိုတော့ မျက်နှာမှာ အရေးအကြောင်း နည်းပါးပြီး



ဖောင်းကားနေတာတော့ အမှန်ပါပဲ။ ငယ်ငယ်တုန်းက ပါးပါးလျားလျားပေမယ့် မျက်နှာကတင်းပြီး ဖောင်းနေတာနဲ့ အခုအဆီပိုများကြောင့်ဖောင်းကားနေတဲ့မျက်နှာ ဘယ်မှာတူပါ့မလဲနော်။ အဲဒါကြောင့် ဘယ်လိုနည်းနဲ့မှ ငယ်ရုပ်မဆင်နိုင်တော့တာ သေချာပါတယ်။ အမြဲမြင်နေရတဲ့သူများတောင်မှ သေသေချာချာကြည့်ရင် သိသာပါတယ်။ တစ်ခါတလေမှ မြင်ရတဲ့သူက မြင်တာနဲ့ အမှန်တရားကိုမြင်ပြီး တည့်တည့်ပြောရင် ဩော် မတွေ့တာကဖြင့် သည်လောက်ကြာတယ် မထင်မိဘူး။ ကျသွားလိုက်တာစတဲ့ စကားတွေကို ပြောရမှာဖြစ်ပါတယ်။

အသက် ၃၀ လောက်ကဆိုရင် ကိုယ်အလေးချိန်က စိတ်ဝင်စားစရာပဲ။ ပေါင် ၁၂၀ ရှိပါတယ်။ အခုတော့ တရှိန်ရှိန်တက်လာလိုက်တာ၊ ၁၇၀–၁၇၅ ကြားမှာ ပြေးနေတတ်ပါတယ်။ ကြည့်လေ ဘယ်လိုလုပ်ပြီး ငယ်ရုပ်ဆင်နိုင်မှာလဲ၊ အဲသည်တစ်ချက်နဲ့တင် သေချာနေပါပြီ။

အဲသည်လို ငယ်ရုပ်မဆင်နိုင်တော့တဲ့အကြောင်းကို ပြောတဲ့အခါတိုင်း သတိတရရှိလှတာက တက္ကသိုလ်ဆရာမများအဆောင်မှာ နေတုန်းက ကြုံခဲ့တဲ့ဆရာမတစ်ယောက်နဲ့ စကားပြောဖြစ်ခဲ့တဲ့အကြောင်းကလေးတစ်ခု ဖြစ်ပါတယ်။ ဆရာမက အသက်ငယ်ငယ်ကလေးရှိပါသေးတယ်။ စကားပြောရင်လည်း အသံကသေးသေးကလေး။ သူကလေးမှာ အကြောင့်ကြလွန်တဲ့စိတ်ရှိနေတာကို စကားပြောရင်း ပေါ်လာပါတယ်။ ဘယ်လိုကဘယ်လို စကားစပ်မိတာတဲ့တော့ မသိဘူး။ သူက ပြောရှာတယ်။ မမရယ်၊ ကျွန်မက အိုမှာသိပ်စိုးတာတဲ့။ အဲသည်တော့ မအိုအောင် ယတြာလုပ်ရတယ်တဲ့။ ဩော် လောကမှာ ထူးထွေဆန်းပြားလှတဲ့ ဗဟုသုတက တယ်ပြီးများပါကလားနော်လို့ တွေးရင်း သူပြောတာကို နားထောင်ရပါတယ်။ အဲသည်လို နားထောင်ရင်း ကျွန်မက ညီမလေးရယ် အိုတာကတော့ အိုမှာပဲ၊ အနေးနဲ့အမြန် အိုမှာပေါ့။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ဘာဖြစ်လို့ အိုမှာကြောက်နေရတာလဲလို့ မေးတော့ မလှတော့မှာစိုးလို့ပေါ့ မမရယ်တဲ့။

ကျွန်မက ဪ ညီမလေးရယ်၊ မလှမှာတော့ မပူပါနဲ့။ အသက်ကြီးလာတဲ့အခါမှာလည်း အဘွားကြီးချော ချောနိုင်တာပဲ။ သူ့အရွယ်နဲ့ သူ့အလှပေါ့လို့ ပြောမိပါတယ်။ နောက်တော့ ကျွန်မက ဆက်ပြောပါတယ်။ အရွယ်ကြီးလာတဲ့အခါမှာ သူ့အရွယ်နဲ့သူ ရင့်ကျက်လာဖို့လိုတယ်။ ပညာပြည့်ဝ နှလုံးလှသတဲ့။ နှလုံးလှတဲ့သူ အသက်အလျောက်တည်ငြိမ်အေးဆေးသွားတဲ့သူမှာ ရင့်ကျက်တည်ငြိမ်တဲ့အလှ ရှိတာပေါ့ ညီမလေးရဲ့။ တကယ်လို့ ညီမလေးက မအိုချင်လို့ အသက်ကြီးတဲ့အခါကျမှ ပျိုရုပ်ဆင်ပြီး ဆံပင်ကိုပြင်မယ်၊ မျက်နှာကိုပြင်မယ်၊ အဝတ်အဆင်ကို ပြင်မယ်ဆိုရင် သေချာတာက ပျိုရုပ်မဝင်ဘဲ ကလက်တက်တက်ကြီး ဖြစ်သွားမှာပဲလို့ပြောတော့ သူကလေးက ချက်ချင်းလိုလို ပြန်ပြောတယ်။ ဟုတ်တယ်နော် မမ၊ ကျွန်မဖြင့် အိုသွားရင် လှမှာမဟုတ်တော့ဘူးလို့ ထင်နေတာ၊ အခုတော့ သူ့အရွယ်မှာ သူ့အလှ ရှိနေတာပဲလို့ ညီမလက်ခံပါပြီလို့ ပြောပါတယ်။

ရယ်စရာလိုလိုနဲ့ သံဝေဂရစရာတစ်ချက်ကို ပြောပြချင်ပါတယ်။ ဆရာမကြီးတစ်ယောက် အငြိမ်းစားယူတော့ ကျွန်မက ရာထူးလည်း ငယ်ငယ်၊ လူကလည်း ကြီးလှတယ်မဆိုလှသေးတော့ အဲသည်မမကြီးကို ကြည့်ပြီး အဘွားကြီးချော ချောတယ်၊ ခန့်တယ်ဆိုပြီး သိပ်အားကျတာပါပဲ။ မမရယ် မမအရွယ်မှာ မမလိုအဘွားကြီးချော ချောချင်လိုက်တာလို့တောင်မှ ပြောမိပါသေးတယ်။ အဲသည်လို ကိုယ့်ကိုယ်၌က သိပ်သဘောကျတဲ့ ဆရာမကြီးမျက်နှာမှာ တစ်ခုခုက ဆရာမကြီးကို သဘောမကောင်းတဲ့သူလို့ ထင်မြင်စေတယ်လို့ ခံစားလာရတယ်။ အို အဲဒါကတော့လည်း ပညာကြီးမားတဲ့သူ၊ ရာထူးက အငြိမ်းစားယူတာတောင်မှ အဲသည်ခေတ်က ရှားပါးတဲ့ တာဝန်တစ်ရပ်ကို ဆက်လက်ထမ်းဆောင်



ရသူဖြစ်တော့ မာနလည်းကြီးမယ်ဆိုရင် ကြီးနိုင်တာပေါ့လို့ တွေးလိုက်မိပါတယ်။ စကားအပြောအဆိုချိုချိုနဲ့ မောက်မာခြင်းတော့ ကင်းရှာသားပဲလို့လည်း ဆက်ပြီးတွေးမိပါသေးတယ်။ နေပါဦး ဘယ်လိုနေရာမှာ သဘောမကောင်းတဲ့ပုံ ပေါက်နေတာပါလိမ့်လို့ တွေးမိတော့ နှုတ်ခမ်းက မဲ့သလိုလို ဖြစ်နေတာကိုး။

ဟော ကိုယ်တိုင်က အဲသည်ဆရာမကြီးလောက်တောင်မှ အသက်မရသေးဘူး။ ဆရာမကြီးဟာ ဘာဖြစ်လို့ အဲသည်လို သဘောမကောင်းတဲ့ပုံ ပေါက်နေတယ်ဆိုတာကို သဘောပေါက်သွားပါတယ်။ ကိုယ့်မျက်နှာကလည်း ဆရာမကြီးမျက်နှာနဲ့ တူလာတာကိုး။ နှုတ်ခမ်းထောင့်မှာ အောက်ဘက်ကို ထောင့်တန်းလေးဆွဲနေတဲ့ အရေးအကြောင်းက နှုတ်ခမ်းကိုမဲ့နေသလို ဖြစ်စေတာကိုး။ အဲသည်အရေးအကြောင်းက ဘယ်လိုဖြစ်တာပါလိမ့်။ ဪ၊ ပါးတစ်ဖက်က နောက်တစ်ဖက်ထက် ပိုပြီးအိကျနေတော့ မေးစေ့နဲ့အကူးမှာ အရေးအကြောင်းတစ်ခု ဖြစ်ပေါ်စေပြီး နှုတ်ခမ်းကိုဆွဲထားသလို ဖြစ်စေတယ်လေ။ မမကြီးရယ်၊ လက်စသတ်တော့ မမကြီးရဲ့စိတ်က မာန်မာန မကြီးပါဘူး။ ဖြစ်ချင်တော့ အိုခြင်းကြောင့် ပြောင်းလဲလာတဲ့ရုပ်က ရှင်ပျူလန်းဆန်းမှုကို အားလျော့စေပြီး တင်းမာခက်ထရော်တဲ့ပုံကို ပေါက်စေတာကိုး လို့တွေးမိပါတယ်။

အဲသည်လောက်တောင် အိုခြင်းနဲ့ပတ်သက်လို့ ပြောနေတာက သေခြင်းအကြောင်းကို ပိုပြီးသဘောပေါက်စေချင်လို့ ဖြစ်ပါတယ်။ လူတွေဟာ သေတော့မှ ဪ သေရှာပြီလို့ မှတ်ယူကြတတ်ပါတယ်။ တကယ်တော့ ခဏိကမရဏ၊ ခဏခဏပဲသေနေတာ ဖြစ်ပါတယ်။ ရှိပြီးသားဟာ ပျက်သွားပြီဆိုရင် သေသွားတာပဲပေါ့။ တကယ်တော့ မတင်ဝင်း အရင်အတိုင်းမဟုတ်တာကို လူတကာမသိပေမဲ့ ကိုယ့်ဘာသာကိုယ် သိတာပါပဲ။ အသက်သာ အငှားလုပ်လို့မရတာပါ။ ကိုယ်ခန္ဓာအစိတ်အပိုင်းများကိုတော့ တော်တော်တန်တန် အငှားလုပ်လို့ရနေ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



တာကိုး၊ ပါးစပ်ထဲမှာလည်း ကိုယ်ပိုင်မဟုတ်တဲ့သွားတွေက အစားထိုးလာပြီလေ။ ရှေးရှေးတုန်းကတော့ အိုပြီဆိုရင် သွားက ဒုက္ခပေးပြီး ဘယ်လိုမှ အစားထိုးလို့မရတော့ ပါးရည်နားရည်က တွန့်လာတတ်ပါတယ်။ ပါးက ခွက်သွားတတ်ပါတယ်။ အခုတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောင်းမွန်လာတဲ့ ပစ္စည်းများနဲ့အစားထိုးပြီး သွားများကိုလည်း ပြုပြင်နိုင်တော့ အိုခြင်းလက္ခဏာများကို ဖုံးဖုံးဖိဖိ လုပ်နိုင်တယ်လေ။

ကိုင်း သွားက အငှားဆိုရင် မျက်စိကရော အငှားပါပဲ။ မျက်စိထဲက တိမ်ကိုထုတ်ပစ်လိုက်ပြီး မျက်စိထဲမှာ မျက်ကပ်မှန်ကလေးကို ထည့်ချုပ်ထားလိုက်တော့ ကိုယ့်ပစ္စည်းမဟုတ်ဘူးလေ။ မျက်စိလည်း အငှားပဲပေါ့။ ဆိုချင်တာက တစ်စတစ်စ ကိုယ်ပိုင်တာတွေကို လက်လွှတ်နေရတယ်ဆိုတဲ့အချက်က ပေါ့ပေါ့ကလေးတွက်ရင် သိပ်မသိသာပေမယ့် လေးလေးနက်နက်စဉ်းစားရင်တော့ အတော်ကလေးကို စိတ်ဓာတ်ကို ရင့်ကျက်စေနိုင်ပါတယ်။ လေးတော့လေးနက်ပါရဲ့၊ စိတ်ညစ်သွားရင်တော့ မကောင်းဘူးပေါ့လေ။ စိတ်ညစ်မနေပါနဲ့။ အဆိုးဆုံးက ကျန်သေးတယ်လို့သာ တွက်ဆကြရမှာ ဖြစ်ပါတယ်။

အဲသည်အဆိုးဆုံးအချိန်တစ်ချိန်အတွက် ကျန်ရစ်မယ့်သားသမီးများကို မှာခဲ့ချင်ပါတယ်။ အရင်တစ်ပတ်ကလည်း ပြောခဲ့တယ်။ အသုဘရှုဖို့ စုဝေးပြီး လာရောက်တဲ့သူများကလည်း အသုဘဆိုတဲ့ ပျက်စီးယိုယွင်းသွားတဲ့ ကိုယ်ခန္ဓာကို ကြည့်ရှုဆင်ခြင်ပြီး သံဝေဂပွားကြဖို့လိုပါတယ်။ ကျန်ရစ်သူများကလည်း အသုဘရှုလာကြတဲ့သူများ အမြင်မှာ တင့်တယ်အောင်ဆိုပြီး အမေ့ကို မိတ်ကပ်တွေ လုပ်မပေးပါနဲ့လို့ လေးလေးနက်နက် တောင်းပန်ခဲ့ချင်ပါတယ်။ တို့တိုင်းပြည်မှာ အရင်တုန်းက အဲသည်လို အကျင့်မရှိခဲ့ပါဘူး။ အခုတော့မှ မိတ်ကပ်လုပ်ထားတာကို မြင်ရဖူးတော့တယ်။

မိတ်ကပ်လုပ်တဲ့သူက လုပ်ထားတယ်။ မိတ်ကပ်လုပ်ထားတဲ့



မျက်နှာကိုကြည့်ပြီး တချို့က အိပ်နေသလိုပဲလို့ ပြောတတ်ပါသေးတယ်။ တချို့ကတော့ ရုပ်မပျက်ဘူးနော်လို့ ပြောတတ်ပါသေးတယ်။ ကိုယ်လည်း အဲသည်လိုပြောဖူးပါတယ်။ တကယ်တော့ အစောပိုင်း ရေးကတည်းက ချီလာခဲ့တဲ့အတိုင်း ရုပ်က မသေခင်ကတည်းက တစ်စစ ယိုယွင်းနေတာပဲ။ သေသွားပြီဆိုမှတော့ အသက်ဓာတ် လုံးဝမရှိတော့ဘူးလေ။ အမေငယ်ငယ် သုံးတန်းလောက်တုန်းက သူငယ်ချင်းတစ်ယောက် အသုဘကို ကျောင်းကဆရာမနဲ့အတူ လိုက်သွားဖူးပါတယ်။ သူငယ်ချင်းတစ်ယောက်လည်း ပါပါသေးတယ်။ ဆုံးသွားရှာတဲ့ ကလေးမက အမေတို့နဲ့ ခုံတစ်တန်းတည်းထိုင်တာဆိုတော့ သူ့အိမ်က မှာလိုက်လို့ဆရာမက ခေါ်သွားတာဖြစ်ပါတယ်။ အမေလေ သူငယ်ချင်းအလောင်းပြင်ထားတာကို အခုစာရေးနေတုန်းမှာတောင် ပြန်ပြီးမြင်နေပါသေးတယ်။ သနပ်ခါးလိမ်းပေးပြီး ဆံပင်ကလေးဖြန့်ချကာ ပက်လက်ကလေးဖြစ်နေရှာတဲ့ သူငယ်ချင်းဟာ အမေတို့နဲ့အတူထိုင်ခဲ့တဲ့ အသက်ရှင်နေတဲ့ သူငယ်ချင်းမှ မဟုတ်တော့တာပဲ။ တကယ့်ကို အသက်မဲ့အလောင်းဖြစ်နေပြီလေ။ ကလေးဆိုတော့ ဘာမှတန်ဆာမဆင်ဘဲ ထင်းခနဲ မြင်လိုက်တာပေါ့။ အဲသည်တော့မှ အမေဖြစ်လာမယ့် မတင်ဝင်းကလေးဟာ ရှိုက်ကြီးတငင် ငိုတော့တာပါပဲ။ ကလေးလည်း ထိတ်လန့်ကြောက်ရွံ့ခြင်း သံဝေဂရတတ်တာပါပဲ။

အဲဒါကြောင့် အဲသည်အသက်မဲ့ခြင်းကို ဖုံးလွှမ်းနိုင်ဖို့ မိတ်ကပ်မလုပ်စေချင်ဘူး၊ အမှန်အတိုင်းမြင်စေချင်ပါတယ်။ အင်မတန်ချစ်ခင်တဲ့သူများကို စိတ်ဆင်းရဲစေမယ်ဆိုရင်လည်း သံဝေဂရကြဖို့သာ ဖြစ်တယ်။ ဖြစ်ရမယ့်ကိစ္စကို ဖြစ်ရလေခြင်းဆိုပြီး ငိုတာဟာ ဒေါသစိတ်ပဲ။ အဲသည်လို မငိုကြပါနဲ့။

အမေ့ကို မိတ်ကပ်မလုပ်ပါနဲ့လို့ ပြောတော့လည်း အမေနှယ်လို့ ပြောရင်း သက်ပြင်းတဟင်းဟင်း ချမယ့်ကောင်တစ်ကောင်ကို မြင်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

ယောင်လိုက်မိသေးတယ်။ ဟိုတုန်းက အိန္ဒိယမှာတော့ အဝတ်စနဲ့ပတ်ပြီး ပစ်ထားလိုက်ကြတဲ့အကျင့် ရှိခဲ့တယ်။ ဟိန္ဒူဂိုဏ်းကွဲတွေကလည်း အများသားမဟုတ်လား။ တို့တိုင်းပြည်မှာတော့ အဲသည်လိုပစ်ထားလိုက်တဲ့ ဓလေ့မရှိဘူးလေ။ မြေပဲချသည်ဖြစ်စေ မီးပဲသင်္ဂြိုဟ်သည်ဖြစ်စေ အနည်းနဲ့အများတော့ ပြင်ထားတတ်ကြတယ်။ ပြီးတော့လည်း ချစ်ခင်လေးစားရတဲ့သူဆိုတော့ သူ့ကို တတ်နိုင်သလောက် တင့်တောင့်တင့်တယ်ဖြစ်စေချင်တာပေါ့လို့ ပြောရင် အမေက ပြောစရာရှိပါတယ်။ သပ်ရပ်ရင် တော်ရောပေါ့နော။ နှုတ်ခမ်းနီ မထည့်နဲ့၊ ဖုန်နေအောင် မလိမ်းနဲ့။ မျက်မှန်လည်း တပ်ပေးလိုက်စရာ မလိုပါဘူး။ ဆံပင် သပ်ရပ်ပြီး မျက်နှာသန့်စင်နေရင် တော်ပြီလို့ အမေပြောချင်ပါတယ်။ တစ်ခုတော့ရှိပါတယ်။ ဟိုတုန်းက အယူအတိုင်း အဝတ်ကိုတော့ ပြောင်းပြန်ဝတ်မပေးနဲ့။ အဲသည်လိုဓလေ့ဟာ လူရှင်နဲ့လူသေကို မတူစေချင်လို့ လုပ်တာမဟုတ်တန်ရာဘူး။ သေတဲ့သူကို အဝတ်ဝတ်ပေးရမှာ ခက်ခဲလို့ ပြောင်းပြန်စွပ်ပေးလိုက်တာပဲ ဖြစ်နိုင်တယ်။

ပြောစရာတွေကလည်း ကုန်ပဲမကုန်နိုင်ဘူး။ လူတွေက လုပ်လေ့ရှိတဲ့အရာတွေကိုတော့ လုပ်နေတာပဲ။ ဘာဖြစ်လို့ လုပ်တာလဲဟင်လို့ မေးရင် မသိပေါင်ကွာ။ မလုပ်လိုက်လို့ မှားသွားရင်အခက်ပဲ။ လုပ်တော့လည်း ပင်ပန်းတာမဟုတ်တော့ လုပ်လိုက်တာပေါ့လို့ပြောပြီး လုပ်လိုက်တာပဲလို့ ဖြေတတ်တယ်။ စားမြိန်စာထုပ်ကလေးလည်း တင်ပေးလိုက်သေးတာပဲ။ အမေက စာဖတ်တာဝါသနာပါတော့ ဂရိပုံပြင်များနဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ်ကို ဖတ်ဖြစ်ပါတယ်။ အဲသည်အထဲမှာ သေတဲ့သူကို မုန့်ထုပ် (စားမြိန်စာပေါ့လေ) နဲ့ ဝိုက်ဆံပြားကလေး ပေးလိုက်တာ ပါတယ်။ သေမင်းနိုင်ငံကို ကူးတို့ကလေးနဲ့သွားတော့ ကူးတို့ဝိုတဲ့သူက ငွေမက်တဲ့သူဖြစ်တာကြောင့် သူ့ကို ဝိုက်ဆံမပေးရင် ကူးတို့နဲ့ ကူးမပေးဘူးတဲ့။ အဲဒါကြောင့် ဝိုက်ဆံပေးလိုက်ရတာဆိုပဲ။



နောက်ပြီးတော့ တစ်ဖက်ကမ်းအရောက်မှာ ခွေးဆိုးကြီးတစ်ကောင် စောင့်နေတာကို ကျော်ဖြတ်ဖို့ ခွေးကိုပစ်ကျွေးရမယ့်မုန့်ကို ပေးလိုက်ရတာတဲ့။ ခွေးက မုန့်စားနေတဲ့အချိန်မှာ သေတဲ့သူဟာ သေမင်းနိုင်ငံထဲကို ဝင်သွားရတယ်တဲ့။ ဂရိဆိုတဲ့သူတွေဟာ အာရိယန်ထဲက ဒိုရီးယန်းအုပ်စုဝင်တွေပဲ။ သူတို့အယူဟာ မြန်မာနိုင်ငံကို ရောက်တာက အိန္ဒိယက တစ်ဆင့်ရောက်တာဖြစ်နိုင်တယ်။ တကယ်တော့ကွယ် လာဇာဒေဝဇီတာ ဇာတ်ထဲမှာ ဘာမှမပါဘဲ နောက်ဘဝကို ထုတ်ချင်းရောက်သွားတာပဲ မဟုတ်လား။ ကူးတို့ခအတွက် မတ်စေ့တွေကို လိုက်ရှာမနေနဲ့။ အခုလောက်ဆိုရင် ကူးတို့ခ ဈေးတက်ရောပေါ့။ မင်းတို့က မီးရှို့ပစ်ကြမှာပဲ။ ငါလည်း ပြန်မလာပါဘူး။ ပါးစပ်ထဲ မတ်စေ့ထည့်မပေးလိုက်ရလို့ စိတ်မဆင်းရဲနေကြပါနဲ့။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## မပြီးစီးနိုင်သော မှာကြားချက်များ

တချို့သော စာဖတ်ပရိသတ်ကတော့ ကျွန်မရဲ့ဆောင်းပါးတွေကို ဖတ်ပြီး ဘာကြီးတွေလဲဟလို့ ပြောနိုင်ပါတယ်။ လူဆိုတာ ထပ်တူမကျနိုင်တော့ တချို့ကလည်း အင်း စဉ်းစားစရာတွေပဲလို့ ဆိုကြမယ်ဖြစ်ပါတယ်။ တချို့ကလည်း ကိုယ်တို့တော့ နားမလည်ဘူးလေ၊ ရှေးကတည်းက လုပ်လာတဲ့ ထုံးစံတွေကို လုပ်တော့ရော ဘာဖြစ်လဲလို့ ဆိုကြမယ့်သူများလည်း ရှိပါတယ်။ တချို့ကျတော့လည်း ဖြစ်လာခါမှ ရင်ဆိုင်မယ်၊ အဲသည်လို နိမိတ်မရှိတာကို မကြားချင် မမြင်ချင်ဘူး၊ မဖတ်ချင်ဘူးလို့ ပြောကြမှာ ဖြစ်ပါတယ်။ ကျွန်မကတော့ အနှစ်နှစ်အလလကတည်းက တွေးတော နာကြား လေ့လာခဲ့တာတွေကို ပြန်မရေးရရင် မနေနိုင်လို့ ပြန်ရေးနေတာပါပဲ။

ထေရဝါဒီများအတွက်ကတော့ အမှန်တကယ် တွေ့ကြုံရမယ့် ကိစ္စတစ်ရပ်ကို သတိတရရှိပြီး အကောင်းဆုံးရင်ဆိုင်နိုင်အောင် ပြင်ဆင်တာဟာ ကောင်းတယ်လို့ ယူဆပါတယ်။ အဲသည်လို သေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပြောဆိုတာဟာ နိမိတ်မကောင်းဘူးလို့ မယူဆပါဘူး။ နိမိတ်မကောင်းဘူးဆိုပြီး မသိချင်ယောင်ဆောင်နေလည်း ရှောင်လို့မှ မရနိုင်တာ။ ကျွန်မတို့အမေကဆိုရင် မာနကြီးတတ်တဲ့သမီးကို မရဏာနုဿတိ ပွားခိုင်းလို့ ငယ်ငယ်ကတည်းက အိပ်ရာဝင်ချိန်မှာ လဲလျောင်းနေသောမိမိကိုယ်ကို တစ်ချိန်မှာ အဲသည်လိုပုံစံနဲ့ အသက်မဲ့တဲ့အဖြစ်ကို ရောက်ရမယ်ဆိုတာကို ဆင်ခြင်ပွားများဖူးပါတယ်။ ရှင်နေတဲ့အခါမှာသာ သူကသာတယ်၊ ငါကသာတယ်လို့ ပြောနေတာကိုး။ သေတော့လည်း



အတူတူပဲလေ။ အဲသည်အကြောင်းကို သဘောပေါက်စေချင်လို့ မရဏာနုဿတိ ပွားခိုင်းတာဖြစ်ပါတယ်။ အဲသည်အမြင်ကို ဗုဒ္ဓဘာသာဝင်တွေသာ မြင်တတ်တာမဟုတ်ပါဘူး။ အင်္ဂလိပ်လို ကဗျာတစ်ပုဒ်ထောင်မှ ငယ်ငယ်က သင်ယူဖူးပါသေးတယ်။ သေခြင်းဆိုတာ ညှိပေးတဲ့အရာလို့ ဘာသာပြန်ရမယ် ထင်ပါတယ်။ အင်္ဂလိပ်လိုတော့ Death the Leveller ပါတဲ့။

သေခြင်းအကြောင်းတရားနဲ့ ကင်းတဲ့သူမရှိတဲ့အတွက် သေခြင်းကို ဆင်ခြင်တဲ့တရားနဲ့ရင်ဆိုင်တာ ကောင်းပါတယ်။ သေခြင်းအကြောင်းတရားကု ထူးခြားဆန်းကြယ် ကြောက်ဖွယ်ကိစ္စကြီးအဖြစ် မှတ်ထင်နေတာကတော့ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း၊ လက်လွှတ်ရခြင်းတို့နဲ့ ဆက်စပ်နေလို့ ဖြစ်ပါတယ်။ နောက်ပြီးတော့ သေခြင်းရဲ့တစ်ဖက်မှာ ဘာရှိနေသလဲဆိုတာ မရေရာ မသေချာလို့ ကြောက်နေကြတာ ဖြစ်ပါတယ်။

သေခြင်းအကြောင်းတရားများကို ပြောရင်း သတိရတုန်း ကျန်ရစ်မယ့် ကျွန်မရဲ့သားသမီးတွေကို ကျွန်မမှာချင်တဲ့အကြောင်းကလေးများကို ပြောပြချင်ပါသေးတယ်။

### သားတို့သမီးတို့

အမေ မှာချင်တာရှိသေးတယ်။ အမေ မရှိတော့ဘူးဆိုရင် သားသမီး ဝတ္တရားအတိုင်း လျှူမှုဝေ၍ဆိုတဲ့အလုပ်ကို လုပ်ကြရမယ်။ ပကာသန မပါပါစေနဲ့။ လှူဒါန်းပြီး အမျှဝေတဲ့အလုပ်ကို ကျမ်းဂန်များထဲမှာ ၇ ရက်လည်ရင် လုပ်ပါလို့ အတိအကျမပြောပါဘူးတဲ့။ သောကပဋိဒေဝများ သက်သာတဲ့အချိန်မှာ လုပ်ပါ၊ ခန့်မှန်းချေတော့ ၃ ရက်က ၇ ရက်လောက်အတွင်းပေါ့။ တကယ်တော့ ဆုံးပါးပြီဆိုတာနဲ့ သရဏဂုံတင်ပြီး အမျှအတန်းဝေခြင်းဟာ လုပ်တတ်ကြတဲ့ လုပ်သင့်တဲ့အလုပ်ဖြစ်ပါတယ်။ အချိန်ရှိရင် သက်ပျောက်ဆွမ်းသွတ်တာဟာ အကောင်းဆုံးပါပဲ။ နောက် မြေချဆွမ်းဆိုပြီး သင်္ဂြိုဟ်တဲ့နေ့မှာ လုပ်တာလည်း

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ကောင်းတာပါပဲ၊ ကုသိုလ်ဆက်တော့ ကိုယ်လည်း တရားနာရတာပေါ့။ အမျှဝေဖို့လည်း ဒါနရော သီလပါ ပြည့်စုံတာပေါ့။

ဆုံးပါးပြီး ၇ ရက်လည်တဲ့အခါမှာ လုပ်တာလည်း ကောင်းပါတယ်။ အလှူကို ဘယ်အချိန်ကျရင် ရပ်လိုက်ရမယ်ဆိုတာ သတ်မှတ်မထားပါဘူး။ အမေနဲ့ သမီးကတော့ ဘိုးဘိုးဘွားဘွားတို့ကို ရည်စူးပြီး အခုတိုင် လုပ်နေတုန်းပါပဲ။ အဲသည်တော့ သားကောင်း သမီးကောင်းတို့ဟာ နေ့စဉ်လိုလို ဘုရားရှိခိုးပြီးတိုင်းလည်း အမျှဝေရပါမယ်။ အများကြီး လှူမှမဟုတ်ပါဘူး။ အလှူအတန်းလုပ်ပြီးတိုင်းလည်း အမျှဝေတတ်ကြပါတယ်။ တစ်ခါတလေလည်း ကိုယ်ကရည်စူးပြီး အမျှဝေပါလျက် သာဓုခေါ်မယ့်သူက တခြားကိုရောက်နေသေးတာကိုး။ အဲသည်တော့ ကွယ်လွန်သူကိုရည်စူးပြီး အလှူအတန်းပြုတာ မပြတ်ဆိုသလို အမျှဝေပေးတာကတော့ ကောင်းပါတယ်။

သို့သော် ဘယ်နှစ်ရက်ပြည့် ဘယ်နှစ်လပြည့်မှာ ဘယ်လိုလှူဒါန်းပြီးပါပြီ။ ရောက်ရာအရပ်က သာဓုခေါ်နိုင်ပါစေလို့ သတင်းစာထဲမှာများ မထည့်ပါလေနဲ့။ အမေရောက်သွားတဲ့နေရာကို အဲသည်သတင်းစာ ရောက်ချင်မှရောက်မှာလေ။ မရောက်နိုင်တာ သေချာသလောက်ပါပဲ။ အခုဘဝမှာတောင် အမေနေတဲ့ ၇ မိုင်ကို နေညိုမှ သတင်းစာရောက်တတ်တယ်လေ။ သတင်းစာ မှန်မှန်ရောက်ချင်မှ ရောက်မယ့်နေရာက အမေသိအောင် သတင်းစာထဲက ထည့်ကြော်ငြာမယ်ဆိုရင် ပိုက်ဆံတွေ နှမြောစရာကွယ်။ တကယ်တော့ ရောက်ရာအရပ်က သာဓုခေါ်နိုင်ပါစေလို့ ပြောတာက ရောက်ရာအရပ်က အမြန်ပြန်လာပါဆိုတဲ့ ကြော်ငြာမျိုးနဲ့တူနေတယ်လေ။ သတင်းစာဖတ်ရရင်လည်း ပြန်လာချင်မှ လာမှာပေါ့။ ထို့အတူ ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေဆိုတာက တရားတော်ထဲမှာပါတဲ့ အချက်အလက်များနဲ့ မညီညွတ်ပါဘူး။ ဥပမာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်



လေးဘုံသားတွေထဲက ပြိတ္တာတစ်မျိုးပဲ သာဓုခေါ်နိုင်တာ ဖြစ်ပါတယ်။ ပြိတ္တာဆိုရင်တောင်မှ ပြိတ္တာလေးမျိုးအနက် တစ်မျိုးသာ သာဓုခေါ်နိုင်တယ်လို့ တရားတော်တွေထဲမှာပါပါတယ်။

တကယ်တော့ သတင်းစာထဲကနေ အမျှဝေတဲ့ကြော်ငြာထည့်တာဟာ သေသွားတဲ့သူကိုအကြောင်းပြုပြီး ရှင်နေတဲ့သူအချင်းချင်း သတင်းပါးချင်တာ၊ ကြွားချင်တာကလေးတွေလည်း ပါပါလိမ့်မယ်။ ကျွန်တော်ကျွန်မတို့ဟာ သားကောင်း သမီးကောင်းများ ဖြစ်ကြပါတယ်။ ယခုထက်တိုင် မိဘများကိုမမေ့ပါလို့ ပြောတဲ့သဘောမျိုးလည်း ဖြစ်ပါတယ်။ အခုအထိ ဘယ်လောက်တောင်မှ လှူနေသေးတယ်လို့လည်း ပြောရာကျပါတယ်။

**သားတို့ သမီးတို့**

အဲသည်လိုဆိုရင် အမေ ရောက်ရာအရပ်က သာဓုခေါ်ပါဆိုတဲ့ အရေးမျိုးကို မရေးပါနဲ့။ ရိုးသားစွာပဲ ရေးလိုက်ပါ။ ကျွန်တော်ကျွန်မတို့ မောင်နှမများသည် မိခင်ကြီး၏ကျေးဇူးဂုဏ်ကို အောက်မေ့လျက် ဘုရား တရား သံဃာ ရတနာသုံးပါးကို ဦးထိပ်ထားကာ အောက်ပါအလှူများကို လှူဒါန်းပြီးဖြစ်ပါသည်။ မိခင်ကြီး၏ မိတ်ဆွေသင်္ဂဟများ ကလျာဏမိတ္တများသည် ကျွန်တော်ကျွန်မတို့၏အလှူကို သာဓုခေါ်ဆိုကြပါရန် မေတ္တာရှေ့ထား၍ အမျှဝေအပ်ပါသည်ပေါ့။ ရိုးရိုးစင်းစင်း ရှင်းရှင်းလင်းလင်းပဲပေါ့နော်။

နောက်ပြီး ပြောပြချင်တာ ရှိပါသေးတယ်။ အမေတို့ ထေရဝါဒီများအဖို့ဟာ အမျှအတန်းဝေတာကို လက်ခံယုံကြည်ပါတယ်။ ဒါတောင်မှ သာဓုခေါ်နိုင်တဲ့ဘဝ သာဓုခေါ်နိုင်တဲ့နေရာမှာ ရှိနေမှဖြစ်မှာပါ။ မဟာယနအယူကတော့ တစ်မျိုးလေ။ နောက်ဘဝရောက်သွားတဲ့ လူတွေအတွက် ရှင်ကျန်ရစ်တဲ့သူများက ပစ္စည်းပစ္စယများကို ပေးပို့နိုင်တယ်လို့ လက်ခံယူဆကြပါတယ်။ အဲဒါကြောင့် ငွေစက္ကူအမှတ်ထားတဲ့

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



စာရွက်များ၊ ပစ္စည်း (Miniatures) ကလေးများကို သေတဲ့သူကို ရည်စူးပြီး မီးရှို့ပေးတတ်ကြပါတယ်။

ထေရဝါဒီတွေကတော့ အဲသည်လိုမလုပ်ကြပါဘူး။ အမျှအတန်းဝေတယ်ဆိုတာ ပြိတ္တာဘဝများ မတော်တဆရောက်သွားရင် ကုသိုလ်ဆက်ပေးခြင်းအားဖြင့် လွတ်ကျွတ်သွားစေချင်လို့ ဖြစ်ပါတယ်။ အဲသည်လို ကျွတ်လွတ်သွားတဲ့အခါမှာ ပေးဝေတဲ့ ကုသိုလ်အဖို့အစုကြောင့် နတ်ဘုံကိုသွားမယ်ဆိုရင်လည်း နတ်ဝတ်တန်ဆာများ ရရှိသွားစေနိုင်တယ်တဲ့။ တကယ်လို့ အမေက နတ်သမီးဘဝကို ရောက်သွားတယ်ဆိုရင် (နတ်ဆိုတော့ ဥပပတ်ပဋိသန္ဓေနဲ့ဖြစ်တာ မြန်တယ်လေ။ ချက်ချင်းပြန်ကြည့်နိုင်တာပေါ့) အဲသည်တော့ ခြော် သားသမီးများ ငါ့အတွက် ကုသိုလ်တွေ လုပ်နေတာပါကလားဆိုပြီး ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်နိုင်မယ်ဆိုရင် ရောက်တဲ့ဘုံထက် မြင့်တဲ့ဘုံကိုလည်း ထပ်ပြီးတက်သွားစေနိုင်တယ်တဲ့။ ကိုယ်ရောင်ကိုယ်ဝါများကလည်း ဝိုပြီးတောက်ပလာနိုင်တယ်တဲ့။ သို့ပေမဲ့ တကယ်တမ်းကတော့ ပြိတ္တာတစ်မျိုးဘဝကို မတော်တဆများ အယူတိမ်းပြီး ရောက်သွားမယ်ဆိုရင် ကုသိုလ်ကံဆက်ပေးတဲ့အနေနဲ့ အမျှအတန်းဝေကြရတာ ဖြစ်ပါတယ်။ မစားရသော်စားရပါစေ၊ မဝတ်ရသော် ဝတ်ရပါစေဆိုတဲ့ စေတနာမေတ္တာနဲ့ပေါ့။

လူ့ဘဝကိုရောက်တယ်ဆိုတော့ ပဋိသန္ဓေကာလက ခြားသွားတယ်လေ။ မေ့လျော့သွားနိုင်တယ်ပေါ့။ ကြီးလာတဲ့အခါကျမှ ခြော်ငါ့ကို အရင်ဘဝကလူများလည်း ကုသိုလ်လုပ်ပြီး အမျှဝေကောင်းဝေနေဦးမယ်။ သူတော်ကောင်း သူမြတ်လောင်းများကလည်း ငါ့ကို မေတ္တာပို့သ အမျှဝေနေမှာဖြစ်တယ်လို့ ခံယူပြီး သာဓုခေါ်နေရတယ်။

ဘယ်လိုပဲဖြစ်ဖြစ်လေ သားသမီးများက မိဘအတွက် အလှူလုပ်တယ်ဆိုရင် မိဘက လွတ်ပြီးကျွတ်ပြီးဖြစ်တယ်ဆိုရင်တောင်မှ ကုသိုလ်လုပ်တာ အလဟဿမဖြစ်နိုင်ပါဘူး။ ကိုယ်နဲ့အတူ ဝမ်းမြောက်နှမော်



သာဓုခေါ်နိုင်တဲ့သူများလည်း ကုသိုလ်ရတာပေါ့။ အနီးအနား ပတ်ဝန်းကျင်က မကျွတ်မလွတ်သောသတ္တဝါများလည်း လွတ်ကျွတ်သွားနိုင်တာပေါ့။ အဲသည်တော့ လူကြီးမိဘကို ရည်စူးပြီး လှူတယ် တန်းတယ်၊ အမျှဝေတယ်ဆိုတာဟာ လုပ်ရမယ့်အလုပ်၊ လုပ်သင့်တဲ့အလုပ်၊ မှန်မှန်ကန်ကန် လုပ်ခဲ့ရင် ကုသိုလ်အမျှကို လက်ခံတဲ့သူများအတွက်သာမက ကုသိုလ်ပြုပေးတဲ့သူများအတွက်လည်း ကုသိုလ်တိုးပြီး စည်းစိမ်ဥစ္စာရတနာလည်း ပေါကြွယ်ဝလာနိုင်ပါတယ်။ အရေးကြီးတာက သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနဲ့ ပြည့်စုံတဲ့ ရဟန်းသံဃာများကို ပင့်ဖိတ်ပြီး အလှူပေးနိုင်ရပါမယ်။ အမျှပေးဝေမယ့်သူကိုယ်တိုင်ကလည်း သီလနဲ့ပြည့်စုံနေဖို့ လိုပါတယ်။ သူ့စိတ်ဓာတ်က မမှန်ကန်ရင် အကျိုးသက်ရောက်မှုက မကောင်းနိုင်ပါဘူး။ အကြောင်းရင်းခံ မှန်မှ အကျိုးသက်ရောက်မှုကောင်းတာ ခမ္မတာပါပဲ။

အရေးကြီးတာက ပကာသနမပါဖို့ပါပဲ။ အမေက ပကာသနမပါဖို့ ခဏခဏပြောရတာက ကောင်းမြတ်တဲ့ စိတ်နေသဘာဝကို ထိန်းထားစေချင်လို့ ဖြစ်ပါတယ်။ ဘယ်သူက ဘယ်လိုပဲပြောပြော အမေကတော့ သေတဲ့ကိစ္စကို မချဲ့ချင်ပါဘူး။ လှူတာတန်းတာကို လုပ်ရင်လည်း လူသိအောင်လုပ်တာထက် အမေ့ကိုရော တခြားမလွတ်မကျွတ်သေးသူများကိုပါ လွတ်ကျွတ်စေလိုသော စေတနာဦးစီးပြီး လုပ်ကြဖို့ လိုအပ်ပါတယ်။ အမေ့ကို အမျှဝေဖို့ဆိုရင်လည်း သီလ သမာဓိ ပညာနဲ့ပြည့်စုံတဲ့ သံဃာတော်များကို ပင့်ပြီး လှူဒါန်းပူဇော်ကြရပါမယ်။

အမေ့မှာကလည်း ပြောစရာက အများသား။ တစ်ခါတုန်းက ဘာသာခြားအသုဘတစ်ခုကို ရောက်ခဲ့ဖူးပါတယ်။ မသွားမဖြစ်လို့ ပတ်ဝန်းကျင်အစိမ်းထဲကို ရောက်ခဲ့ရတာပါပဲ။ အေးဆေးတည်ငြိမ်တာ၊ လှပဝေဆာသောပန်းများနဲ့ ခြံရံထားတာ တစ်ယောက်ပြီးတစ်ယောက် ထကာ အသုဘရှုကြတာစသည်ဖြင့် အားလုံးက ဟုတ်နေတာပါပဲ။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ကျန်ရစ်သူမိသားစုကတော့ တယ်ပြီး ပကာသနများတာပဲ။ လာတဲ့သူများရဲ့ဂုဏ်ပုဒ်တွေကို ရွတ်ဆိုပြီး ပြနေတာကို နားထောင်နေရပါသေးတယ်။ တကယ်တော့ သူတို့က ဂုဏ်ပုဒ်ကြီးများတပ်ကာ ညွှန်းဆိုတဲ့သူများဟာ တက္ကသိုလ်မှာ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်ခဲ့ပါတယ်။ အဲသည်အထိ အမေက သြော် လူ့သဘာဝများနော်လို့ပဲ စဉ်းစားနေလိုက်ပါတယ်။

အဲ သူတို့ဘုန်းကြီးက တရားဟောတော့မှ ဘုရားရှေ့ ဒါ ဗုဒ္ဓဘာသာထဲက အဆုံးအမများပါတကားလို့ အလန့်တကြား သိလိုက်ရပါတယ်။ တကယ်တော့ သူတို့ကိုးကွယ်ယုံကြည်မှုများမှာလည်း သူတို့အလျောက် ပြောဆိုဆုံးမတဲ့နည်းလမ်းတွေ အများကြီးရှိပါတယ်။ အမေဖြင့် အယ်နီပွား အသုဘမှာ တရားဟောဆရာ ဆရာမတွေ ဟောပြောတာကို နားထောင်ပြီး တော်လိုက်ကြတာလို့ အောက်မေ့ခဲ့ သဘောကျခဲ့ဖူးပါတယ်။ စည်းနဲ့ဘောင်နဲ့ ကောင်းတာချည်းပြောတာ ကိုယ်က သဘောကျရမှာပေါ့။ အခုတော့ သမီးဖြစ်သူကို အဲသည်ဘာသာခြားဘုန်းတော်ကြီးက သမီးကလေး မာတာဗီတု ဉပဋ္ဌာန်ဆိုတဲ့ တရားနဲ့အညီ သမီးကလေးဟာ ကွယ်လွန်သူမိခင်ကြီးကို ကောင်းစွာလုပ်ကျွေးခဲ့ပေတယ်။ အဲဒါကြောင့် မပူပန် မငိုကြွေးနဲ့တော့ အစရှိသဖြင့် ဟောပြောနေတာကို လူမှုရေးဆက်သွယ်မှုအရ အသုဘရှုရောက်နေတဲ့ ဗုဒ္ဓဘာသာပရိသတ်ထဲက အခြားသူများတော့ ဘယ်လိုနေမလဲမသိပါဘူး။ အမေ့မှာတော့ တံတွေးတနင်နင်ဖြစ်ခဲ့ရပါတယ်။

အမေပြောချင်တာက သူ့ကိုးကွယ်မှုနဲ့သူ သူ့ဓလေ့ သူ့အဆုံးအမနဲ့ အဆင်ပြေနေတဲ့ကိစ္စကို ကျော်ပြီးတော့ သားတို့သမီးတို့က မပြောကြနဲ့။ မဆောင်ရွက်ကြနဲ့။ အမေ့အတွက်များ ဘုရားသခင့်မေတ္တာရိပ်မှာ မှေးမှိတ်နိုင်ပါစေဆိုတာမျိုး ဆုတောင်းတွေဘာတွေ သတင်းစာထဲမှာ မထည့်ကြပါနဲ့။ အမေတို့က သေခြင်းကို ခရစ်တော်တွင် အိပ်ပျော်ခြင်း



မျိုးနဲ့အတူ အဓိပ္ပာယ်ဖွင့်ဆိုခြင်း မပြုဘူး။ အမေတို့မှာ ထာဝရရှင်သန်နေသော ဖန်ဆင်းရှင်ဘုရားဆိုတာ မရှိပါဘူး။ အမေတို့ ထေရဝါဒီအယူမှာ ကယ်တင်မယ်ဆိုတဲ့ အာမခံချက်မပေးပါဘူး။ မဟုတ်တာလုပ်ခဲ့တာတွေအတွက် ဘုရားသခင်ရဲ့ခွင့်လွှတ်ခြင်းဆိုတာကို တောင်းခံလို့ မရပါဘူး။ *မိမိလုပ်သောအမှုကို မိမိရဲ့ကံလို့ ခေါ်တယ်။ ကိုယ်ပြုခဲ့တဲ့ကံနှင့်ကံ၏အကျိုးကို ကိုယ်ပဲခံစားရပါမယ်။ ထေရဝါဒီတို့မှာ သာသနာ့လမ်းကြောင်းကို ရှင်တော်ဘုရား ဟောပြောဆုံးမတော်မူခဲ့တဲ့ တရားတော်တွေထဲမှာ တွေ့နိုင်တယ်။ လမ်းကြောင်းကို ပြတော်မူတယ်။ ရွေးချယ်ပိုင်ခွင့်ကို ပေးတော်မူတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ ကိုယ်ကြိုက်တဲ့လမ်းကို ကိုယ်ရွေးနိုင်ပါတယ်။*

အမေတို့ ထေရဝါဒီတွေမှာ ဝိညာဉ်ဆိုတာ မရှိဘူး။ ကြားကာလဆိုတာ မရှိပါဘူး။ ကိုယ်ပြုခဲ့တဲ့ ကောင်းမှု မကောင်းမှုအရ အကြားအလပ်မရှိ နောက်ဘဝကို ရောက်သွားတာပါပဲ။ ခြောက်လှန့်နေတဲ့ တစ္ဆေသူရဲဆိုတာကရော ဝိညာဉ်မဟုတ်ဘူးလားလို့ အမေ့ကို မေးတဲ့သူများ ရှိပါတယ်။ အမေက ဝိညာဉ်မဟုတ်ဘူး။ အယူလွဲသွားတဲ့ ပြိတ္တာပဲဖြစ်တယ်။ အမျှဝေတာကို ခံယူနိုင်တဲ့ပြိတ္တာဆိုရင် အချိန်သိပ်မကြာဘဲ ကျွတ်လွတ်သွားနိုင်တယ်။ သို့မဟုတ်ရင်တော့ ကြာရှည်ကြာများ မဝရေစာ စားပြီး လှည့်လည်သွားလာနေရတတ်ကြပါတယ်။ တချို့ကတော့ လူ့ရပ်လူ့ရွာထဲမှာ နေထိုင်ပြီး သူတို့မှာ ကောင်းမှုကုသိုလ်အခံရှိခဲ့ရင် အမျှဝေပါလို့ လူတွေကိုသတိပေးတဲ့အနေနဲ့ ကိုယ်ထင်ပြတာတို့ တစ်ဆင့်မှာတာတို့ လုပ်နိုင်ပါတယ်။

ဗုဒ္ဓဘာသာစာပေများမှာ ပြိတ္တာအမျိုးအစားတွေကို သေသေချာချာ ခွဲပြထားတာရှိပါတယ်။ မနေ့တစ်နေ့က ခေတ်မီတဲ့ သားတစ်ယောက်က (Ghost) ကို ကြည့်ပြီး ရေးလိုက်အမေလို့ အမေ့ကို

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



မိကျောင်းမင်း ရောက်ပြနေပါသေးတယ်။ တကယ်တော့ (Ghost) ကလည်း ဝိညာဉ်မဟုတ်ပါဘူး။ ပြိတ္တာပါပဲ။ သူက ရုတ်တရက်သေဆုံးလို့ အယူတိမ်းသွားတဲ့သူဖြစ်လေတော့ ကုသိုလ်ကောင်းမှုအကျိုးကို နားလည်တယ်။ သူပိုင်ငွေများကို လှူခိုင်းတယ်။ အလှူပြီးတာနဲ့ သူဟာ ကျွတ်လွတ်သွားခဲ့ပါတယ်။ သို့ပေမဲ့ သူလည်း ဝိညာဉ်မဟုတ်ပါဘူး။ အယူမှားတဲ့ အယူတိမ်းတဲ့သူများ ရောက်ရတဲ့ ပြိတ္တာဘုံကို ခဏရောက်သွားတာပါပဲ။ အမေပြောချင်တာကတော့ သေတဲ့အချိန်မှာ မရေမရာဖြစ်မနေအောင် တာဝန်အရှိဆုံးကတော့ မိမိကိုယ်တိုင်ဖြစ်ပါတယ်။ အမေလည်း သားတို့သမီးတို့ စိတ်ချရအောင် ကြိုးစားပါမယ်။ မင်းတို့လည်း မတော်မရော် မလုပ်ကြနဲ့။

## သံသရာစရိုးသွားများ

ကျွန်မက လူငယ်လူရွယ်များကို ရည်စူးပြီး စာတွေရေးနေတဲ့သူ လူငယ်လူရွယ် တော်တော်များများနဲ့လည်း ချစ်ခင်ရင်းနှီးတဲ့သူဆိုတော့ ငါသေရင် ဘယ်လိုဆောင်ရွက်ပါရယ်လို့ သားသမီးများကို မှာကြားနေတဲ့ သဘောနဲ့ ပြောနေတာကို သဘောကျတဲ့သူရှိမယ်၊ သဘောမကျတဲ့ သူလည်း ရှိနိုင်ပါတယ်။ သူ့မှာဖြင့် ကိုယ်ပိုင်သားသမီး အများကြီးမရှိဘဲနဲ့ သားများ သမီးများမိခင်တစ်ယောက်လို ရေးတတ်ပြောတတ်တယ်။ ဟော အခုတော့ သူသေရင် ဘယ်လိုဆောင်ရွက်ပါလို့ မှာနေပြန်ပြီဆိုပြီး မဲ့မဲ့ရွဲ့ရွဲ့ပြောမယ့်သူလည်း ရှိနိုင်ပါတယ်။ ကိုယ့်အမြင် ကိုယ့်ရွေးချယ်မှုနဲ့ကိုယ် တုံ့ပြန်ကြတာကို ကျွန်မ ဘာမှမပြောလိုပါ။ ကျွန်မကတော့ မှာစရာရှိတာကို မှာရဦးမှာဖြစ်ပါတယ်။

### သားတို့ သမီးတို့

ခုတလော အမေလည်း သေခြင်းကိုမျက်နှာမူတဲ့ ဆောင်းပါးကို အလွန်စိတ်ဝင်စားစွာ ရေးမိနေပါတယ်။ တချို့သော စာရေးဆရာများလည်း ဆုံးပါးခါနီးမှာ အဲသည်လိုဆောင်းပါးတွေ ဝတ္ထုတွေကို ရေးတတ်ကြပါတယ်။ အဲသည်အကြောင်းကိုသိထားတဲ့ သမီးက မျက်စိမျက်နှာမကောင်းစွာနဲ့ အမေတော့ အဲသည်လိုဆောင်းပါးတွေရေးပြီး တစ်ခုခုဖြစ်သွားရင် ပြောကြမှာပဲနော်လို့ ဆုတ်ဆိုင်းဆိုင်းလေသံနဲ့ ပြောပါတယ်။

အမေကတော့ ရွှင်ပျစွာပဲ ပြန်ဖြေပါတယ်။ အေးဟော့ တချို့တော့ နီးနေပြီဆိုတာ ကြိုသိနေသလားမသိဘူးလို့ ပြောကြမှာပေါ့။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



အမေကတော့ သိတယ်လည်းမဟုတ်၊ မသိဘူးလည်းမဟုတ် ဖြစ်နေပါတယ်။ သေခြင်းအကြောင်းတရားဆိုတာ ရှိတယ်ဆိုတဲ့အကြောင်းကို မသိဘူးလို့ ငြင်းလို့မှ မရဘဲလေ။ သိတယ်ပေါ့။ အသက် ၆၀ ပြည့်ပြီဆိုတော့ စာအုပ်တွေဘာတွေထုတ်ပြီး ကိုယ့်ဘာသာကိုယ် အသိအမှတ်ပြုလိုက်ပါသေးတယ်။ အဲသည်လို အသိအမှတ်ပြုရင်း လေးလေးနက်နက်ကြီး ကိုယ့်ဘာသာကို သတိပေးလိုက်တာကတော့ သိပ်ကိုနီးနေပြီ၊ တကယ့်ကိုနီးနေပြီ၊ မပေါ့နဲ့လို့ သတိပေးလိုက်မိပါတယ်။ သို့ပေမဲ့ ဘယ်အခါရယ်လို့ တိတိကျကျတော့ မသိဘူးပေါ့။

အဲသည်လို နီးနေပြီဖြစ်တဲ့အကြောင်းကို ထေရဝါဒီများဟာ ပွင့်လင်းစွာပြောတတ်ကြပါတယ်။ အချင်းချင်းလည်း သတိပေးတတ်ပါသေးတယ်။ ဆရာတော်ကြီးတစ်ပါးက အင်မတန်မှ ဘုရား တရား သံဃာ ရတနာသုံးပါးကို ကြည်ညိုတဲ့ သမီးတို့ဘွားဘွားကို 'မယ်ရင်၊ သူတစ်ပါးက ကမ္မဝါရွတ်မှ မဆင်းနဲ့၊ ကိုယ့်ဘာသာကိုယ်ဆင်းနိုင်အောင် ကြိုးစား'လို့ ဆုံးမတာကို အမေကိုယ်တိုင် ကြားဖူးပါတယ်။ သမီးကိုယ်တိုင်ကလည်း တရားကလေးနာလိုက် စာကလေးရေးလိုက်နဲ့ နေနေတဲ့အမေ့ကို သတိပေးဖူးတယ်လေ။ အမေ တရားအားထုတ်ပါ။ အားမထုတ်ဘဲ နေနေလို့ အမေမရှိမှ စာကြည့်ခန်းထဲက လက်နှိပ်စက်သံကြားနေရင် သမီးက ကြောက်မှာလို့ ပြောခဲ့တယ်လေ။ အဲသည်လို ထေရဝါဒီဝိဝိ အမေ့ကို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲသည်သတိပေးချက်က တော်တော်တောင်ကြာနေပြီပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ၉၉ ခုနှစ်မှာ အမေ တရားပြန်ထိုင်တာလေ။ အဲသည့်အရင်တုန်းက အမေက လက်နှိပ်စက်နဲ့စာရေးတာကိုး။ သမီးက တရားအားထုတ်ဖြစ်ပြီဆိုတော့ အမေရယ်၊ အခုမှ သမီးစိတ်အေးတယ်လို့ ပြောခဲ့တယ်နော်။ အမှန်အတိုင်း ဝန်ခံရရင် အခုလည်း စိတ်မအေးနဲ့ဦး၊ အာစိဏ္ဏကံကနေ အာသန္နကံဖြစ်အောင် ကြိုးစားရဦးမှာ ဖြစ်တယ်။



ရိုးရိုးမြန်မာလို ပြောရင်တော့ အမြဲတစေ အလေ့အကျင့်လုပ်နေတဲ့ကိစ္စဟာ သေခါနီးမှာ ပြန်ပေါ်တတ်တဲ့သဘောရှိတယ်။ တရားမှတ်တယ်ဆိုတာ ကောင်းမှုကုသိုလ်ကို ထုံနေအောင်ပြုတယ်ဆိုတာ သေခြင်းကို မျက်မှောက်ပြုတဲ့အခါ ကုသိုလ်စိတ်တွေနဲ့ပြည့်ဝပြီး ကုသိုလ်ဇော ကျအောင် စိတ်ချရအောင် ပြုပေးရတာပါပဲ။ ကုသိုလ်အလုပ်ဆိုတာ ရှင်နေတုန်း ကောင်းအောင်လုပ်ပေးရတာ မဟုတ်ဘူးလားလို့ မေးရင် ကောင်းတဲ့ကိစ္စ မိမိကိုယ်ကို ဆောက်တည်တဲ့ကိစ္စများဟာ ရှင်တဲ့အချိန်မှာလည်း ကောင်းမှုအကျိုးကို ဖြစ်ထွန်းစေတယ်။ သေတော့လည်း မတွေမဝေ သေရတတ်တယ်။

**စာဖတ်သူများရှင်**

ကျွန်မက တရားနာတာကို သိပ်သဘောကျလေတော့ တရားတိပ်ခွေ များစွာနာခဲ့ပါတယ်။ ကျေးဇူးရှင် ယောဆရာတော်ဘုရားကြီးဟာ ကွယ်လွန်သူများကို ရည်စူးတဲ့အလှူများမှာ ဆီလျော်တဲ့တရားတော်များကို ဟောတတ်ပါတယ်။ ကျွန်မလည်း အခုတလောမှာ တိုက်တိုက်ဆိုင်ဆိုင် တရားခွေနာရာက ဆရာတော်ဘုရားကြီးရဲ့ တရားများကို ဓမ္မဒါနအဖြစ် ဆရာတော်ဘုရားကြီး စွန့်တော်မူတဲ့ တရားစာအုပ်များကို ဖတ်မိပါတယ်။

မနေ့တစ်နေ့က ဖတ်မိတဲ့တရားစာအုပ်ကို **'ဘဝတစ်ကွေ့ ခဏတွေ့'** လို့ အမည်ပေးထားပါတယ်။ အဲသည်အမည်နဲ့တရားကို ဆရာတော်ကြီးရဲ့ ခမည်းတော်ကြီးကွယ်လွန်စဉ်က တစ်ကြိမ်၊ ဆရာတော်ဘုရားကြီးရဲ့ ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ စတုတ္ထ ကန်တောရဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူစဉ်ကတစ်ကြိမ် ကိုယ်တော်တိုင် ဟောကြားတော်မူပြီး လောကပကာသနဘက်ကို လုံးဝမပါဘဲ ဓမ္မပကာသနသက်သက်နဲ့ တည်ငြိမ်အေးချမ်းစွာ ရှာပနပွဲကို ပြုလုပ်ခဲ့ကြပါတယ်တဲ့။ အဲသည် ဘဝတစ်ကွေ့ ခဏတွေ့တရားတော်ဟာ ဒကာ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ရင်း တစ်ယောက်ရဲ့ဇနီး ကားမှောက်ပြီး ကွယ်လွန်ကာမှ ဓမ္မဒါနစာအုပ်အဖြစ် ရောက်လာတာဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးက တရားအဖွင့်မှာ လူ့ပြည်လူ့ရွာမှာ ဆုတ်ကပ်ကာလကို ရောက်လာပြီဖြစ်တဲ့အတွက် လူ့ဘဝဟာ *တကယ့်ကို ခဏကလေး တွေ့ကြုံရတဲ့ ကာလတစ်ခုဖြစ်ပါတယ်တဲ့။ လူတွေဟာ လမ်းသွားရင်း ခဏကြုံကြရတဲ့သူများနဲ့ ပတ်သက်ပြီး စိတ်မထားတတ်ရင် ခဏကလေးနဲ့ အကုသိုလ်များ တစ်ပုံတစ်ပင်ကြီး ရသွားတတ်ပါ*တယ်တဲ့။ ကျွန်မက အဲသည်တရားကို နာနေရင်းက သမီးက ကားခတ်ဆီသွားထည့်မယ်၊ လိုက်မလားလို့မေးတော့ ထပြီးလိုက်သွားပါတယ်။

ဆရာတော်ကြီးဟောတာ ဟုတ်တာပေါ့။ အဲသည်ခရီးတိုကလေး အတွင်းမှာ မျက်နှာကိုမြင်ချင်မြင်မယ်၊ လူကိုတော့ မသိတဲ့သူ များပါတယ်။ အဲသည်လိုခဏမှ တကယ့်ကိုဖြုတ်ခနဲ တစ်ခဏကလေး တွေ့ရပေမယ့် စိတ်မထားတတ်တဲ့ကျွန်မဟာ အကုသိုလ်တွေ ရခဲ့သေးတယ်။ ဥပမာဆိုပါတော့ ရှေ့ကားမှာပါတဲ့ယောကျ်ားကလေးတစ်ယောက် ကားပေါ်က ဆင်းလာပြီး ကားကိုမှီကာ ဟိုလိုရပ် သည်လိုရပ်နဲ့ ကျွန်မရှေ့မှာ နေရင်း သူ့မျက်နှာ ကျွန်မဘက်ကိုလှည့်လိုက်တော့ နှုတ်ခမ်းနီ ဆိုးထားတာကို တွေ့ရပါတယ်။ တကယ်တော့ တရားရှုမှတ်တဲ့အကျင့် စွဲမြဲတဲ့သူဆိုရင် မြင်တာကို မြင်ကာမတ္တ ဖြစ်တယ်၊ ပျက်တယ်လို့ပဲ ဆင်ခြင်နိုင်ရမှာပေါ့။ အခုတော့ မဟုတ်ဘူး။ အောင်မယ် ယောကျ်ားကလေးဖြစ်ပြီး ကြည့်စမ်းပါဦးတော့ နှုတ်ခမ်းနီတွေနဲ့။ အဲသည်လို စဉ်းစားလိုက်ပြီး ဒီကောင်ဘယ်လိုဝတ်ထားသလဲ။ ဟင်း ဝိန်ညောင်ညောင်နဲ့ ကျားကျားလျားလျားကို မရှိဘူး။ အဝတ်တွေက ကိုယ်ပေါ်မှာ ပုံနေတာပဲနဲ့ မပြီးနိုင်မစီးနိုင် စဉ်းစားနေမိပါတယ်။

သမီးက ဓာတ်ဆီဖြည့်ပြီး ကားပေါ်တက်တော့ သမီးရယ် ကြည့်



စမ်းပါဦး၊ ယောကျ်ားကလေးဖြစ်ပြီး နှုတ်ခမ်းနီတွေနဲ့ဆိုတော့ သမီးက မဟုတ်ဘဲရှိပါလိမ့်မယ်အမေရယ်လို့ ပြောပါတယ်။ ပြီးတော့ သမီးတို့က ခေတ်နောက်ကျနေပြီ။ သမီးတို့မသိတဲ့ သရုပ်ဆောင်ဖြစ်ဖြစ် အဆိုတော်ဖြစ်ဖြစ် တစ်ယောက်ယောက်ဖြစ်နိုင်တယ်။ မိတ်ကပ်ဖျက်တာ မပြောင်လို့နေမှာတဲ့။ ကျွန်မလည်း ပါးစပ်ပိတ်သွားပါတယ်။ ပြီးတော့လည်း ငါဟာ တရားနာရင်း ထလာခဲ့တာတောင်မှ ယောနိသော မထားနိုင်ဘူးလို့ ကိုယ့်ကိုယ်ကို သတိထားလိုက်ပါတယ်။

အဲသည်လို ထားလိုက်တဲ့သတိဟာ ကိုယ်နဲ့မကွာနေရင်တော့ ကောင်းပါတယ်။ သို့ပေမဲ့ အိမ်ပြန်မရောက်မချင်း ကားကို အပြင်းမောင်းလာတဲ့သူတွေကိုလည်း ကိုယ့်ကားထိမှာကို ကြောက်တဲ့စိတ်နဲ့ ငြူစူမိသေးတာပါ။ အိမ်ပြန်ရောက်တော့မှ ကိုယ့်ကို တရားသိပြီး တရားမရှိတဲ့ အစ်မကြီးလို့ပြောတဲ့ မောင်တစ်ယောက်ကို သတိရလိုက်တယ်။ တကယ်တော့ တရားမရှိတာဟာ တရားကို ကိုယ်တွင်းပေါက်မသိသေးလို့ ဖြစ်ပါတယ်။

အိမ်ပြန်တာနဲ့ ဆရာတော်ကြီးရဲ့တရားစာအုပ်ကို ဆက်ပြီး ဖတ်ပါတယ်။ ဆရာတော်ကြီးက အဲသည်လို မိနစ်ပိုင်း စက္ကန့်ပိုင်းအတွင်းမှာ တွေ့မြင်သမျှလူတွေနဲ့ ပတ်သက်ပြီး စိတ်မထားတတ်ရင် အကုသိုလ်အပုံထုပ် တစ်ထုပ်ကြီးယူခဲ့ရတတ်တယ်။ စိတ်ထားတတ်ရင် လမ်းတစ်ကွေ့ကလေးမှာ တွေ့ဆုံခိုက် ကုသိုလ်စွမ်းအား တစ်ပွေ့ကြီးရနိုင်ကြတယ်လို့ မိန့်တော်မူပါတယ်။

တကယ်တော့ ကျွန်မတို့လူ့သက်တမ်းဟာ တိုတောင်းပါတယ်။ ငယ်စဉ်ကတော့လိုချင်တာကို စောင့်မျှော်ပြီး ကိုယ်မျှော်လင့်သလို ဖြစ်မလာရင် လိုချင်တဲ့အရာကို ရမလာရင် တယ်ကြာပါကလားလို့ ထင်မိတတ်ပါတယ်။ အခုလို အသက်ကြီးလာတဲ့အခါမှာတော့ မလာစေချင်တဲ့အရာများက လာနေကြပြီ။ ဤအရာကား တားဆီး၍မရပါလို့ ငယ်စဉ်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



က မှတ်မိတဲ့စကားကလေးလိုပါပဲ။ အိုခြင်းနဲ့အတူ ကပ်ပါလာတဲ့ ရောဂါဘယကလည်း တားမရဆီးမနိုင် ဖြစ်နေပါတယ်။ တစ်ချက်ကလေး မှားလိုက်ရင် သွားရော့ပဲလို့ ပြောနိုင်တဲ့ဆီးချိုရောဂါဆိုရင် လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ငါနဲ့ဘာဆိုင်တာလိုက်လို့လို့ ပြောနိုင်ပါသေးတယ်။ တစ်နှစ်လောက်ကစပြီးတော့ ဆိုင်တော့ဆိုင်ပြီ၊ ထိန်းထားရင် ဖြစ်ပါတယ်လို့ သဘောထားပါတယ်။ အခုတော့ ထိန်းတယ်ဆိုပေမယ့် သတိတစ်ချက်မလစ်လိုက်နဲ့ သူ့အတွက် အကွက်ဆိုက်ပြီလို့ ပြောရမယ့်အခြေကို ရောက်လာပြီ ဖြစ်ပါတယ်။

ယောဆရာတော်ဘုရားကြီးက *'မိမိတို့အတွက် ကြိုတင်မသိနိုင်သော အရာငါးမျိုးရှိတယ်။ မည်သည့်အသက်အရွယ်မှာ သေရမယ်။ မည်သည့်အနာနဲ့ သေရမယ်။ မည်သည့်နေ့ရက် မည်သည့်အချိန်နာရီမှာ သေရမယ်။ မည်သည့်နေရာမှာ သေရမယ်။ သေပြီးတဲ့နောက် ဘယ်လိုဘဝကို ရောက်မယ်ဆိုတာ မြတ်စွာဘုရားရှင်နဲ့ အဘိညာဉ်ရပုဂ္ဂိုလ်ကြီးများမှတပါး မည်သူမှ မသိနိုင်'* လို့ မိန့်တော်မူပါတယ်။

အဲသည်လို တိကျသေချာစွာ ရက်ချိန်းနဲ့လုပ်ရတာ မဟုတ်တဲ့အတွက် သေခြင်းအကြောင်းတရားနဲ့ ရင်ဆိုင်တဲ့အခါ ဘဝတစ်ကွေ့ခဏတွေ့ကြတဲ့ သားရင်းသမီးရင်း မိရင်းဖရင်းပဲဖြစ်ဖြစ် မေတ္တာတရားနဲ့ဆွေမျိုးစပ်ကြတဲ့ လူချင်းပဲဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး အပြီးအပြေများနဲ့ အပြန်အလှန် ဝဋ်ကြွေးတွေပေးတဲ့ ဝဋ်ဖက်များမဖြစ်ဖို့ လိုအပ်ပါတယ်။

### သားတို့ သမီးတို့ရေ

တကယ်တော့ အပြန်အလှန်မေတ္တာထားပြီး ပေါင်းသင်းဆက်ဆံရတဲ့ မိဘနဲ့ သားသမီး၊ တပည့်နဲ့ ဆရာ၊ မောင်နဲ့ နှမ၊ ဇနီးနဲ့ခင်ပွန်း၊ မိတ်ရင်းဆွေရင်းစတဲ့စတဲ့ မကင်းဘဲ ကျေးဇူးပြုနေကြတဲ့သူအချင်းချင်း ပေါင်းသင်းဆက်ဆံတဲ့အခါ အရင့်အမာများမဟုတ်ကြတော့ မှားတတ်



ကြတယ်။ စိတ်ထားမှားတာနဲ့ အပြောမှား အပြုအမူမှားများ ဖြစ်ပွားပေါ်ပေါက်လာတတ်ကြတယ်။ အဲသည်လို အမှားများက အကုသိုလ်အကျိုးဆက်များ ဝဋ်ကြွေးများကို ဖြစ်ပေါ်စေတယ်။ ကြည့်စမ်း မချစ်တာ မခင်တာ မကောင်းစေချင်တာလည်း မဟုတ်ပါဘဲနဲ့ သတိကလေးတစ်ချက် မထားလိုက်နိုင်တဲ့အတွက် ဒေါသတွေဖြစ်ကြ၊ အာဃာတတွေဖြစ်ကြနဲ့ သေတဲ့အခါ ကောင်းကျိုးဆက်ကို ထားမပစ်နိုင်ဘဲ ကောင်းကျိုးတရားများကို သယ်ဆောင်မသွားနိုင်ဘဲ သူတစ်ပါးများအတွက် ဝဋ်ကြွေးတွေကိုထားခဲ့ပြီး ကိုယ်ကလည်း ဝဋ်ကြွေးတွေကို သယ်ဆောင်သွားရမယ်ဆိုရင် လူဖြစ်ခဲ့ပြီး လူဖြစ်ရကျိုးမနပ်ဘဲ နေလိမ့်မယ်။

အမေဟာ တော်တော်ကြာကတည်း အသိမိတ်ဆွေတစ်ယောက် သေဆုံးတယ်ဆိုတဲ့ သတင်းကိုကြားရရင် သြော် သူတော့သွားခဲ့ပြီ။ အသက်ကရော ငါ့ထက်ဘယ့်လောက်များကြီးသလဲ။ အင်း အဲသည်လောက်အထိ ငါနေရ မနေရဆိုတာကို ငါမသိပါကလားလို့ စဉ်းစားလေ့ရှိလာပါတယ်။

ပြီးတော့ သိပ်ရင်းတဲ့သူများဆိုရင် ကြည့်စမ်း သူနဲ့တွေ့ခဲ့တာ ဘာကြာသေးတာမှတ်လို့၊ အဲသည်တုန်းက နောက်ဆုံးအကြိမ် တွေ့ဆုံခြင်းလို့ ငါမသိခဲ့ရပါကလားလို့ တွေးမိတယ်။ ဘယ်သိနိုင်ပါ့မလဲ။ အဲသည်လို နောက်ဆုံးအကြိမ်လို့ မသိဘဲ စိတ်နာစရာ စိတ်တိုစရာ စကားများကို မပြောမိခဲ့တာပဲ တော်သေးရဲ့၊ တော်သေးရဲ့လို့ အောက်မေ့ရပါတယ်။

### သားတို့ သမီးတို့ရေ

တကယ်တော့ တွေ့ဆုံတဲ့အချိန်တိုင်းကို နောက်ဆုံးဖြစ်နိုင်တယ်လို့တွေးပြီး တစ်ယောက်နဲ့တစ်ယောက် ဝဋ်ကြွေးပေးတဲ့သူများ မဖြစ်စေဘဲ မေတ္တာပေးတဲ့သူ ကုသိုလ်ပေးတဲ့သူများဖြစ်ကြဖို့ ကြိုးစားသင့်ပါတယ်။ တချို့ဆိုရင် သေတော့မယ်ဆိုတာကို မသိကျိုးကျွန်ဖြစ်ပြီး

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ပြောခဲ့ဆိုခဲ့တတ်ကြတယ်။ တကယ်ပြန်မတွေ့စတမ်း ခွဲကြရပြီလို့ဆိုတဲ့ အခါမှာ အပူလုံးကြွပြီး ယူကျုံးမရဖြစ်တတ်ကြတယ်။ အဲသည်အချိန်ကျမှ ဖြေမပြေဖြစ်ပြီး ရုပ်ကလာပ်ကိုသွားပြီး တောင်းပန်ရတာနဲ့ မသေချာ မရေရာတဲ့အလုပ်များကို လုပ်ရတတ်တယ်။ အမေက မသေချာဘူးဆိုပေမယ့် ရုပ်ကလာပ်ကို သွားပြီးတောင်းပန်တာ၊ သုသာန်ကိုလိုက်ပြီး တောင်းပန်တာစတဲ့အလုပ်တွေကို မလုပ်နဲ့လို့ အမေ မပြောပါဘူး။

အမေနဲ့ သားတို့သမီးတို့နဲ့တော့ အခုလိုအချိန်ကတည်းက တစ်ဦးအပေါ် တစ်ဦး ပြစ်မှားခဲ့တဲ့အပြစ်တွေရှိရင် ကြေပါစေလို့ အပြစ်ချေကြတာပေါ့။

တကယ်တော့ ငယ်သူကို ကြီးသူက ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးနဲ့ ပြစ်မှားခဲ့သည်ရှိသော် ခွင့်လွှတ်ပါလို့ တောင်းပန်ရင်း ကန်တော့သလို ကြီးသူကလည်း အမေ့ဘက်က သားတို့သမီးတို့အပေါ်ကို ကံသုံးပါးနဲ့ ပြစ်မှားခဲ့တာများရှိရင် ခွင့်လွှတ်ပါလို့ တောင်းပန်ရပါတယ်။ အမေ့အပေါ်မှာ ပြစ်မှားခဲ့တာတွေရှိရင်လည်း ခွင့်လွှတ်ပါတယ်လို့ ပြောရပါတယ်။ အဲသည်တော့ နောက်တစ်ခါကန်တော့တဲ့အချိန်ကျရင် အမေရှိချင်မှရှိတော့မယ်။ မင်းတို့ကို အမေက ကံသုံးပါးနဲ့ပြစ်မှားခဲ့တာရှိရင်လည်း ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်။ မင်းတို့က အမေ့ကိုပြစ်မှားခဲ့ရင်လည်း ခွင့်လွှတ်ပါတယ်။

အခုဆောင်းပါးကိုဖတ်ပြီး စိတ်ထဲမှာ နင့်မနေကြနဲ့ဦး။ နင့်ရမှာက ဝဋ်မချေမိရင်သာ နင့်ရမှာ။ အခုတော့ တစ်ခုခုဖြစ်သွားလည်း သြော် ဝဋ်ချေလိုက်ပြီလို့ စိတ်အေးသွားနိုင်တယ်။ အမေက တကယ်ကြုံဖူးတယ်။ အမေ့မိတ်ဆွေတစ်ယောက်ဟာ အမေ့ပေါ်မှာ ကောင်းခဲ့တာတွေများသလို ဆိုးခဲ့တာတွေလည်း သိပ်များပါတယ်။ သူပြင်းပြင်းထန်ထန် ဒဏ်ရာရတော့ အမေက ကောင်းတဲ့အမှုများကို စိတ်မှာထားပြီး လာခဲ့ပါတယ်။ လူတွေဟာ မသေခင်မှာသာ မေတ္တာ စေတနာတွေကို



အချင်းချင်းပြနိုင်ကြတာ ဖြစ်ပါတယ်လို့ ပြောခဲ့ပါတယ်။ အဲသည်အချိန်က သူရော သူ့ဇနီးရော မျက်ရည်ကျပါတယ်။ အဲသည်နောက် သူပြန်ပြီးထူထောင်လာပါသေးတယ်။ နောက်အချိန်မကြာလှခင်မှာ ဆုံးသွားပါတယ်။ အဲသည်တော့ အမေ မသွားနိုင်တော့ဘူး။ ကသောင်းကနင်းဖြစ်နေတဲ့အချိန် ဖြစ်နေလို့ပါပဲ။ သို့ပေမဲ့ အမေစိတ်အေးပါတယ်။ သူနဲ့က ဝဋ်ချေလိုက်ပြီးပြီလေ။

ကိုင်း သည်တစ်ပတ်စာကိုတော့ ဖတ်ရတဲ့သူများ အတွေးပွားစေနိုင်ဖို့ ရည်ရွယ်ရင်း မိမိကိုယ်ကိုလည်း သတိပေးရင်း ရေးလိုက်ပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## မသေလို့ တွေ့ရ မေ့နိုင်ပါ့ရိုးလား

တစ်နေ့က ကရဝိက်နန်းတော်မှာ ဆုရတဲ့စာပေပညာရှင်များကို ထပ်ဆင့်ဂုဏ်ပြုတဲ့ပွဲ ကျင်းပကြပါတယ်။ ဂုဏ်ပြုခံရတဲ့သူများထဲက ၁၁ ယောက် တက်ရောက်နိုင်ခဲ့ပါတယ်။ အဲသည်လို တက်ရောက်နိုင်ခဲ့တဲ့သူတွေကြားထဲမှာ ဘဘဦးသုခ ပါပါတယ်။ ဘဘ မတက်ရောက်နိုင်ဘူးလို့ သိထားခဲ့လေတော့ ဘဘကို လက်တွန်းလှည်းနဲ့ ခေါ်လာတဲ့အခါမှာ ဘဘလာပြီဆိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကြတဲ့သူတွေ အများကြီးပါပဲ။

ကျွန်မလည်း ဘဘကို သွားပြီးနှုတ်ဆက်ဂါရဝပြုပါတယ်။ ဘဘကလည်း *'မတင်ဝင်းရယ်၊ မသေသေးလို့ တွေ့ရတယ်ဆိုတာ ဝမ်းမြောက်ဝမ်းသာ ဖြစ်စရာပဲ။ သူလည်းမသေလို့ ငါလည်းမသေလို့ တွေ့နိုင်ကြတာကိုး'* လို့ ပြောပါတယ်။ အဲသည်လိုပြောရင်း ဘေးဘက်က ဆရာကြီးဦးထင်ဖတ် (မောင်ထင်) နဲ့ ဘဘက ဆက်ပြီးစကားပြောဖြစ်သွားပါတယ်။ ဆရာကြီးမောင်ထင်က သူနေတာက အင်းစိန်မှာဆိုတော့ မြို့ထဲကို အရောက်အပေါက်နည်းပါတယ်တဲ့။ အဲသည်တော့ ရန်ကုန်မြို့ကြီးက သူမမှတ်မိတော့လောက်အောင် ပြောင်းလဲနေတာကို တွေ့ရပါတယ်တဲ့။ အခု ကရဝိက်နန်းတော်ကိုရောက်တော့လည်း သူ့မှာ မမြင်ဖူး မတွေ့ဖူးလို့ အဆန်းတကြယ်ဖြစ်နေတယ်လို့ ဆိုပါတယ်။

ဘဘဦးသုခကတော့ ဟုတ်လား၊ ကျွန်တော်တော့ ဘာကိုမှ မမြင်ဘူးဗျာလို့ ပြောပါတယ်။ ဆရာကြီးမောင်ထင်က ဟုတ်ကလား၊ ခင်ဗျား မမြင်ဘူးလားလို့ မေးပါတယ်။ ကျွန်မက ဟုတ်ပါတယ်။ ဘဘက ခဝ်ရိုဝ်ရိုဝ်ပဲမြင်ရတာလို့ ဝင်ပြီးဖြေလိုက်ပါတယ်။ အဲသည်



နောက်တော့ ဘဘက ဆရာကြီးမောင်ထင်ကို ခင်ဗျားက ကျွန်တော့်ထက် အသက်နည်းနည်းပိုပြီး ကြီးတယ်ထင်တယ်လို့ ပြောပါတယ်။

အဲသည်လိုနဲ့ အသက်များတွက်စစ်ကြတော့ ဆရာကြီး မောင်ထင်က အသက် ၉၅ နှစ်၊ ဘဘက အသက် ၉၄နှစ် ရှိပြီဆိုတာ သိကြရပါတယ်။ ဆရာကြီးမောင်ထင်က ဘဘကို အောင်မယ် ခင်ဗျားထက် ကျုပ်ကတစ်နှစ်ပဲပိုကြီးတာပါဗျာလို့ပြောပါသေးတယ်။ ကျွန်မကလည်း စိတ်တွက်နဲ့ ကိုယ့်အသက်ကို ဘဘတို့အသက်နဲ့ ခြားနားခြင်း ရှာလိုက်ပါသေးတယ်။ ဘဘဦးသုခက ကျွန်မထက် အသက် ၃၀၊ ဆရာကြီးမောင်ထင်က ၃၁ နှစ်ကြီးပါတယ်။ ကျွန်မဟာ ဘွားဘွားလို့ အခေါ်ခံရတာ အတော်ကြာပြီဖြစ်ပါတယ်။ စိတ်ဆောင်တယ်ဆိုပေမယ့် အိုခြင်းရဲ့ စရိုက်လက္ခဏာများကို သယ်ဆောင်နေခဲ့ရတာ အတော်ကြာပြီဖြစ်လေတော့ ဘဘတို့ကို အင်မတန်မှ သီလကောင်းတဲ့သူများဖြစ်တယ်လို့ စိတ်ထဲက ကြည်ညိုလိုက် ချီးကျူးလိုက်ပြီး ဩော် ငါရော အဲသည်လောက် အသက်ရှည်နိုင်ပါ့မလား။ ဘဘတို့လောက် အလုပ်တွေအများကြီး လုပ်နိုင်ပါ့မလားလို့ တွေးတောလိုက်မိပါသေးတယ်။

အခမ်းအနားရဲ့ ပထမပိုင်းအစီအစဉ်က ဂုဏ်ပြုခြင်းဖြစ်ပြီး ဒုတိယအစီအစဉ်က အစားအသောက်နဲ့ ဧည့်ခံခြင်းဖြစ်ပါတယ်။ ပထမအစီအစဉ်အပြီးမှာ နှုတ်ဆက်ရမည့်သူကလည်း များတော့ ခပ်သုတ်သုတ် နှုတ်ဆက်နေတုန်းမှာ ဘဘက ပြန်တော့မှာဖြစ်လို့ နှုတ်ဆက်ချင်တယ်ဆိုပြီး အခေါ်ခိုင်းလို့ သွားပြီးနှုတ်ဆက်ရပါတယ်။ ဘဘက လက်အုပ်ကလေးကို ချီပြီး *'မတင်ဝင်းရယ် မသေလို့တွေ့ရ မေ့နိုင်ပါ့ရိုးလား ဆိုတာဟာ မင်္ဂလာမရှိတဲ့ နိမိတ်မကောင်းတဲ့ စကားမဟုတ်ဘူး။ ထေရဝါဒီများအတွက် မင်္ဂလာရှိတဲ့ နိမိတ်ကောင်းတဲ့စကားဖြစ်တယ်။ မသေလို့သာ အချင်းချင်း ချစ်ခင်ကြောင်းကို ပြသနိုင်တယ်။ မုဒိတာပွားနိုင်တယ်။ ကိုင်း ဘယ့်လောက်ပျော်စရာကောင်းသလဲကွယ်'* လို့ ပြောပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ကျွန်မဟာ မသေလို့ တွေ့ရဆိုတဲ့စကားကို စိတ်ထဲမှာ အင်မတန် စွဲသွားပါတယ်။ မသေလို့ ဆိုတဲ့စကားနောက်မှာ များလှစွာသော လုပ်ငန်းများကို ထည့်သွင်းနိုင်ပါတယ်။

မသေသေးလို့ အချင်းချင်းမေတ္တာထားကြောင်း ပြောနိုင်တယ်။

မသေသေးလို့ တစ်ဦးကတစ်ဦးကို ကရုဏာထားကြောင်း ပြောနိုင်တယ်။

မသေသေးလို့ ကိုယ့်ထက် အောင်မြင်တဲ့သူကို မုဒိတာပွားကြောင်း ပြောနိုင်တယ်။

မသေသေးလို့ ကိုယ့်အတွက် ရှေ့ကြောင်းကောင်းဖို့ ကြိုးစားနိုင်တယ်။

မသေသေးလို့ ကိုယ့်နောက်ကြောင်းက ဆပ်စရာကြွေးများ ဆပ်နိုင်တယ်။

မသေသေးလို့ အချင်းချင်း အမျက်ဖြေစရာအကြောင်းများရှိခဲ့ရင် အမျက်ဖြေနိုင်တယ်။

မသေသေးလို့ အမှားတွေပြင်နိုင်တယ်။ မသေသေးလို့ မသေသေးလို့ ဆိုတဲ့နောက်မှာ အဲသည်လို ဘဝကိုပိုမိုသေသပ်ပိုမို ကွပ်ရွတ် ပိုမိုဝီပြင် ပိုမိုလှပအောင် လုပ်ဆောင်နိုင်တဲ့ အခွင့်အလမ်းများစွာ ရှိပါတယ်။

မသေသေးဘူးဆိုတဲ့အသိဟာ တယ်ပြီးပျော်စရာကောင်းပါ့ကလား။ အခုလို သရက်သီးမှည့်တဲ့ရာသီမှာ အသီးမှည့်တွေကို ခူးလိုက်တာ ကုန်တော့မယ်လို့ ထင်နေတုန်း အရွက်အုပ်အုပ်ကြားမှာ အသီးစိမ်းစိမ်းတွေ အသီးကင်းတွေကို မြင်လိုက်ရလို့ ပျော်ရွှင်စွာ ခေါင်းကိုမော့ပြီး ရယ်မောလိုက်တဲ့အချိန်မှာ အပင်ဖျားမှာ အဖူးတွေဝေနေတာကို တွေ့လိုက်ရသလိုပါပဲ။ သို့သော်လည်း ဘာကိုမှ လိုအပ်တာထက် ပိုပြီးမျှော်လင့်ထားလို့ မသင့်ပေဘူး။



ဘာဖြစ်လို့လဲဆိုတော့ အကိုင်းဖျားက အပွင့်တွေဟာ မိုးတစ်ဖြိုက်ကျလိုက်တာနဲ့ ကြွေသွားနိုင်တယ်နော။ အဲသည်လိုပါပဲ၊ ငါနေကောင်းသားပဲလို့ ထင်နေတာဟာ ငါနေရလိမ့်ဦးမယ်လို့ ထင်နေတဲ့ရက်တွေဟာ ဟန်ချက်တစ်ချက် ပျက်လိုက်တာနဲ့ ဖြုတ်ခနဲ ပျက်သွားနိုင်တယ်ဆိုတာကို သတိထားရပါမယ်။

အဲသည်လို တွေးလိုက်တာနဲ့ အိုး ဒုက္ခပါပဲ၊ သေခြင်းကို ရင်ဆိုင်ရတော့မယ်ဆိုရင် မလုပ်ရသေးတာတွေက အများကြီးပဲလို့ တွေးပြီး မပူလိုက်ပါနဲ့။ နေရသမျှရက်တွေဟာ တန်ဖိုးကြီးမားလှပါကလားလို့ သဘောပေါက်သွားပြီး အဲသည်ရက်များ အဲသည်အချိန်များအတွက် ဝမ်းပန်းတသာ အားပါးတရရှိသင့်ပါတယ်။ တစ်ခါတုန်းက ဆရာတော်တစ်ပါး ပောကြားတဲ့တရားထဲမှာ နာဖူးပါတယ်။ ဆရာတော်ရဲ့ ဒကာကြီးတစ်ဦးက နိုင်ငံခြားသားဖြစ်ပါတယ်။ အသက်လည်း ကြီးပါပြီ။ သူက Every day is my birth day. နေ့တိုင်းဟာ ငါ့မွေးနေ့ပဲလို့ ပြောပါသတဲ့။ ပြီးတော့ လူတိုင်း ကိုယ့်မွေးနေ့မှာ ကုသိုလ်ဖြစ်အောင် ပျော်ရွှင်အောင် နေသလို အဲသည်ဘဘကြီးက ကုသိုလ်ဖြစ်အောင် ပျော်ရွှင်အောင် နေပါသတဲ့။

လူငယ်တွေက အထက်ပါအကြောင်းကိုဖတ်ပြီး ဟုတ်မှာပေါ့။ အိုမင်းနေတဲ့သူများကတော့ နေ့တစ်နေ့ချင်း ရေတွက်နေရတာကိုးလို့ ပြောချင်ပေလိမ့်မယ်။ တကယ်တမ်းပြောရရင် ဘယ်သူကရော ငါ ဘယ်နေ့အထိ ဘယ့်လောက်ကြာကြာနေရမလဲလို့ တိတိကျကျ မသိလို့ပါပဲ။ အဘိုးဖြစ်သူက မြေးဖြစ်သူရဲ့အသုဘကို လိုက်ပို့ရင်း သေသင့်တဲ့သူက အဘိုးပါကွယ်။ ဘာဖြစ်လို့ မြေးကအရင်သွားရတာလဲလို့ ငိုနေတာကို ကျွန်မတို့ မြင်ဖူးကြားဖူးကြပါတယ်။ အဲသည်အဖြစ်မျိုးက ရှားပါးလှတဲ့အဖြစ် မဟုတ်ပါ။ အဲဒါကြောင့် ကျွန်မက လူငယ်တွေကိုလည်း သတိပေးချင်ပါတယ်။ နေရမယ့်ရက် များပါသေးတယ်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ဆိုပြီး မပေါ့နဲ့။ မေ့လျော့နေတဲ့သူဟာ အချိန်ကိုလည်း မေ့တတ်တာပဲ။ မေ့နေလိုက်တာ သိပ်ကြာလှတယ်လို့ မထင်ရတဲ့အချိန်မှာပဲ ကိုယ်လည်း လေ သီးကင်းတဖြုတ်ဖြုတ်ထဲ ပါတော့မှာပါကလားလို့ နောင်တရစွာနဲ့ မရှောင်သာတဲ့အဖြစ်ကို အလန့်တကြား ရင်ဆိုင်ရတာ မကောင်းပါဘူး။

လူတိုင်းဟာ နေ့သစ်တစ်နေ့မှာ နိုးထလာတာနဲ့ ဒီကနေ့မှာ ငါ ရှင်သန်လျက်ရှိနေသေးတယ်။ ငါ့ကို နေ့သစ်နဲ့အတူ ပြန်လည်မွေးဖွား လိုက်သလိုပဲ။ အဲသည်လို နေ့သစ်မှာ ငါဘယ်လိုအရာကို ဦးစားပေးပြီး လုပ်သင့်သလဲလို့ တွေးတောသင့်ပါတယ်။ ပစ္စုပ္ပန်ကာလဖြစ်တဲ့ နေ့ သစ်မှာ အတိတ်က မလုပ်ခဲ့ရသေးတဲ့ ကြွေးဟောင်းများကို ဆပ်မယ် ဆိုပါတော့၊ ဘာကိုဦးစားပေးပြီး လုပ်သင့်သလဲ။

တစ်ဦးနဲ့တစ်ဦးတော့ လုပ်ချင်တဲ့အလုပ်တွေက အတူတူဖြစ်နေ နိုင်မယ် မဟုတ်ပါဘူး။ လူကိုလိုက်လို့ ကွဲပြားခြားနားနေမှာပါပဲ။ အို သည်လိုနေ့တွေ အများကြီးရှိဦးမှာပါလို့ ပေါ့ပေါ့ဆဆနဲ့ လုပ်သင့်တဲ့ အလုပ်ကို နောက်တော့လုပ်မယ်လေလို့ ရက်ချိန်းရွှေ့တဲ့အကျင့်ကို ပြင် သင့်ပါတယ်။ လုပ်ရမယ့်ကုသိုလ်မှုများကို မလုပ်ဘဲ သားကျွေးမှု မယား ကျွေးမှု ကိစ္စများမှာသာနစ်နေရင်း သားမယား သားသမီးအတွက် တရား သော်ရှိ မတရားသော်ရှိ မသိတတ်နိုင်ဘဲ နစ်မြောစွာလုပ်နေတဲ့သူတွေ၊ မိမိအတွက် မိမိသားသမီးအတွက် မိမိလင်သားအတွက် ကောင်းမယ် ဆိုရင် ဘာမဆိုလုပ်တတ်တဲ့သူတွေ၊ သူတစ်ပါးအတွက် မိမိအကျိုးစီးပွား ကို နည်းနည်းကလေးမှ အထိအရှမခံချင်တဲ့သူတွေဟာ သေကောင် ပေါင်းလဲဖြစ်ပြီဆိုမှ နောင်တရတတ်ပါတယ်။ အဲသည်အချိန်မှာ ပြန် လည်ပြင်ဆင်ခွင့် ပိတ်သွားခဲ့ပြီဖြစ်ပါတယ်။

တစ်ခါတုန်းက အမျိုးသမီးကြီးတစ်ယောက် တော်တော်နဲ့လည်း မဆုံးနိုင်ဘဲ ပြင်းပြင်းထန်ထန် အော်ဟစ်ညည်းတွားပြီး ဝေဒနာခံနေတယ်၊ ဝမ်းခေါင်းသံကြီးနဲ့ အော်နေရတယ်။ မျက်ရည်တွေကလည်း တတွေတွေ



ယိုစီးကျနေတယ်လို့ တစ်ဆင့်စကား ကြားခဲ့ရပါတယ်။ သူ့ဝေဒနာက လည်း ပြင်းထန်ပါတယ်။ အဲသည်တော့ ကျွန်မကလည်း စိတ်မကောင်း စွာနဲ့ ဆရာတော်တစ်ပါးကို အဲသည်လိုဖြစ်ရပ်မျိုးဟာ ဘယ်သူတွေမှာ ဖြစ်တတ်ပါသလဲလို့ လျှောက်ထားမေးမြန်းခဲ့ပါတယ်။

ဆရာတော်ကလည်း ကျုပ်တို့ ဝိဋကတ်တော်မှာလာတဲ့ အဆို အတိုင်း ပြောရရင်တော့ *သေခါနီးမှာ ငရဲနိမိတ်များကို မြင်ရလို့ဖြစ်စေ၊ အသက်ရှင်စဉ်က ကောင်းမှုကုသိုလ်များကို မလုပ်ခဲ့ရလေခြင်းလို့ နောင် တရနေလို့ဖြစ်စေ မျက်ရည်များ တတွေတွေယိုစီးတတ်တယ်လို့ ပြော ရမှာပါပဲ* လို့ မိန့်ခဲ့ပါတယ်။ အဲသည်လိုအဖြစ်မျိုးကို ကိုယ်ကြုံရမှာ ကြောက်စရာပဲ။ အဲသည်တော့ မသေသေးတဲ့ရက်များမှာ ကိုယ့်အတွက် ကိုယ်မှန်ကန်တဲ့အလုပ်များ ကုသိုလ်ရမယ့်အလုပ်များကို လုပ်ကိုင် ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ ကြီးတဲ့သူရော ငယ်တဲ့သူပါ သတိ မမေ့မလျော့ မပေါ့မတန်ဘဲ မိမိနဲ့အတူပါမယ့်ကံများဟာ ကုသိုလ်ကံ များဖြစ်ဖို့ ကြိုးစားသင့်ပါတယ်။

*နေရတဲ့အချိန်ဟာ တစ်စထက်တစ်စ နည်းပါးလာပြီလို့ဆိုတဲ့ အကြောင်းကို သတိထားတဲ့သူဟာ မိမိနေရတဲ့အချိန်များမှာ ပထမဦးစွာ ညစ်ပေထိုင်းမှိုင်းတဲ့စိတ်ထားများကို မထားမိအောင် ဆင်ခြင်သင့်ပါ တယ်။* မိမိက ဆပ်ရမယ့်ကြွေးများကို စိတ်အားဖြင့် နှုတ်အားဖြင့် အပြုအမူအားဖြင့် နည်းအမျိုးမျိုးနဲ့ဆပ်ပြီး တစ်ဖက်လူထံက ကျေနပ်မှုကို ယူသင့်ပါတယ်။ တစ်ဖက်လူက မကျေနပ်နိုင်တဲ့လူစား ဖြစ်နေတယ် ဆိုရင်တော့ ကိုယ့်ကိစ္စမဟုတ်တော့ဘူးလေ။ ထို့အတူပါပဲ၊ ကိုယ်က ရစရာရှိတဲ့သူ ဖြစ်တယ်။ တစ်ဖက်လူက ဆပ်သင့်တဲ့ငွေကြေးဖြစ်ဖြစ် ကျေးဇူးဖြစ်ဖြစ် မဆပ်ဘဲထားရင်လည်း စိတ်ထဲမှာ အကျိတ်အခဲမထား လိုက်ပါနဲ့။

ကိုယ့်ကုသိုလ်ကံ အကုသိုလ်ကံအတိုင်း ဖြစ်ကြရတာပဲ။ ကိုယ့်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ကံက မလုံခြုံလို့ ကိုယ်က ခံတဲ့ဘက်ကရောက်နေတာပဲလို့သာ တွေးတောဖို့ လိုအပ်ပါတယ်။ နင့်တော့လား၊ နောက်ဘဝကျမှ ငါ့ဆီက ယူတာတွေကို ပြန်ဆပ်ခိုင်းမယ်ဟဲ့လို့များ မအောက်မေ့နဲ့၊ မပြောနဲ့။ အဲသည်လို ဝဋ်ဗေဒကြောင့် ကိုယ့်ကိုကြွေးဆပ်ရမယ့်သူက အပါယ်လေးဘုံကို ရောက်နေရင် ကိုယ်က နိဗ္ဗာန်ကိုမဝင်နိုင်ဘဲ စောင့်နေရမယ်။ လောကမှာ ပေါင်းသင်းကြတဲ့သူအချင်းချင်း အယုက်အတင်ဆိုတာ ရှိတတ်ကြတယ်။ အရေးကြီးတာက ဝဋ်ဖက်မဖြစ်ကြဖို့ ခွင့်လွှတ်တတ်ကြရမယ်လို့ ကျွန်မရဲ့ မိခင်ကြီးက ဆုံးမခဲ့ဖူးပါတယ်။

ပစ္စည်းကြွေးများသာမက စိတ်ထဲမှာတေးထားတဲ့ အာဃာတများကိုလည်း ဖြေဖျောက်သင့်ပါတယ်။ အာဃာတရဲ့ဆိုးကျိုးကို အရှင်ဒေဝဒတ်ရဲ့ဇာတ်ကြောင်းမှာ ထင်ရှားစွာ တွေ့နိုင်ပါတယ်။ ကုသိုလ်အကုသိုလ်အကျိုးဆက်ဟာ ဘဝပေါင်းများစွာတိုင်အောင် လိုက်ပြီး ကောင်းကျိုး ဆိုးကျိုးပေးတတ်ပါတယ်။အရှင်ဒေဝဒတ်ဟာ ကိုယ်တိုင်ဘုန်းကံပါရမီကြီးမားသူဖြစ်ပါလျက်နဲ့ မြတ်စွာဘုရားအလောင်းအပေါ်မှာ အာဃာတစိတ် ကျိတ်ကျိတ်ခဲခဲထားခဲ့မိလို့ ကောင်းတဲ့အမှု မပြုနိုင်ဘဲ များစွာဒုက္ခရောက်ခဲ့ရပါတယ်။ အဲသည်တော့ ကိုယ်နဲ့အတူ ပါသွားမယ့် ကုသိုလ်ကံကောင်းကို ဖျက်ဆီးမယ့် အငြိုးအတေးများကိုတော့ နေရသမျှရက်များမှာ မဖြစ်ပေါ်အောင် ရှောင်ကြဖို့သင့်ပါတယ်။ ရွှေထက် ရတနာ *အမျိုးမျိုးထက် တန်ဖိုးကြီးမားတဲ့ မိမိဘဝ မိမိနေရသမျှ အချိန်ကာလမှာ အာဃာတတွေအတွက် နေရာမရှိသင့်ပါ။*

တကယ်တော့ လူအချင်းချင်း တွေ့ဆုံပြောဆိုနိုင်သေးတဲ့အချိန်မှာ မေတ္တာထားတဲ့အကြောင်း၊ ကရုဏာထားတဲ့အကြောင်းနဲ့ မုဒိတာပွားတဲ့အကြောင်းများကို ပြောဆိုပြသတာဟာ ပြေပြစ်ချောမွေ့တဲ့ အခြေအနေတစ်ခုကို ဖန်တီးလိုက်တာဖြစ်ပါတယ်။ နှစ်ဘက်စလုံးအဖို့ ရှင်လည်းကောင်း၊ သေလည်းကောင်းပါပဲ။



မသေသေးဘူးဆိုတဲ့အချိန်မှာ ကိုယ့်အမှားကို ကိုယ်ပြင်ဆင်ဖို့ နောင်မမှားအောင် ကြိုးစားဖို့က အရေးကြီးပါတယ်။ ပြုခဲ့ပြီးတဲ့ အကုသိုလ်အတွက်လည်း နောင်တရနေလို့ မပြီးပါဘူး။ နောင်တနဲ့ တွေးတွေးနေရင် အကုသိုလ် ပိုပြီးပွားနေတတ်ပါတယ်။ အဲသည်တော့ နောက်ကြောင်းအတွက် နောင်တရမနေနဲ့တော့၊ ကောင်းတာကိုသာ အားသွန်ပြီး ဆောင်ရွက်ပေတော့လို့ ပြောရမှာပါပဲ။ ကောင်းတာကိုသာ ရှေးရှုမယ်လို့ ဆုံးဖြတ်လိုက်ပြီး ကောင်းတာကိုစလုပ်လိုက်တာနဲ့ စိတ်ကလည်း ကြည်လင်လာပါလိမ့်မယ်။

အဲသည်တော့ တစ်နေ့တာတစ်နေ့ ကုသိုလ်မှုများကို များများလုပ်မိအောင် တာစူပြီး လက်တွေ့လည်း ကြိုးစားပြီးပြုလုပ်သင့်ပါတယ်။ ဘယ်လိုအလုပ်မဆို ကြိုးစားပြီး လုပ်ဖန်များရင် လမ်းကြောင်းမှန်သွားတတ်ပါတယ်။ ကောင်းတဲ့အမှုဆိုရင်တော့ စိတ်တွေကြည်လင်ပြီး အေးချမ်းလာစမြဲပါပဲ။

အခုခေတ်မှာ လောကီအာရုံ ကာမဂုဏ်များက သိပ်များသလို ကောင်းရာကောင်းကြောင်းကို ဘယ်လိုလုပ်ရမယ်ဆိုတဲ့ နည်းလမ်းများကိုလည်း လူငယ်တွေကအစ လေ့လာကြပါတယ်။ သိနားလည်လာကြပါတယ်။ အဲသည်လို ကောင်းတဲ့လမ်းကြောင်းများလို့ ဆိုရာမှာလည်း နည်းတွေက ထွေပြားလှပါတယ်။ ထေရဝါဒီများကတော့ သတိကိုမြဲစေပြီး သမာဓိကို ခိုင်မာအောင်တည်ဆောက်ကာ သတိပဋ္ဌာန်တရားများကို အားထုတ်တဲ့နည်းကို လက်ခံကြပါတယ်။ တချို့သောလူကြီးများကတောင်မှ တရားအားထုတ်တာ အသက်ကြီးမှ လုပ်ရတယ်လို့ မှတ်ယူနေကြပါတယ်။ တကယ်တမ်း လေ့လာထားတဲ့သူများကတော့ ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ သတိကိုမြဲစေတဲ့ တရားအားထုတ်ခြင်းဟာ ကြီးတဲ့သူဖြစ်စေ ငယ်တဲ့သူဖြစ်စေ လေ့ကျင့်လုပ်ဆောင်သင့်တဲ့ တရားဖြစ်တယ်ဆိုတာကို လက်ခံနေကြပြီဖြစ်ပါတယ်။ အဲသည်လိုလက်ခံပြီး

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



တရားအားထုတ်တဲ့သူများထဲမှာ အင်မတန်မှတိုးတက်ပြီး လောကီအာရုံကာမဂုဏ်များနဲ့ လောကနတ်ဘုံလို့ တင်စားရတဲ့နိုင်ငံများက လူငယ်များလည်း ပါဝင်နေကြပါတယ်။

တရားမှတ်တာ ဘယ်အဆင့်ရောက်နေလဲ၊ တရားဦး ဟောပါဦးလို့များ ဘယ်သူ့ကိုမှ နောက်ပြောင်သရော်ခြင်း မပြုပါလေနဲ့။ တရားကိုဟန်ဆောင်အားထုတ်တာမဟုတ်ဘဲ လေးနက်စွာအားထုတ်နေတဲ့သူဟာ တရားအားမထုတ်တဲ့သူထက်တော့ ရှင်တဲ့အချိန်မှာရော သေတဲ့အချိန်မှာပါ ကောင်းမှာသေချာနေပါတယ်။ ယောဆရာတော်ကြီး ဟောကြားတော်မူခဲ့တဲ့ တရားတစ်ပုဒ်ထဲမှာ သားဆုံးလို့ ပရိဒေဝသောကဒဏ်ကိုခံနေရတဲ့ ဂျပန်လူမျိုးဇနီးမောင်နှံဟာ ဆရာတော်ကြီးထံမှာ တရားလာနာတယ်လို့ ပါပါတယ်။ စကားပြန်နဲ့ နာရတာဖြစ်ပါတယ်။ လာတုန်းက ပူလောင်လွန်းလို့ ရင်ဘတ်တွေကို လက်နဲ့ပုတ်ကာပုတ်ကာ ပြောဆိုနေတဲ့ သူတို့နှစ်ယောက်ဟာ ဆရာတော်ကြီးရဲ့တရားကို နာပြီးတဲ့နောက်အခုမှ ရင်အေးသွားတယ်လို့လျှောက်ထားပြီး ကန်တော့ကြပါတယ်တဲ့။ ကိုယ့်အတွက်ဖြစ်စေ၊ ချစ်သူခင်သူများအတွက်ဖြစ်စေ ပြင်းထန်တဲ့သောကဝေဒနာကို ခံစားနေရရင် ပစ္စည်းဥစ္စာက မကယ်နိုင်ပါ။ ကယ်နိုင်တာက တရားပဲဖြစ်ပါတယ်။

## ထားခဲ့တာတွေကို ဘယ်လိုခံယူကြမလဲ

ဆရာကြီးသော်တာဆွေဟာ သူဖြတ်သန်းခဲ့ရတဲ့ ဘဝထဲကအကြောင်းတွေကို ပြန်ရေးတဲ့နေရာမှာ တကယ့်ကိုထူးချွန်တဲ့ စာရေးဆရာကြီးဖြစ်ပါတယ်။ သူတွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်တွေကို 'ကျွန်တော့်ဘဝဇာတ်ကြောင်း'ဆိုပြီး စီကာစဉ်ကာ တင်ပြထားတဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအခန်းဆက်ဝတ္ထုရှည်ကြီးများမှာ စိတ်ဝင်စားဖွယ်ဖြစ်ရပ်များကို တင်ပြထားပါတယ်။ ဆရာ ရေးတဲ့အကြောင်းတွေဟာ တကယ့်အဖြစ်အပျက်တွေချည်းပါပဲ။ တစ်ခါတုန်းက ရှုမဝမဂ္ဂဇင်းမှာရေးခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို ဒီမှာတင်ပြလိုပါတယ်။

ဆရာကြီးသော်တာဆွေဟာ ရှုမဝတိုက်မှာ ပင်တိုင်စာရေးဆရာတစ်ယောက်လည်းဖြစ် ရှုမဝဦးကျော်နဲ့လည်း ခင်မင်တဲ့သူဖြစ်တော့ စားအိမ် သောက်အိမ်အဖြစ် ဝင်ထွက်နေခဲ့တဲ့သူ ဖြစ်ပါတယ်။ အဲသည်တော့ ရှုမဝစာအုပ်တိုက်ကို ရောက်လာတဲ့စာတွေထဲက ဟာသရသပါတဲ့ စာတစ်စောင်ကို ဆရာကြီးက တွေ့မြင်ဖတ်ရှုခဲ့ရပါတယ်တဲ့။

တကယ်တော့ စာက ဟာသရသပါနေတာ မဟုတ်ပါဘူး။ ဖြစ်ရပ်က ဟာသရသပါနေတာဖြစ်ပါတယ်။ အဖြစ်ကတော့ လူတစ်ယောက်က ဆရာကြီးဝီမိုးနှင်းရဲ့ တက်ကျမ်းစာအုပ်တစ်အုပ်ကို ဖတ်ပြီးတော့ ဆရာကြီးစာအုပ်ထဲမှာပါတဲ့အတိုင်း ကြိုးစားလိုက်တာ တစ်ခါတည်း သူ့ဘဝဟာ အောင်မြင်တိုးတက်သွားပါတယ်တဲ့။ အဲသည်တော့ ဆရာကြီးဝီမိုးနှင်းကို ကျေးဇူးတင်လွန်းလို့ ကန်တော့လက်ဆောင်များယူလာပြီး ကန်တော့ပါရစေလို့ ရှုမဝတိုက်ကနေတစ်ဆင့် စာရေးလိုက်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ပါတယ်တဲ့။ အဲသည်စာက ထူးခြားလွန်းလို့ ဖတ်ကြည့်ကြတဲ့အခါမှာ ဆရာကြီးဝီမိုးနင်း ကွယ်လွန်တာ အလွန်ကြာနေပြီ ဖြစ်တာတောင်မှ ဒီလူ့နယ် မသိရအောင် စာဖတ်နည်းတဲ့သူပဲဆိုပြီး ရယ်စရာဖြစ်သွားတာပါ။ အဲသည်လို ဆရာကြီးဝီမိုးနင်း ကွယ်လွန်တာ အတော်ကြာပြီဖြစ်တာတောင်မှ မသိတဲ့လူတောင်မှ ဆရာကြီးရေးခဲ့တဲ့ စာအုပ်ကိုဖတ်ပြီး ဘဝမှာ အဆင်ပြေတိုးတက်သွားတယ်ဆိုတာဟာ လက်တွေ့အသုံးချနိုင်တဲ့ နည်းကောင်းလမ်းကောင်းတွေ ရသွားတဲ့သဘော ဖြစ်ပါတယ်။ စာရေးဆရာက ကွယ်လွန်သွားပေမယ့် သူ့အတွေး သူ့အရေးများက ရှင်သန်နေတယ်ဆိုတာ သိနိုင်ပါတယ်။ ဆရာကြီးဝီမိုးနင်းဟာ နာမည်မသေဘူးလို့ ဆိုရမှာပေါ့နော်။

ကျွန်မတို့လည်း စာတွေဖတ်တဲ့အခါ စာကိုသိပ်ကြိုက်သွားပြီး စာရေးဆရာမရှိတော့ဘူးလို့ သိတဲ့အခါ အလွန်တရာမှ စိတ်မကောင်းဖြစ်ရပါတယ်။ ဥပမာ 'ငါ့သွေး ငါ့သား ငါ့ဇရာဝတီ'လို စာအုပ်မျိုးကို ရေးခဲ့တဲ့ ဆရာနန္ဒလိုလူမျိုးကို သူ့စာတွေဖတ်မိလေလေ သူ့ကို အသက်ရှင်လျက် မတွေ့လိုက်ရတဲ့အတွက် စိတ်မကောင်းဖြစ်လေလေပါပဲ။

အဲသည်လိုပါပဲ။ စာတွေဖတ်ရုံသာမက ဆရာတော် ရဝေထွန်းကို နောက်ဆုံးပူဇော်ရတဲ့ပွဲမှာ သြော် အရှင်မြတ်ဟာ သာသနာ့တာဝန်တွေကို အဲသည်လောက်တောင် စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူခဲ့တာကိုးလို့ သိလိုက်ရပြီး ပို၍သာကြည်ညိုလိုက်ရပါတယ်။

စာရေးတဲ့ ဆရာတော်ဘုရားကြီးများထံကလည်း စာမှတစ်ဆင့် သိလိုက်ရတဲ့ အဖိုးတန်အတွေး၊ အဖိုးတန်အကျင့်တွေက နည်းမှမနည်းပါပဲကလား။ မင်းကွန်းဆရာတော်ကြီးဆိုရင် လက်အုပ်ကြွေးတင်မှာစိုးတယ်ဆိုတဲ့ မိန့်ဆိုချက်တစ်ခုနဲ့ ကျွန်မတို့လို အန္တပုထုဇဉ်များအတွက် အတော့်ကိုတရားရစေပါတယ်။ သာသနာ့ဝန်ကို အလွန်ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့တဲ့ ဆရာတော်ဘုရားကြီးတစ်ပါးက ဒကာ ဒကာမ



တွေ လက်အုပ်ချီမိုး ရှိခိုးခြင်းနဲ့ ညီမျှအောင် မကျင့်ကြံရင် လက်အုပ်ကြွေး တင်နိုင်တယ်။ အဲသည်လို လက်အုပ်ကြွေးတင်မှာကို စိုးရိမ်တယ်လို့ မိန့်တော်မူခဲ့ပါတယ်။

ကျွန်မတို့လိုလူမျိုးတွေက လက်အုပ်ကကြွေးတင်မှာ ပိုပြီးစိုးရိမ်ရတာပေါ့နော်။ မြန်မာတို့ရဲ့ လေးနက်သိမ်မွေ့တဲ့ ယဉ်ကျေးမှုအစဉ်အလာအရ လူကြီးသူမများကို ကန်တော့လေ့ရှိပါတယ်။ တကယ့်ကို လေးစားလို့ ကြည်ညိုလို့ ကိုယ့်ကိုကန်တော့တယ်ဆိုရင် ပိုပြီးတော့တောင် သတိထားပေတော့။ ကန်တော့တဲ့သူလောက် ကိုယ့်မှာ အကျင့်သိက္ခာရှိရဲ့လား။ သူမျှော်မှန်းသလောက် ကိုယ့်မှာ ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိရှိရဲ့လားဆိုတဲ့အချက်ကို သတိထားရပါမယ်။ ငါက သူ့ထက်အဆင့်မြင့်တယ်။ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာများ တိုးပွားအောင် လုပ်ဆောင်ပေးနိုင်တယ်။ ငါ့ကိုတော့ ကန်တော့ရမှာပေါ့လို့ မာနမတက်နဲ့နော။ ကိုယ်က အစဉ်သဖြင့် မြင့်နေမှာမဟုတ်ဘူး။ ကြွေးတင်နိုင်တယ်လို့ ကိုယ့်ကိုယ်ကို သတိပေးဖို့ လိုအပ်တဲ့အကြောင်းကို ကျွန်မက မင်းကွန်းဆရာတော်ဘုရားကြီး အမိန့်ရှိတဲ့ လက်အုပ်ကြွေးဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်စောင် ရေးလိုက်ပါတယ်။ အဲသည်ဆောင်းပါးဟာ 'လွတ်လပ်ပေါ့ပါးသော စိတ်ထားရှိပါစေ'ဆိုတဲ့အမည်နဲ့ စာအုပ်ထုတ်ဝေလိုက်တဲ့အခါမှာ စာအုပ်ထဲက ဆောင်းပါးတစ်စောင် ဖြစ်သွားပါတယ်။

ကျွန်မရေးတဲ့စာကို ဖတ်ပြီးတဲ့နောက်မှာ သူများလာကန်တော့ရင် ပေါ့ပေါ့တန်တန် မနေရဲတော့ဘူးလို့ စာရေးသားပြီး ပြောတဲ့သူတွေ ရှိခဲ့ပါတယ်။ ဝိဋကတ်သုံးပုံကို အာဂုံဆောင်ခဲ့တဲ့ ပထမ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘုရားကြီးဟာ စာပေကျမ်းဂန်များစွာ ပြုစုတော်မူခဲ့တဲ့အပြင် ဆရာတော်ကြီးဟောတဲ့ ဟောစဉ်တရား ပုဒ်ရေပေါင်းများစွာ ရှိခဲ့ပါတယ်။ အဲသည်လို ဆရာတော်ကြီးကို လက်အုပ်ကြွေးဆိုတဲ့အချက်ကလေး တစ်ချက်လောက်ဖော်ပြပြီး ကြည်ညိုပူဇော်တဲ့

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



စကားပြောတာဟာ အင်္ဂါရပ်ဖြစ်နေတယ်ဆိုရင် အလွန်ရှိသေစွာ ရှိခိုးကန်တော့ပြီး အခွင့်လွှတ်ဖို့ တောင်းပန်လိုက်ပါတယ်။

ကျွန်မပြောချင်တာက ဆရာကြီးဝိမိုးနင်း ကွယ်လွန်ပြီးပြီဆိုတာကို မသိတဲ့သူလိုမျိုးလို စာပေဗဟုသုတနည်းပါးတဲ့ သူများတောင်မှ ဆရာကြီးရေးခဲ့တဲ့ အကြောင်းအချက်ကလေးများဟာ လူများရဲ့တွေဝေတဲ့၊ နားလည်နိုင်ခဲတဲ့ စိတ်နေသဘာဝကို ကောင်းတဲ့ဘက်ကို ပြောင်းသွားစေနိုင်တယ်ဆိုတာကို ပြောချင်တာဖြစ်ပါတယ်။ နားလည်နိုင်စွမ်းနည်းပါးတဲ့သူများလည်း သူ့အလျောက်သူ့အလျောက် သိနားလည်နိုင်ဖို့ အလွန်လိုအပ်ပါတယ်။

တောင်မြို့ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ တင်ပြခဲ့တဲ့ ဆရာတော်ရဝေထွန်းလို၊ မင်းကွန်းဆရာတော်ကြီးလို သက်တော်ထင်ရှားရှိစဉ်မှာလည်း လူအများကို ကောင်းရာညွှန်ပြနိုင်တဲ့ တရားများကို ဟောကြားတော်မူခဲ့ပါတယ်။ စာသင်တိုက်ကြီးတည်ထောင်ပြီး စာသင်သားများကို စာပေများပို့ချသလို ဩဝါဒများပေးလို့တစ်မျိုး၊ စည်းမျဉ်းစည်းကမ်းများနဲ့ ထိန်းလို့တစ်ဖုံ သာသနာတော်အတွက် အားသစ်များကို မွေးမြူတော်မူခဲ့ပါတယ်။ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကို ကောင်းအောင် ပြုပြင်တဲ့ စာပေများကိုလည်း ရေးသားတော်မူခဲ့ပါတယ်။ ကျမ်းစာအုပ်ပေါင်း ခြောက်ဆယ်ကျော်ကို ရေးသားပြုစုခဲ့ရာမှာ ဆရာတော်ကြီးက ထိုင်ရက်မရေးနိုင်လောက်အောင် မကျန်းမာတော့တဲ့အခါမှာ ရပ်တော်မူနေတဲ့ ကြာရိယာပုထ်နဲ့ ရေးသားတော်မူခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့ စာအုပ်တွေထဲမှာ လူပြိန်းများ လူငယ်များ နားလည်နိုင်တဲ့ အရေးအသားများနဲ့ ဗုဒ္ဓဘာသာဝင်များ သိသင့်သိအပ်တဲ့ အကြောင်းအရာများကို ရှင်းလင်းရေးသားထားပါတယ်။ ကျွန်မတို့လို လူကြီးပိုင်းရောက်နေတဲ့သူများတောင်မှ ဆရာတော်ကြီးရဲ့ စာအုပ်တွေကို သိချင်တတ်ချင်လို့ ဖတ်ရတာနဲ့ စိတ်ကောင်းမွေးချင်လို့ ဖတ်ရတာနဲ့



ဖတ်လို့မဆုံးနိုင် ဖြစ်နေပါတယ်။ စာရေးတဲ့ပုဂ္ဂိုလ်များ ထားခဲ့တဲ့အသိအလိမ္မာတွေအကြောင်းကို ရေးလိုက်မိတာကတော့ ဆရာကြီးဝိမိုနင်းအကြောင်းက စပြီးပြောလိုက်မိလို့ ဖြစ်ပါတယ်။

လူ့လောကမှာ ထင်ရှားတဲ့သူဖြစ်ဖြစ်၊ မထင်ရှားတဲ့သူဖြစ်ဖြစ်၊ စာရေးတဲ့သူဖြစ်ဖြစ်၊ ဘာမှဟုတ်တိပတ်တိ မလုပ်တဲ့သူဖြစ်ဖြစ်၊ အလုပ်အများကြီး လုပ်သွားတဲ့သူပဲဖြစ်ဖြစ် ချန်ထားခဲ့တာကလေးတွေတော့ ကိုယ်စီကိုယ်စီရှိစမြဲပါပဲ။ အရေးကြီးတာက ချန်ထားခဲ့တဲ့ မြင်နိုင်တဲ့အရာ မမြင်နိုင်တဲ့အရာအားလုံးဟာ ကောင်းနေဖို့ သန့်စင်နေဖို့ပဲ လိုအပ်ပါတယ်။ အဲသည်လို နောက်ကြောင်းက ကောင်းနေတယ်၊ သန့်စင်နေတယ်လို့ဆိုရင် ကိုယ်မျက်မှောက်ပြုရမှာကလည်း ကောင်းနေမှာပါပဲ။ တစ်နည်းပြောရင် ထားခဲ့တဲ့ မြင်အပ်တဲ့အရာ မမြင်အပ်တဲ့အရာများက ကောင်းနေရင် ယူသွားရမှာကလည်း ကောင်းနေပါလိမ့်မယ်။

ထင်ရှားကျော်ကြားပေမယ့် ကောင်းတယ်လို့ ထင်ရပေမယ့် တကယ်တမ်းမကောင်းတဲ့သူဟာ ပတ်ဝန်းကျင်ကလည်း သူမကောင်းဘူးဆိုတာကို မသိလိုက်ဘူးဆိုပါတော့၊ သူကိုယ်တိုင်လည်း မိမိကိုယ်ကို ကောင်းတယ်လို့ ထင်နေတယ်ဆိုပါတော့။ ဘယ်လိုပဲဖြစ်စေ ကံတရားကတော့ အမှန်အတိုင်းမသိဘဲ မနေပါဘူး။ အဲသည်တော့ ထားသွားတာကလည်း တကယ်မကောင်းသလို ယူသွားရမှာကလည်း တကယ်မကောင်းဘဲ ဖြစ်သွားပါလိမ့်မယ်။

လူကဖြင့် လောကထဲက ထွက်ခွာသွားတာ ကြာပဲကြာလှပြီ။ သူထားရစ်ခဲ့တဲ့ပြဿနာများက မဖြေရှင်းနိုင်လောက်အောင် ရှုပ်နေတယ်ဆိုရင် သူ့မှာဟာကွက်ရှိနေပြီလို့ သိနိုင်ပါတယ်။ သို့ပေမဲ့ တစ်ခါတစ်ရံမှာတော့ ထွက်ခွာသွားတဲ့သူက ရှုပ်အောင်မလုပ်ဘဲ ကျန်တဲ့သူများက ရှုပ်အောင်လုပ်နေတာလည်း ဖြစ်နိုင်ပါတယ်။

ဥပမာပြောရရင် ချန်ထားတဲ့ပစ္စည်းများကို အဝေမတည့်လို့

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



နပန်းလုံးတဲ့အထိ ဖြစ်နေတယ်ဆိုတာကတော့ ချန်သွားတဲ့သူရဲ့အပြစ်ပဲလား၊ ပြောရခက်ပါတယ်။ ထွက်ခွာသွားတဲ့သူက သေသေချာချာ မစီစဉ်နိုင်လောက်အောင် အချိန်မရဘူးလား။ စီစဉ်တော့ ပေးခဲ့ပါရဲ့၊ ကျန်တဲ့သူများက မလိုက်နာတာလား၊ ကျန်တဲ့သူတွေ နလုံးသွင်းမှားနေတာလား။ စဉ်းစားစရာ ကောင်းပါတယ်နော်။

သြော် အနှစ်နှစ်အလလက မစားရက်မသောက်ရက်နဲ့ စုဆောင်းပြီး ထားပစ်ခဲ့ရတာ တယ်လည်းသံဝေဂရစရာ ကောင်းပါကလား။ အဲသည်လိုပစ္စည်းတွေဟာ လောဘရမ္မက်နဲ့ ယှဉ်လို့မကောင်းနိုင်ပါဘူး။ ကိုယ်လည်း အဲသည်လိုအရယူပြီး ဘယ့်လောက်များ ကြာကြာနေရမလဲ၊ ဘယ်သူမှ မသိနိုင်ပါဘူး။

တကယ်တော့ သံဝေဂတရားနဲ့ မရှုဘဲ မဆင်ခြင်ဘဲ၊ ကျေးဇူးဂုဏ်များကို မအောက်မေ့ဘဲ မတရားယူတဲ့သူများဟာ စားကားစားရ၏၊ မအေးချမ်းဆိုတဲ့ကိန်းနဲ့ ကြုံရတာချည်းပါပဲ။ တကယ်လို့ ဘဝတစ်ပါးပြောင်းသွား ကွယ်လွန်သူများရဲ့ပစ္စည်းကို တစ်ဖက်သောသူများက မတရားယူသွားတယ်ဆိုရင် လောကကြောင်းအရတော့ တရားဆိုင်ကြရတာပါပဲ။ ဒီလိုအဖြစ်မျိုးများဟာ ကြားနေကျအဖြစ်သနစ်များ ဖြစ်ပါတယ်။ ကြားနေကျမဟုတ်တဲ့ အဖြစ်မျိုးတွေလည်း ရှိပါတယ်။ ကိုယ်နေရမယ့်အချိန်နဲ့ တရားတပေါင်ဖြစ်ရမှာနဲ့ မတန်ဘူးဆိုပြီး လက်လွှတ်လိုက်တဲ့အဖြစ်မျိုးလည်း ရှိပါတယ်။

အဲသည်လို ပစ္စည်းများကို လက်လွှတ်လိုက်ခြင်းဟာ မြင်အပ်တဲ့အရာကို လက်လွှတ်လိုက်ခြင်းဖြစ်ပါတယ်။ မမြင်အပ်တဲ့ အရာများကိုတော့ သူရသွားပါတယ်။ စိတ်အေးချမ်းခြင်း၊ အယှက်အတင် အတွယ်အတာကင်းပြီး လွတ်လပ်ပေါ့ပါးခြင်း၊ ဝေမျှပေးကမ်းရမှာ လုယူခြင်းခံရမှာကို စိုးရိမ်ကြောင့်ကြစရာ မလိုတော့ခြင်းတို့ ဖြစ်ပါတယ်။ ပြီးတော့လည်း ထွက်ခွာသွားသူရဲ့ကျေးဇူးဂုဏ်ကို ကောင်းစွာစောင့်ရှောက်ရာ



လည်း ကျပါတယ်။ တစ်နည်းအားဖြင့် ကွယ်လွန်သွားတဲ့သူရဲ့ အရိပ်ကိုကိုယ်က မမြင်ရပေမယ့် ဆက်လက်ပြီး ခိုကိုးနိုင်ခွင့်ရသွားတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲသည်လို လောဘသတ်နိုင်တာက ကိုယ့်ကိုကောင်းစွာမွေးမြူခဲ့တဲ့သူရဲ့ အဆုံးအမကြောင့်ပဲ ဖြစ်ပါတယ်။

အခု ကျွန်မတင်ပြနေတာတွေက ထားရစ်ခြင်းကို ခံရတဲ့သူက ထားရစ်ခဲ့တဲ့သူရဲ့ မြင်အပ်တဲ့အမွေ၊ မမြင်အပ်တဲ့အမွေများကို ဘယ်လိုခံယူမလဲဆိုတဲ့ကိစ္စကို အထူးပြုပြီး ဆွေးနွေးတင်ပြနေတာ ဖြစ်ပါတယ်။ အမွေဆိုတာက အများနဲ့သက်ဆိုင်တဲ့အမွေများ (ဥပမာဆိုရင် အခုနကတင်ပြခဲ့တဲ့ စာပေကရတဲ့အမွေများ)နဲ့ မိသားစုဝင်များနဲ့သာ သက်ဆိုင်တဲ့အမွေများဆိုပြီး အမျိုးအစားကွဲပြားနေမှာ ဖြစ်ပါတယ်။ အဲသည်လိုတိကျစွာညွှန်းပြီးပြောဆိုနိုင်တဲ့ အမွေများမှာတောင်မှ မြင်အပ်တဲ့အမွေဆိုတာ ရုပ်ဝတ္ထုပစ္စည်းအမွေများကို ဆိုလိုပါတယ်။ မမြင်အပ်တဲ့အမွေဆိုတာ အတူတူနေတုန်းက အတုယူလိုက်တဲ့ Silent Examples များ၊ နာကြားလိုက်တဲ့ ဆုံးမစကားများထဲက အနှစ်သာရများဆိုတဲ့ မမြင်ရပေမယ့် ကောင်းမြတ်တဲ့အမွေများလည်း ဖြစ်နိုင်ပါတယ်။ တစ်နေရာမှာတင်ပြခဲ့သလိုပါပဲ။ ကောင်းတယ်လို့ထင်တယ်၊ ကောင်းတယ်လို့လည်းကျော်ကြားတယ်၊ သို့သော် တကယ်မကောင်းတဲ့သူများနဲ့ လက်ပွန်းတတီးနေတဲ့အခါမှာ မမျှော်လင့်ဘဲ မြင်လိုက် ကြားလိုက် အတုခိုးလိုက်မိတဲ့အရာများဟာ မကောင်းတာတွေ ဖြစ်ချင်ဖြစ်နေနိုင်ပါတယ်။

အရေးကြီးတာကတော့ ထားခဲ့တဲ့အရာတွေထဲက အကောင်းနဲ့အဆိုးကို ခွဲခြမ်းစိတ်ဖြာနိုင်တဲ့ အစွမ်းအစများကို ကျန်ရစ်သူများကပိုင်ဆိုင်ထားဖို့ လိုပါတယ်။ ထွက်ခွာသွားတဲ့သူက မကောင်းမှတော့ အကောင်းနဲ့အဆိုးကို ကျန်ရစ်တဲ့သူက ခွဲခြမ်းစိတ်ဖြာနိုင်ပါ့မလားလို့မေးရင်တော့ စဉ်းစားစရာကောင်းပါတယ်။ သို့သော် တရားသေ ပုံစံသေနဲ့ မှတ်ယူလို့မရပါဘူး။ ကျန်ရစ်တဲ့သူများဟာ ထွက်ခွာသွားတဲ့သူ

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



အပြင် အခြားသော ကောင်းမြတ်တဲ့စံနမူနာကို ပေးစွမ်းနိုင်သူများနဲ့ တွေ့ပြီး အကောင်းအဆိုးကို ခွဲခြမ်းစိတ်ဖြာနိုင်ချေ ရှိလာနိုင်ပါတယ်။ မကောင်းတာကို မယူဘဲ ငြင်းဆန်နိုင်တဲ့သတ္တိလည်း ကျန်ရစ်သူများမှာ ရှိကြဖို့လိုအပ်ပါတယ်။ ကောင်းတာကိုလည်း ယူဝံ့တဲ့သတ္တိရှိရပါမယ်။ ပြီးတော့လည်း ကောင်းတာကို ပိုပြီးကောင်းအောင် စွမ်းဆောင်နိုင်တဲ့ သူများ ဖြစ်ကြဖို့ လိုအပ်ပါတယ်။

သားစဉ်မြေးဆက် ထားသွားတဲ့ ဓာတ်နဲ့ အစဉ်အလာကို ဆက်လက် စောင့်ရှောက်ထိန်းသိမ်းခြင်းဆိုတာ ကျန်ရစ်ခဲ့တဲ့သူများ မပျက်မကွက် လုပ်ဆောင်ရမယ့် အလုပ်၊ ထမ်းဆောင်ရမယ့်တာဝန် ဖြစ်ပါတယ်။ အစဉ်အလာကို စောင့်ရှောက်ခဲ့တဲ့ ဘိုးဘေးဘီဘင်များရဲ့ ကောင်းမြတ်တဲ့အစဉ်အလာ၊ ကောင်းမြတ်တဲ့စံနမူနာဆိုတာ အလွယ်တကူနဲ့ ရလာတာ မဟုတ်ပါဘူး။ အသက်သွေးနဲ့ရင်းပြီး ရလာတာလည်း ရှိပါတယ်။ ဥပမာပြောရရင် *ကျွန်မတို့လက်ဝယ်ပိုင်ပိုင် ထားရှိနိုင်တဲ့ အချုပ်အခြာအာဏာဆိုတာ တကယ်တော့ လက်မလွတ်အောင် အသက်ပေါင်းများစွာ စတေးပြီး ကာကွယ်စောင့်ရှောက်ခဲ့ရတာ ဖြစ်ပါတယ်။ အဲသည်လို အသက်သွေးနဲ့ရင်းပြီး စောင့်ရှောက်ကာ လက်ဆင့်ကမ်းခဲ့တဲ့ အစဉ်အလာကိုထိန်းနိုင်မှသာ ကိုယ်ပိုင်တဲ့ ရုပ်ဝတ္ထုပစ္စည်းများရော ယဉ်ကျေးမှုများ အစဉ်အလာများဟာ ဆက်လက်တည်တံ့မှာ ဖြစ်ပါတယ်။*

အသက်ရှင်စဉ်က ထိန်းသိမ်းခဲ့တဲ့အရာများကို ကောင်းစွာ လက်ဆင့်ကမ်း သယ်ဆောင်မယ့်သူများ မရှိဘူးဆိုရင် သာသနာလည်း ကွယ်ပျောက်သွားမှာ ဖြစ်ပါတယ်။ ကွယ်လွန်ဆုံးပါးသွားတဲ့သူများကတော့ တာဝန်ကျေပွန်သွားခဲ့ပြီ။ ငါတို့ရော ငါတို့အလှည့်မှာ ဘယ့်လောက်များ တာဝန်ကျေပွန်မှာလဲဆိုတဲ့ အချက်ကို ကျန်ရစ်သူများ လေးလေးနက်နက် စဉ်းစားကြဖို့ လိုအပ်ပါတယ်။ ရလာမယ့် အခွင့်



အရေးတွေ ကြွယ်ဝမှုတွေကိုသာ မက်မောနေရုံနဲ့ မပြီးသေးပါဘူး။ ထားရစ်ခဲ့တဲ့အမွေများကို ကိုယ့်လက်ထက်မှာ ဆက်လက်ရှင်သန် တိုးတက်စေပြီးတဲ့နောက် ကိုယ်ထွက်ခွာတော့မယ့်အခါမှာလည်း ကျန်ရစ်သူများအတွက် လက်ဆင့်ကမ်းခဲ့နိုင်မှသာလျှင် လူ့ဘဝမှာ လူဖြစ်လာရကျိုး နပ်မယ်ဖြစ်ပါတယ်။ ဘယ်လိုအရာကို ချန်ခဲ့မယ်ဆိုတာ မသေခင်က ကြိုးကြိုးကုတ်ကုတ် အလုပ်လုပ်တဲ့သူများမှသာ ပြောနိုင်ပါမယ်။ တကယ်တော့ ကျက်သရေရှိရှိ သေနိုင်ဖို့ ရှင်ကတည်းက ထူထောင်ရမယ့် မိမိကိုယ်ပိုင်အစဉ်အလာ ရှိသင့်ပါတယ်။

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## အသေကောင်းအောင် အနေကောင်းရတယ်

ခေါင်းစဉ်ငယ်မှာ ပါတဲ့စကားကိုပြောတာဟာ သေခြင်းနဲ့ပတ်သက်ပြီး အမြင်မစောင်းဖို့၊ အယူမမှားဖို့၊ လုပ်နည်းကိုင်ဟန်များ မထွေပြားဖို့ မိမိကိုယ်ကို ဆုံးမချင်တဲ့စကားပဲဖြစ်ပါတယ်။ အသေကောင်းတဲ့သူတွေကို ကိုယ်တိုင်လည်းမြင်ဖူးခဲ့ပါတယ်။ တစ်ဆင့်စကားနဲ့လည်းကြားဖူးခဲ့ပါတယ်။ တစ်ခါတုန်းက ဖေဖေပြောပြတဲ့ သူဌေးကြီးတစ်ယောက်အကြောင်းကို ပြန်ပြောချင်ပါတယ်။ အနေရိုးတယ်၊ အစားရိုးတယ်၊ ချမ်းသာတာကတော့သိပ်ချမ်းသာပါတယ်။ အဲသည်သူဌေးကြီး ချမ်းသာတာကတော့ သူတို့မိသားစု ဝေမျှလှူဒါန်းနိုင်ခြင်းကိုကြည့်ပြီး ဆုံးဖြတ်လို့ရပါတယ်။ ငွေကြေးပမာဏများစွာ ကုန်ကျတဲ့ အလှူကိုလှူလို့ ချမ်းသာတယ်လို့ ပြောတာမဟုတ်ပါဘူး။ ကိုယ်တိုင်မသုံးမစွဲ မဖြုန်းတီးဘဲနဲ့ သာသနာတော်အတွက်ရော လူမှုရေးအတွက်ပါ ပကာသနမပါဘဲ လှူတတ်တဲ့အတွက်ကြောင့် တကယ်ချမ်းသာတဲ့သူလို့ ဆိုနိုင်တာဖြစ်ပါတယ်။

သူဟာ တရားဓမ္မကိုလည်း အားထုတ်ဖူးတဲ့သူဖြစ်ပါတယ်။ သူသေဆုံးတဲ့အချိန်မှာ မြန်မာဆေးကိုပဲ အချိန်မခြားဘဲ နှစ်မျိုးသောက်မိလို့ ဆေးချင်းမတည့်တာကြောင့် ဆုံးရတာပါတဲ့။ သူ့ကို ဆေးရုံတင်ကြပါတယ်။ သူ့ကိုယ်သူလည်း မရတော့ဘူးဆိုတာကို သိသွားပါသတဲ့။ အဲသည်တော့ မှာထားစရာရှိတာကို တစ်ယောက်စီ တစ်ယောက်စီခေါ်ယူမှာထားပြီး နောက်ဆုံးတော့ သူ့ကိုမနှောင့်ယှက်ကြပါနဲ့လို့ တောင်းပန်ကာ တရားမှတ်ရင်း ကွယ်လွန်သွားပါသတဲ့။ ဖေဖေက ပြောပါ



တယ်။ အဲသည်လူမျိုးဟာ အားကျစရာသိပ်ကောင်းတာပဲ သမီးရယ်၊ အနေတတ်ပြီး အသေပါတတ်တဲ့သူပဲတဲ့။ ဖေဖေပြောပြတဲ့ အဲသည်လို အသေတတ်တဲ့သူဟာ ၁၉၈၀ ဝန်းကျင်မှာ ကွယ်လွန်ခဲ့တဲ့သူ ဖြစ်ပါတယ်။ အသေတတ်တဲ့သူများဟာ ရေတွက်လို့ရနိုင်အောင် နည်းပါးပါတယ်။ နည်းပါးပေမယ့် ရှိနေတာကို ဝမ်းမြောက်စွာ သိရှိမှတ်သားရပါတယ်။ သေတာပဲ ဝမ်းသာရသေးသလားဆိုတော့ ရှောင်လွှဲလို့မရတဲ့ ဖြစ်ရပ်တစ်ခုကို အေးဆေးတည်ငြိမ်စွာ ကျော်ဖြတ်သွားတာကို လေးစားတဲ့အတွက် အားကျတဲ့အတွက် အဲသည်လိုသေနည်းကို ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်လို့ ပြောတာဖြစ်ပါတယ်။

ကျွန်မ အခုပြောပြချင်တဲ့ ပုဂ္ဂိုလ်အကြောင်းကတော့ သမိုင်းနဲ့ ချိပြီး ပြောရပါလိမ့်မယ်။ အကြောင်းကတော့ အဲသည်ပုဂ္ဂိုလ်ဟာ မြန်မာပညာရှိ ယောမင်းကြီးဦးဘိုးလှိုင် ဖြစ်နေလို့ပါပဲ။ ကုန်းဘောင်ခေတ်နောက်ဆုံးမင်းနှစ်ပါးလက်ထက်က သမိုင်းအကြောင်းကိုပြောရင် ယောမင်းကြီး ဦးဘိုးလှိုင်ရဲ့အကြောင်း မပါရင် မပြီးပါဘူး။ ဦးဘိုးလှိုင်ဟာ အမှန်တရားမျက်နှာကိုသာကြည့်တတ်တဲ့ မင်းခယောက်ျားတစ်ယောက်ပီပီ သူပြောတာကို ဘုရင်က စိတ်နှလုံးကြည်မွေ့စွာ လက်ခံရင် နေရာက မဆင်းရဘဲ ကောင်းစားပေမယ့် ရှင်ဘုရင် စိတ်ကြိုက်မတွေ့တာနဲ့ ရွှေနန်းတော်ပေါ်ကဆင်း နန်းတွင်းကထွက်ပြီး ရွာကိုပြန်နေရတာကလည်း အကြိမ်ကြိမ်ပါပဲ။ အဲသည်လို ခဏခဏဖြစ်ပေမယ့် ဦးဘိုးလှိုင်ကလည်း သူပြောစရာရှိတာကို ပြောဖို့ကြုံရင် ပြောတာပါပဲ။ ဆင်းဖို့ကြုံတော့လည်း ဆင်းပြီး စာတစ်အုပ်ပြီးအောင် ရေးလိုက်၊ ဘုရင်မင်းမြတ် စိတ်ပြေတော့ ပြန်ခေါ်တာနဲ့ ပြန်လာလိုက်နဲ့ အတက်အကျကြမ်းတဲ့ဘဝမှာနေရင်း မြန်မာနိုင်ငံသမိုင်းကြောင်းကို ကြွယ်ဝအောင် ဆောင်ရွက်သွားခဲ့ပါတယ်။

တစ်ခါမှာ ကင်းဝန်မင်းကြီးက ကုန်တော်ဖြစ်တဲ့ မိုးကုတ်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ကျောက်တွင်းကို ပြင်သစ်တွေကို တူးဖော်ခွင့်ပေးခဲ့တဲ့အတွက် ဦးဘိုးလှိုင်က အဲသည်တူးဖော်ခွင့်ကို တစ်ဖက်က လက်လွှတ်သွားအောင် ဆောင်ရွက်ခဲ့ရပါတယ်။ ဦးဘိုးလှိုင်ဟာ လောကီ လောကုတ္တရာ နှစ်ဖြာသောနယ်ပယ်မှာ နှံ့စပ်သိတတ်သောသူတစ်ယောက်ဖြစ်ပါတယ်။ ပါဠိစာပေ၊ သက္ကတစာပေများကိုလည်း ကောင်းစွာတတ်မြောက်ပါတယ်။ အဲသည်လို ဉာဏ်ကြီးရှင် ဦးဘိုးလှိုင်တစ်ယောက် သေခြင်းနဲ့ ဘယ်လိုရင်ဆိုင်ပါလိမ့်။ *ဆရာကြီးမောင်ထင်ပြုစုတဲ့ ယောမင်းကြီးဦးဘိုးလှိုင် အတ္ထုပ္ပတ္တိနှင့်ရာဇဓမ္မသင်္ဂဟကျမ်းမှာ* အဲသည်အကြောင်း ပါပါတယ်။

ယောမင်းကြီးဦးဘိုးလှိုင်ဟာ သေခြင်းနဲ့ ရင်ဆိုင်ရတော့မယ်ဆိုတာကို တင်ကြိုပြီး မှန်းဆနိုင်ခဲ့ပုံပေါ်ပါတယ်။ ထက်မြက်ထူးချွန်တဲ့သူတိုင်းဟာ အရာရာမှာ နှံ့စပ်မြင်သိတဲ့အတွက် အရေးကြီးတဲ့ကိစ္စကိုလည်း သူ့ဘာသာသူသိအောင် ကြိုးစားခဲ့ပုံပေါ်ပါတယ်။ သူဟာ ဆုံးခါနီး တစ်လလောက်အလိုမှာ စစ်ကိုင်းမြို့မှာနေထိုင်တဲ့ ငယ်သူငယ်ချင်း ဦးတူဆိုသူကို သူ့ဆီလိုက်လာဖို့ ခေါ်လိုက်ပါတယ်တဲ့။ မန္တလေးကို ခေါ်လိုက်တာပေါ့။ ပြီးတော့ သူတို့နှစ်ယောက်ဟာ ငယ်သူငယ်ချင်းလည်းဖြစ်တယ်။ သိပ်ချစ်ကြတဲ့သူအချင်းချင်းလည်း ဖြစ်တယ်။ အဲသည်တော့ သူ့ကို ငယ်ငယ်ကလိုပဲ ဘိုးလှိုင်လို့ခေါ်ပါ။ သူကလည်း မောင်တူလို့ အရင်တုန်းကအတိုင်း ခေါ်မယ်။ ဦးတူရဲ့သားမယားများကို ကျွေးမွေးဖို့ ငွေဒင်္ဂါး အပြားနှစ်ရာကိုလည်း ပေးပါသတဲ့။ ဦးတူနဲ့သူတို့ အတူတူနေနေကြတုန်းမှာ ဦးတူနဲ့ပဲနေမယ်။ ဦးတူကျွေးတာကိုပဲ စားမယ်။ သူ့ဝန်ကတော်ကိုတောင်မှ ဦးတူနဲ့အတူတူ သူငယ်ချင်းနှစ်ယောက်နေထိုင်တဲ့ အခန်းထဲကို မဝင်ပါစေနဲ့ဆိုပြီး ပြောထားပါတယ်တဲ့။

သူငယ်ချင်းနှစ်ယောက်ဟာ ပျော်ပျော်ပါးပါး နေထိုင်ကြပါတယ်။ ငယ်ငယ်တုန်းကလိုပဲ တစ်လှည့်စီ စာအံကြပါတယ်တဲ့။ ဘုန်းတော်ကြီးကျောင်းမှာ နေခဲ့ကြရတာဆိုတော့ သူတို့နှစ်ယောက် စာအံ



တယ်ဆိုတာ သာသနာရေးဆိုင်ရာ အဆုံးအမများလည်း ပါပါလိမ့်မယ်။ စာပြန်ကြပြီးတော့လည်း ရယ်စရာ မောစရာကလေးတွေ ပြောပြီး ရယ်မောနေကြပြန်ပါသတဲ့။ နေ့စဉ် ညအိပ်ခါနီးမှာ ဝတ်တက်ပါတယ်တဲ့။ ပြီးတော့ ဦးတူက မဟာသတိပဋ္ဌာနသုတ်တော်ကို ရွတ်ဆိုရပါတယ်။ ဦးဘိုးလှိုင်က နာယူပါတယ်။ ညစဉ်ညစဉ် သာဓုခေါ်ပြီးမှ အိပ်စက်လေ့ရှိပါသတဲ့။

အဲသည်လိုနေကြရင်း တစ်လစေ့တဲ့နေ့ကျတော့ ဦးဘိုးလှိုင်က သူ့သူငယ်ချင်းကို ပြောပါသတဲ့။ ငါညကျရင် စောစောအိပ်မယ်။ မင်းက သတိပဋ္ဌာန်တရားတော်ကို ရွတ်ဆိုရင်း ငါ့ကိုသိပ်ပါ။ ငါက တရားနာရင်း အိပ်မယ်။ သုံးချက်တီးကျော်တဲ့အချိန်မှာ ငါ့ကို နှိုးပါလို့ မှာထားခဲ့ပါသတဲ့။ ဦးတူကလည်း သူငယ်ချင်းမှာထားတဲ့အတိုင်း မဟာသတိပဋ္ဌာန်သုတ်တရားတော်ကို ရွတ်ဆိုပြီး ဦးဘိုးလှိုင်ကို သိပ်ခဲ့ပါသတဲ့။ သူမှာထားတဲ့အချိန်မှ နှိုးတော့ ဦးဘိုးလှိုင်ဟာ ဆုံးသွားခဲ့ပြီဖြစ်တဲ့အတွက် ကိုယ်လက်တောင့်တင်းနေပြီ ဖြစ်ပါသတဲ့။

ဦးဘိုးလှိုင်တို့များ သေတာတောင် အကွက်ချေ့လိုက်တာနော်လို့ပဲ ပြောရမယ်ဖြစ်ပါတယ်။ သူတော်ကောင်း လူဖြောင့်လူမှန်ကြီးဖြစ်တဲ့အတွက် သေခြင်းကို ရင်ဆိုင်တာတောင်မှ တည်တည်ခန့်ခန့် ကိုယ့်နည်းကိုယ့်ဟန်နဲ့ သေခြင်းတရားကို ရင်ဆိုင်ခဲ့ပေတယ်လို့ ချီးကျူးရမှာဖြစ်ပါတယ်။

သေတော့မယ်ဆိုတာကို သိပြီး တော်တော်နဲ့မသေနိုင်တဲ့သူများထဲမှာ ပညာတတ်များပါတယ်လို့ ကျွန်မကို ဆရာဝန်မိတ်ဆွေများက ပြောဖူးပါတယ်။ အဲသည်လို ပြောတာက သုတေသနလုပ်ပြီး ပြောတာတော့မဟုတ်ပါဘူး။ သူတို့ ကိုယ်တွေ့ကြုံတာကလေးတွေကို အမှီပြုပြီး စိတ်မကောင်းခြင်းကြီးစွာနဲ့ ပြောခဲ့တာဖြစ်ပါတယ်။ ကျွန်မဟာ တက္ကသိုလ်ဆရာမဆောင်မှာနေတုန်းက ကျွန်မမိတ်ဆွေ ဆရာဝန်တစ်

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ယောက်က သူရင်ဆိုင်ခဲ့ရတဲ့ ခွေးရူးပြန်ရောဂါသည်များ အကြောင်းကို ပြောပြခဲ့ပါတယ်။

သူက သူ့လက်နဲ့ ချက်တိုင်ကိုပတ်ပြီး လူငါးယောက်ကို ခွေးရူးပြန်ပျောက်ဆေးကို ထိုးပေးခဲ့ဖူးပါတယ်တဲ့။ သူတို့ကို မှတ်မိလောက်အောင် ရင်းနှီးနေခဲ့ပါတယ်တဲ့။ အဲသည်ခေတ်က ခွေးရူးပြန်ပျောက်ဆေးများဟာ ရာနှုန်းပြည့် အာမခံချက်ပေးနိုင်တဲ့ ဆေးများမဟုတ်ပါဘူးတဲ့။ တချို့လူများဆိုရင် ခွေးရူးပြန်ရောဂါပျောက်ဆေးမှာပါတဲ့ ဆေးမယ်များနဲ့ မတည့်ပါဘူးတဲ့။ တိုတိုပြောရရင် သူဆေးထိုးပေးခဲ့တဲ့ လူငါးယောက်စလုံးဟာ သူတာဝန်ကျတဲ့အဆောင်ကို တစ်ယောက်ပြီး တစ်ယောက်ပြန်လာပြီး သေဆုံးကြပါတယ်တဲ့။

အဲသည်လို သေဆုံးတဲ့အထဲမှာ တစ်ယောက်က တက္ကသိုလ်က ဆရာတစ်ယောက်ဖြစ်ပါတယ်တဲ့။ သူက အင်္ဂလိပ်လိုတောင်မှ စကားပြောသွားပါသေးတယ်တဲ့။ ကျွန်တော်က သေရမယ့်အဖြစ်နဲ့ တည့်တည့်တိုးတာ ကံဆိုးတာပါပဲလို့ ပြောသွားတာဖြစ်ပါတယ်။ အဲသည်ဆရာဝန်က ပြောပါတယ်။ ခွေးရူးပြန်ရောဂါ ခံစားနေရတဲ့လူနာများကို ပြင်းပေ့ဆိုတဲ့ အိပ်ဆေးတစ်မျိုးကို ထိုးပေးရတယ်တဲ့။ ဘယ်လိုပဲ အဲသည်လိုဆေးမျိုးကိုထိုးသည့်ဖြစ်စေ အဲသည်ဆရာဟာ ခဏလောက်သာ မှိန်းသွားပြီး ပြန်ပြီးနိုးလာတာပဲတဲ့။ သူဟာ လူနာငါးယောက်အနက် နောက်အကျဆုံး ဆုံးခဲ့သူဖြစ်တယ်လို့ ဆိုပါတယ်။

ကျွန်မတို့ဖေဖေ ဆေးရုံတက်တော့ ဖေဖေနဲ့ အခန်းချင်းမဝေးလှတဲ့အခန်းတစ်ခုမှာ လူငယ်တစ်ယောက် ဆေးရုံတက်နေပါတယ်။ သူဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သွေးတိုးနေတာကို ဆေးနဲ့ချသည့်တိုင် မကျဘဲ တန်းနေလို့ ဆေးရုံတောင်မှတက်ပြီး သွေးတိုးချခဲ့ဖူးပါတယ်တဲ့။ တက္ကသိုလ်ကျောင်းကို တက်နေတဲ့ အဲသည်လူငယ်ဟာ ကိုယ်တိုင်တက္ကစီမောင်းပြီး ကျောင်းစရိတ်လည်း ရှာနေသေးတာပါတဲ့။ တစ်နေ့တော့ ဆရာဝန်



အသစ်တစ်ယောက်နဲ့ ပြောင်းကုပါတယ်။ ဆရာဝန်က ကျောက်ကပ်ကို ဓာတ်မှန်သွားရိုက်လိုက်ပါလို့ ပြောတော့ ဓာတ်မှန်သွားရိုက်ပါတယ်။ ဓာတ်မှန်ရတော့ ဆရာဝန်က ဆီးနဲ့ကျောက်ကပ်ရောဂါကုဌာနကို သွားပြီးတော့ ဓာတ်မှန်ကိုပြပါလို့ ပြောလိုက်လို့ အဲသည်လူငယ်က ဓာတ်မှန်အိတ်ကလေးကို ပိုက်ပြီး လှေကားပေါ်ကို ရှင်ပျတက်ကြွတဲ့ဟန်နဲ့ ပြေးတက်လာခဲ့သေးတာပါတဲ့။ ဆီးနဲ့ကျောက်ကပ်ဆရာဝန်က ဓာတ်မှန်ကိုကြည့်လိုက်တော့ သူ့ကျောက်ကပ်ကလေးတွေဟာ ရှုံ့တောင်ရှုံ့နေပြီဖြစ်ပါသတဲ့။

အဲသည်လူငယ်ဟာ တော်တော်နဲ့ မဆုံးနိုင်ဘဲ ကြာနေတာကြောင့် အဲသည်ဌာနက ဆရာဝန်က လူငယ်ပညာတတ်ကလေးတွေဟာ လွယ်လွယ်ကူကူနဲ့ မြန်မြန်ဆန်ဆန် ဘဝမကူးဘူးဆိုတာ ကျွန်မသတိထားမိတာ ကြာပြီလို့ပြောပါတယ်။ အဲသည်အကြောင်းတွေကို ပြောမိတာက သေဆုံးခါနီးအချိန်ဟာ သိပ်အရေးကြီးတဲ့ အချိန်ဖြစ်တယ်ဆိုတဲ့အကြောင်းကို ပြောချင်တာကြောင့် စကားစလိုက်မိတာ ဖြစ်ပါတယ်။ တကယ်တော့ သေဆုံးသူကိုယ်တိုင်လည်း ဘဝတဏှာရှိနေတတ်တော့ မသေဘဲ နေနိုင်သရွေ့ နေရအောင် တင်းထားတယ်ထင်ပါတယ်။ သေဆုံးသူ မပြောပါနဲ့။ ကျန်ရစ်တဲ့သူများကလည်း ရနိုင်သေးတယ်လို့ထင်ပြီး လုပ်စရာမကျန်အောင် အကုန်လုပ်တာပါပဲ။ ယတြာဆိုလည်း လုပ်တာပဲ။ မေတ္တာဆိုလည်း ပို့ကြတာပါပဲ။ သို့ပေမဲ့ သိပ်ကြောက်နေတယ်ဆိုတဲ့သဘောကိုက မဟန်ဘူးဆိုတာ သိနေလို့ဖြစ်ပါတယ်။

ကျွန်မဟာ သေခါနီးဆဲဆဲ အတွေ့အကြုံလို့ မဆိုနိုင်ရင်တောင်မှ သေမင်းကိုမျက်နှာချင်းဆိုင်မိတဲ့ အနေအထားနဲ့ ကြုံခဲ့ပါတယ်။ အသက် ၂၈ နှစ်အရွယ် ဆိုဗီယက်ပညာသင်ဘဝမှာ အူအတက်ရောင်ရောဂါလက္ခဏာများကို ခံစားနေရတယ်ဆိုတဲ့ ဆေးစစ်ချက်နဲ့ ဆေးရုံကိုအပို့ခံ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ရပါတယ်။ ဆိုဗီယက်နိုင်ငံမှာ အာရုတုပ်ကွေး ပျံ့နှံ့နေတဲ့အတွက် လူတိုင်း ပါးစပ်ကိုစည်းထားကြတဲ့အချိန် ဖြစ်ပါတယ်။ ဆေးရုံမှာ နိုင်ငံခြားသူ တစ်ယောက်ဖြစ်တဲ့ ကျွန်မကို ဆေးစစ်ပြီး ဆေးရုံပေါ်တင်ပေးလိုက်တဲ့ အချိန်က ညပိုင်းရောက်ပါပြီ။ မနက် ၁၁ နာရီလောက်က ဆေးရုံရောက် ခဲ့တဲ့ကျွန်မကို သေသေချာချာစစ်ဆေးပြီး ဘာရောဂါမှန်း မသေချာဆိုတဲ့ မှတ်ချက်နဲ့ တင်ပေးလိုက်တာ ဖြစ်ပါတယ်။

တိုတိုပြောရရင် သုံးရက်တာမျှ ဗိုက်ပေါ် ရေခဲအိတ်တင်ပေးထား ပြီး စစ်ဆေးခဲ့ကြပြီးတဲ့နောက် အူအတက်ရောင်တာဖြစ်တယ်။ အူအတက် က နေရာလွဲနေတယ်ဆိုတဲ့ ကောက်ချက်ချပြီးတော့လည်း အလျင်အမြန် ခွဲကြပါတယ်။ ကျွန်မကို ခွဲစိတ်ဖို့ သဘောတူပါတယ်လို့ ကိုယ်တိုင် လက်မှတ်ရေးထိုးခိုင်းပြီး ချက်ချင်းခွဲစိတ်ပေးကြပါတယ်။ သိပ်လည်းဂရု စိုက်ကြပါတယ်။ ကြင်နာကြပါတယ်။

ကျွန်မကို လူနာအချင်းချင်းကလည်း ကလေးလေး စာလာသင် ရင်း မမာနေရှာတာဆိုပြီး ဂရုစိုက်ကြပါတယ်။ ကျွန်မကို အဲသည် အချိန်တုန်းက ဆိုဗီယက်နိုင်ငံရောက်ရာ နေရာတိုင်းမှာ ၁၀ နှစ်လောက် လျော့ပြီး အသက်ကိုမှန်းတတ်ကြတော့ ကလေးကလေးဖြစ်သွားတာ ပေါ့။ အဲသည်လို နေထိုင်ပြီး ဆေးရုံကဆင်းရတော့မယ်လို့ ဆရာဝန်က တောင်မှ ပြောထားပြီးတဲ့နောက် တစ်ညသာခြားတဲ့အချိန်မှာ ဝမ်းဗိုက်က ပြည်တရွှင်ရွှင်ထွက်လာတော့တာပါပဲ။ အစောပိုင်းမှာတော့ သိပ်စိတ်မပူ ပါဘူး။ သို့ပေမဲ့ ဆရာဝန်မကြီးနဲ့ သူ့နောက်ပါဆရာဝန်တွေ ဆရာမ တွေဟာ ထိန်းချုပ်ထားတဲ့ကြားက မျက်စိမျက်နှာမကောင်းတာ၊ ဆေး ကုသမှု နည်းသစ်များကို မြန်မြန်ဆန်ဆန် လုပ်ဆောင်ကြတာတွေကို ကြည့်ပြီး မဟန်လှဘူးလို့ ကျွန်မသိသွားပါတယ်။ မူလကတည်းက အူအတက်နေရာ မှားတာရယ်၊ ခွဲစိတ်ပြီးစမှာ အူအတက်ရောင်တဲ့ ရောဂါသုံးမျိုးထဲမှာ အဆိုးဆုံးရောဂါပဲလို့ပြောတာကို ကြားထားတာရယ်၊



အားလုံးကိုပေါင်းပြီး တွေးလိုက်တဲ့အခါမှာ ငါတော့ သေရတော့မယ်လို့ အဖြေထုတ်မိတော့တာပါပဲ။

အဲသည်လိုတွေးပြီးတော့ ငိုတာပေါ့။ သဲကြီးမဲကြီး ငိုတာပေါ့။ အသံမထွက်အောင် ကျိတ်ပြီးငိုတာ တော်တော်မောတော့ ရပ်သွားပါ တယ်။ အဲသည်လိုငိုချလိုက်တော့ မောပေမယ့် စိတ်ကလျော့သွားပါ တယ်။ ပြီးတော့ ဆက်တွေးပါတယ်။ ငါဟာ သေမှာကို ကြောက်ပြီး ငိုနေပေမယ့်လည်း သေချင်သေမှာပဲ။ အဲသည်တော့ သေခြင်းကိုရင်ဆိုင်ဖို့ ငါ့မှာ ဘာရှိသလဲလို့ တွေးမိတာဖြစ်ပါတယ်။ အဲသည်လိုတွေးမိတော့ အသက် ၂၁ နှစ်အရွယ်မှာ ဆရာကြီးဦးဘခင် ဦးစီးတဲ့ အင်းလျားမြိုင်က နိုင်ငံတကာ ဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ (International Meditation Center) ကိုဝင်ခဲ့ဖူးတယ်။ သေသေချာချာ လေးလေးနက်နက် တရား အားထုတ်ဖူးတယ်ဆိုတာကို သတိရလိုက်ပါတယ်။

အဲသည်လို သတိရတာနဲ့ ဆေးရုံခုတင်ပေါ်မှာ ပက်လက်နေရင်း သမာဓိထူထောင်ပါတယ်။ သမာဓိထူထောင်တယ်ဆိုတာဟာ နှာသီး ဖျားမှာ သတိကိုကပ်စေပြီး ရှူဝင်ရှူထွက်ကို မှတ်တာဖြစ်ပါတယ်။ အဲသည်လို သမာဓိထူထောင်ပြီး စိတ်တည်ငြိမ်လာပြီဆိုမှ ကိုယ်ခန္ဓာ အနှံ့အပြားမှာ ဖြစ်ပေါ်နေတဲ့ဝေဒနာများကို အနိစ္စရှုပါတယ်။ ဦးခေါင်း ထိပ်ကစပြီး တရွေ့ရွေ့အောက်ကိုစုန်ပြီး အနိစ္စရှုတာ ဖြစ်ပါတယ်။ ဝေဒနာဖြစ်ပေါ်နေတဲ့ နေရာမှာ အားစိုက်ပြီး ဝေဒနာရှုမှတ်ပါတယ်။ အဲသည်လို တရားရှုမှတ်တဲ့အလုပ်ကို လုပ်ပြီးတဲ့အချိန်မှာ စိတ်ကတည် ငြိမ်သွားပြီ ဖြစ်ပါတယ်။ နည်းအမျိုးမျိုးနဲ့ ဆေးကုသနေတာကို ခံယူရင်း အနိစ္စဆက်ပြီးရှုနေတာပါပဲ။ အဲသည်လိုနဲ့ ရောဂါက ပျောက်မှန်းမသိ ပျောက်သွားခဲ့ပါတယ်။

အဲသည်အကြောင်းကို မြန်မာပြည်ပြန်ရောက်တော့ အင်းလျား မြိုင် ရိပ်သာကို သွားပြီး ဆရာကြီးကို တရားလျှောက်ပါတယ်။ ဆရာ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ကြီးကတော့ ငါ့တပည့်ကို ငါစိတ်ချသွားပြီလို့ ပြုံးပြုံးကြီးမိန့်ခဲ့ပါတယ်။ ခက်တာက ထန်းပင်နဲ့ ပူးတုံ့ခွာတုံ့ဖြစ်နေတဲ့ ထန်းတက်သမား ဝမ်းဗိုက်လို ကျင့်ကြံတတ်တဲ့ ကိုယ့်ကိုယ်ကို မယုံနိုင်သေးတာ၊ စိတ်မချနိုင်သေးတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပြင်ဆင်ချိန်ရနေတုန်းတော့ သတိကိုကပ် သမာဓိထူထောင်နဲ့ ဟုတ်နေတာပေါ့။

တကယ်လို့ ရုတ်ခနဲ သေခြင်းနဲ့ရင်ဆိုင်ရရင်ကော ငါသတိကပ်နိုင်ပါ့မလားလို့ တွေးမိတဲ့အခါ မသေချာလှလို့ပါပဲ။ **တကယ်တော့ သေခြင်းဆိုတာ ရှင်ကတည်းက ရှိနေတဲ့ကိစ္စဖြစ်နေတဲ့အတွက် ရှင်နေတုန်းမှာ လုပ်သမျှနဲ့ ကြောင်းကျိုးဆက်နေတာပါပဲ။** တကယ်တော့ သေသွားပြီးမှ ရုပ်ကလာပ်နဲ့ပတ်သက်လို့ လုပ်တာဟာ ရိုးရာဓလေ့တွေက များစွာလွှမ်းမိုးနေတာပါပဲ။ တကယ်တော့ အဲသည်အချိန်မှာ ကွယ်လွန်သူကတော့ နောက်ဘဝတစ်ခုမှာ ရှင်တုန်းက လုပ်ရပ်အကျိုးဆက်တွေနဲ့ ထွေးလုံးရစ်ပတ် ဖြစ်နေလောက်ပါပြီ။

## အေးအေးဆေးဆေး ထွက်ခွာစေခြင်း

**သားတို့ သမီးတို့ရေ**

အမေဖတ်ထားတဲ့ စာတွေထဲမှာ ခရစ်ယာန်သီလရှင်ကြီး မာသာထရီဆာရဲ့အကြောင်း ရေးထားတဲ့စာတွေ ပါပါတယ်။ အခုဆိုရင်တော့ စိန့်ထရီဆာလို့ ခေါ်ရတော့မယ်ထင်ပါတယ်။ မာသာထရီဆာဟာ အိန္ဒိယမှာ အခြေစိုက်ပြီး တစ်သက်တာလုံး ခိုကိုးရာမဲ့သူများကို စောင့်ရှောက်ကယ်တင်တဲ့အလုပ်ကို လုပ်သွားတဲ့ သူတော်စင်ကြီးဖြစ်ပါတယ်။

မာသာထရီဆာဟာ အိန္ဒိယက ဆင်းရဲသူဆင်းရဲသားများ လမ်းပေါ်မှာ လဲကျနေတာကို လိုက်လံကယ်ဆယ်ပြီး သူတို့သီလရှင်ဂိုဏ်းက ဦးစီးတဲ့ ဆေးရုံမှာတင်ပြီး ဆေးကုသတဲ့ ပြုစုတဲ့အလုပ်ကိုလည်း လုပ်ပါတယ်။ အိန္ဒိယက ဆင်းရဲသူ ဆင်းရဲသားများဟာ လမ်းပေါ်မှာ ဘာဖြစ်လို့ လဲကျနေကြတာလဲဆိုတော့ သူတို့အိမ်က ထွက်လာကတည်းက အင်မတန်မှ အားနည်းနေလို့ ဖြစ်ပါတယ်။ အားနည်းနေပါလျက်နဲ့ ဘာဖြစ်လို့ထွက်လာတာလဲဆိုတော့ ဟိန္ဒူများမှာ အစွဲတစ်ခုရှိလို့ပါပဲ။ သေခါနီးမှာ ဂင်္ဂါမြစ်ရေကို ချိုးသွားချင်တယ်လေ။ အဲသည်တော့မှ ဟိန္ဒူများအဖို့ သူတို့ဘုရားထံမှောက်ကို ရောက်နိုင်မှာဖြစ်ပါတယ်။ အဲသည်လို မျှော်လင့်ချက်နဲ့ မီရာရထားနဲ့ လိုက်ခဲ့ကြပြီး မြစ်ရှိရာကို ခြေလျင်ခရီးနဲ့သွားနေရင်း လဲကျနေတဲ့သူများကို မကြာခဏ တွေ့ရပါတယ်တဲ့။

မာသာထရီဆာက အဲသည်လိုလူများကို ကယ်တင်ပြီး ဆေးရုံမှာ ဆေးကုသပေးပါတယ်။ များသောအားဖြင့်တော့ အဲသည်လိုလူများဟာ သေဆုံးသွားကြတာပါပဲ။ မာသာထရီဆာပြောတာကတော့ သေမယ့်သူ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



များကို သူက အသက်ကယ်ဖို့ မကြိုးစားပါဘူးတဲ့။ သေအံ့မူးမူးဖြစ်နေသူကို ကယ်လို့မရမှန်း သိပါတယ်တဲ့။ လူတစ်ဦးတစ်ယောက်ဟာ ကွယ်လွန်တော့မယ်ဆိုတဲ့အချိန်မှာ မေတ္တာနဲ့ပြုစုယုယတာကို ခံယူရရင် စိတ်အေးချမ်းသာရှိသွားတဲ့အတွက် ဘုရားသခင်ထံတော်မှောက်ကို ရောက်နိုင်တယ်လို့ ဆိုပါတယ်။ သူကြိုးစားတာက အဲသည်လို ဘဝကူးကောင်းအောင် ကူညီဖို့ ကြိုးစားတာဖြစ်ပါတယ်။ မာသာထရီဆာက ခရစ်ယာန်သီလရှင်ဆရာကြီးဖြစ်တဲ့အတွက် ခရစ်ယာန်လို တွေးတောဆောင်ရွက်ပါတယ်။ အမေကတော့ မာသာထရီဆာ လုပ်တဲ့အလုပ်ကို ထေရဝါဒီအမြင်နဲ့ ပြန်ပြီးစဉ်းစားမိပါတယ်။

အမေတို့ ထေရဝါဒီအယူအဆနဲ့ဆိုရင် သေခါနီးမှာ လောဘ ဒေါသ မောဟဆိုတဲ့ အကုသိုလ်စိတ်များနဲ့ သေဆုံးသွားရရင် အပါယ်လားစရာအကြောင်းများ ခြံရံပြီး ပူလောင်စွာ ဘဝကူးခြင်းဖြစ်တယ်။ အဲသည်တော့ အဲသည်အကုသိုလ်စိတ်များ မဖြစ်ပေါ်ဘဲ စိတ်အေးချမ်းသာစွာ ဘဝကူးသွားဖို့ အရေးကြီးလှပါတယ်။ သေခါနီးမှာ ပြုစုယုယမယ့်သူ စိတ်အေးချမ်းသာရှိအောင် ဖျောင်းဖျမယ့်သူများ လိုအပ်ပါတယ်။ ဝေဒနာပြင်းထန်နေတဲ့သူကို တတ်အားသမျှ ယုယစွာပြုစုပေးရင် ကာယိက ဝေဒနာမျှသာ သက်သာသွားတာမဟုတ်ပါဘူး၊ စိတ်လည်း အေးချမ်းသွားတတ်ပါတယ်။ နို့မဟုတ်ရင် လိုချင်တဲ့ တပ်မက်စိတ်ဆိုတဲ့ လောဘနဲ့ လောဘကြောင့် ဖြစ်ပေါ်လာတဲ့ဒေါသနဲ့သာ ဘဝကူးသွားရရင် ဆိုးသွားတတ်ပါတယ်။ ဒေါသကတော့ ဝေဒနာကို ခံစားရင်းလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ အနားမှာရှိတဲ့သူများက ယုယစွာပြုစုသလို အေးချမ်းစွာ နှလုံးသွင်းနိုင်တဲ့ တရားကိုနာနိုင်အောင် စီစဉ်ပေးဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာ စိတ်ဝင်စားစရာကောင်းတဲ့ ရဟန်းတစ်ပါးအကြောင်းကို တင်ပြချင်ပါတယ်။ အဲသည် ရဟန်းရဲ့ဘွဲ့တော်က ပုတိဂတ္တတိဿ



ဖြစ်ပါတယ်။ မြန်မာလိုပြန်ဆိုရင်တော့ ကိုယ်ပုပ်တဲ့တိဿလို့ ဆိုရပါမယ်။ ရဟန်းဘဝမရောက်ခင် ဘဝပေါင်းများစွာတုန်းက အဲသည်အရှင်တိဿအလောင်းအလျာဟာ ငှက်ခတ်မုဆိုးဖြစ်ခဲ့ပါတယ်တဲ့။ မုဆိုးလုပ်တဲ့နေရာမှာ ငှက်ချည်းသက်သက်ရွေးပြီး ဖမ်းတဲ့သူဖြစ်ပါတယ်။ သူက ငှက်ကလေးများကို ချက်ချင်းရောင်းလို့မကုန်ရင် အတောင်ကလေးတွေ ချိုးထားလိုက်၊ ခြေထောက်ကလေးတွေချိုးထားလိုက်နဲ့ မပျံနိုင်အောင် သေလည်းသေမသွားအောင် လုပ်ထားပါသတဲ့။ ပြီးတော့မှ နေ့စဉ်သတ်ပြီး ရောင်းပါတယ်တဲ့။ ငှက်ကလေးတွေခမျာ ဝေဒနာတွေပြင်းထန်စွာ ခံစားပြီး ပြည်တည်နာတွေဖြစ်လိုဖြစ်နဲ့ ခံစားခဲ့ရပါတယ်တဲ့။

အဲသည်မုဆိုးသေတော့ အပါယ်ကိုလားခဲ့ပါတယ်။ နောက်ဆုံးတော့ သူ့မှာကျန်တဲ့ကုသိုလ်ကလည်း လောက်လောက်လားလားရှိတယ်ဆိုတော့ လူဖြစ်လာပါတယ်။ ရဟန်းဘဝကိုလည်း ရောက်ပါတယ်။ မြတ်စွာဘုရားရဲ့ ကျောင်းတော်မှာလည်း ခိုလှုံခွင့်ရခဲ့ပါတယ်။ သို့ပေမဲ့ ဝဋ်လိုက်ခြင်းကနေပြီး သူပြေးလို့မလွတ်ခဲ့ပါဘူး။ တစ်ကိုယ်လုံးပုပ်ပြီး အရိုးတွေ နာကျင်ကာ အိပ်ရာထဲမှာ လဲနေခဲ့ပါတယ်။ ပြုစုတဲ့သူများကလည်း ကိုယ်ပုပ်နာနဲ့ မခံသာအောင်ဖြစ်နေတဲ့ သူ့အနံ့ကို မခံနိုင်လို့ကြာတော့ မပြုစုဘဲ ပစ်ထားလိုက်ကြပါတယ်တဲ့။ အစားအစာတွေတော့ ပေးပါလိမ့်မယ်။ သူက အသက်ရှင်နေသေးတာကိုး။

တစ်နေ့တော့ မြတ်စွာဘုရားဟာ ကိုယ်ပုပ်တဲ့တိဿရဟန်း အသက်ကုန်တော့မယ်ဆိုတာကို သိတော်မူပါတယ်။ အဲသည်လို အချိန်မှာ တိဿရဟန်းကို ဘဝကူးကောင်းအောင် ကူညီဖို့ ကိုယ်တော်တိုင် ကြောင့်ကြစိုက်တော်မူခဲ့ပါတယ်။ သည်နေရာမှာ အမေပြောပြချင်တာ ရှိပါတယ်။ ဗုဒ္ဓဘာသာဖြစ်ပြီး သာသနာရေးအဆုံးအမများနဲ့ မရင်းနှီးတဲ့ သူများဟာ လောကီပညာတွေ မိုးပျံအောင်တတ်နေပေမယ့် စဉ်းစားတဲ့ အခါမှာ ဗုဒ္ဓဘာသာဝင် မပီသပါဘူး။ မြတ်စွာဘုရားနှယ်၊ သူ့ခမျာ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ခံစားနေရတာ ကြာပြီ၊ စောစောကတည်းက ကယ်ပါတော့လားလို့ ဆရာမကြီးတစ်ယောက်ပြောတာကို အမေကိုယ်တိုင် ကြားခဲ့ရပါတယ်။ တကယ်တော့ သတ္တဝါများမှာ ဝိပါကဝဋ်ကြွေး မကုန်သေးရင် ဘယ်သူမှ ကယ်လို့မရပါဘူး။ အခု မြတ်စွာဘုရားက ဘဝကူးကောင်းအောင် ကူညီတော်မူမယ့်အချိန်မှာ တိဿရဟန်းမှာ ဝဋ်ကြွေးလည်း ကုန်တော့မယ့်အချိန် အသက်လည်း ကုန်တော့မယ့် အချိန်ဖြစ်နေပါတယ်။

တိဿရဟန်းနေထိုင်ရာ ကျောင်းဆောင်ဘက်ကို မြတ်စွာဘုရားကိုယ်တော်တိုင်ကြွ သွားတော်မူပြီး မီးတင်းကုပ် (မီးဖိုချောင်) ကို ဝင်ကာ ရေနွေးအိုးတည်တော်မူမယ်လို့ ပြင်ဆင်တော့ ရဟန်းများက ရောက်လာပြီး ရေနွေးအိုးတည်ပေးကြပါတယ်။ မြတ်စွာဘုရားက ရေနွေးအိုးဆူတဲ့ အခါမှာ တိဿရဟန်း လဲလျောင်းနေတဲ့ခုတင်ကို ရဟန်းများအကူအညီနဲ့ အပြင်ကို ထုတ်တော်မူပါတယ်။ ပြီးတော့ သွေးပြည်တရွှဲရွှဲဖြစ်နေတဲ့ တိဿရဟန်းရဲ့ ဧကသီသင်္ကန်းကို အသာအယာချွတ်ပြီး ယူတော်မူပါတယ်။ အဲသည်နောက် ရေနွေးနဲ့လျှော်တော်မူပါတယ်။ သွေးစေး ပြည်စေးများ ကင်းစင်ပြီးဖြစ်တဲ့သင်္ကန်းကို လှန်းတော်မူပြီးတဲ့နောက် မြတ်စွာဘုရားဟာ တိဿရဟန်းကို ကိုယ်တော်တိုင် ဖန်ဆေးပေးတော်မူပါတယ်။ သွေးစေးများ ပြည်စေးများနဲ့ ကြေးညှော်များကို စင်ကြယ်သွားအောင် ရေဝတ်နဲ့ပွတ်တိုက်စင်ကြယ်စေပြီးတဲ့နောက် နေပူထဲမှာ လှန်းထားတဲ့ သင်္ကန်းကလည်း သွေ့ခြောက်သွားပြီဖြစ်ပါတယ်။ သင်္ကန်းဟာ မလျှော်ခင်ကနဲ့ လျှော်ပြီးတဲ့အချိန်မှာ အလွန်ကွာသွားပြီ ဖြစ်ပါတယ်။ အနံ့ရော သန့်စင်မှုရော ကွဲပြားခြားနားသွားပါပြီ။ အဲသည် ဧကသီသင်္ကန်းနဲ့ တိဿရဟန်းရဲ့ သန့်စင်သွားပြီဖြစ်တဲ့ကိုယ်ကို လွှမ်းပြီး သင်းပိုင်ကိုလည်း လျှော်တော်မူပါတယ်။ သင်းပိုင်ခြောက်သွေ့သွားတဲ့ အခါမှာ တိဿရဟန်းကို မြတ်စွာဘုရားက သင်းပိုင်ဝတ်ပေးတော်မူပါတယ်။



တိဿရဟန်းဟာ သန့်စင်တဲ့ကိုယ်နဲ့ သန့်စင်တဲ့သင်္ကန်းကြောင့် ကိုယ်အားဖြင့်လည်း အတော်သက်သာသွားမှာ ဖြစ်ပါတယ်။ စိတ်ကလည်း မြတ်စွာဘုရားကိုယ်တော်တိုင် လာရောက်ပြီးပြုစုတော်မူတယ်ဆိုတာကို သိပြီးတဲ့နောက် စိတ်အေးချမ်းသာရှိသွားမှာ ဖြစ်ပါတယ်။ ကြည်နူးဝမ်းသာလည်း ဖြစ်မှာပါပဲ။

အဲသည်လို စိတ်ရောကိုယ်ပါ အေးဆေးချမ်းသာသွားတဲ့အချိန်မှာ မြတ်စွာဘုရားက တိဿရဟန်းရဲ့ ခုတင်ခေါင်းရင်းက ရပ်တော်မူပြီးတော့ "*အသင်တိဿ၊ ဤကိုယ်ခန္ဓာအကောင်ပုပ်သည် အမြဲမရှိ ဆင်းရဲဖောက်ပြန်၍ ကိုယ်ပိုင်မဟုတ်သောအရာဖြစ်သည်။ အသက်မရှိတော့သည့်အချိန်တွင် ထင်းတုံးပမာဖြစ်ကာ ဆွေးမြေ့သွားမည်ဖြစ်သည်။ မသေမီ တရားဖြင့်ဆင်ခြင်လော့*" လို့ တရားဟောတော်မူပါတယ်။ အဲသည်အချိန်မှာ ကိုယ်ခန္ဓာရောစိတ်ပါ အေးချမ်းနေတဲ့ တိဿရဟန်းဟာ ကိုယ်ခန္ဓာပေါ်မှာ သတိကပ်ပြီး ဆင်ခြင်လိုက်ပါတယ်။ အဲသည်လို ဆင်ခြင်ပြီး ရဟန္တာဖြစ်တော်မူခဲ့ပါတယ်။ အဲသည်လို အရဟတ္တဖိုလ်ပေါက် ရောက်တော်မူသွားပြီးတာနဲ့ ချက်ချင်းပရိနိဗ္ဗာန်ပြုတော်မူသွားပါတယ်။

မြတ်စွာဘုရားကလည်း သီတင်းသုံးဖော်အချင်းချင်းကို ပြုစုစောင့်ရှောက်ရမယ်။ နာမကျန်းတဲ့ သီတင်းသုံးဖော်ကို မစောင့်ရှောက်ခဲ့သော် ဒုက္ကဋ်အာပတ်သင့်စေလို့ သိက္ခာပုဒ် ပညတ်တော်မူပါတယ်။

### သားတို့ သမီးတို့ရေ

တိဿရဟန်းဟာ ပြင်းထန်စွာ ဝေဒနာခံစားနေရစဉ်က နာကျင်လွန်းလို့ ငြီးငြင်တဲ့စိတ် ဝမ်းနည်းတဲ့စိတ်များ ပေါ်နေမှာဖြစ်ပါတယ်။ အဲသည်အချိန်မှာ တရားသွားဟောလို့ကတော့ နာရတဲ့အထဲမှာဆိုတဲ့ ဆန့်ကျင်ဘက်စိတ် ပေါ်ပေါက်သွားနိုင်ပါတယ်။ မြတ်စွာဘုရားရှင်ဟာ တိဿရဲ့ကိုယ်ခန္ဓာကို သက်သာအောင် အရင်ပြုစုတော်မူရင်း စိတ်ကို

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



လည်း အေးချမ်းသွားစေခဲ့ပါတယ်။ အရင်ကထက် ဝေဒနာများ လျော့ပါးသက်သာသွားတဲ့ စိတ်အားဖြင့် အေးချမ်းသွားတဲ့အချိန်မှာ တရားဟောတော်မူလိုက်တဲ့အခါ ချက်ချင်းလို တရားကိုအားစိုက်ဆင်ခြင်ပြီး တိဿရဟန်းဟာ နိဗ္ဗာန်ဝင်သွားတော်မူခဲ့တာပါပဲ။

အဲသည်အကြောင်းကို စာဖတ်တဲ့သူများထဲက တချို့က အဲဒါက မြတ်စွာဘုရားကိုး။ လူသာမန်တွေဆိုရင် အဲသည်လို အကျိုးရအောင် ဘယ်လုပ်နိုင်ပါ့မလဲလို့ ပြောချင်ပေလိမ့်မယ်။ အမေပြောချင်တာက လမ်းစဉ်ကို အတုယူဖို့ပြောချင်တာ ဖြစ်ပါတယ်။ ကလျာဏမိတ္တတို့မည်သည် တစ်စုံတစ်ယောက် ဝေဒနာပြင်းထန်စွာ ခံနေရတယ်ဆိုတာနဲ့ သက်သာအောင် ဆောင်ရွက်ပေးရမယ့် တာဝန်ကို ယူရမှာဖြစ်ပါတယ်။

အဲသည်တော့ ကလျာဏမိတ္တများဖြစ်တဲ့ သားသမီးများဟာ မိခင်ဖခင်တို့ကို ကိုယ်အနေနဲ့ သက်သာရာ၊ စိတ်အနေနဲ့ သက်သာရာ ရအောင် ဆောင်ရွက်ပေးရမယ် ဖြစ်ပါတယ်။ ကိုယ်ခန္ဓာအနေနဲ့ကတော့ အသက်ဇီဝိန်ချုပ်တော့မယ့်အချိန်မှာ ပင်ပန်းနေမှာဖြစ်ပါတယ်။ အဲသည်အချိန်မှာလည်း သက်သာရာသက်သာကြောင်းဖြစ်အောင် ပြုစုပေးရင်းကြင်နာမှုကို ပြသရမှာဖြစ်ပါတယ်။ တရားကိုနှလုံးသွင်းနိုင်အောင် တရားတိပ်ခွေဖွင့်တာ၊ တရားများကို ဟောပြောပြသနိုင်တဲ့ ဆရာတော် သမားတော်များကိုပင့်ပြီး ပရိတ်တော်များကို နာစေတာ၊ တရားစကားများကို နာစေတာစတဲ့ ကောင်းတဲ့အမှုများကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

အမေသိပ်ပြီးကြည်ညိုတဲ့ ဆရာတော်ကတော့ တရားရှုမှတ်အောင် တိုက်တွန်းပြီး တရားရှုမှတ်ဖို့အခွင့်ကိုသာ ပေးသင့်တယ်လို့ မိန့်တော်မူဖူးပါတယ်။ တကယ်တော့ တိတ်ဆိတ်ငြိမ်သက်တဲ့ ပတ်ဝန်းကျင်မှာ တရားရှုမှတ်ပြီး သေခြင်းကို ရင်ဆိုင်နိုင်မယ်ဆိုရင် အကောင်းဆုံးပါပဲ။

အဲသည်လိုဖြစ်နိုင်ဖို့က ထွက်ခွာသွားမယ့်သူကိုယ်တိုင်က ပြင်ပြင်



ဆင်ဆင် ဖြစ်သင့်သလို ကလျာဏမိတ္တများ ကိုယ်တိုင်ကလည်း သတိထားပြီး စောင့်ရှောက်ကြဖို့ လိုအပ်ပါတယ်။ တကယ့်ကို သတိထားကြရမှာဖြစ်ပါတယ်။ မေ့မြောသွားပြီဆိုပြီး မကြားနိုင်ပါဘူးလို့ မထင်နဲ့။ အထက်ပါဆရာတော်ကပဲ မိန့်တော်မူဖူးပါတယ်။ ဆရာတော်ကိုယ်တိုင် သေခြင်းတရားနဲ့ အင်မတန်နီးစပ်တဲ့ အတွေ့အကြုံနဲ့ ကြုံခဲ့ဖူးပါတယ်တဲ့။ ဟော မေ့သွားပြီလို့ ပြောလိုက်တာကို ကြားပြီး ပြန်မပြောနိုင်အောင် ဖြစ်ခဲ့ရတယ်တဲ့။ အဲသည်တော့ သတိထားပြီး အသက်အသံမပြုဘဲ စောင့်ရှောက်ကြဖို့ လိုအပ်ပါတယ်။

သားတို့သမီးတို့ဟာ အမေတစ်ယောက်လုံးကို လက်လွှတ်ရတော့မယ်ဆိုရင် ဝမ်းနည်းကြမှာပါပဲ။ တစ်ယောက်နဲ့တစ်ယောက်လည်း အမေ့အတွက် အကောင်းဆုံး လုပ်ပေးချင်တဲ့စိတ်နဲ့ အယူအဆကွဲပြားနိုင်ချေရှိပါသေးတယ်။ ဒေါသဆိုတာ ခက်ထန်တဲ့ဒေါသရှိသလို ဆို့နစ်တဲ့ဒေါသလည်း ရှိပါတယ်။ လူမမာရှေ့မှာ ကျယ်လောင်ကျယ်လောင်နဲ့ ငိုကြွေးတာ၊ တစ်ယောက်နဲ့တစ်ယောက် ငြင်းခုံပြီး ဝေါက်ငမ်းပြောဆိုတာ၊ မထီမဲ့မြင်စကားတွေ ပြောဆိုတာစတဲ့ အပြုအမူများကို မလုပ်သင့်ပါဘူး။ အချင်းချင်းပြောတာပေမယ့် လူမမာက သြော် ငါတစ်ယောက်လုံး ငုတ်တုတ်ရှိနေတာတောင်မှ အဲသည်လို အချိုးမျိုးတွေကို ချိုးကုန်ပြီဆိုပြီး စိတ်ဆင်းရဲစွာ သေသွားတယ်ဆိုရင် ဒေါသစိတ်နဲ့ သေရရှာတယ်လို့ ပြောရမှာဖြစ်ပါတယ်။

မောဟဆိုတာကတော့ တွေတွေဝေဝေဖြစ်နေတဲ့ စိတ်အခြေအနေ ဖြစ်ပါတယ်။ တွေဝေမိန်းမောရင်း အသက်ကုန်ရတာ မကောင်းပါဘူး။ သေခြင်းတရားကို သတိမလွတ်ဘဲ ရင်ဆိုင်နိုင်ဖို့က အရေးကြီးပါတယ်။ အဲသည်လို နောက်ဆုံးခရီးကို ထွက်ခွာမယ့်သူအနေနဲ့ တငင်ငင်စွဲပြီး အယူလွဲမသွားစေရအောင် အနီးမှာရှိနေတဲ့သူများက ကူညီနိုင်ရပါမယ်။

ကလျာဏမိတ္တစစ်တဲ့ သားချစ်သမီးချစ်များဟာ မိဘကို လက်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



လွှတ်ရတော့မယ်ဆိုတဲ့အခါကျမှ အမယ်လေး အမေ မသွားပါနဲ့ဦး။ ပြုစုလို့တောင်မှ မဝသေးဘူးလို့ ပြောဆိုမြည်တမ်းတမနေသင့်ပါဘူး။ မိမိတို့ကိုယ်ကို မိမိတို့ သတိနဲ့ထိန်းပြီး သြော်၊ ဒါဟာ ငါတို့လို သားသမီးများ ကလျာဏမိတ္တများအတွက် နောက်ဆုံးပြုစုဖို့ ကူညီဖို့ အခွင့်ကောင်းဖြစ်တယ်လို့ နှလုံးသွင်းတတ်ကြဖို့ လိုအပ်ပါတယ်။ အချင်းချင်းလည်း မမှားရအောင် သတိပေးဖို့သင့်ပါတယ်။

တကယ်တော့ သားသမီးများ ဝတ္တရားမပျက်အောင် သတိနဲ့ နေတတ်ထိုင်တတ် ပြောဆိုတတ်အောင် သတိပေးတဲ့အနေနဲ့ ရေးရတာဖြစ်ပါတယ်။ သားသမီးဆိုတာကတော့ မိအိုဖအိုရှိတဲ့ သားသမီးတိုင်း မိမိတို့ ကိုယ် နှုတ် နှလုံး သုံးပါးစလုံးကို ပြင်ဆင်နေသင့်ပါတယ်။

မိဘများဟာ မသေခင်ကတည်းက အိုကြနာကြရပါပြီ။ အဲသည်အချိန်ကတည်းက သြော် ပင်ပန်းကြရှာပြီ။ ငါတို့အတွက် အမေတို့ အဖေတို့ မောခဲ့ရတာ၊ ရှာခဲ့ရ၊ စုခဲ့ရတာတွေကြောင့် ပင်ပန်းခဲ့ကြရတာတွေအတွက် ငါတို့ပြန်ပြီး ကျေးဇူးဆပ်ရမယ့်အလှည့်ကို ရောက်ခဲ့ပြီလို့ မိမိတို့ကိုယ်ကိုမိမိတို့ သတိပေးလိုက်ဖို့လိုပါတယ်။ အဲသည်လို သတိပေးလိုက်ပြီးတဲ့နောက် အလုပ်ကပြန်ရင် မောလိုက်တာဆိုပြီး ပစ်လှဲလိုက်မယ့်အစား အားကလေးသွင်းပြီး အိုနေတဲ့အမေ နာနေတဲ့အမေ သို့မဟုတ် အဖေ့ခုတင်နားသွားပြီး နေထိုင်ကောင်းရဲ့လား။ ဘာစားချင်သလဲဆိုတဲ့ မေးခွန်းကလေးများကို မေးရင်း ပြုစုပေးဖို့ သတိရကြစေလိုပါတယ်။ မိအိုဖအိုနဲ့ နေတဲ့သူများအတွက် အတူတူနေဖို့ရက်တွေဟာ လက်ချိုးရေလို့ ရနေတတ်ပါတယ်။ နောင်မှ ငါမသိလေခြင်းလို့ နောင်တမရကြစေလိုပါဘူး။ သိကိုသိကြရမှာပါပဲ။

အလုပ်က မအားဘူးလို့ဆိုရင် အမေတို့အဖေတို့အလှည့်တုန်းကလည်း သားသမီး ကြီးလာဖို့အတွက် ရန်းကန်လှုပ်ရှားရင်းက သားသမီးများ နေထိုင်မကောင်းရင် ရှိတဲ့အလုပ်ပစ်ချပြီး သားသမီးကို ထွေးပွေ့ခဲ့



ကြလို့ ကိုယ်တို့ဒီအချိန်အထိ အသက်ရှည်ခဲ့တာပဲလို့ တွေးလိုက်ကြစေလိုပါတယ်။ အဲသည်လို အဆစ်အပိုင်းလိုက် ကျေးဇူးဆပ်နိုင်ခဲ့ရင် နောက်ဆုံးကျမှ ယူကျုံးမရဖြစ်စရာ မလိုတော့ဘူးပေါ့။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## အချိန်နဲ့ အသက်

ကိုယ်ချစ်ခင်အားကိုးတဲ့သူဟာ ဆုံးပါးခါနီးမှာ ကလီစာတွေလည်း ကြွေတော့မတတ်ဖြစ်နေပြီ။ ဒီရုပ်ကြီးကို ဆက်လက်ပြီး သယ်ပိုးမနေနိုင်တော့လောက်အောင် ပင်ပန်းနေပြီဆိုတာကို သိနိုင်ပါလျက် သားသမီးများ ချစ်ခင်သူများဟာ မသိနိုင်တော့လောက်အောင် ဖြစ်နေတတ်ပါတယ်။ မခွဲခွာချင်သေးပါဘူး။ ရနိုင်သမျှအချိန်ကလေးကို ရအောင် ဆွဲထားချင်ပါတယ်။ အဲသည်တော့ အသက်ကို လုတတ်ကြပါတယ်။ အသက်ကိုလုတာကတော့ ဖြစ်နိုင်တဲ့အတိုင်းအတာဆိုရင် လုရမှာပေါ့လေ။ ကျွန်မတို့အမေဆိုရင် သုံးလနဲ့ သုံးလခွဲလောက်တော့ နေနိုင်ပါလိမ့်မယ်လို့ ဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်တင်က ကျွန်မတို့ကို ပြောထားပေမယ့် ၁၀ လကြာအောင် အသက်ရှင်ပါတယ်။ ဆရာဝန်ကြီးကလည်း ဖြစ်နိုင်ချေကို ပြောထားတာဖြစ်ပေမယ့် လူနာရဲ့အသက်ကို ကယ်နိုင်အောင် ကြိုးစားတာပါပဲ။ ကျွန်မတို့တစ်တွေကလည်း ကြိုးစားတာပါပဲ။

မေမေ့အသည်းထဲကို ဆေးထိုးသွင်းတာက ၁၉၉၁ ခု ဖေဖော်ဝါရီလ ၁၅ ရက်နေ့ မေမေဆုံးတာက ဒီဇင်ဘာလ ၁၅ ရက်နေ့ဆိုတော့ ၁၀ လကြာအောင် နေနိုင်ခဲ့ပါတယ်။ မေမေဟာ ကိုယ်တိုင်အလှူရေစက်များကို ချသွားနိုင်ခဲ့ပါတယ်။ မေမေ့အတွက် အထူးမေတ္တာပို့သပြီး ဆရာတော်ကြီးများ ချီးမြှင့်တဲ့ ပရိတ်တော်များကိုနာရင်း ဆရာတော်ကြီးများရဲ့မေတ္တာကို ခံယူသွားနိုင်ခဲ့ပါတယ်။

အထူးစိတ်မကောင်းဖြစ်ရတာက အင်မတန်မှအေးချမ်းပြီး အင်



မတန်မှလည်း သဘောထားကောင်းတဲ့ မေမေကလည်း အင်မတန်လေးစားချစ်ခင်တဲ့ ဆရာဝန်ကြီး ဦးခင်မောင်တင်ဟာ မေမေ့ထက် ရက်သတ္တ ၃ ပတ်မျှစောပြီး နှလုံးရောဂါနဲ့ ကွယ်လွန်သွားခဲ့တာကြောင့် ဖြစ်ပါတယ်။ မေမေ့ခမျာ ဆရာဝန်ကြီး နိုင်ငံခြားကပြန်လာရင် မေမေ ဆေးရုံကဆင်းပြီး အိမ်မှာပဲ ဆရာဝန်ကြီးနဲ့ကုမယ်လို့ ပြောနေခဲ့ စောင့်စားနေခဲ့တာပါ။ ဆရာဝန်ကြီးကလည်း နိုင်ငံခြားကပြန်ရောက်တဲ့ ညမှာပဲ ဆုံးပါးခဲ့ရတာပါ။ ကျွန်မတို့တစ်တွေဟာ အဲသည်အကြောင်းကို မေမေမသိအောင် ကြိုးစားပြီး ဖုံးဖိပေးခဲ့ရပါတယ်။ မေမေဟာ ဆုံးပါးသွားရော သူချစ်ခင်တဲ့ဆရာဝန်ကြီးကလည်း ပြန်မလာသေးဘဲကိုးလို့သာ ထင်သွားပါတယ်။

အဲသည်အကြောင်းကို ပြောရတာက ဆုံးပါးခါနီးမှာ မဆုံးပါးရလေအောင် အပြင်းအထန် ကြိုးစားကုသခြင်းဟာ မခွဲခွာချင်လို့ပဲဆိုတဲ့ သဘောသက်ရောက်နေတယ်ဆိုတာကို ပြောချင်လို့ဖြစ်ပါတယ်။ ဆုံးပါးတော့မယ့်သူကလည်း သူ့ကိုယ်သူ ဆုံးတော့မှာပဲ၊ ဒီတောင်ကတော့ ကျော်နိုင်မှာမဟုတ်ဘူးဆိုတာကို သိဖို့လွယ်ပါတယ်။ သို့ပေမဲ့ ဘဝကို ခင်တွယ်ကြတာ သဘာဝဆိုတော့ သိတာကို လက်မခံဘဲ ငြင်းဆိုတဲ့သူများပါတယ်။

အချိန်နဲ့အသက်ဆိုတာ တွဲနေတာပါပဲ။ တကယ်ဆိုတော့ လူဖြစ်လာပြီး ဘယ့်လောက်နေရမယ်ဆိုတာကို သေသေချာချာ သိနိုင်ကြတာမှ မဟုတ်တာကိုး။ ဘယ်တော့သေဆုံးမယ်ဆိုတာသာ မသိရှိမယ်၊ သေကိုသေမှာပဲဆိုတာကိုတော့ သိနေကြတာပါပဲ။ အဲသည်လိုသိနေတော့ ဘယ့်လောက်ပဲ တိုတောင်းတဲ့အချိန်ဖြစ်ပါစေ၊ တန်ဖိုးမဲ့ မဖြစ်စေသင့်ပါဘူး။ အလဟဿ မဖြစ်စေသင့်ပါဘူး။ နည်းနည်းကလေးမှ မဖြုန်းသင့်ပါဘူး။ သေဆုံးခါနီးကျမှ မိဘရဲ့အသက် သားသမီး ဆွေမျိုး ချစ်ခင်တဲ့သူများရဲ့အသက်ကို အတင်းပဲဆွဲထားရထားရ

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ဆွဲထားချင်ပါတယ်ဆိုလို့လည်း အတိုင်းအတာတစ်ခုအထိသာ ရနိုင်ပါတယ်။ အဲသည်လို နောက်ဆုံးအချိန်မှာ သဘာဝကိုကျော်ပြီး အချိန်နဲ့ အသက်ကိုလုယူဖို့ ကြိုးစားမယ့်အစား ရှင်နေတုန်းအချိန်၊ သိနေတုန်း အချိန်မှာ ဘာဖြစ်လို့ မေတ္တာကိုအပြည့်အဝ မပြကြတာပါလိမ့်။

တွေးကြည့်ကြစမ်းပါ။ ဘယ်သူ့ကိုဖြင့် ခွဲရခါနီးပြီလို့ တွက်ဆလို့ မရနိုင်ပါဘူး။ အေးလေ ခွဲရတော့မယ်ဆိုတာကိုတော့ သိသလိုလိုပဲ။ သို့ပေမဲ့ သည်လောက်မြန်မယ်တော့ မထင်ဘူးလေလို့ ပြောရတာက အကြိမ်များနေတတ်ပါတယ်။ သားသမီးက မိဘကိုခွဲရတော့မယ်လို့ ထင်နေတဲ့ကြားက ကောက်ခါငင်ခါဆိုသလို ကိုယ့်ထက်ငယ်တဲ့သူများက ကိုယ့်ကိုခွဲသွားကြတာကလည်း အကြိမ်ကြိမ်ပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ်လေ၊ မိဘများနဲ့ သားသမီးများအကြားမှာ၊ ဇနီးခင်ပွန်းအကြားမှာ၊ မိတ်ဆွေသူငယ်ချင်း အချင်းချင်းရဲ့ အကြားမှာ အတူတူနေကြဖို့အချိန်ဆိုတာ တိုးပွားမလာတတ်ပါဘူး။ လျော့ပါးသွားတတ်တာပါ။ အဲသည်တော့ အတူတူနေကြရတဲ့အချိန်တွေက ရွှေအချိန် ငွေအချိန်တွေ ဖြစ်နေတတ်ပါတယ်။ အဲသည်ရွှေအချိန် ငွေအချိန်များကို မပွန်းပဲ့အောင် သုံးတတ်ဖို့ရာ လိုအပ်ပါတယ်။ တန်ဖိုးမဆုံးအောင် သုံးတတ်ဖို့ပြောတာ ဖြစ်ပါတယ်။ ရွှေအချိန်ငွေအချိန်လို့သာ ပြောရတာကိုး။ *အချိန်ဆိုတာက ရွှေလို လုံလုံခြုံခြုံသိမ်းထားလို့ အထားခံတာမှ မဟုတ်တာ။ ဖြတ်သန်းသွားသခိုက်မှာ အလေအလွင့်မရှိအောင် သုံးနိုင်မှ တန်ဖိုးမဆုံးတာ ဖြစ်ပါတယ်။*

ကိုင်း နေ့စဉ်နေ့စဉ် ဘယ်လိုများ ဖြတ်သန်းသွားတဲ့အချိန်တွေကို သုံးရင်း အချင်းချင်းစိတ်အေးချမ်းသာမှုကို ပေးမလဲ။ စဉ်းစားကြည့်ကြရအောင်ပါ။ သားသမီး ဘယ်အရွယ်ကိုပဲရောက်ရောက် ဘယ့်လောက်ပဲ ချမ်းသာချမ်းသာ ဒါမှမဟုတ် ဘယ့်လောက်ပဲဆင်းရဲဆင်းရဲ မိဘများကတော့ အတူနေသားသမီး အိမ်အပြန်ကို မျှော်ကြတာပါပဲ။ ပင်ပန်း



လာသလား။ အဆင်ပြေခဲ့ရဲ့လားစတဲ့ စိုးရိမ်စိတ်ကလေးနဲ့ မျှော်ကြတတ်ပါတယ်။ အဲသည်လို အိမ်ပြန်ချိန်ကလေးတွေမှာ အမေ အိပ်နေပြီလား၊ နေကောင်းလား။ ဘာမှစိတ်မပူနဲ့၊ အလုပ်များလို့ နောက်ကျတာပါလို့ ပြောလိုက်ရင် အမေ့ခမျာ ရင်အေးသွားမှာပေါ့။ အမေရော အဖေပါ ရှိနေရင်လည်း နှစ်ဦးစလုံးကို ဂရုစိုက်ရမှာပေါ့။ အဖေဆိုရင်လည်း အမေ့ကိုဂရုစိုက်သလိုပဲ ဂရုစိုက်ရမှာဖြစ်ပါတယ်။ ဆုံးပါးခါနီးမှ အဖိုးအင်မတန်ကြီးတဲ့ ဆေးတွေကိုသုံးပြီး မသေပါနဲ့ဦး မေမေရယ်၊ ဖေဖေ မသွားနဲ့ဦးနော်လို့ စိတ်ထဲကဖြစ်ဖြစ် တတတပြောနေပေမယ့် သူတို့ခမျာ ပင်ပန်းရှာပါပြီ။ သွားတော့မယ်ဆိုမှ ဆွဲမထားပါနဲ့။

နေရတဲ့အချိန်မှာကတည်းက အမေ အဖေတို့ဟာ အသက်သိပ်ကြီးနေပြီ။ ခွဲခွာရတော့မယ့်အချိန်ကလည်း နီးနေပြီဆိုတာကို သတိတရ အမြဲရှိစေချင်ပါတယ်။ အိုမင်းတော့လည်း ကိုယ်အားစိတ်အား လျော့ပါးလာစပြုပြီ။ အဲသည်တော့ အမေ့ခုတင်ပေါ်မှာထိုင်ပြီး အားပေးစကားတွေ ပြောပေးတာတို့၊ တစ်နေ့တာ တွေ့ကြုံရတာတွေကို ပြောပေးတာတို့စတဲ့ ချိုမြိန်စရာ ကြည်နူးစရာ အားပြည့်သွားနိုင်စရာ ကောင်းတဲ့ အချိန်ကလေးတွေကို ပေးဖို့ စဉ်းစားကြပါလား။ မမေ့သင့်ကြဘူးနော်။

အချိန်ဆိုတာဟာ ကုန်သွားပြီးရင် ပြန်မရနိုင်ဘူးနော်။ နောက်နေ့မှဆိုတဲ့ အချိန်ရွှေ့နည်းကို ချစ်ခင်တဲ့သူများနဲ့ပတ်သက်လို့ မသုံးသင့်ပါဘူး။ စိတ်ချမ်းသာဖွယ် စကားကလေးများပြောတာ၊ အားပေးစကားကလေးများကို ပြောပေးတာဟာ အင်မတန်မှအဖိုးတန်ပါတယ်။ သားကလေး သမီးကလေးများကလည်း အဖေအမေတို့ အိမ်အပြန်ကို မျှော်တတ်ပါတယ်။ သည်နေရာမှာ အဖေကြီးတို့ကို ပြောရပါမယ်။ အလုပ်ခွင်က သူငယ်ချင်းတွေနဲ့ ကြုံတုန်းဆုံတုန်း စကားပြောနေလိုက်တာ မနက်က သားကလေးကို ပေးခဲ့တဲ့ကတိစကားကို မေ့သွားလောက်အောင် ဖြစ်တယ်ဆိုတာကတော့ မသင့်တော်လှပါဘူး။ သားကလေးမှာ

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



အိပ်လို့သာ အိပ်သွားရတယ်။ စိတ်မပျော်နိုင်ရှာပါဘူး။ ပြီးတော့လည်း နောက်တစ်ခါဆိုရင် ဖေဖေကြီးက ကတိပေးပြီးရင် မတည်ဘူးနော်လို့ အမှတ်မှားသွားရင် ချိန်မြန်တဲ့အချိန်များမှာ ခါးသက်သက်ဖြစ်သွားနိုင်ပါတယ်။

အတိုဆုံးနဲ့ လိုရင်းကိုအရောက်ဆုံး ပြောရမယ်ဆိုရင်တော့ 'သေဆုံးခါနီးမှာမှ မခွဲနိုင်မခွာရက်ဖြစ်မနေဘဲ နေ့စဉ်နေ့စဉ် ဘဝအဆစ်အပိုင်းတိုင်း အစိတ်အပိုင်းတိုင်းကို ချိန်မြန်စွာသုံးစားရင်း အချင်းချင်းချစ်ကြည်လေးမြတ်စွာ နေထိုင်နိုင်ဖို့ ကြိုးစားစေချင်ပါတယ်။'

အခုလို တည်တည်ကြည်ကြည် စကားများကို ပြောရင်း ဖောက်လာတယ်လို့တော့ မထင်ကြစေလိုပါဘူး။ ရယ်စရာကောင်းတဲ့အကြောင်းကလေးတစ်ခုကို မနေ့တစ်နေ့ကမှ ဖတ်မိလို့ ပြောချင်တာရှိပါတယ်။ ရီးဒါးစ်ဒိုင်ဂျက်ထဲမှာ ပါတာကို ဖတ်မိတာဖြစ်ပါတယ်။ တစ်နေ့တော့ အဝေးပြေးလမ်းမကြီးပေါ်မှာ ကားတိုက်မှုဖြစ်ပါတယ်တဲ့။ ကားက လုံးဝပျက်စီးသွားပါတယ်။ ကားအပြင်ဘက်မှာ အမျိုးသမီးတစ်ယောက်ကတော့ အကြောက်လွန်ပြီး ငိုရင်းရှိုက်ရင်း ဗလုံးဗထွေး ပြောနေပါတယ်တဲ့။ သူ့ကိုဘာမှမေးလို့မရတော့ လူတစ်ယောက်က အကြောင်းကြားရမယ့် ရဲစခန်းတို့ ဆေးရုံတို့ကို သူ့မှာပါတဲ့ လက်ကိုင်ဖုန်းနဲ့ လှမ်းပြောတာပေါ့။ အမျိုးသမီးတစ်ယောက် အသက်ကတော့ ၃၅ နှစ်လောက်ရှိတယ်။ စကားမပြောနိုင်ဘူး။ အကြောက်လွန်ပြီး ငိုနေတယ်။ ဗလုံးဗထွေးပဲပြောနေတယ်လို့ အဲသည်လူက အသံကျယ်ကျယ်နဲ့ သတင်းပို့နေပါတယ်။ အဲသည်တော့မှ ငိုနေရှိုက်နေတဲ့အမျိုးသမီးက အငိုရပ်ပြီး လှမ်းပြောတယ်တဲ့။ ကျွန်မအသက်က ၃၂ နှစ်တဲ့။

အဲသည်လိုအဖြစ်မျိုးကတော့ အများကြီးပါပဲ။ အသက်ကြီးတာကို လူတွေက မလိုလားတတ်ကြပါဘူး။ အသက်ကို လျှော့ပြောလားပြောရဲ့။ ကြီးတဲ့သူကို ငယ်တယ်လို့ထင်ရင် မထောင်းသာပါဘူး။



ငယ်တဲ့သူကို ကြီးတယ်လို့ထင်ရင်တော့ ငယ်တဲ့သူက ကက်ကက်လန်အောင် ဖြေရှင်းလား ဖြေရှင်းတတ်ရဲ့။ ဘာတွေလဲ။ ဘာကြောင့်များ သည်လောက် အသက်က အရေးကြီးနေတာလဲ။ အသက်ကြီးတာကို ဘာကြောင့်ကြောက်တာလဲ။ သေချာတာက အသက်ကြီးခြင်းနဲ့ အိုမင်းရင့်ရော်ခြင်း နာခြင်း သေခြင်းဆိုတဲ့အရာတွေဟာ စဉ်ဆက်မပြတ်ဖြစ်ပေါ်တတ်ကြတာကိုး။ ပြီးတော့ မရေတွက်လို့ မဖြစ်လို့ ရေတွက်နေတဲ့ ရက်တွေနှစ်တွေနဲ့အတူ ကိုယ့်မှာ အရေးအချင်း အရေးအသွေးတက်မလာရင် ကြီးတဲ့အမှတ်အသားဖြစ်တဲ့ အသက်ကို တယ်ပြီးမဖော်ပြချင်တတ်ပါဘူး။ ငယ်ငယ်ကလေးနဲ့ တော်လိုက်တာဟယ်လို့ ပြောခံရတာက အသက်ငယ်သည့်တိုင် အရည်အချင်းက ပိုကဲနေလို့ ချီးမွမ်းတဲ့စကားဖြစ်တဲ့အတွက် နားအကြည်မှာ ကြားရတာ ကြည်မွေ့နိုင်ပါတယ်။

အသက်ကြီးတဲ့သူများမှာလည်း ကြည်မွေ့စရာ ကောင်းတာကလေးတွေလည်း ရှိပါသေးတယ်။ အသက်သာကြီးတယ်၊ ကုသိုလ်ကောင်းလိုက်တာ၊ သန်သန်မာမာပဲ။ မှတ်ဉာဏ်လည်း ကောင်းတယ်။ သတိလည်းကောင်းတယ်။ အလုပ်ကလည်း လုပ်နိုင်သလားမပြောနဲ့တော့ ဆိုတဲ့စကားများနဲ့တွဲပြီး ကြားရမယ်ဆိုရင် အသက်ကြီးတဲ့အတွက် ဘာမှစိတ်ပျက်စရာ မကောင်းလှပါဘူး။ အဲသည်လို စိတ်ပျက်ဖွယ်မကောင်းတဲ့ အိုခြင်းကို ကိုယ့်ဘာသာကိုယ်ပဲ တည်ဆောက်ရမှာနော်။

လောကမှာ ရပ်နေတာကတော့ ဘာမှမရှိပါဘူး။ မရပ်လို့ဘဲ ရေတွက်နေရတယ်လို့ ယောဆရာတော်ကြီးဟောတဲ့ **"ဘဝတစ်ခေါက်ခဏရောက်"** ဆိုတဲ့တရားတော်ထဲမှာ နာလိုက်ရပါတယ်။ ဝဋ်မွှာသခၤါရာဆိုတာဟာ ရပ်နေတာ ဘာမှမရှိကြဘူးတဲ့။ ပြုပြင်ပြောင်းလဲနေတဲ့ သဘာဝရှိပါတယ်။ ကောင်းကင်က နေကလည်း မရပ်၊ အသက်ကလည်း မရပ်၊ ခန္ဓာကလည်း မရပ်၊ အချိန်နာရီတွေကလည်း မရပ်၊

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ဘာကမှမရပ်တော့ စားဝတ်နေရေးကလည်း မရပ်ရ။ မရပ်တော့လည်း အရေအတွက်တွေကလည်း ပါလာရတော့တာပါပဲ။ စိတ်မပါလည်း ရေတွက်၊ စိတ်ပါလည်း ရေတွက်နေရတာပါပဲ။ တကယ်လို့သာ *အသက်တွေက ရေတွက်သလောက် အရည်အသွေးတွေက ပြည့်ဝနေတယ်ဆိုရင် ရေတွက်ရတာက အကြောင်းမဟုတ်ပေမယ့် အရည်အသွေးက နည်းပါးနေတယ်ဆိုရင်တော့ ရေတွက်ရတာ သိပ်ပြီးစိတ်ပျော်ရွှင်မယ်မဟုတ်ပါဘူးလို့* ဆရာတော်ကြီးက ဟောတော်မူပါတယ်။

ဆရာတော်ကြီးက မှတ်သားစရာအကြောင်းအရာကလေးများကို လင်္ကာကလေးများနဲ့ ဟောကြားတော်မူတတ်ပါတယ်။ အဲသည်လင်္ကာကလေးတစ်ခုကို တင်ပြပါရစေ။

လောကတွင်းမှာ အရာရာ ရပ်တာ ဘာမှမရှိကြ။
စိတ်မပါလည်း မရပ်ဘဲ မြဲရေတွက်ရ။
စွမ်းအားမပါ ရေစရာ လွန်စွာကြောက်လန့်ရ။
စွမ်းအားပြည့်ကာ ရေစရာ လွန်စွာအားရှိလှ။
စိတ်ကိုသန့်စွာ ကောင်းစွာလုံစေ အားတက်စေ၍
အရေအတွက် အားဖြည့်စွက် ဟာကွက်ဖြည့်နိုင်ကြ။
**ဘဝတစ်ခေါက် ခဏရောက် မကြောက်ရအောင် ကြိုးစားကြ။**

တကယ်တော့ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏ဆိုတဲ့ စကားကို ကြားဖူးကြသူ များပါတယ်။ ကွေကွင်းခြင်းဆိုတဲ့နေရာကို မရောက်အောင် နှေးနှေးသွားလို့လည်း မရနိုင်ပါဘူး။ တစ်ခါတစ်ရံ သူက ရှေ့တိုးလာသလိုပဲ။ ကွေကွင်းမှ စိတ်ဆင်းရဲတာမျိုးထက် မကွေကွင်းခင်မှာ ချစ်ခြင်းမေတ္တာနဲ့ တစ်ဦးကိုတစ်ဦး သက်ညှာစွာ ဆက်ဆံခဲ့မယ်ဆိုရင် ငါမှားတယ်ဆိုတဲ့ အတွေးမျိုးက ကိုယ်နေရမယ့် အချိန်အပိုင်းအခြားများမှာ ကိုယ့်နှလုံးသားကို တတိတိစားပြီး နေမှာမဟုတ်တော့ပါဘူး။



စိတ်ရင်းစေတနာကောင်းနဲ့ ဆက်ဆံပြောဆို ကူညီယုယခဲ့တယ်ဆိုရင် ဆုံးပါးသွားလို့ ကိုယ်က ငိုရတဲ့သူများအတွက်သာ အဆင်ပြေချောမွေ့စေတာ မဟုတ်ပါဘူး။ ကိုယ့်အတွက်လည်း အဆင်ပြေစေနိုင်ပါတယ်။ တကယ်တော့ စေတနာစိတ်ကောင်း ထားတယ်။ သူတစ်ထူးကို ကောင်းစေလိုတဲ့စိတ်နဲ့ အမြဲဆက်ဆံတယ်ဆိုတာ ကုသိုလ်စိတ်တွေဖြစ်ပါတယ်။ လောကီရေးမှာတောင် အဲသည်လို စိတ်ကောင်းထားဖို့ ကြိုးစားတဲ့သူဟာ စေတနာဒါနလည်း ပြီးသား ဖြစ်သွားပါတယ်။ ပြီးတော့ မဟုတ်တာ မမှန်တာကိုမလုပ်ဘူး။ သူတစ်ပါးကို စိတ်အားဖြင့် ကိုယ်အားဖြင့် ဆင်းရဲစေမယ့်အမှုများကို မပြုဘူးဆိုရင် သီလလည်း စောင့်ပြီးသား ဖြစ်သွားပါတယ်။

အဲသည်လိုလူမျိုးဟာ စွမ်းအားပြည့်သူများ ဖြစ်ပါတယ်။ ကောင်းတဲ့စိတ်က ဦးဆောင်ပြီး သူဆောင်ရွက်သမျှတွေဟာ စွမ်းအားပြည့်တဲ့အလုပ်များဖြစ်ပါတယ်။ ကောင်းမှုတော့ လုပ်ပါရဲ့၊ ပကာသန ခြံရံပြီး လူသူလေးပါးက အထင်အမြင် သေးမှာစိုးရ၊ ကိုယ့်ကို မစမယ့်သူက ငြိုငြင်သွားမှာစိုးရနဲ့ သောကတွေများနေရတယ်ဆိုရင် စွမ်းအားပြည့်တဲ့ ကောင်းမှုကုသိုလ် မဖြစ်နိုင်ပါဘူး။

အဲသည်တော့ နေနေရသမျှအချိန်မှာ အချိန်နဲ့အမျှ ကိုယ်လည်း အကျိုးရှိ၊ သူလည်းအကျိုးရှိအောင် စိတ်ကိုလည်း သန့်စင်အောင်ထားပါ။ သီလကိုလည်း လုံအောင်နေပါ။ ကိုယ်နဲ့ပတ်သက်သူများကိုလည်း ကောင်းစေချင်တဲ့စိတ် ထားပါ။ အဲသည်လိုကောင်းတဲ့ စိတ်အခြံအရံနဲ့ ဆောင်ရွက်နေထိုင်ခြင်းအားဖြင့် ဆုံးသွားသူအတွက် ဘာဖြင့်လုပ်မပေးလိုက်ရလေဆိုပြီး ပူပန်စရာလည်းမရှိ၊ ငါဖြင့် ကောင်းမှုလည်း မလုပ်ရသေးဘူး။ ခုနေသေရင်တော့ ဒုက္ခလို့လည်း တွေးစရာမလိုဘဲ အချိန်ကုန်သွားတော့လည်း အေးဆေးစွာ ထွက်ခွာနိုင်ကြဖို့ လိုပါတယ်။

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## သေခြင်းဆိုတာ သိမ်မွေ့တယ် အလေးအမြတ်ပြုအပ်တယ်

ကျွန်မဖေဖေ ဆုံးပါးခါနီးတော့ နှာခေါင်းပိုက်တပ်ကြရပါတယ်။ ၁၉၈၄ ခုမှာဆိုတော့ တင်ရတဲ့ဆေးရုံကလည်း အဆင်မပြေလှပါဘူး။ နှာခေါင်းပိုက်တပ်ပေးတဲ့သူကလည်း ဖေဖေက လျှာနဲ့ကော်ပြီး ပြန်ထုတ်ပစ်တယ်ဆိုပြီး ငေါက်ငေါက်ငမ်းငမ်းနဲ့ လုပ်နေပါသေးတယ်။ ဒါတောင်မှ ဆရာဝန်တစ်ယောက်ရဲ့ ဘကြီးအနေနဲ့ ဖေဖေ့ကိုတင်တာပါနော်။ နို့မဟုတ်လို့ကတော့အခက်ပါပဲ။ ဆေးရုံလိုနေရာမျိုးမှာ စာနာထောက်ထားတတ်တဲ့သူ မဟုတ်တဲ့သူများနဲ့ တွေ့ရတာ စိတ်သိပ်ဆင်းရဲရပါတယ်။ တကယ်တော့ အဲသည်ကလေးက ဆေးရုံမှာ ဘယ်အဆင့်မှရတဲ့သူ မဟုတ်ပါဘူး။ ဆေးရုံမှာအနေကြာတော့ လူမရှိတာနဲ့ တော်တော်တန်တန် ကိစ္စဆိုရင် သူ့ကိုခိုင်းနေရတာပါပဲ။ သူ့ကို ကျွန်မတို့က ရန်မလုပ်ရဲပါဘူး။ တိုးလျှိုးတောင်းပန်ရပါတယ်။ ကိုယ့်လူနာကို ဒုက္ခပေးနေရင် အခက်ကိုး။

ကျွန်မစိတ်ထဲမှာ နှာခေါင်းပိုက်တပ်တာကို သိပ်စိတ်ညစ်သွားပါတယ်။ ဖေဖေဟာ ဆေးရုံမှာ ငါးရက်ပဲကြာပါတယ်။ အဲသည်ငါးရက်စလုံး နှာခေါင်းပိုက်ကပဲ ဆေးသွင်းရပါတယ်။ အစားအစာ (အရည်များ) သွင်းရပါတယ်။ ဆရာဝန်များကတော့ မျှော်လင့်ချက်မရှိတော့ဘူးလို့ မပြောပါဘူး။ ဆေးတွေကိုလည်း ဆုံးမယ့်နေ့မှာ ထပ်ပြီးဝယ်ခိုင်းပါတယ်။ ကျွန်မတို့ကလည်း အပြည့်ဝယ်ပါတယ်။ ဖေဖေဆုံးသွားတော့ ဆေးတွေကိုလှူလိုက်ပါတယ်။ ဆရာဝန်များဟာ လူနာဆုံးပါးတော့မယ်ဆိုတာကို သိနေပေမယ့်လည်း ဆရာဝန်များလိုက်နာအပ်တဲ့ ကိုယ်ကျင့်



တရား Medical Ethics အရ ညွှန်းစရာရှိတဲ့ဆေးကို အကုန်ညွှန်းတာပဲဆိုတာကို သိခဲ့ပါတယ်။

ဆုံးပြီဆိုကာမှ နှာခေါင်းပိုက်ကိုဖြုတ်တော့ ဖေဖေရယ် အခုတော့ သက်သာသွားပြီပေါ့နော်လို့ ပြောမိပါတယ်။ ဖေဖေ့ကို ဆေးကုဖို့ ရေနံချောင်းကနေပြီး ရန်ကုန်ကိုခေါ်လာတုန်းက အခြေအနေမဆိုးဘဲနဲ့ ဘာဖြစ်လို့ နှစ်ပတ်အတွင်း ဆုံးရတာပါလိမ့်၊ ငါများ မှားပြီလားလို့လည်း တွေးမိပါတယ်။ အဲသည်အကြောင်းကို ညီမလေးလိုခင်တဲ့ ဆရာဝန်မကလေးကိုခေါ်ပြီး ပြောမိတော့ သူက မဟုတ်ဘူးမမ၊ ဘဘကြီး ဝမ်းမသွားလို့ ကျွန်မကိုခေါ်တဲ့ညက အိပ်လို့မပျော်ဘဲနဲ့ ဟောက်သံကြီးလိုထွက်နေတာ ဘယ်တုန်းကတည်းကလဲလို့ ကျွန်မမေးမိတယ်လေ။ မမက ရန်ကုန်ကို ခေါ်မလာခင်ကတည်းက အဲသည်လိုအသံထွက်နေလို့ စာဖတ်ပြတာကို အိပ်ငိုက်ရင်း နှားဟောင်နေသလားလို့ မေးမိတယ်လို့ ဖြေဖူးတယ်၊ ကျွန်မက မမကို အဲသည်ကတည်းက ဆေးရုံတင်ပါလို့ ပြောမိပါတယ်။ အဲသည်အသံထွက်လာတာဟာ ကိုယ်တွင်းမှာ ရှိနေတဲ့ အက်ဆစ်ဓာတ်များကို မချေဖျက်နိုင်တော့လို့ ထွက်လာတာပဲ။ အဲသည်လို အသံမျိုးထွက်နေတဲ့သူဟာ မကြာခင်မှာ ဆုံးမှာသေချာပါတယ်။ မမခေါ်လာလို့ ဆေးရုံကိုတင်လိုက်ရလို့ သက်သောင့်သက်သာ ဆုံးပါးရတာပေါ့လို့ ဖြေသိမ့်ပါတယ်။

မေမေ့ကိုဆေးရုံတင်ရတော့ မေမေဆုံးပါးခါနီးပြီ ဆိုတဲ့အချိန်မှာ ကျွန်မက နှာခေါင်းပိုက်တွေ မတပ်ပါနဲ့တော့လို့ ဆရာဝန်များကို တောင်းပန်ပါတယ်။ အဲသည်နေ့ နောက်တစ်နေ့မှာ မေမေ့ကိုပို့ပြီး ဂရုတစိုက်လုပ်နိုင်ဖို့ ဆေးရုံကြီးတစ်ရုံကို ပြောင်းပြီးတင်ပါတယ်။

နောက်တင်တဲ့ဆေးရုံမှာ ဆရာဝန်များက ကျွန်မကို ရှင်းပြပါတယ်။ ရှင်းပြတဲ့အထဲမှာ မှတ်မိတာကတော့ မေမေ့ကို တင်တဲ့အခန်းမှာပဲ ဆရာတော်ကြီးတစ်ပါးကို မရတော့ဘူးလို့ထင်နေကြပေမယ့် နှာခေါင်း

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ပိုက်ထည့်ပြီး ဆေးသွင်းကာ အစာသွင်းကာနဲ့ ကုသလိုက်တာ ပြန်ပြီး ရှင်လာတယ်လို့ ဆိုပါတယ်။ တကယ်လားလို့မေးတော့ တကယ်ပါလို့ ဆရာဝန်ကြီးတွေကပြောပြီး နှာခေါင်းပိုက်လည်း တပ်ပါတယ်၊ ဆီးပိုက်လည်းတပ်ပါတယ်။ မေမေဟာ အဲသည်ဆေးရုံမှာ မကြာပါဘူး။ ဆုံးပါးသွားတာပါပဲ။ ကျွန်မက အဲသည်အချိန်ကစပြီး ပိုက်တွေကိုမကြိုက်လိုက်တာများ ပြောမပြတတ်ပါဘူး။

အဲဒါကြောင့် ပထမဆောင်းပါးများထဲမှာ အမေ့ကို ပိုက်တွေ တပ်ပြီး ဆွဲမထားပါနဲ့။ အေးအေးဆေးဆေးစွာထွက်ခွာပါရစေလို့ အမှာစာရေးခဲ့မိတာ ဖြစ်ပါတယ်။ မနေ့တစ်နေ့က မိတ်ဆွေတစ်ယောက် ဆုံးပါးခါနီးမှာ ပိုက်တွေနဲ့ နှလုံးနှိုးစက်နဲ့ အသက်ရှူစက်နဲ့ မသက်မသာဖြစ်နေတာကို တွေ့ခဲ့ရတော့ စိတ်ဆင်းရဲလိုက်တာလေ။ လူနာရှင်များကလည်း ဘာကိုမှ နားမလည်နိုင်လောက်အောင် ဖြစ်နေကြပါတယ်။ ကိုယ်ချင်းလည်းစာပါတယ်လေ။ ကိုယ်လည်း အဲသည်လိုပဲ ပြောတာကိုလည်း မကြား၊ ကြားရင်လည်း နားမလည်နဲ့ ဖြစ်နေခဲ့ဖူးတာကိုး။ လူနာကလည်း အသက်ကြီးပြီ၊ လူနာရဲ့ခင်ပွန်းကလည်း အသက်ကြီးပြီ။ သို့သော် ကြင်နာစွာ ယုယစွာ လက်ကလေးကိုကိုင်ပြီး ငေးကြည့်နေတာဟာ ကြည့်နေသူများကို လှိုက်လှဲနာကျင်စေတဲ့ မြင်ကွင်းဖြစ်ပါတယ်။ ဆရာဝန်တစ်ယောက်ကတော့ လာပြီးမေးပါတယ်။ လူနာကို ညင်ညင်သာသာ ထွက်ခွာစေချင်ပါသလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဘယ်သူကမှ ဘာမှမပြောတော့ ဆရာဝန်လည်း နောက်ထပ်ဘာစကားကိုမှ ဆက်မပြောတော့ပါဘူး။ လူနာဆုံးပါးသွားလို့ ရှေ့နောက်ကို အနည်းငယ်ဖြစ်စေ ဆင်ခြင်နိုင်မှ လူနာရဲ့ခင်ပွန်းဖြစ်သူက ကျွန်တော်ကလည်း ဆရာဝန်ပြောတာကို နားမလည်ခဲ့ဘူးဗျာ၊ မေးတော့လည်း မေးရှာသားပါပဲလို့ ပြောပါတယ်။ ဘယ်သူကမှ ဘာမှမပြောဘဲနဲ့ သူက ကောက်ခါငင်ကာ ပြောတာဆိုတော့ သူလည်း တွေးနေဟန်တူပါတယ်။



ကျွန်မက ဒီကနေ့ပဲ ဆရာဝန်ကြီးတစ်ယောက်နဲ့ တွေ့ပါတယ်။ ဘယ်လိုကုသိုလ်ကောင်းမှုန်းမသိတဲ့ ကျွန်မဟာ ချစ်ခင်တဲ့စိတ် သက်သက်နဲ့ အိမ်အထိလာပြီး ကြည့်ပေးတဲ့ အထူးကုဆရာဝန်ကြီးက ချစ်ခင်စွာနဲ့ အမေကြီးလို့ခေါ်တာကိုလည်း ခံယူရပါသေးတယ်။ အမေကြီးဖြစ်တာတော့ မပြောနဲ့၊ ဘွားဘွားကြီးလို့ အားပါးတရခေါ်တဲ့ မြေးတွေတောင်မှ မနည်းတော့ပါဘူး။

ဆရာဝန်ကြီးက အိမ်ကိုလာကြည့်ရတာက ကျွန်မက ဆေးခန်းကိုမသွားဘဲ ပြေးနေတတ်လွန်းလို့ဖြစ်ပါတယ်။ အဲသည်ဆရာဝန်ကြီးနဲ့ ဒီကနေ့ စကားပြောဖြစ်ကြတော့ ဆေးပညာသာကျွမ်းကျင်တာမဟုတ်ဘဲ လူကိုအင်မတန် တန်ဖိုးထား လေးစားတတ်တဲ့ မေတ္တာစေတနာကြီးမားသူ တစ်ယောက်ဆိုတာကိုလည်း သိလိုက်ရပါတယ်။ မာန်မာနလည်း နည်းပါးပြီး ကျွန်မ မသိနားမလည်စွာနဲ့ ပြောတဲ့စကားများကို နားထောင်ပြီး ကျွန်မအမြင်တွေ တိမ်းစောင်းနေတာတွေကို တည့်မတ်ပေးသွားပါတယ်။

ကျွန်မက ပိုက်တွေကို မကြိုက်တဲ့အပြင် ရောဂါကိုမပြောဘဲထားတာကိုလည်း မကြိုက်ဘူး။ အမှန်အတိုင်းသိချင်တယ်လို့ ပြောပါတယ်။ ဆရာကြီးက အမေကြီးရယ်၊ အဲသည်လို စိတ်ဓာတ်ခိုင်မာရင်တော့ အကောင်းဆုံးပါပဲ။ သို့ပေမဲ့ ကျွန်တော်တို့ကတော့ ဘယ်လူနာကိုမှ ခင်ဗျားတော့ ကင်ဆာဖြစ်နေပြီဗျာလို့ မပြောနိုင်ပါဘူး။ လူနာရှင်ကိုတောင်မှ ပြောသင့်တဲ့အချိန် ပြောသင့်တဲ့နေရာ ပြောပုံပြောနည်းကအစ သတိထားပြီး အသက်သာဆုံး အပြေပြစ်ဆုံးဖြစ်အောင် ရွေးချယ်ပြီး ပြောရမှာပါပဲလို့ ပြောပါတယ်။ အဲဒါတောင်မှ ကျွန်မက အတွန့်တက်ပြီး ဆရာကြီး၊ အမေကြီးတို့ မေမေ့ကို ဆုံးတဲ့အထိ ဖုံးထားခဲ့တယ်။ အမေကြီးဆိုရင်တော့ ဖုံးထားဖို့ ခက်လိမ့်မယ်။ အနည်းနဲ့အများ စာဖတ်ဖူးနေတာကိုး၊ ဆေးအမည်တွေလည်း ကြားဖူးနေတာကိုးလို့ ပြောပါ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



တယ်။ ပြီးတော့လည်း အမေကြီးမှာ ကြိုပြီးသိရရင် လုပ်စရာကလေးတွေကို လက်စသတ်အောင် လုပ်နိုင်မှာဖြစ်လို့ ဖြစ်နိုင်ရင် ကြိုတင်ပြီး သိချင်ပါတယ်လို့ ပြောမိပါတယ်။ ကျွန်မက အဲသည်လိုပြောရင်း ဖတ်ဖူးတဲ့ကိစ္စတစ်ခုကို သတိရလိုက်ပါတယ်။

လူတစ်ယောက်ဟာ ဗိုက်ကိုဓားထိုးခံရလို့ ဆေးရုံကို ရောက်လာပါတယ်တဲ့။ ဖြစ်တဲ့အချိန်က နှစ်ပေါင်းလေးဆယ်လောက်ရှိပါပြီ။ နယ် မြို့ကလေးတစ်မြို့မှာ ဖြစ်ခဲ့တာပါ။ သူ့ဝမ်းဗိုက်က ဓားဒဏ်ရာဟာ သွေးကြောမကြီးကို ပြတ်သွားစေတဲ့ ဓားဒဏ်ရာဆိုတော့ ဘယ်လိုမှ ကယ်လို့မရဘူးဆိုတာကို ဆရာဝန်က သိပါတယ်၊ သက်သာအောင်သာ ဆောင်ရွက်ပေးရမှာကိုး။ လူနာကလည်း ကျွန်တော်သေမှာလား၊ ကျွန်တော်သေမှာဆိုရင် ပြောပါ။ ကျွန်တော့မှာ မှာစရာကလေးတွေ ရှိနေလို့ပါလို့ ပြောပါသတဲ့။

ဆရာဝန်ကလည်း နာရီပိုင်းအတွင်း ခင်ဗျားသေတော့မှာလို့ မပြောနိုင်ပါဘူးတဲ့။ ဆရာဝန်များရဲ့ ကျင့်ဝတ်အရ မပြောနိုင်ဘူးပေါ့လေ။ စိတ်အေးအေးထားပါ။ မှာစရာရှိတာကို စိတ်ရှင်းအောင် မှာချင်မှာပါ။ ခင်ဗျားမသေနိုင်ပါဘူးလို့ ပြောရပါသတဲ့။ အဲသည်လူဟာ သေသာသွားတယ်။ ဘာမှ မမှာခဲ့ပါဘူးတဲ့။ ကျွန်မက အဲသည်စာကို ဖတ်ဖူးထားတာကတော့ အရှည်ကြီးဖြစ်ပါလိမ့်မယ်။ သို့ပေမဲ့ လူနာဟာ သူသေမယ်ဆိုမှ မှာမယ့်စကားဆိုတာ ဘာပါလိမ့်ဆိုပြီး စွဲသွားလို့ထင်ပါတယ်။ အဲသည် အကွက်ကလေးတစ်ကွက်ကို မမေ့ဘူးဖြစ်နေပါတယ်။

ပြီးတော့လည်း ဆရာကြီးက ရောဂါကို ပြောမပြနိုင်ပါဘူးလို့ ဆိုနေတဲ့ကြားထဲက သေသေချာချာသိချင်တယ်လို့ ကျွန်မက ပြောနေပြန်တယ်။ တရားမရှိလိုက်တာ။ ဆရာကြီးပြောတာ မပြောတာ နောက်ထား။ ကိုယ့်ဘာသာလည်း ကိုယ်သိနိုင်သားနဲ့။ အချိန်ကနည်းနေပြီပဲဟာ၊ တစ်ရက်ကြီးလာရင် တစ်ရက်လျော့တာပဲ။ တစ်ခါတလေ တိုးလာတယ်



လို့ ပြောနိုင်တဲ့ကိစ္စ မဟုတ်ဘူးလေ။ အဲသည်တော့ လုပ်စရာရှိတာကို လုပ်ပေါ့နော်။

ဆရာကြီးပြောတဲ့ စကားကလေးက သိပ်ပြီးနူးညံ့ပါတယ်။ “သေတယ်ဆိုတဲ့ကိစ္စက သိပ်အရေးကြီးတယ်။ သိပ်လည်းသိမ်မွေ့ပါတယ်။ အဲဒါကြောင့် လေးလေးစားစား ဆောင်ရွက်ရမယ်။ သိမ်သိမ်မွေ့မွေ့ ချဉ်းကပ်ရမယ်”လို့ စကားကို စပြီးပြောပါတယ်။ ဆရာကြီးပြောတဲ့ စကားထဲမှာ လူနာအနေနဲ့ ဘယ့်လောက်ပဲယိုယွင်းလာပြီဖြစ်စေ၊ ခင်ဗျား မနေရတော့ဘူးလို့ မပြောနိုင်ဘူး။ တကယ်တော့ လူ့သက်တမ်းကို အဲသည်လို ကိုယ့်စိတ်နဲ့ကိုယ် နှုတ်ကမြွက်ပြီး ဆုံးဖြတ်လို့မရဘူး။ မပြောနိုင်တဲ့ အခြေအနေတွေက ဖြစ်လာနိုင်သေးတယ်။ အဲသည်တော့ လူနာကို အသက်ရှင်နေသရွေ့ ကျွန်တော်တို့က ဆေးပေးနေရမယ်။ အစာလည်း ကျွေးနေရမယ်။ အဲသည်တော့ နှာခေါင်းပိုက်က တပ်ရမှာပဲလို့ ပြောပါတယ်။ လူနာဟာ ဆုံးပါးတော့မယ့်အနေကို ရောက်နေပြီဖြစ်ပေမယ့် မဆုံးပါးသေးဘူး။ အသက်ရှင်လျက် ရှိနေသေးတယ်။ အဲသည်လိုဆိုရင် သေတော့မှာပဲလေဆိုပြီး ပစ်ထားလိုက်ရင် ပါဏာတိပါတာကံကို ကျွန်တော်တို့ကျူးလွန်ရာကျမှာပေါ့။ အဲသည်တော့ အဲသည်လို မလုပ်နိုင်ဘူး။ ပါးစပ်က မဝင်တော့ရင် နှာခေါင်းက ပိုက်တပ်ပြီး အစားအစာ ကျွေးရမှာပဲ။ ဆေးလည်းသွင်းပေးရမှာပဲ။

အမေကြီး အဲသည်လို လုပ်တိုင်းလည်း မရတဲ့သူရှိသလို ပြန်ပြီး အသက်ရှင်လာတဲ့သူလည်း ရှိပါတယ်။ ကျွန်တော့ လူနာတစ်ယောက်ဆိုရင်ဆရာတော်ကြီးတစ်ပါးပါ။ အစားလည်း မဝင်တော့ပါဘူး။ ဆုံးပါးတော့မယ့်အနေပါပဲ။ သို့ပေမဲ့ ကျွန်တော့ဆရာကြီးက နှာခေါင်းပိုက် တပ်လိုက်ပါလို့ ပြောတဲ့အခါမှာ ကျွန်တော်က ဆရာတော်ကြီးရဲ့ ဒကာဒကာမများနဲ့ တစ်မနက်လောက် ဆွေးနွေးရပါတယ်။ နောက်ဆုံး သူတို့ထံက ခွင့်ပြုချက်ရတဲ့အခါမှာ နှာခေါင်းပိုက်တပ်ရပါတယ်။ ဆေးဝါးနဲ့

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



အစာထည့်ပေးရပါတယ်။ လက်မောင်းကနေပြီး Drip သွင်းပေးရပါတယ်။ လူ့ကံများ မပြောနိုင်ပါဘူး။ ဆရာတော်ကြီးဟာ နောက်ထပ် ငါးနှစ်လောက် ဆက်လက်နေသွားနိုင်ပါတယ်။ နှာခေါင်းပိုက်က သိပ်ပြီးလည်း ကသိကအောင့် မဖြစ်လှပါဘူး။ တစ်ခုတော့ ရှိတာပေါ့။ သွေးကြောရှာမရတဲ့သူကို အသားလှီးပြီးထည့်ရမယ်ဆိုရင်တော့ မျှော်လင့်ချက် မရှိတော့တဲ့သူဆိုရင် သူ့ကို အပိုဝေဒနာခံစားစေသလို ဖြစ်မှာစိုးလို့ မလုပ်သင့်ပါဘူး။

ဆရာကြီးပြောတဲ့စကားတွေက စိတ်ဝင်စားစရာကောင်းလိုက်တာ။ ဟုတ်တာပေါ့။ ရှင်နေသေးတဲ့သူကို ရေမပေး အစာမပေးဘဲထားတယ်ဆိုရင် ညှာတာရာမကျဘဲ ပေယျာလကန်ထားလိုက်သလို ဖြစ်မှာပေါ့၊ ရက်စက်ရာကျမှာပေါ့။ အဲသည်တော့ ကျွန်မတောင်မှ မဖြစ်ဘူး ဖြစ်ခဲ့သော် နှာခေါင်းပိုက်တပ်ခွင့်ပေးပါတယ်လို့ ပြင်ဆင်ပြီး ပြောရမှာပါပဲ။

ဝိုမိုလေးနက်တဲ့ကိစ္စကတော့ နှာခေါင်းပိုက် တပ်သည်ဖြစ်စေ လူနာအကြောင်းကို အသိပေးသည်ဖြစ်စေ လူနာရှင်ကို သီးသန့်အခန်းထဲမှာ ခေါ်ပြီးတွေ့ကာ အားနေတဲ့အချိန်ဆိုရင် ကော်ဖီပူပူကလေးတိုက်၊ ပူတဲ့အချိန်ဆိုရင် အအေးကလေးတိုက်ပြီးတော့ ကျွန်တော်ကတော့ ဆရာဝန်ဘယ်သူ ဖြစ်ပါတယ်။ ခင်ဗျားတို့လူနာကို ကျွန်တော်ကြည့်ပေးနေပါတယ်။ လူနာကတော့ ဘယ်လိုဝေဒနာကို ခံစားနေရပါတယ်။ ဘယ်လို ကုသမှုမျိုးတွေကို ပေးထားပါတယ်ဆိုတာကို တစ်ချက်ချင်း တစ်ချက်ချင်း အေးအေးသက်သာ ပြောပြရပါမယ်တဲ့။ ပြီးတော့ လူနာကို သေတော့မယ်လို့တော့ မပြောသင့်ဘူးတဲ့။ လူလူချင်း သေမယ် ရှင်မယ်ဆိုတာကို ကြိုတင်ဆုံးဖြတ်ချက် မပေးနိုင်ဘူးတဲ့။ အရေးကြီးတဲ့ အချိန်ဖြစ်တယ်ဆိုတာကိုတော့ သိစေရမှာပေါ့လေ။

ဒါမှ လူနာကို သက်သာအောင် အေးဆေးစွာထွက်ခွာနိုင်အောင်



(Tender Loving Care) ပေးထားမယ်ဆိုရင်လည်း သင့်တော်ပါတယ်။ ဒါမှမဟုတ် နှလုံးနှိုးစက်တွေ အသက်ရှူစက်တွေနဲ့ အသက်ကိုပြန်ရှင်အောင် ကြိုးစားချင်သလားလို့လည်း မေးရမှာပါပဲတဲ့။ တချို့တော့ ဘယ်နှစ်ရက် အသက်ရှင်နေနိုင်သလဲဆိုတာကို မေးတတ်ပါတယ်။ လူနာခံစားနေရတဲ့ ဝေဒနာနဲ့ အခြေအနေများကိုတော့ ရှင်းပြရမှာပေါ့။ သို့ပေမဲ့ သေမှာပါပဲလို့ ပြောလို့မရပါဘူးတဲ့။ တချို့ကတော့ အမေ သို့မဟုတ် အဖေခံစားနေရတာ ပင်ပန်းနေပါပြီ။ သက်သက်သာသာ ထွက်ခွာနိုင်အောင် မော်ဖင်းထိုးပေးပါဆရာလို့တောင် ပြောတတ်ကြပါတယ်တဲ့။ အဲသည်လိုကိစ္စမျိုးကိုတော့ ကျွန်တော်တို့က ဆောင်ရွက်မပေးပါဘူး။ ဘာပဲဖြစ်ဖြစ် ပါဏာတိပါတာကံကို ကျူးလွန်တာပါပဲ။ အဲသည်လို အလုပ်ဟာလည်း သူ့အသက်ကို သတ်ခြင်းဖြစ်ပါတယ်။ မလုပ်သင့်ပါဘူး။ ပြီးတော့လည်း တချို့လူတွေက Tender Loving Care ကိုပဲ ပေးချင်တယ်ဆိုရင် အစားနဲ့ဆေးပေးမယ်၊ ဆေးသွင်းမယ်။ သို့ပေမဲ့ ဆေးကို ရိုးရိုးသွင်းလို့ရရင် သွင်းမယ်။ အသားကိုခွဲပြီး သွင်းရတာမျိုး မလုပ်တော့ဘူးပေါ့လို့ ဆရာကြီးက စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။ ကျွန်မကလည်း ဆရာကြီးရှင်းပြတာကို မီအောင်ကြိုးစားပြီးရေးတာပါပဲ။ သို့ပေမဲ့ မမီဘူးဆိုတာကို သိနေပါတယ်။ တင်ပြပုံကတော့ ဆရာကြီးက လေးနက်တဲ့အဓိပ္ပာယ် မပျက်စေဘဲ သိပ်သိမ်မွေ့တာပါပဲ။

ဆရာကြီးက လူနာကိုရော လူနာရှင်ကိုပါ စာနာတဲ့စိတ် စိတ်သက်သာစေချင်တဲ့စေတနာနဲ့ မဖြစ်မနေပြောရမယ့် အကြောင်းအရာများကို ပြောသင့်တဲ့သူကိုသာ သိစေအောင် အထူးသတိထားပြီး ပြောစေရမယ်ဖြစ်ပါတယ်တဲ့။ စိတ်သက်သာမှသာ သူတို့လည်း လူနာကို ဘယ်လိုနည်းနဲ့ အဆင်ပြေအောင် အကူအညီပေးရမယ်ဆိုတာကို ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်တဲ့။

ကျွန်မကတော့ သေခြင်းဆိုတာ သိပ်အရေးကြီးတဲ့ ကိစ္စ၊ မေတ္တာ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



နဲ့ဆောင်ရွက်ပြီး သက်သက်သာသာထွက်ခွာနိုင်အောင် ကူညီရမယ့်ကိစ္စဆိုတာကို စွဲမြဲစွာမှတ်ယူထားတဲ့သူဆိုတော့ အဲသည်စကားကို ကြားရတာဟာ လူနာဘဝကူးကောင်းအောင် ဆောင်ရွက်ပေးနိုင်တယ်ဆိုတဲ့စကားနဲ့ အပြောမတူသည့်တိုင်အောင် သဘောတူတယ်လို့ ယူဆမိပါတယ်။

လူနာရှင်အနေနဲ့က မသိနားမလည်တော့ အဆုံးအဖြတ်မှားချင်မှားတတ်မှာလေ။ ပြီးတော့ ဆရာဝန်က ကြင်နာသောအပြောနဲ့ ရှင်းလင်းမပြရင် လူနာအတွက် လုပ်ပေးနေတာကို အထင်အမြင်မှားချင်မှားသွားနိုင်ပါသေးတယ်။ အဲသည်တော့ ကြင်နာသော မေတ္တာရှေးရှုသော ဂရုစိုက်မှုကို လူနာရှင်ရော လူနာပါရနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။

## ကုသိုလ်အမျှဝေကြဖို့ အားထုတ်ကြပါ

ကျွန်မက သေခြင်းအကြောင်းကို ရေးတဲ့အခါမှာ ရှင်ခြင်းကိုအကြောင်းပြုတဲ့ စကားကလေး များများပြောချင်မိပါတယ်။ သို့ပေမဲ့ သေခြင်းနဲ့ ပတ်သက်တဲ့အကြောင်းကလည်း ရေးချင်စရာကများနေတော့ ရှင်ခြင်းအကြောင်းက ရောက်ပဲမရောက်နိုင်ဘူးဆိုသလို ဖြစ်နေပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံမှာက ကိုးကွယ်ယုံကြည်မှုတွေ ထွေးပြားလာတာ အတော်ကြာပါပြီ။ တင်ပြခဲ့ပြီးတဲ့အတိုင်း ထေရဝါဒီဆိုတဲ့ အယူကို ယုံကြည်လက်ခံပါတယ်လို့ ဆိုပြီးတဲ့နောက်မှာမှ မဟာယနအယူများနဲ့ အတော်ရင်းနှီးပြီး ဝိညာဉ်ကောင်၊ အသက်ကောင်၊ လိပ်ပြာကောင်ဆိုတဲ့အယူတွေကို လက်ခံလာကြတဲ့သူတွေ တော်တော်များနေပါတယ်။ ဗုဒ္ဓဘာသာမှာ ဝိညာဉ်ကောင် အသက်ကောင် လိပ်ပြာကောင်သို့မဟုတ် ဟိန္ဒူများလက်ခံတဲ့ အတ္တဆိုတာ မရှိပါဘူး။ ရုပ်နဲ့နာမ်သာရှိပါတယ်။ သေတဲ့အခါမှာတော့ နှစ်ခုလုံးချုပ်တာပါပဲ။

ဒါဖြင့်ရင် သေရင် ပြီးပြီပေါ့။ ဘာမှဆက်စရာမလိုတော့ဘူးပေါ့လို့ ပြောရင်လည်း မှားပါတယ်။ ကောင်းမှု မကောင်းမှုများရဲ့ အကျိုးဆက်ကြောင့် ဘဝမပြတ်သေးဘဲ ဘဝသစ်တစ်ဖန် ပြန်ပြီးဖြစ်ရဦးမှာပါပဲ။ သေပြီးတဲ့နောက်မှာလည်း ဘဝက ပြောင်းဦးမှာပါပဲ။ မသေခင်က မကောင်းမှုတွေ လုပ်တယ်ဆိုရင် မကောင်းတဲ့ဘဝကို ချက်ချင်းရောက်သွားမှာ ဖြစ်ပါတယ်။ ကောင်းတဲ့အမှုကိုလုပ်ရင်တော့ ကောင်းကျိုးပေးဖြာတဲ့ ကောင်းရာကို ရောက်ရမည်မှာ မလွဲပါဘူး။

တကယ်တော့ သေသွားပြီးတဲ့သူရဲ့ ရုပ်ကလာပ်ကို ကောင်းစွာဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းဟာ ကျန်ရစ်သူများရဲ့ဝတ္တရား ဖြစ်ပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ရုပ်ကလာပ်ကျန်နေပေမယ့် အဲသည်လူကတော့ ဘဝသစ်မှာ ဖြစ်နေပြီ။ အမှန်ကန်ဆုံးစကားနဲ့ပြောရရင် ဘဝခြားသွားပြီ ဖြစ်ပါတယ်။ သူ အသက်ရှင်စဉ်က ဆောင်ရွက်ခဲ့တာတွေ ပေးခဲ့တဲ့မေတ္တာစေတနာတွေကို အောက်မေ့ပြီး ကျန်ရစ်သူများက ကန်တော့ကြရမယ်။ ကောင်းရွာ ပို့ဆောင်ကြရမယ် ဖြစ်ပါတယ်။ ဒါပေမဲ့ သတိကြပ်ကြပ်ပြုရမှာက သေတဲ့သူတိုင်း မကျွတ်မလွတ်တဲ့ ပြိတ္တာဘဝကို မရောက်ပါဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ သိပ်ဆိုးရင် ငရဲကိုရောက်မယ်။ အယူတိမ်းရင် ပြိတ္တာဖြစ်မယ်။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံ ဆိုတာကို သာသနာတော်နဲ့နီးစပ်တဲ့သူတိုင်း သိပါတယ်။ ထို့အတူ လူ နတ် ဗြဟ္မာရယ်လို့လည်း သွားစရာဘုံတွေ ရှိနေသားပဲ။ အဲသည်လို ကိုယ့်ကုသိုလ်ကံ အကုသိုလ်ကံနဲ့ ကိုယ်ရောက်သွားနိုင်တဲ့ဘုံ အများကြီးရှိပါလျက် ဘယ့်နှယ်က ဘယ့်နှယ် ဝိညာဉ်က ၇ ရက်တိုင်တိုင် ဝေ့လည်နေတယ်ဆိုတဲ့ အယူကို ယူနေကြပါလိမ့်။ ဝေ့လည်နေတယ်ဆိုတာကလည်း ဝိညာဉ်မဟုတ်ပါဘူး။ ပြိတ္တာပါပဲ။

သို့သော် အကုသိုလ်ကြီးမားလို့ ဖြစ်ရတဲ့ပြိတ္တာဆိုရင် အမျှပေးဝေလို့လည်း သာဓုခေါ်နိုင်ကြမယ် မဟုတ်ပါဘူး။ သေခါနီးမှာ အယူတိမ်းသွားလို့ ကုသိုလ်အမှုကိုပြုကာ အမျှပေးဝေရင် သာဓုခေါ်နိုင်တဲ့ ပြိတ္တာဘဝကို ရောက်သွားတတ်ပါတယ်။ ပြိတ္တာဆိုတာဟာ ဘဝတစ်ခုပဲ။ ရုပ်လည်းရှိတယ်။ နာမ်လည်းရှိပါတယ်။ သူတို့မှာ ကံအလျောက် လူအများကို မြင်စေချင်ရင် ကိုယ်ထင်ပြနိုင်တဲ့အစွမ်းကလေးလည်း ရှိတတ်ပါတယ်။ သဘောကတော့ သူတို့ရှိနေတယ်။ အမျှပေးဝေပါလို့ အကြောင်းကြားတာပါပဲ။

အဲသည်လိုပြောပြီးတဲ့နောက်မှာ ဘဝဆိုတာ ကြားကာလ မရှိပါဘူး။ ပြိတ္တာဆိုရင်လည်း ဘဝတစ်ခုဖြစ်လို့ ချက်ချင်းဘဝကူးသွားတယ်လို့ပဲ နားလည်လက်ခံရပါတယ်။ ထေရဝါဒီအယူအတိုင်းဆိုရင်တော့



လက်ခံရမှာပါပဲ။ အယူတစ်ခုကိုယူရင် စိတ်က မတွေပြားသင့်ပါဘူး။ ဟုတ်သော်ရှိ မဟုတ်သော်ရှိတွေက စိတ်ကို ယတိပြတ်မဖြတ်နိုင်ဘူးဆိုတာကို ပြနေတာပါပဲ။ အဲသည်လို မပြတ်နိုင်တဲ့အယူတွေကြောင့် ကိုယ်တကယ်အားထားပြီး အာရုံပြုရမှာက ဘာလဲဆိုတာကို မသိနိုင်ဘဲ ဖြစ်သွားမှာပါပဲ။

အဲသည်လိုမသိနိုင်ရင် တစ်ယောက်ပြောတာကို လိုက်လုပ်လိုက်၊ နောက်တစ်ယောက်က တစ်မျိုးပြောတော့လည်း နောက်တစ်မျိုး လိုက်လုပ်လိုက်နဲ့ ဘယ်အယူမှာမှ မတည်တဲ့သူဖြစ်သွားမှာပေါ့။ ဗုဒ္ဓသာသနာတော်မှာ သက်ဝင်ယုံကြည်တယ်လို့ ယူဆထားတယ်ဆိုပေမယ့် ဗုဒ္ဓဟောတဲ့တရားနဲ့ ဆန့်ကျင်တာတွေကို ယုံကြည်လိုက်နာ ကျင့်ကြံနေတယ်ဆိုရင် သရဏဂုံပျက်သွားတော့မှာ ဖြစ်ပါတယ်။ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်တယ်ဆိုတာ စကားအရာသာ ဖြစ်သွားမှာပေါ့။

အဲသည်လောက် အချိုးစကားတွေပြောနေတာက အသက် ၆၄ နှစ်သာရောက်ရော မကြားခဲ့ဖူးတဲ့စကားကို ခုတလောမှ ကြားခဲ့ရလို့ဖြစ်ပါတယ်။ အသုဘချတဲ့နေ့မှာ လိပ်ပြာခေါ်ခဲ့ဖို့ မမေ့နဲ့လို့ ပြောတဲ့စကားကို ဝမ်းကွဲညီမတွေဆီက ကြားလိုက်ရပါတယ်။ ကျွန်မက ဟဲ့ နင်တို့က ကိုယ့်အဖေကို ပြိတ္တာကြီး တစ္ဆေကြီးဖြစ်နေတယ်လို့ထင်လို့လား။ ငါကတော့ ငါ့ဦးလေးကို လွတ်သွားကျွတ်သွားပြီလို့ ယုံကြည်တယ်။ ဆုံးခါနီးအထိ တရားမှတ်တယ်။ ဆုံးတော့လည်း ညင်ညင်သာသာ ဆုံးသွားတယ်။ အဲသည်လို အဖြစ်တွေကိုထောက်ပြီး ဘဝကူးကောင်းတယ်လို့တွက်နိုင်တယ်။ ပြီးတော့ လိပ်ပြာဆိုတာလည်း မရှိဘူး၊ ပြိတ္တာဆိုတာပဲရှိတယ်။ သုသာန်သွားပြီး ဖေဖေ လိုက်ခဲ့လို့ ခေါ်တဲ့အခါမှာ အယောင်ဆောင်အဖေလုပ်ပြီး ပြိတ္တာတစ်ကောင်ကောင်က လိုက်လာမှ ဒုက္ခရောက်သွားမယ်လို့ ဟောက်လိုက်တော့ ငြိမ်သွားတယ်။ သေချာတာက ခိုးလုပ်မှာပါပဲ။ မသိနားမလည်တဲ့သူ၊ တစ်နည်း တတ်သိနားလည်မှု

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



တွေ များပြားရှုပ်ထွေးနေတဲ့သူတွေက လောကမှာ အများသားပဲ။ ရှင်တို့ အစ်မကြီးပြောတာကို နားမထောင်နဲ့၊ မခေါ်လိုက်ရလို့ ရှင်တို့အဖေ ယောင်ချာချာနဲ့ သုသာန်မှာကျန်ရစ်ရင် ဒုက္ခလို့ ပြောလိုက်ရင် ဟုတ်တယ် ဟုတ်တယ်လို့ပြောပြီး မျက်စိမှိတ် ခေါင်းညိတ်နဲ့ လုပ်ကြမှာဖြစ်ပါတယ်။ ကျွန်မကတော့ ထေရဝါဒီအမြင်နဲ့ပဲ ပြောတာဖြစ်ပါတယ်။ ထေရဝါဒီ ဆိုတာက သီလ သမာဓိ ပညာဆိုတဲ့ သိက္ခာသုံးပါးနဲ့ ပြည့်စုံပြီး မြတ်စွာဘုရားရှင်ကို ကိုယ်တိုင်လည်းဖူးမြော်ခဲ့ကြတဲ့ ကိုယ်တိုင်လည်း ရဟန္တာဖြစ်ပြီးကြတဲ့ မထေရ်ကြီးများကိုယ်တိုင် မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားများကို ဖြုတ်ခြင်း ပြင်ခြင်း ဖြည့်စွက်ခြင်း ဘာတစ်ခုမှမလုပ်ဘဲ အရင်းအတိုင်း သင်္ဂါယနာတင်ထားတာကို အစဉ်အဆက် ထိန်းသိမ်း လက်ခံလာခဲ့တဲ့ အယူကို ပြောတာဖြစ်ပါတယ်။

ထေရဝါဒီဗုဒ္ဓဘာသာဝင်များဟာ လိပ်ပြာကောင် အသက်ကောင် ဝိညာဉ်ကောင်ဆိုတာ မရှိဘူးလို့လက်ခံကြတော့ ဝိညာဉ်ခေါ်တဲ့ အလုပ်မျိုး ဘယ်မှာလုပ်ပါ့မလဲ။ တကယ်လို့များ မကျွတ်မလွတ်ဘဲ ရှိခဲ့သော် ကုသိုလ်များပြုပြီး ကုသိုလ်အဖို့အစုကို အမျှဝေဖို့ သေဆုံးပြီး သူကို တရားနာရန် ဖိတ်ခေါ်လေ့ရှိပါတယ်။ ဖိတ်ခေါ်ခြင်းခံရသူဟာ ဝိညာဉ်အဖြစ်နဲ့ အနီးအနားမှာ ရှိနေတာမဟုတ်ပါဘူး။ အခုန ပြောခဲ့တဲ့ အတိုင်း ပြိတ္တာအဖြစ်နဲ့ ရှိနေတာပါပဲ။

အရင်တုန်းကတော့ သရဏဂုံတင်တာကို သုသာန်မှာလုပ်လေ့ ရှိပါတယ်။ ကျွန်မတို့မြို့သုသာန်က ဇရပ်မှာဆိုရင် သံဃာစင်ကလေး လည်း ရှိပါတယ်။ သံဃာစင်ရှေ့မှာ အလောင်းထည့်တဲ့ခေါင်းထားဖို့ အုတ်ခုံရှည်ရှည် တစ်ဖက်လျှောကလေးလည်း လုပ်ထားပါတယ်။ ခေါင်း ဘက်က မြင့်မြင့်ကလေးပေါ့။ တကယ်တော့ အဲသည်လို ခေါင်းတင်တဲ့ အုတ်ခုံရှည်ရှည်ကလေးကို မြင်ရတာကလည်း ဝမ်းနည်းစရာ ကြေကွဲ စရာကောင်းပါတယ်။ ကျွန်မဖြင့် အဲသည်အုတ်ခုံကလေးကို မြင်တိုင်း



ပြန်စဉ်းစားမိတိုင်း စိတ်မကောင်းဖြစ်ပါတယ်။ တကယ်တော့ ဆုံးပါးပြီ ကွယ်လွန်ပြီဆိုတာနဲ့ ကောင်းတဲ့ မြင့်မြတ်တဲ့ဘဝကို ရောက်သွားကြ အောင် ကိုယ့်ဘာသာကိုယ် ဖြည့်ဆည်းသွားရမှာပဲ။ ရုပ်ကလာပ်ကို သရဏဂုံတင်နေတာဟာ ရုပ်ကလာပ်က မရနိုင်တော့ဘူးလေ။ တကယ် တော့ သေဆုံးတာနဲ့ သရဏဂုံကွယ်ပြီးသားလည်း ဖြစ်သွားပြီ။ ကျန်ရစ် တဲ့သူများက သရဏဂုံဆောက်တည်ပြီး သီလခံယူကာ သံဃာတော်များ ကို ဒါနပြုပြီးမှ ကုသိုလ်အဖို့အစုကို အမျှပေးဝေရင် ပိုမိုထိရောက်တဲ့ အတွက် အဆက်ဆက်က ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

သုသာန်က ဇရပ်မှာ သရဏဂုံတင်တာကို အခုခေတ်မှာ သိပ် မလုပ်တတ်ကြပါဘူး။ ဝိုပြီးအဆင်ပြေတဲ့ အိမ်မှာပဲ သရဏဂုံတင်ကြ တာပါပဲ။ သရဏဂုံတင်တော့လည်း ရုပ်ကလာပ်က သုသာန်ရောက်ခဲတိုက် ထဲမှာဆိုတော့ အမျှပေးဝေတာတို့ဘာတို့မှာ အာရုံရကြမယ်မဟုတ်ပါဘူး။ သုသာန်ရောက်တော့လည်း ကားတွေနဲ့ လာတဲ့လူတွေကိုစောင့်ပြီး လူ တွေက အခန်းထဲဝင်ထိုင် နာရီစေ့တော့ အိမ်ကနေပြီး ရည်စူးကာ သရဏဂုံတင်ထားပြီးသား ရုပ်ကလာပ်ကို ခေါင်းထဲထည့်ပြီး တွန်းယူ သွားပြီး မီးသဂြိုဟ်လိုက်ကြတာပါပဲ။ လူအများကတော့ လူစုခွဲတာနဲ့ ပြန်ကြတာပါပဲ။ သာသနာရေးအမြင်နဲ့ မလုပ်ကြတော့ပါဘူး။ လူမှုရေး အမြင်နဲ့ လုပ်တတ်ကြတာပါပဲ။ မသွားလို့ မကောင်းဘူးလေဆိုပြီး သွားကာ သုသာန်မှာလည်း စကားတပြောပြောနဲ့ လုပ်နေကြလို့ ငြိမ် သက်တည်ကြည်ခြင်း မရှိတတ်ကြပါဘူး။ ငယ်ငယ်တုန်းက ကြားဖူးတဲ့ *'တစ္ဆေချင်း စကားပြော တသောသောနေရော့မယ်'* ဆိုသလို တစ္ဆေ မဟုတ်တဲ့ လူချင်းစကားပြောပြီး တသောသောဖြစ်နေတာကတော့ ဆိုးပါတယ်။ သံဝေဂယူချိန်လည်း မရတတ်ကြပါဘူး။

နောက်ဆုံးအချိန်မှာ လိပ်ပြာခေါ် ဝိညာဉ်ကိုခေါ်မယ့်သူဟာ သေဆုံးသူရဲ့ ရုပ်ကလာပ် ရင်ဘတ်ပေါ်မှာ တင်ထားတဲ့ ပန်းပွင့်ကလေး

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



တစ်ပွင့်ကို ယူလိုက်ရပါသတဲ့။ ပြီးတော့ အိမ်ကိုပြန်တဲ့အထိ စကားမပြောရပါဘူးတဲ့။ စကားပြောလိုက်ရင် ပါးစပ်ထဲက ဝိညာဉ်ကောင်ကလေးက ထွက်သွားမှာစိုးလို့ ဖြစ်ပါတယ်တဲ့။ ထူးခြားတာကတော့ ဘယ်လိုယုတ္တိဗေဒနည်းနဲ့မှ တွက်လို့မရအောင်ကို ထူးခြားပါတယ်။ တလောကပဲ ထင်ရှားတဲ့ဆရာကြီးတစ်ယောက် ကွယ်လွန်တုန်းက ဝိညာဉ်ကိုခေါ်လာတဲ့ စာရေးဆရာမကလေးတစ်ယောက်ထံမှာ အဲသည်စာရေးဆရာကြီး ဝင်စားတယ်ဆိုတာကို ဖတ်လိုက်ရပါတယ်။ တကယ်တမ်းသာ အဲသည်လို လုပ်လို့ရရင် ကိုယ့်သားဆုံးတာနဲ့ ကိုယ့်ဝမ်းထဲပြန်ဝင်အောင်၊ ကိုယ့်သမီးဆုံးတာနဲ့ ကိုယ့်ဝမ်းထဲပြန်ဝင်အောင် လုပ်ရတာ လွယ်လှချည့်လားလို့ ပြောရမှာပဲ။ တစိမ်းသူထံတောင်မှ ပြန်ဝင်စားရင် ကိုယ့်မိသားစုအချင်းချင်းဆိုရင် ဝိုပြီးဝင်စားမှာပေါ့။ အဲသည်အပြောမျိုးက သေဆုံးသူတိုင်း ပြိတ္တာဖြစ်ရာကျသွားမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဘဝကူးခြင်းနဲ့ပတ်သက်ပြီး လုပ်ချင်သလို လုပ်ပိုင်ခွင့်ရှိနေသလိုပဲ။ ကံနဲ့ ကံ၏အကျိုးကို ဘယ်သွားထားမလဲ။

ပြီးတော့ ဝိညာဉ်ကိုခေါ်တဲ့သူက သုသာန်က အပြန်လမ်းမှာ ဘယ်သူနဲ့မှ စကားမပြောရဘူး။ စကားပြောလိုက်ရင် ဝိညာဉ်က ပြန်ထွက်သွားမှာစိုးရတယ်လို့ ပြောတဲ့အကြောင်းကို ကျွန်မဖြင့် အသက်၆၄ ထဲရောက်မှ ကြားဖူးပါတော့တယ်။ ကျွန်မကလည်း စာရေးရင်လည်းတွေး၊ စာသင်ရင်လည်း တွေး၊ သူများလည်း တွေးဖို့အားပေးနဲ့ဆိုတော့ အဲသည်ဝိညာဉ်ကိစ္စကို တတွေးထဲတွေးနေတာ ပြောရရင်တော့ ယုံကြည်တဲ့သူများလည်း စိတ်ဆိုးကောင်းဆိုးတော့မှာပဲ။ ဝိညာဉ်က အရွယ်အားဖြင့် အတော်သေးလို့သာ ပါးစပ်ထဲ ငုံထားလို့ရတာပေါ့။ ပြီးတော့ ပါးစပ်ဟတာနဲ့ ပြန်ထွက်သွားတယ်ဆိုရင် သူက လိုက်ချင်ပုံမပေါ်ပါဘူး။ ပြီးတော့ ပါးစပ်ထဲမှာ အနံ့လည်း ကောင်းမှာမဟုတ်ဘူးနော်။ သောကပရိဒေဝတွေနဲ့ မစားနိုင် မသောက်နိုင်တဲ့သူတွေရဲ့ ပါးစပ်



က နံနေတတ်တယ်လေ။ အသုဘချတာကလည်း နောက်ကျတတ်တယ်။ ဝိညာဉ်ဘဝမှာတောင် စိတ်ညစ်နေမယ်ထင်တယ်။ အဲ အဲမတော်တဆ ချော်ပြီး ဝမ်းဗိုက်ထဲကျသွားရင် တစ်ခါတည်းပဲ ပဋိသန္ဓေနေသလား၊ စဉ်းစားစရာပဲ။ ယောကျ်ားက ငုံထားတယ်ဆိုရင်လည်း မဖြစ်သေးပါဘူးလေ။ ကျွန်မကတော့ ဝိညာဉ်ကို ပြန်ခေါ်ခဲ့ရတယ်ဆိုတာကို မယုံတဲ့သူဆိုတော့ ပြောသမျှစကားက ဆန့်ကျင်ဘက်တွေချည်းဖြစ်တော့မှာပဲ။ ယုံတဲ့သူတွေလည်း စဉ်းစဉ်းစားစား ယုံကြစေချင်ပါတယ်။ ကိုယ်ကိုးကွယ်တဲ့ ဝိဋကတ်စာပေကို နှံ့စပ်တဲ့ ဆရာတော်များကိုလည်း လျှောက်ထားမေးမြန်းသင့်ပါတယ်။ ဝိဋကတ်မသင်ဖူးဘဲ ဖြတ်လမ်းက ဘုန်းတော်ကြီးဖြစ်လာတဲ့ ပုဂ္ဂိုလ်ဆိုရင်လည်း ဘုရားဟောနဲ့ညီအောင် ဖြေဆိုနိုင်မှာ မဟုတ်ပါဘူး။

အဲသည်လို ဝိညာဉ်ကို အိမ်အရောက် ခေါ်လာပြီးတဲ့နောက် အိမ်တွင်းမှာ ဆွဲထားတဲ့ မင်းမဟာဂီရိကို ပူဇော်ထားတဲ့ အုန်းသီးကို အိမ်အပြင်ထုတ်လိုက်ရပါတယ်တဲ့။ ဒါမှာ ဝိညာဉ်ကလေးက အိမ်မှာ နေခွင့်ရမှာပါတဲ့။

ကျွန်မနားမလည်တာက မင်းမဟာဂီရိကရော အုန်းသီးကို ထုတ်ပစ်လိုက်တာနဲ့ အိမ်အပြင်ကိုရောက်သွားသလား။ ကျေကော ကျေနပ်ပါ့မလား။ အိမ်မှာ မင်းမဟာဂီရိအပြင် တခြားသော သမ္မာဒေဝနတ်ကောင်းနတ်မြတ်များရော မရှိကြတော့ဘူးလား။ စဉ်းစားစရာတွေချည်းပါပဲ။ ကျွန်မတို့အိမ်မှာဆိုရင် နတ်အုန်းသီးမဆွဲပါဘူး။ ကျွန်မတို့မိဘများလက်ထက်ကတည်းက မဆွဲခဲ့ပါဘူး။ သို့ပေမဲ့ အိမ်စောင့်နတ်မရှိဘူးလို့ တစ်ခါမှ ကျွန်မ မတွေးပါဘူး။ အိမ်စောင့်နတ်များကို ဘုရားရှိခိုးအပြီးမှာ အလှူဒါနပြုအပြီးမှာ အမျှဝေပါတယ်။ အိမ်စောင့်နတ်များတင် မကပါဘူး။ ခြံထဲမှာရှိတဲ့ သစ်ပင်စောင့်နတ်များကအစ အိမ်တွင်းမှာရှိနေတဲ့ သမ္မာဒေဝနတ်များကို အမျှဝေပါတယ်။ ပြီးတော့မှ မိမိတို့

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ထံကနေပြီး ကုသိုလ်အမျှကို စောင့်မျှော်နေတဲ့ မြင်အပ်သော မမြင်အပ်သော သတ္တဝါများအားလုံးကို အမျှဝေတာပါပဲ။

တကယ်တော့ သာဓုခေါ်နိုင်တဲ့ ကုသိုလ်အမှုကို သာဓုခေါ်ရမှန်းသိတဲ့ပြိတ္တာဘဝကို ရောက်သွားတဲ့သူများဟာ ရပ်ကလပ်နဲ့တွဲပါနေတယ်လို့ မပြောနိုင်ပါဘူး။ သူတို့မှာ ရောက်လေရာဘဝမှာ စားရမဲ့ သောက်ရမဲ့ဖြစ်ပြီး လမ်းမှာတွေ့တဲ့ ထမင်းလုံးကအစ ကောက်စားနေရရှာကြတာပါတဲ့။ အဲသည်တော့ အိမ်မှာ ကုသိုလ်လုပ်ရင် တရားလာရောက်နာကြားဖို့ ဖိတ်ခေါ်ရပါတယ်တဲ့။ ဖိတ်ခေါ်တဲ့အခါမှာလည်း ဖေဖေရေ တရားလာနာဖို့ ဖိတ်ခေါ်ပါတယ်လို့ အသံသေးသေးနဲ့ ငိုရင်းရှိုက်ရင်း မခေါ်ရပါဘူး။ ကျွန်မဆိုရင် 'ဖေဖေ ဦးဘဖြေးရေ၊ တရားတော်ကို အတူတကွနာကြားဖို့ ဖိတ်ခေါ်ပါတယ်၊ ကြွရောက်ပါ' လို့ အသံကျယ်ကျယ်နဲ့ ဖိတ်ခေါ်ပါတယ်။ ပြီးတော့ အိမ်မှာစောင့်ကြပ်တဲ့ သမ္မာဒေဝနတ်ကောင်း နတ်မြတ်များကိုလည်း သေဆုံးသွားသူဟာ မလွတ်မကျွတ်ဖြစ်နေခဲ့သော် တရားနာခွင့်ပေးဖို့ တောင်းပန်ရပါတယ်။ တရားနာတဲ့အခါမှာလည်း တရားကိုအာရုံစိုက်နာပြီး ရတနာသုံးပါးကို ကြည်ညိုတဲ့စိတ်နဲ့ အမျှအတန်းဝေရပါတယ်။ အသံကျယ်ကျယ်နဲ့ ကြည်လင်စွာ အမျှဝေတဲ့အခါ ကိုယ်နဲ့သက်ဆိုင်တဲ့ သေဆုံးသူကိုသာမက ကြားကြားသမျှ မြင်အပ်သောသတ္တဝါ မမြင်အပ်သောသတ္တဝါများကိုပါ ကုသိုလ်အမျှ ဝေရပါတယ်။

ဝိညာဉ်ကိုခေါ်လာပြီး အမျှဝေလိုက်တာနဲ့ တစ်ခါတည်း ကုသိုလ်ရသွားတယ်။ အိမ်ထဲမှာ ၇ ရက်တိုင်တိုင် နေတယ်ဆိုတာတွေကတော့ အရပ်စကားများနဲ့ အရပ်သူ အရပ်သားများ ယုံကြည်လက်ခံနေကြတာပါ။ တကယ်တော့ ဘုရားဟောတဲ့အထဲမှာ မပါပါဘူး။ တချို့ဆိုရင် သေတာနဲ့ ငရဲကို တန်းရောက်သွားတာပါပဲ။ မလ္လိကာဒေဝီမိဖုရားကြီးဆိုရင် ဥဒာဟ်လည်းရှိပါတယ်။ ပသေနဒီကောသလမင်းကြီးလို မဟုတ်



ပါဘူး။ ကောင်းစွာသိတတ်နားလည်သူ ဖြစ်ပါတယ်။ သို့ပေမဲ့ ကွယ်လွန်ခါနီးမှာ မဟုတ်မမှန်တဲ့စကားကို ပြောမိလို့ သေတာနဲ့ ငရဲကိုတန်းကျသွားတာပါပဲ။ သို့ပေမဲ့ အခြားသောကုသိုလ်များရဲ့ ကောင်းမှုအားကြောင့် ငရဲမှာ ၇ ရက်သာ နေရပါတယ်တဲ့။

သေဆုံးတဲ့သူများကို အမျှပေးဝေတာဟာ ကောင်းတဲ့အလုပ်ဖြစ်ပါတယ်။ တစ်သက်လုံး လုပ်ရမယ့်အလုပ်ဖြစ်ပါတယ်။ တချို့သောသူများဟာ နှစ်ပေါင်းများစွာကြာအောင် မကျွတ်မလွတ်ဖြစ်နေတတ်လို့ သားသမီးများက လိုလေသေးမရှိအောင် လုပ်ပေးရတာ ဖြစ်ပါတယ်။ ကုသိုလ်အမျှ ဝေနိုင်ကြမှ၊ ဝေဖို့သတိရကြမှ မိဘများထားခဲ့တာကို စားရကျိုးနပ်ပါလိမ့်မယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## မအိပ်မီ မနာမီ မသေမီ ဘာလုပ်ကြမလဲ

မနေ့က အဝေးရောက် သားတစ်ယောက်က ဖုန်းဆက်ပါတယ်။ မာကြောင်းသာကြောင်းကိစ္စများကို အပြန်အလှန် မေးကြပြီးတဲ့နောက် ကျွန်မရေးတဲ့ **'ရှင်ခြင်းနဲ့သေခြင်းကြားမှ ကျွန်မတို့တစ်တွေ'** ကို ဖတ်ရတဲ့အကြောင်းကို ပြောပါတယ်။ ကျွန်မက ဖတ်လို့ကောင်းရဲ့လားသားရယ်လို့ စူးစမ်းလိုက်တော့ ဖတ်လို့တော့ ကောင်းပါတယ်၊ အချစ်ဂျာနယ်ထဲမှာ ဘာဖြစ်လို့ရေးတာလဲလို့ မေးပါတယ်။ ကျွန်မက အချစ်ဂျာနယ်ဟာ စောင်ရေများတယ်၊ ဖတ်တဲ့သူများတယ်။ တစ်ပတ်တစ်ခါထွက်တဲ့ဂျာနယ်လည်းဖြစ်တယ်။ ကျွန်မက မြန်မြန်လည်းရေးချင်တယ်ဆိုတော့ ကိုယ့်ဘာသာကိုယ် စာတစ်အုပ်ဖြစ်အောင် ထိုင်ရေးလေတဲ့။ အဲသည်လိုလည်း ကျွန်မက ရေးတတ်တာကိုး။ မမကလျာကတော့ အချစ်ထဲက ဆောင်းပါးမျိုး လိုချင်တယ်လို့ ပြောတာကြောင့် ဗိုမို လေးနက်တဲ့ **'နေခြင်း သေခြင်းနဲ့ လွတ်မြောက်ခြင်း'** ကို ရေးပေးတဲ့အကြောင်း ပြောလိုက်ပါတယ်။ ဘယ်လိုဆောင်းပါးပဲရေးရေး စာဖတ်ပြီးမှ ရေးရတာချည်းပဲလို့လည်း ပြောလိုက်ပါတယ်။

ကျွန်မတို့သားအမိတွေက စာမူခတွေဟူသမျှ တယ်လီဖုန်းဖိုးဖြစ်စေသတည်းလို့ ပြဋ္ဌာန်းချက်ထားပြီး စကားပြောတတ်ကြပါတယ်။ ငြင်းကြခုန်ကြတယ်။ တစ်ခါတစ်ခါ ရေးချင်တဲ့စာအကြောင်းကို ပြောတတ်ကြပါတယ်။ ဖတ်ဖူးတဲ့စာအကြောင်းကိုလည်း ပြောတတ်ကြပါတယ်။ ကျွန်မကို သားဖြစ်သူက ပုံပြင်တစ်ခုကိုပြောပြပါတယ်။ တော်လ်စတွိုင်းရေးတဲ့ ဝတ္ထုကလေးဖြစ်ပါတယ်။ ရုရှက အယူသည်းခရစ်ယာန်ဝါဒီ ခင်ကြီးတစ်ပါးက နိုင်ငံခြားကိုထင်ပါရဲ့ ခရီးထွက်တော်မူတော့



ဒကာကြီးတစ်ဦးဖြစ်တဲ့ နယ်စားကတော်ကြီးက အရှင်ဘုရား တပည့်တော်မအတွက် ကြေးမုံတစ်ချပ်ဝယ်ပေးတော်မူပါလို့ လျှောက်ထားလိုက်ပါသတဲ့။

ခင်ကြီးကလည်း ကောင်းပြီလို့ မိန့်တော်မူပါသတဲ့။ ခရီးကပြန်ကြွလာတော့ ဒကာမကြီးကို ခင်ကြီးက အရိုးခေါင်းကြီးတစ်ခု ပေးပြီးကိုင်း၊ ဒကာမကြီး အဲဒါကတော့ ဒကာမကြီးအတွက် ကြေးမုံအစစ်ပဲဗျလို့ပြောပြီး ပေးလိုက်ပါသတဲ့။ ဒကာမကြီးလည်း မကြာမီတစ်နေ့မှာ အဲသည်လိုဖြစ်မယ်ဆိုတာကို သတိပေးချင်လို့ပါပဲ။ ခင်ကြီးကတော့ နယ်စားကတော်ကြီးဖြစ်တဲ့ အပျော်အပါးများတဲ့ ဒကာမကြီးကို ကုသိုလ်တရားလည်း ပွားများဦးလို့ သတိပေးချင်လို့ အရိုးခေါင်းကို ပေးလိုက်တာဖြစ်ပါတယ်။ အချိန်အတန်ရတော့ ခင်ကြီးက အင်း အခုလောက်ဆိုရင် ဒကာမကြီးတော့ တရားတွေကျနေလောက်ပြီ။ ကြိုးကြိုးစားစား ဘုရားတရားကို ကိုးကွယ်ဆည်းကပ်နေလောက်ပြီလို့ စဉ်းစားပြီး ဒကာမကြီးဆီကို ကြွသွားပါသတဲ့။

ဒကာမကြီးဆီရောက်တော့ ခင်ကြီးဘုရား ထင်ထားသလိုမဟုတ်ပါဘူးတဲ့။ ဒကာမကြီးက ဝိုပြီးအလှပြင်ပြီး လောကီအာရုံကာမဂုဏ်များနဲ့ ဝိုမိုမွေ့လျော်နေပါသတဲ့။ ပြီးတော့ ခင်ကြီးဘုရားကို အရှင်ဘုရားတရားပြလိုက်တာ သိပ်ကောင်းတာပဲဘုရား။ တပည့်တော်ဖြင့် တစ်ခါတည်း သဘောပေါက်သွားတာပါပဲ။ အဲဒါကြောင့် အရှင်ဘုရားပြတဲ့အရိုးခေါင်းဘဝကိုမရောက်ခင် တပည့်တော်ဖြင့် အချိန်ကလေးရသခိုက်မှာ ကောင်းကောင်းကြီး ပျော်နေတော့တာပါပဲ ဘုရားလို့ လျှောက်ထားပါသတဲ့။

အဲသည်ဇာတ်ကြောင်းလည်း ဆုံးရော ကျွန်မတို့ရယ်မိကြပါတယ်။ ဒကာမကြီးကို တရားပြချင်တဲ့ ခင်ကြီးခမျာ ခုတ်ရာတခြား ရှရာတခြား ဖြစ်ကုန်တာကိုး။ လူတွေဆိုတာက သံဝေဂဖြစ်တဲ့အထိ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ရင့်ကျက်ဦးမှ သံဝေဂရမှာကိုး။ အချစ်ဂျာနယ်ကိုဖတ်သူများက ငယ်ရွယ် ချောမောတဲ့သူများ လှချင်တုန်း ပချင်တုန်းအရွယ်များ ချစ်တတ်တဲ့သူ ချစ်ခင်တွယ်တာ ခံချင်နေတဲ့သူများဆိုတော့ ကျွန်မရဲ့ ရှင်ခြင်းနဲ့ သေခြင်းကိစ္စများကို စိတ်ဝင်စားပါ့မလားလို့ သားဖြစ်သူက ပြောပါတယ်။

ကျွန်မကတော့ စပြီးစာရေးကတည်းက ကျွန်မစာတွေကို အခြားဖတ်စရာတွေကုန်သွားတဲ့အချိန်မှာ ပျင်းလွန်းလွန်းလို့ပဲ ဖတ်ဖတ်၊ ခလုတ်တိုက်မိလို့ပဲဖတ်ဖတ် ကျေနပ်ပါတယ်။ ကျွန်မတို့ငယ်ငယ်ကလည်း အဲသည်လိုနဲ့ လေးလံတဲ့စာတွေကို ဖတ်ဖြစ်လာခဲ့တာပါပဲလို့ ပြောလိုက်ပါတယ်။ အဲသည်လိုနဲ့ပဲ တွေးတောဆင်ခြင်နိုင်ဖို့ ဝမ်းစာရလာခဲ့ကြတာပါပဲ။ ပြီးတော့ အချစ်ပရိသတ်ကိုလည်း အထင်မသေးလေနဲ့။ အနုပညာသည်တွေထဲမှာလည်း ဒေါက်တာမတင်ဝင်းရေးတဲ့ ဝဋ္ဋဆိုတာလည်တတ်တဲ့သဘောရှိတယ်ဆိုတဲ့ စာမျိုးတွေကို နှစ်နှစ်ခြိုက်ခြိုက်ဖတ်တဲ့သူတွေရှိတယ်လို့ ပြောမိပါတယ်။

တကယ်တော့ ရေးကတည်းက ရှင်နေတဲ့အချိန်မှာ ဘာတွေလုပ်သင့်တယ်ဆိုတာကို ပြောချင်တာဖြစ်ပါတယ်။ ရှင်တုန်းမှာ လုပ်နိုင်တဲ့အလုပ်တွေဟာ သေပြီဆိုတာနဲ့ ရပ်သွားတော့တာပါပဲ။ ထပ်ပြီးပြောချင်တာကတော့ သရဏဂုံတောင်မှ ပျက်သွားတဲ့ သေခြင်းတရားဆီကိုဆိုက်ရောက်လာတဲ့အခါမှာတော့ သေရင် ပြီးပြီလို့ ထင်ချင်စရာပဲ။ မဟုတ်ဘူး။ မသေခင်တုန်းက လုပ်ခဲ့တဲ့ ကောင်းမှု မကောင်းမှု အကျိုးဆက်များကို ကိုယ့်ဘာသာကိုယ် ပြန်ပြီးခံရဦးမှာလေ။

အဲသည်တော့ မအိုမီ မနာမီ မသေမီအချိန်မှာ လောကသားတွေဝီဝီ ပျော်တာလည်း ပျော်တာပေါ့။ အလုပ်လုပ်စရာ ရှိတာလည်း လုပ်ရမှာပေါ့။ သို့သော် အချိန်ကုန်တဲ့အထိ လုပ်သမျှတွေထဲမှာ ကောင်းတဲ့ စေတနာပါတဲ့အလုပ်က နည်းနေတယ်ဆိုရင် ကိုယ့်ကိုထောက်မမယ့်ကံကောင်းက နည်းနေမှာဖြစ်ပါတယ်။



တစ်ခါတုန်းက ကျွန်မသင်တဲ့ သင်ပြနည်းပညာအတန်းထဲက ကျောင်းသားတစ်ယောက် မေးတာကို သတိရမိပါတယ်။ ကျွန်မက ကလေးများကို စာကူးစက်ကလေးတွေ မဖြစ်စေနဲ့၊ စာတွေကို ကျက်ပြီး အချိန်တန် မေ့သွားတာမျိုးဟာ ပညာသင်တာ မဟုတ်ဘူး။ သင်ခန်းစာတွေထဲမှာပါတဲ့ အချက်တွေကို ဆက်စပ်တွေးတောတတ်ပါစေ။ အတွေးရင့်ကျက်မှ ကျောင်းကထွက်တဲ့အခါ ဘယ်လိုပြဿနာမျိုးပဲလာလာ ကိုယ့်ဘာသာကို တွက်ချက်ဆင်ခြင်ပြီး အဖြေထုတ်နိုင်မှာဖြစ်တယ်လို့ သင်ပါတယ်။

ကျွန်မအတန်းထဲက ကျောင်းသားက အချက်အလက်ရော အတွေးအခေါ်ကိုရော သင်လို့ အချိန်လောက်ပါ့မလားတဲ့။ ကျွန်မက ပြောလိုက်ပါတယ်။ ကျွဲကူးရေပါဆိုတာမျိုးပါပဲ။ အချက်အလက်သင်ရင်း အတွေးက တစ်ပါတည်းပါသွားရမှာ၊ အဲသည်လိုပါသွားအောင် သင်ရမှာလို့ ပြောလိုက်ပါတယ်။

အခုလည်းပြောချင်တာက လောကီဘုံသားများဟာ စီးပွားရှာရသေးတယ်။ ချက်ပြုတ်စားသောက်ရသေးတယ်။ သားသမီး ပွားစီးရသေးတယ်။ ပျော်ပျော်ပါးပါးလည်း နေရသေးတယ်။ အပေါင်းအသင်းလည်း ရှိရသေးတယ်။ ကုသိုလ်ရအောင် ဘုန်းကြီးကျောင်းကိုသွားဖို့ ရိပ်သာကိုသွားဖို့ မလွယ်ဘူး။ ဘယ်လိုလုပ်ရမလဲလို့ မေးရင် ကျွန်မနာယူထားတဲ့ ယောဆရာတော်ကြီးတရားထဲက အချက်အလက်တွေကို မမ္မလက်ဆောင်အဖြစ် ပေးလိုပါတယ်။

ဆရာတော်က အမိန့်ရှိတာကတော့ 'တရားဟာ အချိန်ကိုလည်း မတောင်းပါဘူးတဲ့။ အချိန်မရှိသေးလို့ တရားနှလုံး မသွင်းနိုင်သေးဘူး။ တရားအားမထုတ်နိုင်သေးဘူးဆိုတဲ့ စကားများကို မပြောပါနဲ့။ အချိန်ကို မတောင်းပါဘူးတဲ့။ ပြီးတော့ တရားဟာ ငွေကိုလည်းမတောင်းပါဘူးတဲ့။ လှူတော့ လှူချင်တာပေါ့။ ငွေမရှိသေးလို့ဆိုတဲ့ စကားကိုလည်း

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



မပြောပါနဲ့တဲ့။ တရားက တောင်းတာဟာ စိတ်ကောင်းကိုပဲ တောင်းတာပါတဲ့။ နေ့စဉ် ပြုရမယ့်တာဝန်များကို သတိပညာနဲ့ထိန်းပြီး ဆင်ခြင်ရင် အမှိုက်သွန်တာတောင်မှ ဝိပဿနာဖြစ်ပါတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ တစ်ချိန်က အသုံးဝင်ခဲ့တာတွေဟာ အခုအမှိုက်ဖြစ်သွားပြီ၊ မမြဲသောသဘောတွေပါလားလို့ နှလုံးသွင်းရင် ဝိပဿနာပဲ ဖြစ်ပါတယ်'တဲ့။

ပြီးတော့ လူတွေကို မေးလိုက်ရင် အိုဗျာ ကျုပ်တို့အိမ်မှာ သားသမီးတွေ များတယ်။ သိပ်ကုန်တာပဲလို့ ဖြေတတ်ကြတယ်တဲ့။ အဲသည်လို ညည်းညူသံကြီးနဲ့ဖြေနေတာဟာ ကုသိုလ်မဖြစ်တဲ့ ခြောက်ကပ်ကပ်သံကြီး ဖြစ်ပါတယ်တဲ့။ တကယ်တော့ ကျွေးမွေးတဲ့နေရာမှာ စေတနာထားပြီး မေတ္တာထားပြီး ကျွေးမွေးရင် အလှူဒါနမြောက်ပါတယ်တဲ့။ စေတနာပါတဲ့ မေတ္တာပါတဲ့ ဒါနဖြစ်ပါတယ်တဲ့။

ပြီးတော့လည်း ဘာပဲတွေးတွေး ဘာပဲပြောပြော ဘာပဲလုပ်လုပ် သတိပညာနဲ့ဆင်ခြင်ပြီး အကုသိုလ်မဖြစ်အောင် ပြောဖြစ်ဖို့ လုပ်ဖြစ်ဖို့ လိုအပ်ပါတယ်တဲ့။ ဒီနေရာမှာ ရိုးရိုးပဲ ပညာဆိုတဲ့ဝေါဟာရကို မသုံးဘဲ သတိပညာဆိုတာကို သုံးတာကိုက ဆရာတော်က အဓိပ္ပာယ်နဲ့သုံးတာဖြစ်ပါတယ်တဲ့။ ပညာလို့ ရိုးရိုးသုံးလိုက်ရင် လောကီပညာနဲ့ မှားသွားမှာစိုးလို့ ဖြစ်ပါတယ်တဲ့။ လောကီပညာဆိုတာ ထမင်းစားနိုင်ရုံလောက်၊ လူမှုရေးကိစ္စများမှာ စကားပြောနိုင်ရုံ ဆောင်ရွက်နိုင်ရုံလောက်တော့ အသုံးဝင်ပါလိမ့်မယ်တဲ့။ ဆရာတော်အဓိနိ့ရှိချင်တဲ့ ပညာက သတိနဲ့ထိန်းပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့ ပညာဖြစ်ပါတယ်တဲ့။ *'လူဖြစ်ပြီး လူမှာပြည့်စုံရမယ့် စွမ်းအားများဖြစ်တဲ့ ဒါန သီလ ပညာနဲ့ မပြည့်စုံရင် လူမဟီသဘဲ ဖြစ်သွားပါလိမ့်မယ်'*လို့ ကျေးဇူးရှင်ဆရာတော်ကြီးက အဓိနိ့ရှိပါတယ်။

လူဖြစ်ပြီး နတ်နဲ့တူတဲ့လူလည်း ရှိပါတယ်တဲ့။ အစစအရာရာမှာ



ပြည့်စုံပြီးတော့ သတိမရှိဘဲ ပြည့်စုံတိုင်း စားသောက် မော်ကြွားကာ နေရင်းနဲ့ ကံအကြောင်းမလှတဲ့အချိန်မှာ ဒုက္ခနဲ့တွေ့ရင် မထိန်းနိုင်လောက်အောင် ကျသွားတာက နတ်နဲ့တူတဲ့လူ ဖြစ်ပါတယ်တဲ့။ တကယ်တော့ လူနဲ့တူတဲ့လူများက သုခနဲ့ကြုံရင်လည်း တရားမမေ့ဘဲ ထိန်းနိုင်ရပါမယ်။ ဒုက္ခနဲ့ကြုံရင်လည်း သံဝေဂယူတတ်ကြရပါမယ်တဲ့။ တကယ်တော့ ရှင်နေရင်း သေဖို့ပြင်နေကြရတာပဲ မဟုတ်ပါလား။ သေတော့မှာပဲလို့ စဉ်းစားပြီး စိတ်ဆင်းရဲနေရမှာ မဟုတ်ဘူးလေ။ နေတဲ့အချိန်မှာ အကုသိုလ်နည်းနိုင်သမျှနည်းပြီး ကုသိုလ်စိတ်ဦးစီးတဲ့ အပြောအဆို အနေအထိုင်များကို လုပ်နိုင်သမျှ လုပ်ရပါမယ်။ အဲသည်လိုဆိုရင်တော့ နေရင်းထိုင်ရင်း ကြုံရမယ့်အရေးကိစ္စဟူသမျှအတွက် ကောင်းအောင် လုပ်ပြီးသား ဖြစ်သွားတော့မှာ ဖြစ်ပါတယ်။

တကယ်တော့ အချိန်တွေရှိနေသေးတာပဲလို့ အမှတ်မထင် မနေအပ်ပါဘူး။ အချိန်တွေဟာ ကုန်မှန်းမသိ ကုန်နေတာပါပဲ။ တစ်ခါတုန်းက သုဘာလုလင်ရဲ့အဖေ အင်မတန်ကပ်စေးနဲ့တဲ့ တောဒေးယျပုဏ္ဏားကြီးက သားဖြစ်သူကို ချွေတာသင့်တဲ့အကြောင်း ပြောတာကို သတိရမိပါတယ်။ သူတို့မဇ္ဈိမမှာ မျက်စိကိုဆိုးတဲ့ မျက်စဉ်းတောင့်ဆိုတာကို သုံးပါတယ်။ အခု ကာချယ်လို့ ခေါ်တာမျိုးထင်ပါတယ်။ အဲသည် မျက်စဉ်းတောင့်ကြီးဟာ ဘယ့်လောက်ပဲအတုံးကြီးကြီး နေ့တိုင်း သုံးနေတော့ တစ်နေ့မှာ ကုန်သွားတာပါပဲတဲ့။ သုံးတာကတော့ သုံးတယ်ဆိုရုံပဲလေ။ တောဒေးယျကတော့ တိတ္တိကြီးဖြစ်ပါတယ်။ သူက ချွေတာဖို့ ပြောတာ ဖြစ်ပါတယ်။ သို့သော် သူ့ဥပမာနဲ့ ဟပ်လို့ရတာက လူ့ဘဝမှာ အမှတ်မထင်အချိန်တွေက ကုန်မှန်းမသိ ကုန်နေတတ်ပါတယ်။ အဲသည်လို အနှစ်မဲ့ အင်အားမဲ့ ကုန်သွားရတဲ့အချိန်တွေဟာ အကျိုးထက် အပြစ်ကိုသာ သယ်ဆောင်လာတတ်ပါတယ်တဲ့။ လူ့ဘဝဆိုတာက လမ်းဆုံပဲ။ **လူမှာ လုပ်နိုင်တဲ့အစွမ်းသတ္တိ အကုန်ရှိပါတယ်။ ကောင်းရာသုဂတိ**

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



**ကိုလည်း ရောက်အောင် ကြိုးစားခွင့်ရှိပါတယ်။ အပါယ်ကိုရောက်မယ့် စိတ်နေသဘောဝနဲ့ အလုပ်များကိုလည်း လုပ်ဖို့လွယ်ပါတယ်။**

လူဟာ သေဆုံးတဲ့အခါ လူ့ဘဝက သယ်ဆောင်ခဲ့တဲ့ ကုသိုလ် အကုသိုလ်အလိုက် အပါယ်ကိုလည်း ထုတ်ချင်းပေါက် ရောက်နိုင်ပါတယ်။ ကောင်းရာသုဂတိကိုလည်း လာဇာဒေဝဇီတာတို့လို ထုတ်ချင်းပေါက် ရောက်နိုင်ပါတယ်။ အဲသည်လိုမှမဟုတ်ဘဲ ကောင်းမှုကုသိုလ်လည်း လုပ်ပါလျက်နဲ့ ပြိတ္တာဖြစ်ရတာကတော့ အသည်းနာစရာပါပဲ။ သို့ပေမဲ့ ဖြစ်တတ်ပါတယ်။ တောင်ဖြို့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အနာဂတ်သာသနာရေး စာအုပ်ထဲမှာရော ကိုယ်ကျင့်အဘိဓမ္မာစာအုပ်ထဲမှာပါ ပြိတ္တာဖြစ်နေကြတဲ့ စာသင်သားရဟန်းများဟာ သုသာန်ထဲမှာ စာတွေကျက်နေတာ တညံညံနဲ့တဲ့။ စိတ်မကောင်းစရာပါပဲ။ တရားစကားတွေကို ကျက်မှတ်ခဲ့ပေမယ့် ကျင့်ကြံမှုအားနည်းလို့တစ်ကြောင်း လုပ်တဲ့အလုပ်က အပြစ်မကင်းလို့တစ်ကြောင်း ပြိတ္တာဖြစ်ရတာကိုး။ အဲသည်လိုပုဂ္ဂိုလ်မျိုးက ကျွတ်ဖို့ခဲယဉ်းတတ်တယ်လို့ မှတ်သားရဖူးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားမုက္ခပါဠိတော်များကို အလွတ်ရနေတာကိုး။ ကျင့်သာမကျင့်တာ၊ သိတော့ သိနေတာကိုး။ ဘုန်းကြီးက တစ္ဆေဖြစ်နေလို့ ကမ္မဝါဖတ်ရင် လိုက်တောင်ရွတ်နေတတ်တယ်လို့လည်း ကြားဖူးပါတယ်။

နောက်တစ်ဦးကတော့ ကျောင်းအမကြီးတစ်ဦး ဖြစ်ပါသတဲ့။ ဆရာတော်ကြီးတစ်ဦး တံတားအနီးကဖြတ်ပြီး ကြွတဲ့အခါ ဆရာတော်ကြီးဘုရား၊ ဆရာတော်ကြီးဘုရားလို့ အသံပေးပါသတဲ့။ ဆရာတော်ကြီးကလည်း အသံကိုမှတ်မိလို့ အလို ကျောင်းအမကြီးပါလား၊ ဘယ်လိုဖြစ်ရတာတုံးလို့ မေးတော့ တပည့်တော်မ မကျွတ်ဘူးဘုရား။ အဲသည်တော့ သားသမီးများကို အလှူအတန်းပြုပြီး အမျှဝေဖို့ အမိန့်ရှိလိုက်ပါဦးဘုရားလို့ မှာလိုက်ပါသတဲ့။ ဆရာတော်ကြီးကလည်း သားသမီးတွေကို



ခေါ်ပြီး ပြောတာပေါ့။ သားသမီးများကလည်း မြန်မြန်ဆန်ဆန်ပဲ အလှူပေးပြီး စိတ်ပါလက်ပါ အမျှဝေခဲ့ပါသတဲ့။ ကိုင်း သည်တစ်ခါတော့ ကျွတ်လောက်ပြီ။ သူကိုယ်တိုင် အမျှဝေစေချင်တာ အခုအမျှပေးလိုက်တော့ သာဓုခေါ်ပြီးလောက်ပြီလို့ အောက်မေ့ကြတာပေါ့။ တကယ်တမ်းတော့ မဟုတ်ပါဘူး။

နောက်တကြိမ် ဆရာတော်ကြီး တံတားအနီးကဖြတ်ပြီး ကြွတဲ့အခါ ကျောင်းအမကြီးက အသံပေးပြန်တာပါပဲတဲ့။ ကျောင်းအမကြီး အလှူပေးပြီး အမျှဝေတာ မရဘူးလားလို့မေးတော့ တပည့်တော်တို့လို ပြိတ္တာတွေက ဟိုဘက်ကမ်းကိုလိုက်ဖို့ အတင်းခေါ်လို့ လိုက်သွားရတယ်။ အဲသည်တော့ အလှူလှူတာရော အမျှဝေတာရော တပည့်တော် မမီလိုက်ဘူးဘုရား။ ထပ်ပြီးပြောပေးတော်မူပါဦးဆိုလို့ ထပ်ပြီးပြောပေးရပါသတဲ့။ အဲသည်တစ်ခါမှာတော့ ကျောင်းအမကြီးက သူသာဓုခေါ်ပြီးပါပြီ။ ပြိတ္တာဘဝက ကျွတ်သွားပါပြီလို့ ဆရာတော်ကြီးကို နှုတ်ဆက်သွားပါသတဲ့။

တကယ်တော့ အမျှဝေတာဟာ ကျန်ရစ်သူများက ထပ်ခါတလဲလဲ လုပ်ရမယ့် အလုပ်ဖြစ်ပါတယ်။ ကိုယ်ရည်စူးတဲ့ ပုဂ္ဂိုလ်များဟာ ပြိတ္တာမဖြစ်ဘူးဆိုရင်လည်း သူတို့အတွက် မလိုတော့ပါဘူး။ သို့သော် ရည်စူးသောအလှူ လှူပေးနေတဲ့ ကျန်ရစ်သူများ ကုသိုလ်ပွားရုံသာမက ကြားရတဲ့ မကျွတ်သေးသူများ လူသူတော်ကောင်းများ သမ္မာဒေဝနတ်ကောင်း နတ်မြတ်များ သာဓုခေါ်နိုင်ကြတာပေါ့။ ပြီးတော့ ကိုယ့်ကျေးဇူးရှင်ကြီးများဟာ တစ်ခါအမျှမရသော် နောက်တစ်ခါအမျှရကြပါစေလို့ စေတနာထားပြီး မှန်မြတ်သောအလှူများကို လှူနေရမှာပါပဲ။ နှစ်ပေါင်းမည်မျှကြာသွားပြီပဲဆိုပြီး မရပ်လိုက်ပါနဲ့။ အလှူကြီးပေးမှလည်း အမျှရတာမဟုတ်ပါဘူး။ ပန်း ရေချမ်း ဆီမီးပူဇော်တာ၊ သီလဆောက်တည်တာစတဲ့ ကုသိုလ်အမှုများရဲ့ အဖို့အစုကိုလည်း အမျှဝေလို့

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ရပါတယ်။ တကယ်တော့ ဗြိတ္တာဘဝမှာ အကြာကြီးကြာတဲ့အခါကျမှ အမျှရပြီး ကျွတ်တန်းဝင်တဲ့သူများတောင် ရှိပါတယ်။ အဲသည်တော့ ကုသိုလ်အမျှဝေကြဖို့ အားထုတ်ကြပါ။

တကယ်တမ်းတော့ သေလွန်တဲ့ကာလမှာ အယူတိမ်းပြီး ဗြိတ္တာဖြစ်ရတာကလည်း ရှင်တုန်းက အယူမှားလို့ ဖြစ်ရတာ၊ အပြောအဆို အလုပ်အကိုင် မှားလို့ ဖြစ်ရတာပါပဲ။ သို့သော် သားသမီးဆွေမျိုးတို့က သူ့ထိုက်နဲ့သူ့ကံလို့ ပစ်ထားလို့ မသင့်တော်ပေဘူး။ သူ့ကျေးဇူးကို သိတတ်တဲ့သူများအနေနဲ့ အမျှဝေတာကို မမေ့မလျော့လုပ်ရမှာ ဖြစ်ပါတယ်။

ကိုင်း ပရိသတ်တို့ရေ၊ *ကျေးဇူးရှိသူ သူတစ်ထူးအတွက် ကုသိုလ်အမှုများလုပ်ရင်း ကိုယ်တိုင်အတွက်လည်း ကုသိုလ်ကောင်းမှု အစစ်အမှန် ရအောင် ကုသိုလ်အစစ်ကို လုပ်မိအောင် ကြိုးစားကြစေလိုပါတယ်။* သေတဲ့သူက သေသွားတာတောင်မှ ပကာသနနဲ့ ဟန်လုပ်နေတယ်ဆိုရင်တော့ ကုန်ပြီးရှုံး ဆုံးပြီးရှုံးဖြစ်တော့မှာ သေချာပါတယ်။

## မွေးနေ့လက်ဆောင်နဲ့ သေနေ့လက်ဆောင်

ခေါင်းစဉ်ကြီးကလည်း ဘာကြီးမှန်းမသိဘူးနော်လို့ ဆိုကြမယ်ထင်ပါတယ်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ဘုရားကြီးရဲ့ တရားထဲက ပါတဲ့ဝေါဟာရများကို တိုက်ရိုက်ပဲ ခေါင်းစဉ်ငယ်အဖြစ် တင်လိုက်တာ ဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ အေးအေးဆေးဆေးပဲ နေတော်မူတတ်ပါတယ်။ လူ့အကြောင်းတွေကိုလည်း စပ်စုလေ့မရှိပါဘူး။ သို့သော် မြင်သမျှ ကြားသမျှကို တရားနဲ့ဆင်ခြင်တော်မူတတ်တယ်ဆိုတာကို ဆရာတော်ဘုရားကြီးရဲ့ တရားကို နာဖန်များလေလေ သတိထားမိလေလေပါပဲ။

ဗုဒ္ဓဘာသာဝင်များဟာ မွေးနေ့မှာ ဆွမ်းလည်းကျွေးတတ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း လက်ဆောင်များ ပေးတတ်ပါတယ်။ ဆရာတော်ကြီး အမိန့်ရှိတာကတော့ တကယ်တမ်းပြောရရင် လူမှာ မွေးနေ့က တစ်နေ့ပဲရှိပါတယ်တဲ့။ အူဝဲ အူဝဲနဲ့ အမိဝမ်းကကျွတ်လာတာဟာ မွေးနေ့ပဲဖြစ်ပါတယ်။ နောက်ပိုင်းက အဲသည်ရက် အဲသည်နေ့များကို မွေးနေ့ပဲလို့ သတ်မှတ်ကြ၊ မွေးနေ့ပွဲများ ကျင်းပကြ၊ လက်ဆောင်များပေးကြ ယူကြနဲ့ လုပ်နေတာဟာ တကယ်တော့ အိုနေ့များပဲ ဖြစ်ပါတယ်တဲ့။ ကျွန်တော်ကျွန်မတို့ အသက်တစ်နှစ်ကြီးလာပါပြီ။ တစ်နှစ်ပိုပြီး အိုလာကြပါပြီ။ နေရမယ့်အချိန်ကလည်း တစ်နှစ်လျော့သွားပါပြီလို့ စဉ်းစားမိတဲ့ ဆင်ခြင်မိတဲ့သူက နည်းပါတယ်တဲ့။ အဲသည်လို အနိစ္စသဘောကို ဆင်ခြင်ပြီး မျက်နှာပျက်ပျက်နဲ့ လက်ဆောင်ကို လက်ခံတဲ့သူ မရှိကြပါဘူးတဲ့။ လက်ဆောင်ပေးတဲ့အခါမှာ ပြုံးပြုံးပြုံးပြုံးနဲ့ ယူတတ်ပါတယ်တဲ့။ ပေးတဲ့သူကလည်း ချစ်ခင်နှစ်လိုစွာ

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ပြုံးပြုံး ပြုံးပြုံးနဲ့ ပေးတတ်ပါတယ်တဲ့။ လက်ဆောင်ကို လက်ခံမယ့်သူ စိတ်ချမ်းသာအောင် သူကြိုက်တတ်တဲ့ ပစ္စည်းဝတ္ထုကိုလည်း ရွေးပြီး ပေးမှာပေါ့လေ။

ဆရာတော်ကြီးက ဆက်လက်မိန့်တော်မူတာကတော့ ကွယ်လွန်သွားကြတဲ့ မိဘဆွေမျိုးတို့ကိုရည်စူးပြီး အလှူဒါနများ လုပ်ကြတဲ့နေရာမှာလည်း ပြည့်ပြည့်စုံစုံ ကောင်းကောင်းမွန်မွန်နဲ့ သန့်သန့်ရှင်းရှင်း ဖြစ်အောင် ကြိုးစားကြပါတယ်တဲ့။ အဲသည်လို အလှူဒါနလုပ်ကြပြီလို့ ဆိုတဲ့နေရာမှာ စတင်ပြီး တရားနာတဲ့အခါမှာတော့ အလှူရှင်များဟာ တရားထဲမှာ စိတ်ဝင်စားနေတဲ့အတွက် အနည်းနဲ့အများ အေးဆေးတည်ငြိမ်နေတတ်ပါတယ်တဲ့။ တရားလည်းဆုံးရော ကိုင်း ရေစက်ချကြစို့၊ ရေစက်ခွက်ကို ကိုင်ပါလို့လည်းဆိုရော တုန်လှုပ်လာကြပါလေရောတဲ့။ ပူလာ လောင်လာပါလေရောတဲ့။ အဲသည်လို တုန်လှုပ်တဲ့ ကိုယ်စိတ်နှစ်ပါးနဲ့ ရေစက်ချပြီးတော့ ကိုင်း ကိုင်း အမျှဝေလိုက်ပေတော့လို့လည်း ဆိုရော တကတဲ အော်ဟစ်ငိုယိုပြီး အမျှဝေလိုက်ကြပါလေရောတဲ့။ အဲဒါဟာ လက်ဆောင်ပေးတာမှ မဟုတ်ဘဲတဲ့။ ရန်လုပ်ပြီး နှင်ထုတ်လိုက်တာပါပဲတဲ့။

ဆရာတော်ကြီးဆိုတော့ အဲသည်လို ဆွမ်းသွတ်တရားနာနဲ့ ပတ်သက်လို့ အတွေ့အကြုံကလည်း စုံပါလိမ့်မယ်။ အဲသည်လို ငိုယိုပြီး အမျှဝေတဲ့အလုပ်ကို ကျွန်မလည်း လုပ်ခဲ့ဖူးပါတယ်။ ကျွန်မဖေဖေ ဆုံးပါးတော့ လတိုင်း လတိုင်း ဆွမ်းသွတ်ခဲ့ပါတယ်။ အိမ်မှာတင် ဆွမ်းသွတ်တာပါ။ တစ်နှစ်ပြည့်တော့ စာသင်တိုက်ကြီးတစ်တိုက်မှာ အမြဲဆွမ်းသွတ်ပါတယ်။ အစောပိုင်းက အသိရှိထားပါလျက် သတိမရှိတော့ မဖြေနိုင်ပါဘူး။ တကယ်တော့ ဖေဖေ့ကို အသက် ၅ နှစ် ပိုရှည်လာအောင် တစ်နည်းဆိုရင် အားလုံးက လက်လွှတ်ရတော့မယ်လို့ ထင်နေရာက ပြန်ကောင်းလာပြီး နောက်ထပ် ၅ နှစ်လောက် ပိုပြီး



အသက်ရှည်အောင် လှူချင်တာတွေကို လှူနိုင်အောင် ကြိုးစားပေးခဲ့နိုင်ပါလျက် နောက်ဆုံး ၁၅ ရက်မှာလည်း စိတ်တိုင်းကျအောင် ပြုစုနိုင်ပါလျက် စိတ်က မဖြေနိုင်ပါဘူး။

သုံးလကြာတဲ့အခါမှာ ဆွမ်းသွတ်တော့ ထူးထူးခြားခြား ပင့်ဖိတ်မိတဲ့ ဆရာတော်ကြီးက သက်တော်ရှည်ပြီး ကျော်ကြားတဲ့ဆရာတော်ကြီးဖြစ်ပါတယ်။ ကျွန်မ ရေနံချောင်းကိုပြန်တဲ့အခါမှာ ကြားသိခဲ့ရတာက ကျွန်မဖေဖေဟာ အသက်ငယ်ငယ်ကလေးကတည်းက မိဘမဲ့ဖြစ်တဲ့အတွက် သူ့ရဲ့မွေးနေ့မွေးရက်ကို သေသေချာချာမသိပါဘူးတဲ့။ အဲသည်လိုပဲ ရန်ကုန်က ထင်ရှားကျော်ကြားတဲ့ ဆရာတော်ကြီးတစ်ပါးဟာ ငယ်စဉ်ကတည်းက မိဘများ ဆုံးပါးသွားခဲ့ကြလို့ မွေးနေ့ မွေးရက်ကို မသိပါဘူးတဲ့။ ကျွန်မကိုပြောပြတဲ့ မေမေရဲ့ရည်ရွယ်ချက်ကတော့ လူဆိုတာ ငယ်ငယ်တုန်းက ဘယ့်လောက်ပဲ ကံဆိုးဆိုး သူ့စရိုက်နဲ့သူ ဝီရိယထားပြီး ကြိုးစားတဲ့သူများဟာ ကြီးပွားကြတာပါပဲ။ ဗေဒင်မေးဖို့ ယတြာချေဖို့ဆိုတာ မွေးရက်တောင်မှ မသိတော့ ဘယ်လိုမှ လုပ်လို့ မဖြစ်ဘူး။ ကိုယ့်သီလကို ကိုယ်အားကိုယ်ကိုးပြီး ကြီးပွားလာကြရတာပဲ ဆိုတဲ့သဘောနဲ့ မေမေက ပြောတာဖြစ်ပါတယ်။

ကျွန်မကတော့ ရန်ကုန်ကိုပြန်လာတာနဲ့ အဲသည်ဆရာတော်ကြီးနဲ့ အဲသည်ကျောင်းတိုက်က ဆရာတော် ၄ ပါး ပေါင်း ၅ ပါးကို ပင့်ဖိတ်ပြီး ဆွမ်းသွတ်တရားနာပါတယ်။ အပြင်လူဆိုလို့ ကျွန်မတို့ကျောင်းက ပါမောက္ခကြီးတစ်ယောက်ကိုသာ ဖိတ်ခဲ့ပါတယ်။

သီလယူ၊ ဆွမ်းကပ်၊ ဆွမ်းကိစ္စပြီးတဲ့အခါမှာတော့ ယောဆရာတော်ကြီး မိန့်တော်မူတဲ့အတိုင်းပါပဲ။ တရားနာပါတယ်။ တရားနာနေတဲ့အခါမှာတော့ စိတ်က အေးသလိုလို ရှိပါတယ်။ ရေစက်ချပြီး အမျှဝေတဲ့အခါမှာတော့ ကျွန်မက အမျှဝေးရင်း ငိုပါတယ်။ ပြီးတော့ ဆရာတောကြီးကို လက်အုပ်ချီရင်း ဝပ်ချလိုက်ပြီး ဆရာတော်ကြီးဘုရား၊

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



တပည့်တော်ရဲ့အဖေက ဆရာတော်ကြီးလိုပါပဲဘုရား။ ကိုယ်စွမ်းကိုယ်စနဲ့ ကြီးပွားလာသူ ဖြစ်ပါတယ်ဘုရား။ ငယ်ငယ်ကလေးကတည်းက မိဘဆိုး ဖတဆိုးဖြစ်ခဲ့ရလို့ ဆရာတော်ကြီးလိုပဲ ကိုယ့်မွေးနေ့ မွေးရက်တောင်မှ သေသေချာချာ မသိခဲ့ပါဘူးတဲ့ဘုရား စသည်ဖြင့်ပေါ့လေ။ ပရိဒေဝသောကမီး တောက်လောင်တဲ့အတွက် ရောက်တတ်ရာရာ ပြောပြီး ငိုတော့တာပါပဲ။

ကျွန်မကို ဟဲ့ လို့ငေါက်ပြီး တားမယ့်သူလည်းမရှိတော့ ငိုရင်းရှိုက်ရင်း ခေါင်းမော့လိုက်တဲ့အခါကျမှ ဆရာတော်ကြီးကို အိမ်ပေါ်ကနေပြီး ပင့်သွားကြလို့ ခြံထဲကိုရောက်နေပါပြီ။ ဆရာတော်ကြီးကလေဖြတ်ထားတဲ့အတွက် ဝမ်းနည်းစရာကောင်းတဲ့စကားတို့ မြင်ကွင်းတို့ကို မခံနိုင်ရှာပါဘူးတဲ့။ ဆရာတော်ကြီးကိုယ်တိုင် မျက်ရည်ကျတော့မယ့်အဖြစ်ကို ရောက်မှာစိုးလို့ သံဃာတော်များက ပင့်သွားပါသတဲ့။

ကျွန်မမှာလည်း အားလည်းနာ စိတ်လည်းမကောင်း ဖြစ်သွားပါတယ်။ ကျွန်မဖိတ်ထားတဲ့ဆရာကြီးကလည်း ငယ်ငယ်ကတည်းက ဖတဆိုးဖြစ်ခဲ့သူဆိုတော့ ကျွန်မငိုတာကိုကြည့်ပြီး သူလည်းဝမ်းနည်းနေပါသတဲ့။ အဲသည်နေ့ ဆွမ်းသွတ်ပွဲက ဆွမ်းသွတ်ပွဲအဖြစ် မအောင်မြင်ခဲ့ဘူးလို့ ကျွန်မ မသိခဲ့ပါ။

ယောဆရာတော်ကြီးရဲ့ တရားကို သေသေချာချာနာမိတော့မှ ထိုနေ့က ဆွမ်းသွတ်ပွဲ မအောင်မြင်ဟု ကျွန်မနားလည်လာရပါတယ်။ ဆရာတော်ကြီးက ဆွမ်းသွတ်တရားနာတယ်ဆိုတာဟာ သေနေ့ လက်ဆောင်ပေးခြင်းလို့ ယူဆနိုင်တယ်လို့ မိန့်တော်မူပါတယ်။ သေဆုံးသွားတဲ့သူများ မကျွတ်မလွတ်ရှိခဲ့ရင် အလှူဒါနပြုကြပြီး အမျှအတန်းဝေကြရင် သာဓုခေါ်ဆိုနိုင်ကြပါစေလို့ အစစအရာရာ အကောင်းဆုံး ပြင်ဆင်ပြီးကာမှ ငိုယိုပြီး အမျှဝေတာဟာ သေနေ့လက်ဆောင်ပေးတာနဲ့ မတူပါဘူးတဲ့။ နှင်ထုတ်တာနဲ့ တူပါတယ်တဲ့။ သာဓုခေါ်ရမယ့်သူဟာ



ငိုယိုတာကို မြင်တာနဲ့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်တော့မှာ မဟုတ်တော့ပါဘူးတဲ့။ ထွက်ပြေးရရှာတော့မှာ ဖြစ်ပါတယ်တဲ့။

ငိုယိုတာဟာ တကယ်တော့ ရန်လုပ်တာပါပဲတဲ့၊ တရားသဘောအရဆိုရင် ငိုယိုတာဟာ ဆို့နစ်တဲ့ဒေါသဖြစ်တဲ့အတွက် ဆွေမျိုးစိတ်မိတ်ဆွေစိတ် မဟုတ်ပါဘူးတဲ့။ အဲဒါကြောင့် ကွယ်လွန်တဲ့သူ ဆုံးပါးတဲ့သူ သာဓုခေါ်ဆိုနိုင်ဖို့ရာဟာ အလှူအတန်းလုပ်တဲ့အချိန်က ဝမ်းမြောက် ဝမ်းသာလုပ်ခဲ့သလို ဝမ်းမြောက်ဝမ်းသာနဲ့ အမျှဝေရမှာ ဖြစ်ပါတယ်တဲ့။ အဲဒါမှ ဘဝတမလွန်ကိုပြောင်းသွားတဲ့ ကျေးဇူးရှင်များအတွက် ကုသိုလ်ကောင်းမှုကို လုပ်တာဟာ ဆွေစိတ်မျိုးစိတ်နဲ့ လုပ်တာပါတဲ့။

အဲသည်လို ဆွေစိတ်မျိုးစိတ်အပြည့်နဲ့ မသေဆုံးခင်ကလည်း ကောင်းမွန်စွာပြုစု၊ သေဆုံးတဲ့နောက်မှာလည်း ကောင်းမွန်စွာ ကုသိုလ်ကောင်းမှု လုပ်ကာ အမျှအတန်းဝေပြီး ကျေးဇူးဆပ်ရမယ့်အကြောင်းကို ပြောရင်း အခုအချိန်မှာ ခေတ်စားလာတဲ့ နာရေးနဲ့ပတ်သက်တဲ့ ဓလေ့တစ်ခုအကြောင်းကို ဆရာတော်ကြီးက မိန့်တော်မူပါသေးတယ်။ သတင်းစာတွေထဲမှာ နာရေးနဲ့ပတ်သက်လို့ ‘မည်သူကွယ်လွန်သွားသည်ကို ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ကြေကွဲဝမ်းနည်းမိပါကြောင်း’ ဆိုတဲ့ ကြော်ငြာများကို အတွေ့ရများပါတယ်တဲ့။ ဆရာတော်ကြီးက မိန့်တော်မူတာကတော့ သူတို့က လောကဝတ် ကျေပွန်လိမ့်မယ်လို့ ထင်လို့ အဲသည်လို ကြော်ငြာကြတာဖြစ်မှာပါပဲတဲ့။ သေသေချာချာ ဉာဏ်သတိစိုက်ကြည့်ရင် လောကဝတ်လည်း မကျေပါဘူးတဲ့။ ဓမ္မဝတ်လည်း မကျေပွန်ပါဘူးတဲ့။ တရားသဘောနဲ့ကြည့်ရင် ရန်စကားပြောခြင်းမျှသာ ဖြစ်ပါတယ်တဲ့။ ဝမ်းနည်းခြင်းဆိုတာဟာ တရားသဘောနဲ့ဆိုရင် ဆွေမျိုးစကားလည်း မဟုတ်၊ မိတ်ဆွေစကားလည်း မဟုတ်ပါဘူးတဲ့။ ရန်စကားပြောခြင်းမျှသာ ဖြစ်ပါတယ်တဲ့။

လောကအနေနဲ့တော့ တာဝန်ဝတ္တရားကျေတယ်လို့ ထင်ချင်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



လည်း ထင်ကြမှာပေါ့။ တရားအနေနဲ့တော့ ဝတ္တရား မကျေပွန်ပါဘူးတဲ့။ တကယ်ဖြစ်ရမှာက ဘယ်သူကွယ်လွန်သွားတာ ကြားသိရပါသဖြင့် မိသားစုနဲ့အတူ အလွန်နှမြောမိပါကြောင်းလို့ ကြော်ငြာသင့်ပါတယ်တဲ့။ တကယ့်ကို အဖိုးထိုက်တန်တဲ့သူများ ဆုံးပါးရတယ်ဆိုတာဟာ မိသားစုအတွက်ရော ပတ်ဝန်းကျင်အတွက်ရော နှမြောစရာ တကယ်ကောင်းပါတယ်တဲ့။ လောကအတွက် အဖိုးတန်ပုဂ္ဂိုလ်ကြီးတွေ ဆုံးပါးရတာ နှမြောစရာသိပ်ကောင်းတယ်။ သာသနာဘက်ကကြည့်ရင် သာသနာဘက်က ပုဂ္ဂိုလ်တွေကို နှမြောစရာ သိပ်ကောင်းပါတယ်တဲ့။

တကယ်ဆိုတော့လည်း နှမြောသာ နှမြောရတာ၊ ခန္ဓာဆိုသည်မှာ အနတ္တ၊ ကိုယ့်အပေါ်မှာ ကိုယ်တိုင်ကန့်သတ်ပိုင်ခွင့်လည်း လုံးဝမရှိ၊ မိဘကလည်း သားသမီးကို အသက်ကန့်သတ်ပိုင်ခွင့် အာဏာပါဝါမရှိ၊ မိဘအပေါ်မှာလည်း အသက်ကန့်သတ်ပိုင်ခွင့် သားသမီးမှာ ဘာအာဏာပါဝါမှ မရှိ။ သူ့သဘောနဲ့သူ ပျက်စီးသွားတာကို လက်ခံကြရမှာ။ အဲဒါကြောင့် ခန္ဓာသည် အနတ္တဖြစ်ပါတယ်။ အဲဒါကြောင့် မိတ်ဆွေအပေါင်းအသင်းတစ်ဦးတစ်ယောက် ဆုံးပါတဲ့အခါမှာ 'ခန္ဓာရဲ့ အနတ္တကို သိရှိခွင့်ရပါသဖြင့် များစွာသံဝေဂဖြစ်မိပါကြောင်း' လို့ကြော်ငြာရင် လောကဝတ်လည်း ကျေပွန်ပါတယ်။ ဓမ္မဝတ်လည်း ကျေပွန်ပါတယ်။ စာဖတ်တဲ့သူများလည်း စကားလုံးကလေးတွေက ရှင်းရှင်းကလေးတွေဆိုတော့ တရားတစ်ပုဒ် နာလိုက်ရသလိုပါပဲ။ ရှင်းနေတာပဲ။ မြတ်စွာဘုရားတောင်မှ လွန်ဆန်ခွင့်မရနိုင်တဲ့ အနတ္တသဘောကို ပြန်လည်သဘောပေါက်နိုင်တာကြောင့် စာဖတ်ရတဲ့သူများလည်း တရားတစ်ပုဒ်နာလိုက်ရသလိုပါပဲတဲ့။ လောကဝတ်ရော ဓမ္မဝတ်ပါ ကျေပွန်သွားပါတယ်တဲ့။ ဆွေစိတ်မျိုးစိတ်နဲ့ ဆွေစကားမျိုးစကား ပြောကြားရာလည်း ရောက်ပါသတဲ့။

ကာယကံရှင်များဟာလည်း ပြည့်ပြည့်စုံစုံ ကောင်းကောင်းမွန်မွန်



သန့်သန့်ရှင်းရှင်း ကုသိုလ်လုပ်ချင်တယ်ဆိုရင် တရားကို နှလုံးများများကြီးသွင်းဖို့ လိုအပ်ပါတယ်တဲ့။ စိတ်ကောင်းများများပေါ်မှ တရားကိုများများကြီးနှလုံးသွင်းဖို့ လိုအပ်ပါတယ်တဲ့။ အဲသည်လို လုပ်ပြီးတော့မှ ကျေးဇူးရှင်များကို များများကြီး အမျှပေးရမယ်ဖြစ်ပါတယ်တဲ့။

အမျှပေးတယ်ဆိုတာ ရှိတာပဲ ပေးရမှာ ဖြစ်ပါတယ်တဲ့။ နည်းနည်းလေးပဲ စိတ်ကောင်းရှိပြီး တရားကို နည်းနည်းကလေးပဲ နှလုံးသွင်းနိုင်တဲ့သူဆိုရင် နည်းနည်းကလေးပဲ အမျှပေးနိုင်မှာ ဖြစ်ပါတယ်တဲ့။ ကုသိုလ်ပြုပြီး တရားနာကြားရတယ်ဆိုတာဟာ စိတ်နှလုံးကို ရှင်းရှင်းကလေး ထားနိုင်အောင် ကုသိုလ်ကို များများနှလုံးသွင်းနိုင်အောင် နာကြားရတာဖြစ်ပါတယ်လို့ ဆရာတော်ဘုရားကြီးက မိန့်တော်မူပါတယ်တဲ့။

အဲသည်တရားထဲမှာ ထူးထူးခြားခြား နားလည်သွားတာကတော့ မိမိတို့ကျေးဇူးရှင်များကို အပါယ်လေးပါး တစ်ပါးအပါအဝင် ပြိတ္တာများဖြစ်နေခဲ့ရင် အမျှရပါစေဆိုပြီး အမျှပေးဝေနေကြပေမယ့် နည်းလမ်းမကျဘူးဆိုရင်တော့ အကယ်၍များ သာဓုခေါ်ချင်လို့ စောင့်နေတယ်ဆိုရင် အမျှရကြမှာ မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင်လည်း စိတ်ဆင်းရဲကြေကွဲစွာနဲ့ သာဓုခေါ်ပြီး လွတ်ရာကျွတ်ရာကို ရောက်သွားမယ့်အစား အလှူမှာ ပကာသနပါပါ ကျွေးမွေးကြတဲ့အထဲက ကျပေါက်လာတဲ့ ထမင်းဟင်းကျန်များကို ကောက်စားပြီး ထွက်သွားရမှာဖြစ်ပါတယ်။ ပြိတ္တာများဟာ အဲသည်လို ထမင်းကျန်ဟင်းကျန်နဲ့ အညစ်အကြေးများကို ကောက်စားနေရတတ်ပါတယ်တဲ့။ အဲသည်တော့ အယူများတိမ်းသွားရင် မြန်မြန်ကျွတ်လွတ်အောင် ကိုယ်ကလည်း မြတ်စွာဘုရား ဟောကြားတဲ့တရားများကို နာကြားလိုက်နာကာ ကုသိုလ်စစ်ကုသိုလ်မှန်များကို ပြုပေးရပါမယ်။ ပြီးရင်လည်း စိတ်ကောင်းစေတနာကောင်းနဲ့ ကြည်ကြည်လင်လင် အမျှဝေနိုင်ရပါမယ်။ အဲသည်လို အမျှဝေခြင်းသာလျှင် သေနေ့လက်ဆောင်ကောင်းကို ပေးခြင်းမည်ပါတယ်တဲ့။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



လက်ဆောင်အစစ်ဖြစ်အောင် ပေးရမယ်။ မွေးနေ့လက်ဆောင် ပေးတုန်းက အေးမြတဲ့နှလုံးနဲ့ ပြုံးပြုံး ပြုံးပြုံးနဲ့ ပေးသလို သေနေ့လက်ဆောင်ကိုလည်း အေးမြတဲ့နှလုံးနဲ့ ပေးရမှာပဲဖြစ်ပါတယ်။ သဒ္ဓါ၊ ပညာ၊ မေတ္တာ ဦးဆောင်ပြီး အမှုဝေတာဟာဖြင့် ဆွေစိတ်မျိုးစိတ်များနဲ့ လက်ဆောင်အများကြီး ပေးခြင်းမည်ပါတယ်တဲ့။ အဲသည်လို သေနေ့လက်ဆောင်ကို ကောင်းမွန်စွာပြင်ဆင်ပြီး ကောင်းမွန်စွာပေးခဲ့ရင် လက်ခံတဲ့သူကလည်း ကောင်းမွန်စွာ လက်ခံရရှိနိုင်ပါတယ်တဲ့။

ကောင်းမွန်စွာ ပြင်ဆင်လှူဒါန်းပြီးမှ ငိုကြွေးမြည်တမ်းပြီး အမှုပေးတာဟာ ရန်လုပ်တာပါပဲတဲ့။ လှူဒါန်းမှုအစုစုကို အဆင်သင့်ပြင်ထားပြီးမှ သေနေ့လက်ဆောင်ကို ဘာဖြစ်လို့မပေးတာလဲဆိုရင် မကျေနပ်လို့ မပေးတဲ့သဘော ရောက်သွားပါတယ်တဲ့။ ဘာဖြစ်လို့ မကျေနပ်တာလဲဆိုတော့ မိသားစုသဘောမတူဘဲ သေသွားလို့ ဖြစ်ပါတယ်တဲ့။ နည်းနည်းမှ မကျေနပ်နိုင်ဘူးဆိုတဲ့သဘောကို ငိုယိုပြလိုက်ခြင်းဟာ တကယ်တော့ ရန်လုပ်တာပါပဲတဲ့။ ကွယ်လွန်သွားတဲ့ ကျေးဇူးရှင်များ ချစ်ခင်သူများကို ငိုသံပါကြီးတွေနဲ့ ဝမ်းနည်းတဲ့အမူအရာကြီးတွေနဲ့ လုပ်ကြတာ ဒါလက်ဆောင်ပေးတာ မဟုတ်ပါဘူးတဲ့။ လက်ဆောင်ကို ခံယူမယ့်သူကို ငေါက်ပြီး ရန်လုပ်ပြီး နှင်လွှတ်လိုက်တာလို့ ဆရာတော်ကြီးက မိန့်တော်မူပါတယ်။

အဲသည်လိုဖြစ်ရတာဟာ ခန္ဓာသည် အနတ္တပါတကားဆိုတဲ့ ဉာဏ်အလင်းရောင်ကလေး ဝင်မလာတဲ့အတွက်ကြောင့် ရန်လုပ်ပြီး နှင်လွှတ်ရာကျတဲ့အတွက် သေနေ့လက်ဆောင်ကို ယူဖို့စောင့်နေတဲ့သူတွေကလည်း ငါ့ကိုသေတဲ့အထိ မကျေနပ်ကြဘူးနော်ဆိုပြီး စိတ်မကောင်းစွာနဲ့ ပြန်သွားရတတ်တယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမတည်းဟူသော သာသနာနဲ့ တွေ့ဆုံလိုက်နာသူများကတော့ ပစ္စည်းကုန်ရင်ကုန်သလောက် ခွန်အားကုန်ရင် ကုန်သလောက် အကျိုးရှိအောင် ဉာဏ်



သတိ ရှေ့ကထားပြီး အကောင်းဆုံးဖြစ်အောင် လုပ်တတ်ပါတယ်။ အမှုဝေတဲ့အချိန်က အရေးကြီးဆုံးအချိန်ဖြစ်ပါတယ်လို့ ဆရာတော်ကြီးက မိန့်တော်မူပါတယ်။ အဲသည်အကြောင်းကို ပြန်လည်တင်ပြရတာက နည်းမှန်လမ်းမှန်နဲ့ အမှုပေးဝေတတ်ပါမှ လုပ်ရကျိုးလည်းနပ်မယ်။ ကုသိုလ်လည်းရမယ်။ အဲသည်ကုသိုလ်အဖို့အစုကို လက်ဆောင်ရမှသာ ကွယ်လွန်သူများလည်း အမှုရနိုင်ကြမယ်ဆိုတာကို သတိရစေချင်လို့ ဖြစ်ပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## သေသွားပေမယ့် ကိစ္စတွေက မပြီးဘဲ ကျန်နေတတ်တယ်

သေသွားတဲ့အချိန်မှာပြီးသွားတဲ့ကိစ္စတွေလည်း ရှိပါတယ်။ ပြိုင်ဆိုင်တဲ့ကိစ္စက ပြီးသွားပါတယ်။ အရင်ထွက်ခွာတဲ့သူက ဆက်လက်ပြိုင်ဆိုင်ခြင်းမရှိတော့ဘဲ ပြိုင်ပွဲကနေ ထွက်ခွာသွားပြီဖြစ်လို့ပါပဲ။ ပြိုင်ဆိုင်သည်ဖြစ်စေ၊ မပြိုင်ဆိုင်ဘဲနဲ့ဖြစ်စေ အလုပ်လုပ်နေရမှ စိတ်ပျော်တဲ့သူများအတွက်လည်း အလုပ်ကိစ္စက ပြီးသွားတာပဲပေါ့။

ပထမကိစ္စနဲ့ပတ်သက်လို့ ကျွန်မကိုယ်တွေ့ ကိစ္စတစ်ခုကို တင်ပြချင်ပါတယ်။ လုပ်ငန်းခွင်မှာရှိနေစဉ်က ကျွန်မဟာ ရာထူးကိစ္စကို စိတ်ဝင်စားပေမယ့် ရာထူးမတက်ဘဲ အကြာကြီးနေတဲ့ကာလမှာ စိတ်မဆင်းရဲလှပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်မှာ လေ့လာဆည်းပူးခဲ့တဲ့ လေ့လာဆည်းပူးဆဲဖြစ်တဲ့ အသိပညာတွေ ရှိနေတယ်လေ။ ကိုယ်လုပ်ချင်တဲ့ ဝါသနာက စာသင်တာ။ စေတနာက စာကိုကျောင်းသားများကောင်းစွာသဘောပေါက်နားလည်စေချင်တဲ့ စေတနာ။ ကိုင်း ကိုင်း ဘယ့်လောက်များ အဆင်ပြေသလဲ။ တစ်နေ့တစ်နေ့ စာသင်လိုက် စာဖတ်လိုက်နဲ့ အချိန်ပိုကို မရှိပါဘူး။ အလုပ်က အနားယူလိုက်တဲ့အထိ နေ့စဉ်မပြတ်လပ်အောင် ဖတ်လိုက်မှတ်လိုက်နဲ့ အချိန်ကြာမြင့်စွာ နေတတ်တဲ့ စာကြည့်တိုက်မှာ စာအုပ်တွေကလည်း ကုန်ဘဲမကုန်နိုင်ပါဘူး။

အဲသည်လို စိတ်ဝင်စားစရာတွေရှိနေတော့ ရာထူးကို စိတ်မဝင်စားနိုင်ပါဘူး။ ပြီးတော့ တပည့်များအနေနဲ့ကလည်း ရာထူးထက် စာသင်ပုံသင်နည်းကို ပိုပြီးစိတ်ဝင်စားတတ်ပါတယ်။ အဲသည်နေရင်း တစ်နေ့ကျတော့ စာသင်ရာကအပြန်မှာ မောမောနဲ့ ကျွန်မထမင်းစားနေပါတယ်။ အဲသည်အချိန်မှာ ဆရာတစ်ယောက်က တရှုံးရှုံးနဲ့ စိတ်ဆိုး



မာန်ဆိုးပုံစံနဲ့ ကျွန်မစားပွဲကို ဝင်လာပြီး ခင်ဗျားကလည်း စားနေတာပဲလို့ အသားလွှတ်ဟောက်ပါတယ်။ ကျွန်မကလည်း ဘုမသိ ဘမသိပုံစံနဲ့ ဆာတာကိုး ဆရာရဲ့လို့ ပြောမိပါတယ်။ အဲသည်ဆရာက အခြားဆရာတစ်ယောက်ဟာ နောက်ထပ်ရာထူးတက်သွားတဲ့အတွက် ကျွန်မတို့ထက် နှစ်ဆင့်သာသွားပြီလို့ ပြောပါတယ်။ ပြီးတော့ လိုချင်တာမရသောသူရဲ့ စိတ်ဆင်းရဲမှုကြောင့် ထွက်လာတဲ့စကားများကို ပြောတော့တာပါပဲ။ ပညာအရ အတူတူချင်းလူက ကျော်သွားတာကို နာသာခံခက်ဖြစ်နေတာပေါ့လေ။

ကျွန်မက ထမင်းစားရင်း ဆက်ပြီးနားထောင်ပါတယ်။ ပြီးတော့ ကျွန်မက လေအေးကလေးနဲ့ ဆက်ပြောပါတယ်။ တကယ်လို့ လုပ်ပိုင်ခွင့်နဲ့ပတ်သက်ပြီး အချေအတင်ပြောရမယ်ဆိုရင် ကျွန်မလေသံက ဘယ်မှာ အေးပါ့မလဲ။ အခုတော့ ရပိုင်ခွင့်နဲ့ ပတ်သက်နေတဲ့ကိစ္စမှာ အေးအေးကလေးနဲ့ ပြောလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရပိုင်ခွင့်မှာ လိုချင်တာကိုပဲ တွေးလို့မရဘူးလေ။ ပေးမှရမှာပဲ။ ပေးမယ့်သူရဲ့ ဆုံးဖြတ်ချက်က အကြောင်းကြောင်းသော အကြောင်းများကို အခြေခံပြီးမှ ဆုံးဖြတ်ရမှာ၊ ကိုယ့်အလုပ် မဟုတ်ပါဘူး။

ကျွန်မ လေအေးအေးနဲ့ပြောတာက 'လူနှစ်ယောက်ရဲ့ ပြိုင်ပွဲမှာ ဘယ်သူက သာတယ်၊ ဘယ်သူကရှုံးတယ်ဆိုတာ သေမှပဲ ဆုံးဖြတ်လို့ရနိုင်ပါလိမ့်မယ်။ ဒါတောင်မှ သူယူသွားတဲ့ ကုသိုလ် အကုသိုလ်ကို ဘယ်သူမှ မသိနိုင်ပါဘူး။ ဘုရား ရဟန္တာတို့တော့ သိမှာပါ။ သူတို့ကိုယ်တိုင်လည်း သိမှာမဟုတ်ပါဘူး။ သူတို့ကံကတော့ သိမှာဖြစ်ပါတယ်။ တကယ်တော့ ကိုယ့်လက်ထဲမှာ မရှိတဲ့ကိစ္စအတွက် ဘာမှစိတ်မဆင်းရဲပါနဲ့။ တည့်တည့် တက်ကြည့်လို့မရရင် ဖောက်ထွက်ကြည့်ပါလား။ ကျွန်မ စာရေးနေတာက ဖောက်ထွက်နေတာ' လို့ ပြောလိုက်ပါတယ်။ သူပြောချင်တာတွေကိုလည်း နားထောင်လိုက်ပါတယ်။ သိပ်ရယ်စရာ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ကောင်းတာက သူဟာ သူတို့ဌာနကိုလည်းရောက်ကရော မတင်ဝင်းကို သူကနားချလိုက်တာ လက်ခံသွားတယ်လို့ ပြောပါသတဲ့။ ဒါမျိုးကလည်း ရှိနေပါပြီလေ။

တကယ်တော့ မသေခင်ကတည်းက ကွဲသွားကြပြီဆိုတော့ အရင်ပြိုင်ပွဲတွေ တစ်ခန်းရပ်သွားကြပြီလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ နောက်ပြိုင်ပွဲတွေလည်း ထပ်ရှိဦးမှာပါပဲ။ ပြိုင်ရတာ ဝါသနာကြီးလေလေ ပြိုင်ပွဲတွေ ဆက်နေလေလေပေါ့။ ကျွန်မလည်း ပြိုင်ပွဲကို ဝါသနာပါပါ တယ်။ ကျွန်မနဲ့ကျွန်မ ပြိုင်တာလေ။ အခုတော့ ကျွန်မနဲ့ ကျွန်မပြိုင်ရင်း ကျွန်မချည်း ရှုံးနေပါတယ်။ တကယ့်တကယ် အမှန်အတိုင်းပြောရမယ် ဆိုရင်တော့ စကားထဲမှာကိုက မနေ့ကကျွန်မနဲ့ ဒီကနေ့ကျွန်မ ပြိုင် တယ်လို့ ပြောတာကိုး။ အမှန်က ကျွန်မနဲ့ဇရာတရား ပြိုင်တာဖြစ်ပါ တယ်။ အရင်တုန်းကတော့ မနေ့ကလုပ်နိုင်တဲ့ ကျွန်မရဲ့စံချိန်ကို ဒီကနေ့ ရောက်တာနဲ့ ချိုးပစ်ချင်တာပါ။ အခုတော့ စံချိန်မကျိုးတာကြာပါပြီ။

အအိပ်အနေနည်းတယ်ဆိုတဲ့ စံချိန်ကြီးကလည်း ပျက်သွားတာ ကြာပါပကောလား။ သို့ပေမဲ့ သည်အတိုင်း လက်ခံနေလို့တော့ မဖြစ်ပေ ဘူး။ အလုပ်ဆိုတာ ဘဝပဲ၊ သိက္ခာပဲဟဲ့လို့ ကိုယ့်ဘာသာကိုယ် ပြော နေရပါတယ်။ ဘာဖြစ်လို့လဲ၊ တချို့ကပြောပါတယ်။ စားမယ့်သူ များတာကျနေတာပဲ ဆိုတဲ့စကားဖြစ်ပါတယ်။

စား ဝတ် နေရေးက အရေးကြီးပေမယ့် အဲသည်အရေးတွေထက် ပိုပြီးအရေးကြီးတာလည်း ရှိနေသေးတယ်လေ။ ကိုယ့်ကိုယ်ဆိုတာက သေတာနဲ့ မီးစာဖြစ်မယ့် ကြွင်းတာ ကျန်တာက မြေစာဖြစ်သွားမယ့် ရုပ်ခန္ဓာကြီးဖြစ်ပါတယ်။ အဲသည်လိုအဖြစ်ကို မရောက်ခင် ကောင်းတာ တွေကို လုပ်နိုင်သမျှ လုပ်ရပါမယ်။ ကိုယ်ထွက်ခွာသွားတဲ့အခါ ကိုယ် နေခဲ့ရတဲ့ဘဝတာအတွင်းမှာ ကိုယ်ရနိုင်ခဲ့တဲ့ နှစ်လိုဖွယ်များကဲ့သို့သော အရာများကို ချန်ထားခဲ့ဖို့အတွက် အလုပ်လုပ်ရဦးမယ်လေ။ ဆောင်းပါး



အစပိုင်းမှာ သေရင်ပြီးသွားမယ့် ကိစ္စများလည်း ရှိပါတယ်လို့ပြောပြီးမှ နှစ်လိုဖွယ်အရာများကို ချန်ထားခဲ့ဦးမယ်လို့ ပြောပြန်ပြီ။ စကားက နှစ်ခွပြောရသလားလို့ မေးမယ်ဆိုရင်လည်း ဖြေစရာက အဆင်သင့် ရှိနေပါတယ်။ သေရင် ပြီးတဲ့ကိစ္စက အလုပ်လုပ်နိုင်တဲ့ကိစ္စ ပြီးသွားတာ *ဖြစ်ပါတယ်။ အလုပ်ရဲ့အကျိုးဆက် ကံများကတော့ မပြီးပါဘူး။ ပြီးအောင် ပြတ်အောင်က ဝိပဿနာတရားကို အားထုတ်ရပါမယ်။*

ဥပမာ အပြိုင်အဆိုင်ကိစ္စဟာ သေတာနဲ့ ပြီးပြီလို့ ပြောတာဟာ တစ်ဘဝအတွက် ဇာတ်သိမ်းတာကိုသာ ပြောတာနေတာ၊ ပြိုင်ဆိုင်ခြင်းနဲ့ ပတ်သက်လို့ မှားယွင်းတဲ့စိတ်စေတနာကို သိမ်းပိုက်လက်ခံလိုက်တာ ကြောင့် နောက်ဆုံးဘဝအထိ ဒုက္ခရောက်ပြီး ယခုတိုင် ငရဲမှာခံနေရတဲ့ အရှင်ဒေဝဒတ်ရဲ့အကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်း သိပါတယ်။ အဲသည် လို သေတဲ့အချိန်မှာ အမှားနဲ့ပြီးခဲ့တယ်ဆိုရင် အကုသိုလ်အကျိုးဆက် တွေဆိုတာ ရှိစမြဲဖြစ်ပါတယ်။

အဲဒါကြောင့် တစ်ဘဝပြတ်တာနဲ့ အဲသည်ဘဝနဲ့ပတ်သက်တဲ့ ကောင်းတာတွေကို လုပ်နိုင်ခွင့် မှားတာတွေကို ပြင်ဆင်နိုင်ခွင့်တွေ ပြီးစီးသွားပေမယ့် ကုသိုလ် အကုသိုလ်အကျိုးဆက်ကြောင့် ဘဝတစ်ဖန် ပြန်ဖြစ်ပြီး ကောင်းကျိုး မကောင်းကျိုးများကို ခံစားရဦးမှာ သေချာပါ တယ်။ ကုသိုလ်နည်းပါးပြီး အကုသိုလ်များရင် နောက်ဘဝမှာ ဒုက္ခများ တော့မှာပေါ့။ ကုသိုလ်မှုများရင်တော့ သက်သာမယ်။ သို့ပေမဲ့ လူ့ဘဝမှာ တယ်ပြီးအကုသိုလ်ဖြစ်လွယ်တော့ ဘာပဲဖြစ်ဖြစ် ကြောက်စရာ လန့်စရာ ပါပဲ။

တချို့သောသူများကတော့ ကျန်ရစ်ခဲ့တဲ့သူများကို ကောင်းစွာ သွန်သင်နိုင်ခြင်းမရှိဘဲ လူအန္ဓကလေးများအဖြစ် ထားခဲ့တယ်။ သူပိုင် ဆိုင်ခဲ့တဲ့ ပစ္စည်းပစ္စယများကိုလည်း ရထိုက်သူတွေအများကြီးဖြစ်အောင် ဘဝမှာ စည်းမဲ့ကမ်းမဲ့ နေထိုင်ခဲ့တယ်။ အဲသည်လိုမိသားစုမျိုးနဲ့ ပတ်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



သက်တဲ့အကြောင်းကို ကျွန်မသိဖူးပါတယ်။ သားသမီးများကို စိန်တဝင်းဝင်း ဆင်ထားနိုင်အောင် ချမ်းသာပါတယ်။ ချမ်းသာတဲ့အတိုင်းလည်း ဆင်ထားခဲ့ပါတယ်။ အပြင်ပန်းက အဲသည်လို အလှဆင်ထားပေမယ့် မိဘကို လေးစားရိုသေတတ်မှု၊ မိမိတို့ ထမင်းစားနေရတဲ့ လုပ်ငန်းကို လေးစားရိုသေမှု၊ တာဝန်သိတတ်မှု၊ ရိုးဂုဏ်ရှိတယ်လို့ နာမည်တစ်လုံး ရအောင် နေထိုင်လုပ်ကိုင်တတ်မှုဆိုတဲ့ အသိပညာများ ကိုယ်ကျင့်တရားများကို သင်မပေးခဲ့ပါဘူး။ အဲသည်လို သားသမီးများကို သင်မပေးဘူးဆိုတော့ သူကိုယ်တိုင်လည်း မကျင့်ကြံဘူးလို့ ပြောနိုင်တာပေါ့လေ။

သူ့လုပ်ငန်းကလည်း ကြီးကျယ်သလောက် ချမ်းသာလိုက်တာ အလွန်ပါပဲ။ မိတ်ဆွေသင်္ဂဟကလည်း များပါတယ်။ ဝတ္တရားကလည်း ကျေပွန်ပါပေတယ်။ အဲသည်လို ဝတ္တရားကျေပွန်တော့ အမြို့မြို့အရွာရွာက လုပ်ငန်းမိတ်ဆွေများရဲ့ အလှူအတန်း အခမ်းအနားများကို မလွတ်အောင် တက်ပါတယ်။ အဲသည်လိုတက်တော့ မိတ်ဆွေများက ကြည့်နေရပါတယ်။ သူလာမှာက နံပါတ်ဘယ်လောက်နဲ့ လာမှာလဲဆိုတဲ့ စူးစမ်းမှုနဲ့ပေါ့။ မိတ်ဆွေများအနေနဲ့ကတော့ ဘယ်သူပဲဟဲ့လို့ သိလိုက်တာနဲ့ အဆင်ပြေအောင် စကားပြောပြီး ဧည့်ခံလိုက်ရုံပေါ့။ သူသေသွားတဲ့အခါမှာတော့ ပြဿနာတွေဟာ ၁၀ နှစ်ကြာလည်း မပြီးစီးဘဲ အားလုံးမကျေမလည်နဲ့ ဖြစ်နေပါသတဲ့။ အဲသည်လိုအဖြစ်ကလည်း သေလည်းမပြီးတဲ့ကိစ္စတစ်ခုပေါ့။

အဲသည်ထက်ဆိုးတာက သားသမီးများကို စိန်တွေသာ သီးနေအောင် ဆင်တတ်တာ၊ စဉ်းစားတတ်တဲ့ ချင့်ချိန်တတ်တဲ့ အစွမ်းအစနဲ့ အထက်မှာဖော်ပြထားတဲ့ အရည်အချင်းများကို မပေးထားခဲ့တော့ အသက်သာကြီးလာရော အဖေထားခဲ့တဲ့လုပ်ငန်းကို စုပေါင်းပြီး ကြီးပွားအောင် ကြိုးစားမယ့်အစား ကိုယ်ရရင် ကိုယ်ယူနိုင်အောင် ခိုးနေကြပါသတဲ့။ ကိုင်း အဲသည်ကိစ္စကတော့ သေရင်လည်း မပြီးတဲ့ကိစ္စပေါ့။



အဲသည်လိုမဖြစ်အောင် အသက်ရှင်တဲ့အချိန်ကတည်းက အဖေဖြစ်သူကလည်း ကောင်းစွာဦးဆောင် သွန်သင်ခဲ့မယ်၊ တာဝန်များ ခွဲဝေပေးခဲ့မယ်ဆိုရင် သေတဲ့အခါမှာ ဖရိုဖရဲမဖြစ်ဘဲ စည်းလုံးညီညာစွာ ကျန်ရစ်နိုင်ပါတယ်။ စည်းလုံးညီညာမှု မရှိဘူးဆိုတောင်မှ အေးအေးချမ်းချမ်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲပြီး နေတတ်ကြမှာပါပဲ။ ဥပမာ အဖေကြီးကို ရည်စူးပြီး ဆွမ်းသွတ်မယ်၊ အလှူအတန်းလုပ်မယ်ဆိုရင် ညီညီညာညာလုပ်ကြပြီး၊ ကျန်တဲ့အချိန်များမှာတော့ ကိုယ့်လုပ်ငန်းနဲ့ကိုယ် သီးသန့်နေလို့ရတာပေါ့။

သေရင် မပြီးတဲ့ မျိုးရိုးစဉ်ဆက် ပြောစမှတ်ပြုရလောက်တဲ့ ထူးချွန်သူများလည်း ရှိပါတယ်။ ထို့အတူ ထူးချွန်တဲ့ မျိုးရိုးတံခွန်ကို သယ်ဆောင်တဲ့အခါ နည်းလမ်းမှားတဲ့အတွက် ရှက်ဖွယ်ဖြစ်သွားတဲ့ ကိစ္စများလည်း အများကြီးရှိပါတယ်။ သေရင် မပြီးတာကို အခုပြောနေတာက တစ်ခြမ်းပဲရှိပါသေးတယ်။ မိမိသေသွားတဲ့အခါမှာ ထားခဲ့တဲ့ ပစ္စည်းလည်း မမြဲနိုင်ပါဘူး။ သုခထက် ဒုက္ခပေးနိုင်တဲ့ ပစ္စည်းများကို ကိုယ်ကယူမသွားနိုင်ဘဲ စွဲလမ်းသွားရင်လည်း ပြိတ္တာကြီးဖြစ်သွားနိုင်သေးတယ်။ အဲသည်တော့ လောကီစည်းစိမ်ချမ်းသာများကို စုတဲ့အခါ တစ်ပါတည်း ဝေဖန်သုံးသပ်ပြီး အကျိုးဖြစ်အောင် ထားခဲ့ရပါမယ်။ အဲသည်လို အကျိုးဖြစ်အောင်ထားတယ်ဆိုတာလည်း ထားတတ်မှ ဖြစ်တာပါ။

ငါကောင်းဖို့ဆိုတဲ့သဘောနဲ့ စွဲလမ်းပြီး ထားရစ်ရမှာ မဟုတ်ပါဘူး။ ထောင်မြင်လို့ ရာစွန့်တဲ့ လှူဒါန်းနည်းမျိုးနဲ့ လှူရင်း သားသမီးကို အဲသည်လိုလုပ်ရတယ်ကွလို့ သင်တဲ့သူကလည်း သူသေတော့ ထားရစ်မှာက မှားယွင်းတဲ့ နမူနာပဲဖြစ်မှာပေါ့။ မိမိသားသမီးများကိုလည်း ကောင်းရာကောင်းမှု ပြုတတ်အောင် သင်ကြားပေးရာရောက်အောင် ပကာသနမပါတဲ့ အလှူများကို လှူတတ်ရပါမယ်။ ပြီးတော့လည်း

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



မိဘအမွေဆိုတာ ထိန်းသိမ်းရမယ်။ မျိုးရိုးအမည်၊ မျိုးရိုးအစဉ်အလာ၊ မိဘထားခဲ့တဲ့ ကုသိုလ်ဆိုင်ရာ ဘုရားကျောင်းကန်စသည်များကိုလည်း ပြုပြင်ရမှာဖြစ်တယ်စသည်ဖြင့် အလုပ်နဲ့ရော အပြောနဲ့ပါ သင်ခဲ့ရမှာ ဖြစ်ပါတယ်။

ကိုယ်က မသင်နိုင်ခဲ့လို့ သားသမီးက အမှားတွေ တသီကြီး ကျူးလွန်တယ်ဆိုရင် သေရင်တောင် မပြီးတဲ့ ကိုယ့်အမှားတွေလို့ပဲ ဝန်ခံရမှာ ဖြစ်ပါတယ်။ သားသမီးကို မသွန်သင်နိုင်ခဲ့လို့ မှားတဲ့အမှားတွေဟာ ကိုယ့်အမှားတွေလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။

တစ်ခါတုန်းက အမျိုးသမီးတစ်ယောက်က ပြောပါတယ်။ သူ့ယောကျ်ားက သိပ်ရိုးတယ်တဲ့။ သူ့အဖေ (ယောကျ်ား အဖေ) လက်ထက်ကလို ရိုးရိုးကြီးလုပ်နေလို့ မကြီးပွားနိုင်ဘူးတဲ့။ အဲသည်တော့ သူ့သားကို ပစ္စည်းပေါ့ (နိုးရာပါပစ္စည်း) များ ရှိနိုင်တဲ့သူများနဲ့ ဆက်ထားခိုင်းရတယ်တဲ့။ အဲသည်လို ပစ္စည်းတွေကိုဝယ်ပြီး ပြန်ရောင်းရင် သိပ်မြတ်တာတဲ့။ ပြီးတော့ ကိုယ်ကနာမည်ကြီးဆိုတော့ ကိုယ့်ဆီလာအပ်တဲ့ အလုပ်များကို တခြားသူဆီကို အပ်ပေးပြီး ကိုယ်ကအမြတ်ယူလိုက်ရတယ်တဲ့။ သိပ်မြတ်တာပဲတဲ့။ ကိုယ်က တစ်သောင်းယူလိုက်တယ်။ လုပ်ပေးတဲ့သူကို သုံးထောင့်ငါးရာ ပေးလိုက်တယ်။ ကိုယ်က ဘာမှ မလုပ်ရဘဲ ခြောက်ထောင့်ငါးရာ မြတ်တယ်တဲ့။ ကျွန်မဖြင့် နားရှိလို့သာ ကြားရတယ်။ မသက်မသာ ဖြစ်လိုက်တာလေ။ တကယ်တော့ ဘိုးအေကြီး ထူထောင်သွားတဲ့ ရိုးသားခြင်းဆိုတဲ့ သေရင်တောင်မှ ကျန်ရစ်နေသေးတဲ့ ကောင်းမြတ်တဲ့ဂုဏ်ကို မသမာတဲ့နည်းနဲ့ သုံးစားနေကြတာဟာ သိပ်ငရဲကြီးနိုင်ပါတယ်။

တကယ်တော့ အဲသည်အကြောင်းဟာ ရေးခဲ့ပြီးတဲ့ ထားခဲ့တာတွေကို ဘယ်လိုခံယူကြမလဲဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရေးရမှာဖြစ်ပါတယ်။ အဲသည်တုန်းက ပါမသွားလို့ အခုမှထည့်လိုက်ရတာ ဖြစ်ပါတယ်။ ထားခဲ့တာတွေကို သုံးစားတတ်အောင် သင်တဲ့အထဲကနေပြီး ချွေးမတွေ သမက်တွေလက်ထက်မှ ပျက်သွားတာတွေလည်း ရှိတတ်ပါတယ်။



ကိုင်း၊ အဲသည်ကိစ္စက ကျန်ရစ်တဲ့အပိုင်း ဖြစ်ပါတယ်။ ကိုယ်နဲ့ပါသွားတာကတော့ ကုသိုလ် အကုသိုလ်ပဲဖြစ်ပါတယ်။ ကောင်းတာတွေကို တောက်လျှောက်လုပ်နေရင်းက သေခါနီးမှ ပြုစုတဲ့သူများက အပြောမှားလို့ အပြုအမူမှားလို့ အယူတိမ်းသွားတယ်ဆိုရင်လည်း သူများအပြစ်မဟုတ်တော့ပါဘူး။ ကိုယ်တိုင်က ယောနိသော မနသိကာရ မထားတတ်လို့ပဲလို့ ပြောရတော့မှာပါပဲ။

တကယ်တော့ ရှင်နေတဲ့အချိန် ကျန်းမာသန်စွမ်းနေတဲ့အချိန်ကတည်းက ငါဟာ သေလူပဲ။ မသေဘဲ မနေရ။ မုချကြီးကို သေရမှာပဲ။ ယခုဘဝမှာ ဖြတ်သန်းခဲ့ရတာတွေကလည်း ကောင်းတယ်လို့သာဆိုရ ဓားသွားပေါ်က ပျားရည်စက်လိုပဲ ပေးဆပ်ရတာတွေက များတယ်။ အခုကောင်းတာထက် ကောင်းအောင် အခုဆိုးတာမျိုးလို အဆိုးတွေနည်းပါးအောင်၊ ဖြစ်နိုင်ရင် မြင့်မြတ်သည်ထက်မြင့်မြတ်တဲ့ ဘုံဘဝကို ရောက်အောင် ကြိုးစားရမယ်ဆိုတဲ့ သတိရှိတဲ့သူဆိုရင် အဆိုးကြီးနဲ့ မကြုံနိုင်ပါဘူး။ အရေးကြီးတာက သတိဖြစ်ပါတယ်။ စားသတိ၊ သွားသတိ၊ နေသတိ၊ ထိုင်သတိနဲ့နေရမယ်လို့ ဆရာတော်ကြီးများကလည်း မြတ်စွာဘုရားဟောကြားခဲ့တဲ့အတိုင်း ပြန်လည်သွန်သင်ဆုံးမတော်မူခဲ့ကြတာပါပဲ။

အဲသည်လို ကောင်းမြတ်တဲ့သတိတရားနဲ့ နေတဲ့သူဆိုရင်တော့ တော်ပါလေရဲ့။ သေတဲ့အခါမှာ မပြီးတဲ့နည်းက ကောင်းရာသုဂတိရောက်တဲ့နည်းဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ်ကွာဆိုပြီး လျော့ရဲရွှာမနေဘဲ ကိုယ်ကိုယ်ကို ကောင်းအောင်မွေးမြူနိုင်ရင် မွေးမြူနိုင်သလောက် ကောင်းတဲ့ရလဒ်ကို ရနိုင်ပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ဥပမာဆိုပါတော့ အဇာတသတ်မင်းဆိုရင် အဖသတ်တဲ့ ပိတု ဃါတက ကံကြီးထိုက်တဲ့သူဖြစ်ပါတယ်။ သူမေးမြန်းလျှောက်ထားခဲ့လို့ မြတ်စွာဘုရားက ဖြေဆိုတော်မူတဲ့အနေနဲ့ ဟောကြားတဲ့ သာမညဖလ သုတ်တော်ဟာ သံဃာ့ဂုဏ်တော်ကို ဟောကြားတာပါပဲ။ သူဟာ သေတာပန်အဖြစ်ကို မရောက်နိုင်ပါဘူး။ သရဏဂုံတော့ တည်နိုင်ပါ တယ်။ အဖသတ်ကံကြီးထိုက်လို့ မဂ်ဖိုလ်မရနိုင်ပေမယ့် ကုသိုလ်ကံ ကောင်းကြီးက ကယ်မလို့ အဝီစိကိုကျမယ့်အစား လောဟကုမ္ဘီငရဲဖြစ် တဲ့ အရန်ငရဲတစ်ခုကိုသာ ကျသွားခဲ့ပါတယ်။ အဲသည်လောက်ဆိုးတဲ့ အကုသိုလ်ကံတောင်မှ သက်သာရာရနိုင်တယ်။ နိဂုံးမှာ ပြောချင်တာက သေရင်လည်း မပြီးသေးမယ့်အတူတူ ကောင်းသည့်ထက်ကောင်းတဲ့ ဒါန သီလ ဘာဝနာအားများကို ပွားများ အားထုတ်သင့်ပါတယ်။

## နောက်ဘဝမှာ ဘယ်လိုနေလို့ ဘယ်လိုစားကြရမလဲ

ကျွန်မတို့ ဖတ်ခဲ့ဖူးတဲ့ ရှေးဟောင်းသမိုင်းများထဲက သေသူများနဲ့ ပတ်သက်လို့ ဘယ်လိုစီမံကြသလဲဆိုတဲ့ အကြောင်းအရာများကို တင်ပြ ချင်ပါတယ်။ ဟိုရှေးရှေးတုန်းက လူသေကို မီးရှို့ပြီးမှ ရလာတဲ့ပြာကို အိုးထဲထည့်ပြီးမြှုပ်နှံကြတဲ့ ရှေးဟောင်းလူမျိုးများရှိသလို မြို့တော်ကြီး တစ်ခုလုံးကို တူးဖော်ရရှိပေမယ့် လူသေမြှုပ်နှံတဲ့သုသာန်ကို ရှာမတွေ့တဲ့ မိုဟန်ဂျိုဒါရိုလို မြို့မျိုးလည်း ရှိပါတယ်။

အီဂျစ်ကျတော့လည်း စိတ်ဝင်စားစရာ သိပ်ကောင်းပါတယ်။ လူသေကို ပိရမစ်လို့ခေါ်တဲ့ သုံးမြှောင့်ပုံသဏ္ဌာန် သင်္ချိုင်းဂူကြီးများထဲမှာ တခမ်းတနားမြှုပ်နှံကြပါတယ်။ ပိရမစ်နဲ့ မမြှုပ်နှံတဲ့ခေတ်လည်း ရှိပါ တယ်။ အဲသည်လိုခေတ်မှာတော့ သဲအတိပြီးတဲ့ တောင်ကမ်းပါးတို့ ရှိမြောင်တို့အထဲက လျှို့ဝှက်စွာတူးထားတဲ့ သင်္ချိုင်းဂူကြီးများထဲမှာ လူသေများကို မြှုပ်နှံကြပါတယ်။ ကျောက်သားနဲ့ဆောက်တဲ့ ပိရမစ် တွေဟာ သိပ်ကြီးကျယ်ပါတယ်။ အီဂျစ်က ဂီဇာလို့ခေါ်တဲ့အရပ်မှာ ရှိတဲ့ ပိရမစ်ဆိုရင် လူနှစ်သိန်းအားနဲ့ အနှစ် ၂၀ တောင်မှ ဆောက်ရ တယ်ဆိုပဲ။ လူနှစ်သိန်းဆိုတာက တခြားဒေသက ဖမ်းလာတဲ့ကျွန်တွေ လေ။ ပိရမစ်ဆောက်ရင်း ပင်ပန်းလွန်းလို့ သေကြတဲ့သူတွေအစား နောက်ထပ်ဖြည့်ဖြည့်ထားတဲ့အတွက် လူက အမြဲလိုလို နှစ်သိန်းဖြစ်နေ တာပေါ့။ ထပ်ဖြည့်ဖို့ လိုတဲ့သူတွေကိုလည်း တခြားဒေသကို သွားပြီး ဖမ်းလာခဲ့တာပေါ့။

အံ့သြစရာတော့ကောင်းသား၊ အဲသည်ကျောက်သား သင်္ချိုင်းထဲ မှာ သေဆုံးတဲ့အခါ လဲလျောင်းမယ့် ဖာရိုဘုရင်ဟာ သူအသက်ရှင်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



နေထိုင်စဉ်ကတည်းက အဲသည်လိုသင်္ချိုင်းဂူကို ဆောက်တာဖြစ်ပါတယ်။ နိမိတ်မရှိဆိုတဲ့အယူကို သူတို့မယူခဲ့ကြဘူးထင်ပါတယ်။ သူတို့အတွက် အရေးကြီးတာက နေတဲ့အခါမှာ ကောင်းကောင်းနေသလို သေတဲ့အခါမှာလည်း ကောင်းကောင်းသေမယ်။ အခုဘဝမှာ စံစားခံစားရတဲ့ သုခတွေကို အားမရနိုင်သေးလို့ နောက်ဘဝအထိ ဆက်လက်ပြီး ယူသွားဦးမယ်ဆိုတဲ့သဘောနဲ့ သင်္ချိုင်းဂူများကို ဆောက်တာပါပဲ။

ဖာရိုတစ်ပါး သေဆုံးသွားတဲ့အခါမှာ အလောင်းကို မပုပ်မသိုးအောင် လုပ်ထားကြတယ်ဆိုတာကိုလည်း လူသိများပြီးသားဖြစ်ပါတယ်။ ဒါတင် ဘယ်ကဦးမလဲ။ အချစ်တော်ဖြစ်တဲ့ ခွေးကလေး၊ ကြောင်ကလေးများကိုလည်း သတ်ပြီး မပုပ်သိုးအောင်စီမံပြီး ထည့်ပေးလိုက်ရသေးတာပါတဲ့။ ရွှေငွေကျောက်သံပတ္တမြား အသုံးအဆောင် ပရိဘောဂစသည်ဖြင့်လိုလေသေးမရှိအောင် ထည့်ပေးလိုက်ရပါသေးတယ်။ နောက်ထပ် ထည့်ပေးရတာကတော့ နောက်ဘဝမှာ ခိုင်းလို့ စေလို့ရအောင် သန်မာတဲ့ ငယ်ရွယ်နုပျိုတဲ့ ကျွန်ယောက်ျား ကျွန်မိန်းမ အများအပြားကိုလည်း သတ်ပြီး ထည့်ပေးလိုက်ရပါသတဲ့။ မြင်းတို့လို သတ္တဝါများကိုလည်း သတ်ထည့်လိုက်ရပါသတဲ့။ နောက်ဘဝမှာ ခိုင်းဖို့၊ စီးဖို့ဖြစ်ပါတယ်။

သင်္ချိုင်းဂူကြီးက သုံးထောင့်ပုံအကြီးကြီးပေမယ့် အလောင်းထားမယ့် Death Chamber ကတော့ လျှို့ဝှက်တဲ့နေရာမှာ သီးသန့်ထားပါတယ်။ သင့်လျော်လျောက်ပတ်တဲ့ အကျယ်အဝန်းနဲ့ နံရံဆေးရေးပန်းချီများနဲ့ စီခြယ်ထားပါတယ်။ ပန်းချီတွေကတော့ ဖာရိုဘုရင်ကြီးရဲ့ အောင်ပွဲများနဲ့ စပ်တာပေါ့လေ။

နောက်တော့ နောက်ဘဝမှာ ဖာရိုဘုရင်ကြီး သုံးစွဲဖို့ရတနာများကအစ ပရိဘောဂများစတဲ့ တင်ပြခဲ့တဲ့ပစ္စည်းများကို ထည့်ပေးလိုက်တာပါပဲ။ အခုနကပြောတဲ့ ကြောင်များ ခွေးများကို မံမီလုပ်ပေးလိုက်တာနဲ့



နောက်ဘဝမှာ လိုအပ်မယ့်ပစ္စည်းများကိုလည်း ပုံတူကလေးတွေနဲ့ ထည့်ပေးထားတာရှိပါတယ်။

သင်္ချိုင်းဂူကို ဝိတ်ဆို့တဲ့နည်းစနစ်များဟာ ဘယ်လိုပါလိမ့်လို့ ယခုခေတ်သိပ္ပံပညာရှင်များက ကျောက်သားကိုထွင်းပြီး မြင်နိုင်တဲ့ ကိရိယာနဲ့ ဓာတ်မှန်ရိုက်ကြည့်တော့ ဝင်တဲ့အပေါက်ကို အထဲက အသေဝိတ်ပြီး နောက်ဆုံးခရီးကို လိုက်ပါခွင့်ရတဲ့သူတွေ ထွက်တဲ့အပေါက်က ကယ်ပေါက်ဖြစ်ပါသတဲ့။ အဲသည်ကယ်ပေါက်ကိုတောင် ဝိရမစ်အပြင်ကိုရောက်တာနဲ့ ခလုတ်ကိုဆွဲပြီး ဝိတ်ပစ်လိုက်ပါတယ်တဲ့။ အထဲမှာက ဖာရို့အလောင်းထက် ခိုးသူဝှက်သူများရဲ့ လောဘဇောကို နိုးကြားစေမယ့် အဖိုးတန်ပစ္စည်းတွေက နည်းမှမနည်းပဲကိုး။ အဲဒါကြောင့် ဂူပေါက်ကို အင်မတန်မှ လျှို့ဝှက်စွာဝိတ်ကြတာပေါ့။ အဲသည်တော့ ခိုးသူဝှက်သူ ဂူဖောက်သူများလက်က လွတ်သလားလို့ မေးစရာပါပဲ။ မလွတ်ပါဘူး။ သူခိုးများက ဂူကိုဖောက်ပြီး ခိုးယူသွားပြီးမှ သိပ္ပံပညာရှင်များ တွေ့ရှိတဲ့ ဂူအရေအတွက်က များပါတယ်။

စဉ်းစားကြည့်လေ တရားရစရာကောင်းလေပါပဲ။ ဖာရိုတို့က နောက်ဘဝမှာ သုံးစွဲဖို့ဆိုပြီး လူတွေကိုပင်ပင်ပန်းပန်း ခိုင်းစေတယ်။ ဒေသတကာကိုသွားရောက်တိုက်ခိုက်ပြီး အဖိုးတန်တွေ စုဆောင်းတယ်။ ပြီးတော့ လုံခြုံအောင် နည်းအမျိုးမျိုးနဲ့ သိုသိပ်ပြီး သိမ်းဆည်းတာတောင်မှ သူ့ထက်များစွာ အဆင့်နိမ့်တယ်လို့ ပြောနိုင်တဲ့ သာမန်လူသား ဂူဖောက်သူများကိုတော့ သူမနိုင်ပါဘဲကလား။ တကယ်တော့ ဖာရိုများ အမည်မှာ ရမ်းဆေးဆိုတဲ့အမည်များ များပါတယ်။ ရာဆိုတဲ့နေနတ်မင်းသားတော်လို့ ဆိုလိုပါတယ်။ ဖာရိုဆိုတာကတော့ အိမ်ကြီးရှင်လေ။ နောက်ဆုံးတော့ အရိုးပေါ်အရေတင်နေတဲ့ အလောင်းခြောက်များအဖြစ် ကိုင်ရိုပြတိုက်လို ပြတိုက်ထဲမှာ တန်းစီပြီး လူတကာမျက်စိအောက်မှာ ငွေစများများရဖို့ ပြသခြင်းကို ခံနေရပါတယ်။ သိပ်ပြီးတရားရဖို့ကောင်းတဲ့အကြောင်းဖြစ်လို့ တင်ပြလိုက်ရပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



အီဂျစ်က ပိရမစ်ထဲက ကြွယ်ဝတဲ့ အိမ်ကြီးရှင်များအကြောင်းကို ထူးခြားလို့သာ ပြောမိတာဖြစ်ပါတယ်။ ဒေသတော်တော်များများမှာ နောက်ဘဝအတွက် သေသူနဲ့ ပစ္စည်းတွေထည့်ပေးတတ်တဲ့ ယဉ်ကျေးမှုများ ရှိတတ်ပါတယ်။ အထူးသဖြင့် ကြွယ်ဝပြီး ရှေးကျတဲ့ယဉ်ကျေးမှုများမှာ တွေ့ရတတ်ပါတယ်။ ယခုထက်တိုင် သေဆုံးသွားသူများအတွက် ပစ္စည်းဝတ္ထုများကို ပေးပို့နိုင်တယ်လို့ လက်ခံတဲ့အယူဝါဒများ ထွန်းကားဆဲ ဖြစ်ပါတယ်။

ထေရဝါဒီများရော သေဆုံးသွားသူများ ကောင်းရာရောက်အောင် မဝတ်ရခဲ့သည်ရှိသော် ဝတ်ရအောင်၊ မစားရခဲ့သည်ရှိသော် စားရအောင် မဆောင်ရွက်ဘူးလားဆိုတော့ ဆောင်ရွက်ပါတယ်။ သေသူရဲ့ရုပ်ကလာပ်နဲ့ ပစ္စည်းများထည့်ပေးတာတော့ မဟုတ်ပါဘူး။ သေဆုံးသူရဲ့ အဝတ်အစား အသုံးအဆောင်များကို လှူဒါန်းပြီး အမျှပေးဝေတာ။ မိသားစုပိုင်ငွေကြေးများနဲ့ အလှူပေးပြီး အမျှပေးဝေတာစသည်ဖြင့် မဝတ်ရတဲ့သူ ဝတ်ရအောင် မစားရတဲ့သူ စားရအောင် ကုသိုလ်ဆက်ပေးကြပါတယ်။

တကယ်တမ်းပြောရရင် ရှင်နေတုန်းက ကုသိုလ်ကောင်းမှု ပြုလေ့ရှိပြီး မိမိစိတ်ကို မိမိထိန်းကျောင်းတဲ့သူများဟာ သူတစ်ပါးကို မနာလိုတဲ့စိတ် ဝန်တိုတဲ့စိတ် မဖြစ်ပေါ်အောင် ထိန်းသိမ်းနိုင်လေ့ရှိပါတယ်။ စိတ်ကိုထိန်းတတ်ပြီဆိုတော့ သူများရဲ့စားပေါက်ကို ဖိတ်အောင် ပြောဆိုပြုမူတာ မရှိတတ်ပါဘူး။ အဲသည်လိုလူများဟာ ဘဝကူးခါနီးမှာ အယူမှား အစွဲမှားနဲ့ မသေဆုံးတတ်ပါဘူး။ အဲသည်လိုဆိုရင် မစားရ မဝတ်ရတဲ့ဘဝဆိုးမျိုးကို မရောက်တတ်ပါဘူး။ တကယ်တော့ သေပြီးနောက်ဘဝမှာ သုံးဖို့ပစ္စည်းများဟာ ပျက်စီးသွားတတ်ပါသေးတယ်။ ကုသိုလ်ကောင်းမှုဆိုတာကတော့ မပျက်စီးဘဲ ကိုယ့်ကို ရောက်ရာဘဝမှာ လိုက်လံစောင့်ရှောက်နေမှာ ဖြစ်ပါတယ်။

အခုဘဝမှာ ကောင်းကောင်းနေရ ကောင်းကောင်းစားရပြီး လာဘ်



သပ်ပကာ များများရနေတဲ့သူများဟာ မေ့လျော့ပေါ့တန်စွာ ပျော်ပါးမော်ကြွားပြီး မနေသင့်ပါဘူး။ အခုလို ကောင်းကောင်းနေရ ကောင်းကောင်းစားရတာဟာဖြင့် မိမိတို့ကိုယ်တိုင် ဘဝဘဝက ကုသိုလ်ကောင်းမှုပြုခဲ့လို့ ရလာတဲ့ အကျိုးအမြတ်ဖြစ်တယ်။ အဲသည်လို အကျိုးအမြတ်များဟာ မကုန်နိုင်ပါဘူးလို့ ပေါ့ပေါ့ကလေးနေကာ ပေါ့ပေါ့ကလေးစားပြီး ကြွားဝါနေဖို့ မသင့်ပေဘူး။ ကိုယ်က ကြွယ်ဝတာနဲ့ အဆင့်မြင့်မြင့်နေနိုင်တာနဲ့ သူတကာကို မနိုင်စားသင့်ဘူး။ ဘဝသံသရာဆိုတာ တကယ်တမ်း မဂ်ဖိုလ်ဆိုက်လောက်အောင် တရားမရသေးရင် အရှည်ကြီးရှိနေသေးတယ်။ အဲသည်တော့ ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားတဲ့ စိတ်ကောင်းစိတ်မြတ် မွေးရမယ်လို့ သတိထားကြဖို့ လိုအပ်ပါတယ်။

ကြွယ်ဝတဲ့သူများကိုသာ သတိပေးလို့လည်း မသင့်ပေဘူး။ တချို့က ကြွယ်ဝပေမယ့် အောက်ခြေမလွတ်တတ်ပါဘူး။ မပြည့်စုံတဲ့သူများကိုလည်း သတိပေးချင်ပါသေးတယ်။ ကိုယ်မပြည့်စုံတာဟာ ဘယ်သူ့အဖြစ် ဘယ်ဝါ့အပြစ်ဆိုပြီး ငြူစူနေတာတို့ ကိုယ့်ထက်ကြွယ်ဝပြည့်စုံနေတဲ့သူများကို မနာလိုနေတာတို့ဟာ တကယ့်တော့ ကိုယ့်ကိုယ်ကို နှစ်သည်ထက် နှစ်အောင် နှစ်နေတာဖြစ်ပါတယ်။

သူငယ်ချင်းတစ်ယောက်က ပြောဖူးပါတယ်။ လူ့လောကမှာ ကောင်းမြတ်တဲ့အခွင့်အရေးဟာ အနည်းဆုံး သုံးကြိမ်သုံးခါလောက်တော့ ကိုယ့်ရှေ့မှောက် ရောက်လာတယ်တဲ့။ အဲသည်အခွင့်အရေးကို ကိုယ်က မယူတတ်တာ၊ အခွင့်အရေးမှန်း မသိလိုက်တာစတဲ့ ကိုယ့်ချို့ယွင်းချက်များကြောင့်သာ ကိုယ်ကမရလိုက်တာတဲ့။

ကိုယ့်ကိုယ်ကိုယ်လည်း သတိပေးရင်း အများကိုသတိပေးချင်တာကတော့ ကိုယ့်ကိုကူညီချင်တဲ့ စေတနာကောင်းနဲ့လာတဲ့သူကို ကိုယ်က ရိုးရိုးသားသား ကြည်ကြည်ဖြူဖြူ ဆက်ဆံမယ်ဆိုရင် ကိုယ့်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ကိုယ်ကို ဆွဲတင်နိုင်မယ့် အခွင့်အလမ်းတစ်ခု ရနိုင်ပါတယ်။ များသော အားဖြင့် ကျွန်မတော့ သိဝ်ရှန်းကန်နေရတာပဲဆိုတဲ့သူများကို ဆွဲတင် ကြည့်ဖူးပါတယ်။ အဲသည်အခါမှာ ကိုယ့်ကို ပေါကြီးလို၊ တုံးကြီး လို ဆက်ဆံတာကို ခံလိုက်ရတာပါပဲ။ သူတို့ထင်တာလည်း ဟုတ်ပါ တယ်။ ကိုယ်က စေတနာကောင်း ပြဋ္ဌာန်းထားတော့ သူတို့အခက်အခဲ ထဲက ဘယ်လိုဆွဲထုတ်ရမလဲဆိုတာကိုသာ တွေးပါတယ်။ သူတို့က ကိုယ့်ကို မြှောက်ပင့်ညာဝါးစားလာတဲ့အခါမှာတော့ လူပဲလေ၊ သိလာ တာပေါ့။ အဲသည်လိုသိလို့ နောက်လည်းဆုတ်ရော ကမ္ဘာဦးက ပဒေသာ ပင် ကွယ်သွားတဲ့အခါ ဆင်းဆင်းရဲရဲ ရှာဖွေစားရတဲ့သူများလို ဖြစ်သွား တာပါပဲ။ ကျွန်မက ပဒေသာပင်ကြီးလောက် ကြွယ်ဝတယ်လို့ ပြောချင် တာမဟုတ်ပါဘူး။ အကျင့်တန်တဲ့သူများကို တစ်ယောက်ပြီး တစ် ယောက် ခွာသွားတတ်တော့ တစ်ယောက်ပြီးတစ်ယောက် ကျောခိုင်း ခြင်းကို ခံရတဲ့သူများဟာ တက်လာဖို့ခက်သွားပြီဖြစ်ပါတယ်။ စေတနာ ဟာ ကံလို့ မြတ်စွာဘုရားဟောကြားတော်မူပါတယ်။ ***စေတနာမကောင်း ရင် အလုပ်လည်း မကောင်းတတ်ပါဘူး။ အလုပ်မကောင်းရင် အကျိုး ရလဒ်လည်း မကောင်းတတ်ပါဘူး။***

အခုပြောနေတာကတော့ နောက်ဘဝကို မရောက်သေးခင်မှာ ရောက်ရင် ဆိုးဆိုးရွားရွားမဖြစ်အောင် ဘယ်လိုပြင်ဆင်သင့်သလဲဆိုတာ ကို ဆွေးနွေးတင်ပြနေတာဖြစ်ပါတယ်။ တကယ်တော့ ကျွဲကူး ရေပါဆို သလိုပါပဲ။ ကောင်းမြတ်တဲ့ စိတ်နေသဘာဝနဲ့ ကောင်းတဲ့အသက်မွေး ဝမ်းကျောင်းမှုကို ပြုမယ်ဆိုရင် နောက်ဘဝအတွက်ပါ ကောင်းတဲ့အလုပ် များကို လုပ်နိုင်အောင် စိတ်ဓာတ်ကြည်လင်နေမှာ ဖြစ်ပါတယ်။

တစ်ခါတုန်းက အဖြစ်ကလေးကို ပြောပြချင်ပါတယ်။ ကျွန်မ အသက်ကပဲ ၆၄ ဆိုတော့ ကျွန်မတို့အဘွားလက်ထက်မှာ ဖြစ်ခဲ့တာ ကလေးကို ပြောပြရင် ဘယ်သူ့ကိုမှလည်း ထိခိုက်မှာမဟုတ်လို့ ပြောပါရ



စေ။ ကျွန်မတို့အဘွားများ အမေများခေတ်က မြို့ငယ်ကလေးတွေမှာ နေထိုင်ရတာ ဆွေမျိုးတစ်စု စုနေရသလိုပါပဲ။ သာရေးနာရေးများဆိုရင် တစ်ဦးနဲ့တစ်ဦး ပစ်မထားကြပါဘူး။ အဘွားက သူ့သူငယ်ချင်း အတော် မမာလို့ လူနာစောင့်အဖြစ် ညဘက်မှာ သွားစောင့်ပါသတဲ့။ လူမမာဟာ မှိန်းနေရာက ဂူးဂူးဝါးဝါးနဲ့ ထပြီးထိုင်ပါသတဲ့။ အားလုံးက ဘာဖြစ် သလဲ။ ဘာဖြစ်သလဲနဲ့ လူမမာရဲ့ရင်ကိုလည်းဖိ၊ ဝိုင်းဖက်ကြပြီး ပြန်လှဲ ပေးကြတာပေါ့လေ။ အဲသည်တော့မှ လူမမာဟာ ကွယ်လွန်ပြီးတဲ့ သူ့ ယောက်ျားကြီးက သင်္ချိုင်းရှိတဲ့ဘက်ကနေ အိမ်ပေါ်ကိုတက်လာပြီး သူ့ ဆံပင်ကို လက်နဲ့ရစ်ပတ်ပြီးဆောင့်ဆွဲကာ သင်္ချိုင်းရှိရာဘက်ကို ခေါ်သွား တာ တော်တော်တောင်ပါသွားပါသတဲ့။ အဲသည်လိုပါသွားတာကြောင့် သူက မနည်းဘဲရုန်းထွက်ခဲ့ရတယ်လို့ ပြောရင်း မောနေပါသတဲ့။ လူနာ စောင့်တွေကတော့ လူနာဆုံးတော့မယ်လို့ သိလိုက်ပါသတဲ့။ အဲသည်ည မှာပဲ လူနာဆုံးသွားခဲ့ပါသတဲ့။

လူနာဟာ တကယ်တော့ သူ့ယောက်ျားကြီးလာခေါ်လို့ သေတာ မဟုတ်ဘဲ ယောက်ျားကြီးကို သူတစ်သက်လုံး နိုင်ခဲ့တဲ့ သူ့အပြစ်တွေကို သူ့ဘာသာသူစွဲပြီး အကြောက်ကြီးကြောက်နေတာပဲ ဖြစ်နိုင်ပါတယ်။ ပြီးတော့လည်း သူ့ယောက်ျားကြီးကိုယ်တိုင်က ဒေါသစိတ်နဲ့ ဆုံးပါးသွား တဲ့သူဖြစ်နိုင်တာကြောင့် ပြိတ္တာဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်။ သူဟာ ရွှေငွေ အပြည့်ပေးပြီး သူ့သားနဲ့ လက်ထပ်စေခဲ့တဲ့ ယောက်ျားကြီး အိမ်လာတဲ့အခါတိုင်း ပေးထားတဲ့ပစ္စည်းတွေ မပျောက်ပျက်ပါဘူး ဆိုတာကို ပြန်ပြရတဲ့အတွက် မကျေနပ်တိုင်း စောင်းမြောင်းဆဲဆိုပါ သတဲ့။ သူ့သားကဖြင့် လုပ်မကျွေးနိုင်တဲ့ ဂီလာနကြီး၊ ဒါနဲ့များ ရွှေကိုစစ် ငွေကိုစစ်နဲ့ စစ်နေရသေးတယ်လို့ ပြောပါသေးသတဲ့။ နောက်တော့ ယောက်ျားကြီးက သူ့ရပ်ရွာကိုမပြန်နိုင်တော့ဘဲ သူတို့ဆီမှာ သောင်တင် နေပါတယ်။ စစ်အတွင်းမှာမို့ မပြန်နိုင်တာဖြစ်ပါတယ်။ အဲသည်အချိန်

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



မှာ ချွေးမဖြစ်တဲ့သူဟာ ယောက္ခမကြီးကို မြို့စွန်က သူတို့အိမ်ကလေး တစ်အိမ်မှာ သွားထားလိုက်ပါသတဲ့။ အဘွားက အိုလည်းအို ခြေထောက်မှာ အနာကလည်းရှိနေတော့ ဆေးကောင်းဝါးကောင်းလည်းမရ၊ အာဟာရ ကောင်းကောင်းလည်း မစားရတာကြောင့် စိတ်နှလုံးညှိုးငယ်စွာနဲ့ သေဆုံးသွားခဲ့ပါသတဲ့။ ဝမ်းနည်းတာကလည်း ဒေါသစိတ်ပဲ ဖြစ်ပါတယ်။

အဲသည်မကောင်းမှုကို ကျူးလွန်ထားပြီးတဲ့နောက် ချွေးမဖြစ်သူ (အဘွားတို့သူငယ်ချင်း) ဟာ မာန်မာန ထောင်လွှားနေခဲ့ပါသတဲ့။ ပိုက်ဆံကလည်း သူ့တစ်လက်ကိုင်ဖြစ်နေလေတော့ သူသုံးချင်တိုင်းသုံးလို့ရပါတယ်။ သားသမီးတွေနဲ့ သူ့မှာ ပျော်လို့ကောင်းနေတာပေါ့။ သို့သော်လည်း သူ့အကုသိုလ်မှုကို ဘယ်သူမှမသိပေမယ့် သူ့ဘာသာသူ သိပါလိမ့်မယ်။ အဲဒါကြောင့် သူဆုံးခါနီးမှာ မြင်ရတာက သူမုန်းပေမယ့် အတွင်းစိတ်ကကြောက်နေတဲ့ ယောက္ခမကြီးက လာခေါ်တယ်လို့ မြင်တာဖြစ်ပါလိမ့်မယ်။ သေချာတာကတော့ သူ့လားရာဂတိဟာ မကောင်းနိုင်ပါဘူး။

တကယ်လို့သာ ယောက္ခမကြီးပေးတဲ့ရွှေတွေ ငွေတွေကို မလျော့ပါးအောင် ကိုယ်တိုင်လည်း ကြိုးစားမယ်။ လင်သားက မကျန်းမမာ ဖြစ်နေတာကိုလည်း သားသမီးများအဖေဖြစ်တဲ့အတွက် ပြုစုမယ်။ ယောက္ခမကြီးက ရွှေတွေချိန်ကြည့်တာဟာ ငါတို့အတွက် မပျောက်ပျက်စေချင်လို့ပဲဆိုတဲ့ မှန်ကန်တဲ့နှလုံးသွင်းမှုထားမယ်။ သေကောင်ပေါင်းလဲ ဖြစ်နေတဲ့ ကိုယ့်ယောက္ခမဟာ တကယ်တော့ အမေပါပဲ ကလားလို့ မေတ္တာစိတ်ထားမယ်၊ ပြုစုယုယမယ်ဆိုရင် အားလုံး စိတ်ချမ်းသာစရာ ဖြစ်လာမှာပါပဲ။

တစ်နည်းအားဖြင့် ဘဝထဲမှာ တွေ့နေကျဒုက္ခထဲက ကုသိုလ်ထုပ်ကို ရအောင်ယူနိုင်ရင် နောက်ဘဝကိုကူးရာမှာ သူအခုကူးသွားသလို ကြောက်လန့်တကြားနဲ့ ကူးသလို ကူးသွားစရာမလိုတော့ဘူးပေါ့လေ။



ကျွန်မပြောချင်တာက နောက်ဘဝမှာ ဘယ်လိုနေလို့ ဘယ်လိုစားမလဲဆိုတာကို အခုဘဝမှာကတည်းက ကြိုတင်စီစဉ်နိုင်ပါတယ်။ ငြူစူစောင်းမြောင်းခြင်း ကင်းအောင်နေပါ။ မနာလိုဝန်တိုခြင်း မဖြစ်အောင် စိတ်ကိုကောင်းစွာထိန်းပါ။ သူတစ်ပါးအကျိုးကို လိုလားတဲ့ မေတ္တာစိတ်ထားပါ။ စေတနာဒါန၊ ဝတ္ထုဒါနကို ရှင်းသန့်စွာပြုပါ။ နောက်ဘဝမှာ ကောင်းကောင်းနေ ကောင်းကောင်းစားရမှာ သေချာပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## သေခြင်းရင်ဆိုင်နိုင်ဖို့ ရှင်တုန်းမှာ ကောင်းကောင်းနေသင့်တယ်

ယူထားတဲ့ခေါင်းစဉ်ကတော့ ရဲရဲတောက်ပဲ၊ တော်တော်ပြင်ဆင်ပြီးပြီ ထင်တယ်လို့ ပြောချင်ရင်တော့ ကျွန်မတို့ စာရေးဆရာများဟာ များသောအားဖြင့် သူများကိုပြောသလိုလိုနဲ့ ကိုယ့်ကိုယ်ကို ပြန်ပြောနေတာဖြစ်ပါတယ်။ ရှင်ခြင်းနဲ့ သေခြင်းအကြောင်းကို ပြောတဲ့အခါမှာ အရေးကြီးတာက ရှင်နေတဲ့အချိန်ပဲဆိုတာကို ကျွန်မတို့က မေ့နေတတ်ပါတယ်။ သို့မဟုတ်ရင်လည်း မသိချင်ဟန်ဆောင်နေတတ်ပါတယ်။ အဲသည်တော့ သေတော့မယ့်အရေးနဲ့ကြုံရင် တစ်ခါတည်း ထိန်းမနိုင်သိမ်းမရ တုန်လှုပ်သွားတတ်ကြပါတယ်။ အဲသည်လိုမဖြစ်အောင် သေခြင်းနဲ့ပတ်သက်တဲ့ကိစ္စကို အမြဲလိုလို နှလုံးသွင်းနိုင်မှ တန်ကာကျပါတယ်။

တကယ်တော့ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုတာ နေ့တစ္ဆူဝ ရှင်ခြင်းနဲ့ ပတ်သက်တဲ့ကိစ္စများနဲ့ ရှုပ်ထွေးပြီး သေခြင်းအကြောင်းကို မစဉ်းစားမိတဲ့သူများအနေနဲ့ အသုဘရှုဖို့ သုသာန်ကို လိုက်ပို့ရင်း သတိထားမိကြဖို့ အသုဘတရားကို နှလုံးသွင်းမိကြဖို့ လိုအပ်ပါတယ်။ ဘုန်းကြီးကျောင်းကိုသွားပြီး လက်တွေ့ ဘာကိုမှမမြင်ဘဲနဲ့ စိတ်ပျံ့လွင့်စွာနဲ့ တရားနာတာစာရင် လက်တွေ့ အသုဘရှုပြီး အနိစ္စ မမြဲပါတကား၊ ဒုက္ခ ဆင်းရဲပါတကား၊ အနတ္တ မိမိအလိုသို့ မလိုက်ပါတကားလို့ စဉ်းစား တွေးတောမိမယ်ဆိုရင် လေးလေးနက်နက် ဆင်ခြင်နိုင်မယ်ဆိုရင် ကုသိုလ်ဖြစ်နိုင်ပါတယ်။ သေခြင်းနဲ့ရင်ဆိုင်



တဲ့အချိန်မှာ ကောင်းကျိုးဆိုးကျိုးကို သယ်ပိုးသွားဖို့သာ ရှိတော့တယ်လေ။ ဘာမှလုပ်နိုင်တော့မှာ မဟုတ်တော့ပါဘူး။

တကယ်တော့ သေတဲ့အခါမှာ သက်သောင့်သက်သာဖြစ်ဖို့ ကောင်းမှုများကို သယ်ပိုးနိုင်ဖို့ လုပ်နိုင်ချေရှိတာက အသက်ရှင်နေသေးတဲ့အချိန် ဖြစ်ပါတယ်။ ရှင်နေတဲ့အချိန်မှာ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိဆိုတဲ့ တရားများကို လက်ကိုင်ထားပြီး ငါတို့က သူများနဲ့ တူတာမဟုတ်ဘူးလို့ ခပ်မြင့်မြင့်ပြောကာ တစ်ဖက်သားကို လူတစ်ယောက်အဖြစ် လေးစားသင့်သလောက် မလေးစားရင် တစ်ဖက်လူက သိချင်မှ သိပါမယ်။ သိချင်လည်းသိပါမယ်။ သိသည့်တိုင်အောင် ဒါဟာ သဘာဝပဲလေဆိုပြီး စိတ်အနှောင့်အယှက်မဖြစ်ဘဲ ယောနိသော မနသိကာရနဲ့ နေကောင်းနေလိုက်မှာ ဖြစ်ပါတယ်။ တကယ်တမ်း မာန်မာနထားပြီး ငါတို့က သူများနဲ့တူတာမဟုတ်ဘူးဆိုတဲ့ သူများဟာ တချို့လည်း မသေခင် သူများကအနိုင်ကျင့်တာကို ခံစားရတတ်ပါတယ်။ တစ်ခါတလေ ကိုယ့်ကို ကိုယ့်ကိုယ်ခန္ဓာက ပြန်ပြီးနှိပ်စက်တာကို ခံရပါသေးတယ်။ အောင်မယ် အဲသည်လို နာတာတောင်မှ တချို့ကတော့ နာကြွားကလေး ကြွားလိုက်တတ်ပါသေးတယ်။ ကျွန်မတို့က ဘယ်လိုအထူးကုဆရာကြီးနဲ့ ကုတာလေ။ ဆေးတွေက သိပ်ဈေးကြီးတာ၊ နိုင်ငံခြားက မှာရတာ။ ဒါတောင် ဘယ်သူလေ ကြားဖူးတယ် မဟုတ်လား၊ သူကိုယ်တိုင် ဝယ်လာပေးပေလို့ ရတာစသည်ဖြင့် လူနာက ပြောနိုင်ရင်လည်း ပြောမယ်။ မပြောနိုင်ရင်လည်း လူနာနားမှာ ဗျာများချင်ယောင်ဆောင်နေတဲ့သူများက ပြောမယ်ပေါ့။ တချို့ကျတော့လည်း ကျွန်မတို့က နိုင်ငံခြားကို သွားကုမှာလေစသည်စသည်ဖြင့်ပေါ့။ သေခြင်းက ကျောပေါ်တောင်ရောက်နေတာတောင်မှ တရားမရနိုင်သေးဘဲ လူများတကာရဲ့ ရင်သပ်ရှုမောခြင်းကို ခံယူချင်နေသေးတာကို တွေ့ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သေခြင်းနဲ့ရင်ဆိုင်တဲ့အခါမှာ နှလုံးသွင်းနိုင်ဖို့

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ကုသိုလ်အထုပ်အထည်က အရေးကြီးတာပါ။ တချို့ကျတော့ အသက်ရှင်စဉ်တုန်းက သူများမျက်ရည်ကျတာကို သွေးအေးအေးနဲ့ ကြည့်ခဲ့ပေမယ့် သေမင်းနဲ့ ရင်ဆိုင်ရတဲ့အခါ ဘယ်သူ့ကို အားကိုးရမှန်းမသိဘဲ မျက်စိမျက်နှာ ပျက်ပျက်ဖြစ်နေတာကို ကြုံတွေ့ရပါတယ်။ နောက်ဘဝမှာ ဆိုးကျိုးဘယ်လိုခံစားရမယ်ဆိုတာကိုတော့ ဘုရား ရဟန္တာများမှ သိမှာဖြစ်ပေမယ့် သေတာနဲ့ သူများနဲ့အတူတူဖြစ်သွားပါပြီ။ မသေခင်မှာ ဟင် ဒီလိုနေရာမျိုးမှာ လူတကာထိုင်တာ ငါမထိုင်ဘူး။ ဒါမျိုးများ မစားတတ်ဘူး။ ဒီလိုမနေတတ်ဘူးဆိုတဲ့ စကားများကို ဘယ့်လောက်ပဲ ပြောခဲ့ပြောခဲ့၊ သေဆုံးတဲ့အခါ ရေခဲတိုက်ထဲမှာ အများနဲ့အတူ စီရီပြီး ထည့်ထားတာကို ခံရမှာပါပဲ။ သူများရှေ့မှာ ရှင်စဉ်အခါဆိုရင် ဘယ်လိုမှ မနေမယ့်နည်းနဲ့ ပက်လက်ကလေးတင်ထားတာကို ခံစားရမှာ ဖြစ်ပါတယ်။ ဝိုက်ဆံရှိရင်ရှိသလို ပြင်ဆင်ထားမှာ သေချာပေမယ့် အဲသည်ပြင်ဆင်ခြင်းပင်လျှင် ကိုယ့်အတွက် သက်သက်များတော့ မအောက်မေ့ပါနဲ့။ ကျန်ရစ်သူများက သူတို့ဂုဏ်သိက္ခာနဲ့ လိုက်လျောစွာ ပြင်ဆင်ထားတာ ဖြစ်ပါတယ်။

ကိုယ်ကတော့ အဲသည်အချိန်မှာ ရှင်စဉ်ကပြုခဲ့တဲ့ ကုသိုလ်အကုသိုလ်များအတိုင်း တစ်ကိုယ်တည်း ဖော်မပါ သွားလေရော့ ဝေးမြေတာ ဆိုတာလို ဖြစ်သွားမှာသေချာပါတယ်။ လူ့ဘဝမှာ ချစ်ခဲ့ခင်ခဲ့တွယ်တာခဲ့တဲ့သူများကို ကိုယ်ကမခွဲချင်လည်း သေမင်းကခွဲရင် ကွဲရတာပါပဲ။ ကိုယ့်ကိုထားရစ်ခဲ့ပြီး ထွက်ခွာသွားတဲ့သူကလည်း သေမင်းကခွဲပြီးတဲ့နောက်မှာ ကိုယ့်ကိုမေ့လျော့စွာနဲ့ သူလားရာဘဝမှာ ပျော်နေမှာပါပဲ။

အဲသည်လိုပြောတော့ ဟယ် အဲသည်လိုဆိုရင် ချစ်တယ်ခင်တယ်ဆိုတာ အလကားပေါ့လို့ ပြောချင်ကြမှာပဲနော်။ သမုဒယဆိုတဲ့ တွယ်တာ တပ်မက်ခြင်းကတော့ အရေးဟဲ့ဆိုရင် အလကားပါပဲ။ အဲဒါကြောင့် ပြောကြတာပေါ့။ မယားသေတဲ့အခါ ယောက်ျားကြီးတန်မဲ့သည်းသည်းထန်ထန်ငိုတယ်ဆိုရင် ကြာကြာမနေဘူး၊ နောက်မိန်းမယူမှာပဲဆိုတဲ့စကားလေ။ ကြားဖူးကြမှာပေါ့။ ပြောင်းပြန်အဖြစ် လင်သေတဲ့အခါလို့ တစ်လှည့်စဉ်းစားချင်ရင် စဉ်းစားပါ။ တကယ်တော့ ငိုတုန်းက တကယ်ငိုတာပါ။ သို့သော် သူတစ်ယောက်တည်း ကျန်ရစ်တာကို မခံမရပ်နိုင်လို့ ဝမ်းပန်းတနည်းငိုတာ ဖြစ်နိုင်ပါတယ်။



မေတ္တာကတော့ သမုဒယနဲ့မတူပါဘူး။ သူတစ်ပါးကို ကောင်းစေလိုတဲ့စိတ်ကို မေတ္တာလို့ခေါ်တာပါ။ မေတ္တာထားပြီး တကယ်တမ်းချစ်ခင်တဲ့သူများဟာ ထွက်ခွာသွားတဲ့အခါမှာလည်း ကျန်ရစ်သူများကို ဝမ်းနည်းပမ်းနည်းဖြစ်ပြီး မကျန်ရစ်စေလိုပါဘူး။ ဘာကိုမှ မလုပ်နိုင်မကိုင်နိုင်နဲ့ ဘဝပျက်မတတ် ပူဆွေးသောက ရောက်နေမယ့်အစား ထွက်ခွာသွားတဲ့ကိုယ့်အတွက် ကုသိုလ်ကောင်းမှုပြုရင်း အမျှအတန်းလည်း ဝေကာ ကျန်ရစ်သူကိုယ်တိုင်လည်း ဖြေသိမ့်နိုင်စေချင်တဲ့ စေတနာရှိမှာ ဖြစ်ပါတယ်။

ကျန်ရစ်တဲ့သူများကလည်း ဘယ်သူ့ကိုယုံလို့ ပုံပြီးထားခဲ့သလဲတော့ဆိုတဲ့ ရှေးရိုးငိုချင်းတွေချပြီး ငိုနေတယ်ဆိုရင် သေသေချာချာစဉ်းစားတတ်တဲ့သူများနဲ့တွေ့လို့ကတော့ ရှက်စရာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူက သေဆုံးသူရဲ့ လားရာဂတိ ကောင်းမကောင်းကို မစဉ်းစားဘဲ ကျန်ရစ်ရမယ့်သူ့အနေနဲ့ ဘဝကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာကိုသာ တွေးတောတာကိုး။ တချို့ကတော့ အသုဘလာတဲ့သူများ သိစေချင်တဲ့ အိမ်တွင်းရေးကလေးများကို ထည့်ငိုတတ်သေးတယ်လေ။ ချွေးမတစ်ယောက်က ယောက္ခမကို အဖေရဲ့ ဒီအိမ်မှာ အဖေ့ကိုအားကိုးပြီး နေရတာပါ။ သမီးတော့ အဖေမရှိရင် မျက်နှာငယ်တော့မှာပဲနဲ့ ငိုတာလေ။ ရယ်စရာကောင်းလိုက်တာ။ ယောက္ခမ နာတာရှည်ကြီးက အရင်မသေဘဲ သူ့အဖေက အရင်သေလို့ စိတ်ဆိုးဆိုးနဲ့ ဟိုက အဖေသေရမှာ မဟုတ်ဘူး။ ဒီက အဖေသေရမှာနဲ့ ဒေါသသံနဲ့ သူပဲပြောခဲ့တာလေ။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



တကယ်တော့ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်တယ်၊ လေးစားတယ်၊ မြတ်နိုးတယ်ဆိုတာဟာ မသေခင်အချိန်မှာ ပြသနိုင်တာဖြစ်ပါတယ်။ မသေခင်ဆိုတော့ ရှင်စဉ်လို့ဆိုကြပါစို့။ ရှင်ခြင်းဆိုတဲ့ကာလကို သေသေချာချာ အသုံးချတတ်မှ သေတော့မယ့်ဆဲဆဲအချိန်မှာ နောင်တရစရာတွေ ကြောက်ရွံ့ထိတ်လန့်စရာတွေကို ရင်ဆိုင်စရာမလိုတော့ဘဲ အေးအေးဆေးဆေး ထွက်ခွာသွားနိုင်မှာ ဖြစ်ပါတယ်။ အချိန်ဟာ သိပ်ကုန်လွယ်တာပါပဲ။ မိဘနဲ့သားသမီးများအကြားမှာ ချစ်ခင်လေးမြတ်ခြင်းကို ရှင်နေစဉ်အချိန်မှာသာ ပြသနိုင်မှာဖြစ်ပါတယ်။ ရှင်နေစဉ်ဆိုတာ အသက်ကတော့ ရှိနေသေးတယ်၊ ဘယ်သူမှန်း ဘယ်ဝါမှန်း မသိနိုင်တော့တဲ့ အချိန်ဆိုရင်တော့ မိမိရဲ့ပြုစုယုယခြင်းကြောင့် သက်သာကောင်းသက်သာမယ်။ သို့ပေမဲ့ အဖေသို့မဟုတ် အမေအနေနဲ့တော့ သားသမီးက သူတို့ကို ဂရုစိုက်တယ်ဆိုတဲ့အကြောင်းကိုသိပြီး ကြည်နူးနိုင်ခြင်း မရှိနိုင်တော့ပါဘူး။

အဲသည်တော့ သားသမီးဝယ်လာတဲ့ စားစရာကလေးများကို ပြုံးပြုံး ပြုံးပြုံးနဲ့ စားရင်း သားသမီးကို ဝမ်းမြောက်စကား ပြောနိုင်တဲ့အချိန်မှာကတည်းက မိမိရဲ့အချိန်များကို ဟန်ချက်ညီအောင်ပြုပြင်ပြီး မိဘအတွက် အချိန်ကလေးများ ထားနိုင်ရင် ဘယ့်လောက်ကောင်းလိုက်မလဲ။ စဉ်းစားကြစေလိုပါတယ်။ အဲသည်လို ကိုယ်တတ်နိုင်တဲ့စွမ်းအားနဲ့ ကိုယ်ပြုစုယုယခဲ့တယ်ဆိုရင် မိဘများက ကိုယ့်ကိုယ် မျက်ကွယ်ပြုသွားတယ်လို့ ဆိုရင်တောင်မှ ဝမ်းနည်းနေပေမယ့် ဖြေသာပါသေးတယ်။ တချို့သော ကြွယ်ဝသူသားသမီးများက အယူမှားနေတတ်ကြပါတယ်။ စားစရာ သောက်စရာ နေစရာများကို လိုလေသေးမရှိ ပေးထားပြီးတဲ့နောက်မှာ အချိန်မှမရှိတာ မသွားနိုင်သေးပါဘူးလို့ ဆင်ခြေတွေပေးပြီး နေတတ်ပါတယ်။ မိဘကတော့ သားသမီးကိုမျှော်မှာပါပဲ။ အချိန်ကုန်တာနဲ့အမျှ သေဘက်နီးလာပြီဆိုတာကို တစ်ခါတစ်ရံမှာ သတိရလိုက်



ရင် လုပ်နေတဲ့အလုပ်ကို ခဏလောက်ပစ်ချပြီး မိဘများကို သွားတွေ့လိုက်စေလိုပါတယ်။

တချို့သူများဟာ သားသမီးဖြစ်ဖြစ် မိဘဖြစ်ဖြစ် ဂရုစိုက်သင့်တဲ့သူများကို ဂရုမစိုက်မိကြပါဘူး။ အဲသည်လို ဂရုမစိုက်မိတဲ့အတွက်ကြောင့် အဲသည်လူတွေထဲက တစ်ယောက်ယောက် ဆုံးပါးတဲ့အခါမှာ မဆည်နိုင်အောင် ဖြစ်တတ်ပါတယ်။ ရှင်နေစဉ်က ငါဘာဖြစ်လို့ ဂရုမစိုက်ဘဲ နေမိသလဲဆိုတဲ့ အတွေးဟာ အမြဲလိုလို မိမိကိုနှိပ်စက်နေတတ်ပါတယ်။

တကယ်တော့ ရှင်နေတဲ့အချိန်ဟာ လူတိုင်းအတွက် အရေးအကြီးဆုံးအချိန် ဖြစ်ပါတယ်။ လူသားတစ်ယောက်အနေနဲ့ လုပ်သင့်တဲ့အလုပ်များကို လုပ်နိုင်တယ်။ မှားနေရင် ပြင်နိုင်တယ်။ ချစ်ခင်တဲ့အကြောင်းကို ပြသနိုင်တယ်။ နောက်ဘဝမှာ အကျိုးမဲ့သလောက်ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ အငြိုးအတေးများ အာဃာတများကို ပြေပျောက်အောင် ခွင့်လွှတ်စကား ပြောကြားပြီး ဝန်ကင်းစေနိုင်တယ်။ ပြီးတော့ များသောအားဖြင့် သံသရာခရီးကို ဆက်လက်သွားကြရဦးမယ့်သူများဖြစ်တဲ့အတွက် အဲသည်လိုနည်းများနဲ့ မိမိအတွက် လားရာဂတိ ကောင်းအောင် ရှင်နေတဲ့အချိန်မှာပဲ ပြင်ဆင်နိုင်ပါတယ်။ သေပြီးတဲ့နောက်ကျမှ နေရာကောင်းရအောင် ဦးလို့ရတာမှမဟုတ်တာ။ ကိုယ့်ဘာသာကိုယ် ကံကောင်းတဲ့သူဖြစ်အောင် ပြင်ဆင်နိုင်ခွင့်ဟာ ရှင်နေစဉ်မှာပဲ ရတာဖြစ်ပါတယ်။

သတိထားရမယ့်အချက်ကတော့ ငါတို့က သူများထက် ခေါင်းတစ်လုံးမက ပိုမြင့်တယ်ဆိုတဲ့ အခြေအနေဟာ အခုအချိန်မှာ မှန်ပေမယ့် မသေမီအချိန်အတွင်းမှာတောင်မှ ကံအကြောင်းမလှရင် သို့မဟုတ် လှနေတဲ့ကံကို ကိုယ်ကထိန်းသိမ်းဖို့ သတိမထားနိုင်တာကြောင့် ကံဆိုးသွားတတ်ပါသေးတယ်။ သူများတွေအလယ်ကို မသွားရောက်နိုင်အောင်

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



မျက်နှာမပြနိုင်အောင်အထိ ကံဆိုးသွားနိုင်ပါသေးတယ်။ ဘာမဆို အနိစ္စတရားနဲ့ မကင်းနိုင်ပါဘူး။ *မကောင်းတာမဖြစ်အောင် ကောင်းသည်ထက်ကောင်းအောင်ဆိုတာက သတိတရားနဲ့ ထိန်းသိမ်းစောင့်ရှောက်နိုင်ရပါမယ်။*

ကောင်းတဲ့ကိစ္စများကို အသက်ရှင်နေစဉ်အတွင်းမှာသာ ကြိုကြိုတင်တင် လုပ်နိုင်တာဖြစ်ပါတယ်။ သူများနဲ့ငါတို့နဲ့က တူတာမဟုတ်ဘူးဆိုတဲ့ မာန်မာနတရားကို သတိနဲ့ထိန်းပြီး ခြော် သူလည်းလူ၊ ငါလည်းလူ။ ငါတို့အားလုံးဟာ လောကဓံအလှည့်အပြောင်း အထုအထောင်းကို ခံနေကြရတဲ့သူတွေချည်းဖြစ်တယ်။ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးနဲ့ ကင်းကြတာ မဟုတ်ဘူး။ သူတို့လိုနိမ့်ပါးသွားမယ်ဆိုရင် ငါတို့ဘယ့်လောက် စိတ်ဆင်းရဲမလဲ။ သူတို့ခမျာစိတ်ဆင်းရဲနေကြရတဲ့အထဲ ငါတို့က မြင်သာကြားသာအောင် ဝါကြွားပြောဆိုနေတယ်ဆိုရင် မကောင်းပါဘူး။ သိုသိုသိပ်သိပ် နေကြရအောင်ဆိုတဲ့ စေတနာဒါနကလေးထားလိုက်ရင် နေရင်းထိုင်ရင်း အကျိုးရှိမှာဖြစ်ပါတယ်။ များသောအားဖြင့် ငါတို့ကဆိုတဲ့ မာန်ဟာ မြင့်မားချမ်းသာတဲ့သူက သိပ်နိမ့်ပါးတဲ့သူများအပေါ် မော်ကြွားတဲ့စိတ်ထားနဲ့ ပြောတဲ့စကားမဟုတ်ပါဘူး။ သိပ်ပြီးနိမ့်ပါးတဲ့သူဆိုရင် မာန်မာနကြီးတဲ့သူများက လူလို့တောင် သဘောမထားတတ်ပါဘူး။ မနီးရိုးစွဲ အချင်းချင်းပြိုင်ဆိုင်တတ်တဲ့ အလေ့အထဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်လေ ရှင်နေစဉ်မှာ ဒီလိုအသုံးမကျတဲ့ စိတ်နေသဘာဝကို ပယ်ဖျက်ပြီး လားရာဂတိကောင်းအောင် ပြင်ဆင်သင့်ပါတယ်။ လူသားတိုင်း မသွားမနေ သွားကိုသွားရမယ့်ခရီးအတွက် ပြင်ဆင်ရမှာပါပဲ။ မပြင်မဆင်နဲ့ ဒရောသောပါးထွက်ခွာသွားတယ်ဆိုရင် ယူသင့်တာတွေလည်း မပါ၊ မယူချင်တာတွေကတော့ ပါလာတတ်လို့ အကြောင်းက မလှတတ်ပါဘူး။ ဗြဟ္မာ့ပြည်တဝင်းဝင်း ဝက်စာကျင်း တရှုပ်ရှုပ်ဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်



ပါလား။ လူ့ပြည်မှာ အခုဘဝ ပြည့်စုံချမ်းသာတာကို ကုသိုလ်များအဖြစ်အသွင်ပြောင်းပြီး ယူသွားနိုင်မယ်ဆိုရင်တော့ သိပ်ကောင်းမှာဖြစ်ပါတယ်။ နို့မဟုတ်ရင်တော့ လူဖြစ်ခဲ့ပါလျက် အဆင့်မြင့်မားခဲ့ပါလျက်အသက်ရှင်စဉ်မှာ သတိတရားနဲ့ စောင့်ထိန်းသင့်တဲ့ တာဝန်များကိုမစောင့်ထိန်းမိလို့ နောက်ဘဝမှ ကျဆင်းသွားတယ်ဆိုရင် အရှုံးပေါ်တယ်လို့ ဆိုရပါမယ်။

တချို့သောသူများက သူ့စာဖတ်ကြည့်မှ ရှင်နေတဲ့အချိန်မှာ သေခြင်းအတွက် ပြင်ဆင်ရမယ်ဆိုတာဟာ ဘဝတစ်ခုလုံး ပျော်စရာဘယ်မှာရှိတော့မလဲ။ မဟုတ်သေးပါဘူးလို့ ပြောချင်ကြမယ်ထင်ပါတယ်။ ကျွန်မပြောချင်တာက ရှင်နေစဉ်မှာ လူတစ်ယောက်အဖြစ်အပြစ်နည်းပါးအောင် သတိနဲ့နေရင်း ပျော်မယ်ဆိုရင် ပျော်စရာတွေများပါတယ်။ လိုအပ်နေတဲ့သူများကို လိုအပ်ချက်ကလေးတွေ ဖြည့်ဆည်းပေးလိုက်စမ်းပါ။ ပျော်သွား ပြုံးသွားတာကို ကြည့်လိုက်စမ်းပါ။ နှလုံးအေးစွာနဲ့ ပျော်နိုင်ပါတယ်။ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတရားများကို လက်ကိုင်ထားတဲ့သူများဟာ ပျော်ရွှင်နိုင်တဲ့သူ ပြုံးနိုင်တဲ့သူများ ဖြစ်ကြပါတယ်။

သူတစ်ပါးကို မကောင်းစေချင်တဲ့ စိတ်ရှိတဲ့သူဆိုရင် တူသောအကျိုးပေးတာကြောင့် ပထမဆုံး စိတ်တိုခြင်း စိတ်နောက်ကျိုခြင်းစတဲ့အညစ်အကြေးများနဲ့ ထိုင်းမှိုင်းပြီး စိတ်ဆင်းရဲနေမှာ ဖြစ်ပါတယ်။ သူတစ်ပါးကို သနားညှာတာခြင်း ကင်းတဲ့သူဟာ ရက်စက်တဲ့အပြုအမူများ ပြုလုပ်ဖို့ရာ ဝန်မလေးတတ်ပါဘူး။ အနည်းဆုံး နှုတ်ကဖြစ်ဖြစ်ကိုယ့်အရှယ် ကိုယ့်ဂုဏ်နဲ့မလိုက်တဲ့ စကားများကို ပြောမိတတ်ပါတယ်။ အဲသည်လိုဆိုရင်လည်း တူသောအကျိုးကို ရပြီး ကိုယ်လည်း သူတစ်ပါးများက ကျိတ်ကျိတ်ခဲခဲ နှိပ်နှိပ်စက်စက်ပြောတာ ခံရတတ်ပါတယ်။ သူတစ်ပါးကို မညှာတာခဲ့တဲ့အတွက် ကိုယ့်အလှည့်မှာ ကူပါကယ်ပါလို့

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ခေါ်ရင်တောင် ကူညီချင်တဲ့သူများက မကြားနိုင်တဲ့အနေရောက်ပြီး ကူမယ့်သူ ဝေးတတ်ပါတယ်။ မုဒိတာဆိုတဲ့ သူများကောင်းစားတာကို မြင်ရင် သြော် ကောင်းလိုက်တာ၊ ဝမ်းသာလိုက်တာ၊ အဲသည်လိုဖြစ်တာ ငါဆိုရင်လည်း ဝမ်းသာမှာပဲဆိုတဲ့ ကိုယ်ချင်းစာတရားကလေးနဲ့ မုဒိတာ ပွားရင် ကိုယ်လည်း စိတ်ချမ်းသာပါတယ်။ တုသောအကျိုးလည်းပေးပါလိမ့်မယ်။ ကိုယ်ကလည်း မကူနိုင်၊ ကူနိုင်လို့ ကူတော့လည်း သူက မကောင်းမြင်၊ မကောင်းတဲ့အလုပ်ကိုလုပ်ပြီး အကျိုးမဲ့ဖြစ်နေတယ်ဆိုရင် သြော် သဗ္ဗေသတ္တာ ကမ္မသကာပဲ၊ သူ့ကံအတိုင်းဖြစ်တာ ငါစိတ်ဆိုးနေလို့ သောကရောက်နေလို့ အပိုပဲလေလို့ အသင့်အတင့် နှလုံးသွင်းလိုက်ရမှာ ဖြစ်ပါတယ်။ အဲသည်လို ကံအတိုင်းသာဖြစ်ရပေတာပဲလို့ ဥပေက္ခာ ပြုတာဟာ တကယ်တမ်းတော့ အတော်ခက်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ဟာ **ကောင်းတဲ့စိတ်စေတနာ အရင်းခံပြီးနေရင် လူ့သဘာဝ အတိုင်း နေရင်း ကုသိုလ်ဖြစ်နေနိုင်ပါတယ်။ ရှင်လည်းကောင်း သေလည်း ကောင်းဖြစ်မှာပါပဲ။**

## သေမှ ပူဆွေးပြီး ငိုမနေနဲ့၊ မသေခင်မှာသာ လုပ်သင့်တာတွေကို လုပ်ပေးလိုက်ရတယ်

ကျွန်မတို့ပတ်ဝန်းကျင်မှာ သေဆုံးပျောက်ကွယ်သွားတဲ့သူတွေအတွက် ငိုလို့မဆုံး ဖြစ်နေတဲ့သူတွေ အများကြီးရှိပါတယ်။ အဲသည်အထဲမှာ ကျွန်မလည်း ပါခဲ့ပါတယ်။ ကျွန်မတို့ဖေဖေ ကွယ်လွန်တော့ ကျွန်မမှာ နောင်တရစရာ မကျန်ခဲ့ပါဘူး။ ဆုံးတော့မယ်၊ ပစ်လိုက်ရတော့မယ်လို့ အားလုံးက ထင်နေတဲ့အချိန်မှာ ကိုယ်ကလည်း ကလျာဏမိတ်ဆွေတွေ ထံက အကူအညီတွေရလို့ ဖေဖေကလည်း ကုသိုလ်ကောင်းလို့ မသေ အောင် ဆေးကုပေးလိုက်နိုင်ပါသေးတယ်။ အဲသည်အချိန်တုန်းက ဆေး ရရင် ငွေပုံပေးပါ့မယ်လို့ဆိုပြီး လိုက်ရှာတာတောင် မရခဲ့တဲ့အချိန်မှာ ကလျာဏမိတ်ဆွေကလေးတစ်ယောက်က ဆေးမှန်မှန်ရအောင် ဆောင် ကြဉ်းပေးခဲ့ပါတယ်။ အဲသည်လိုဆေးစားရတဲ့အပြင် တစ်နေ့ကို အသား ငါးဆယ်သား၊ နွားနို့ ငါးဆယ်သား၊ ကြက်ဥငါးလုံးကို ဆားတစ်ပွင့်မှ မပါဘဲ ဖေဖေစားအောင် ချော့မော့ကျွေးရတာကလည်း တကယ့်ကို ကုသိုလ်အလုပ်တစ်ခုပါပဲ။ ကလေးကလေးများကို ချော့သလို ချော့ပြီး ကျွေးရင်း ကိုယ်တိုင်လည်း အရိုးတွေဘာတွေ လိုက်ပြီးကိုက်တာပေါ့။ အဲသည်လိုကိုက်ရင်းလည်း သနားလိုက်တာလေ။ ဆားမပါဘဲ ဘာပဲစား စား စားလို့မှ မကောင်းဘဲကိုး။

အဲသည်လို ကြိုးစားပြီးကုသတဲ့အခါမှာ တိုးတက်မှုက တစ်နှစ် လောက်ကြာမှ ရပါတယ်။ ဆားပြန်စားလို့ရပြီဆိုတော့ ရောဂါလည်း ပျောက်သလောက်ဖြစ်ပြီ။ ဆေးလည်းဖြတ်လို့ရပြီပေါ့။ ကျန်တဲ့ဆေးတွေ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



တော့ စားနေရတုန်း ဖြစ်ပါတယ်။ အဲသည်လိုနဲ့ ငါးနှစ်ကြာအောင် ဆက်ပြီးအသက်ရှင်သွားခဲ့ပါတယ်။ အသက်ရှင်ကာမတ္တ ရှင်တာနဲ့ ကုသိုလ်တရားပွားများပြီး ရှင်တာတော့ ကွာခြားတာပေါ့။ ဖေဖေဟာ လှူသင့်တာတွေကို လှူသွားနိုင်ပါတယ်။ သူကိုယ်တိုင်တော့ လှူနိုင်တော့မှာ မဟုတ်ဘူးဆိုပြီး ဝိဇ္ဇာလယကျောင်းဆောင်တစ်ဆောင် လှူပေးပါလို့လည်း မှာသွားခဲ့နိုင်ပါတယ်။

ဖေဖေ့ကို နောက်တစ်ကြိမ်ဆေးစစ်ဖို့ ရန်ကုန်ကို ခေါ်မယ်ဆိုတာနဲ့ ဖေဖေက သမီးလာစမ်းပါဦးလို့ဆိုပြီး ကျွန်မလက်ကို ကိုင်ပြီး သမီးတို့က ဖေဖေ့ကို ရန်ကုန်ခေါ်ပြီး ဆေးကုပြီးရင် ရေနံချောင်းကို ပြန်ပို့မှာလားလို့ မေးပါတယ်။ ကျွန်မက ဟုတ်ပါတယ်ဖေဖေ ဆေးကုပြီးတာနဲ့ ပြန်ပို့မှာပေါ့လို့ ပြောခဲ့ပါတယ်။ အဲသည်လိုဆိုရင် ဖေဖေ လိုက်မယ်ဆိုပြီး ဖေဖေ လိုက်လာပါတယ်။

ဖေဖေ့ကို ဒီအတိုင်းကြည့်ရင်တော့ နောက် ၁၅ ရက်ကြာရင် ဆုံးတော့မယ်ဆိုတာ မသိသာပါဘူး။ တစ်ခုတော့ ရှိတာပေါ့လေ။ ကျွန်မတို့က ဆရာဝန်မှ မဟုတ်တာကိုး။ မသိနိုင်ဘူးပေါ့။ ဖေဖေ့ကို ခေါ်လာတော့ တောင်တွင်းကြီးကို ရောက်တာနဲ့ ကားပေါ်ကတွဲဆင်းပြီး ထမင်းဆိုင်ထဲကိုဝင်လာတော့ ဖေဖေ့ခမျာ ပင်ပန်းနေပါတယ်။ ကားက ကိုယ်ပိုင်ကားဖြစ်ပြီး ဖေဖေ့အတွက် ဖြည်းဖြည်းမောင်းလာခဲ့ပေမယ့် ကိုယ်ခန္ဓာထဲမှာ အဘက်ဘက်က ယိုယွင်းပျက်စီးနေပြီဆိုတော့လည်း ပင်ပန်းရှာမှာပေါ့။ ထမင်းဆိုင်မှာ ကျွန်မကိုယ်တိုင် ဖေဖေ့ကို ထမင်းခွံ့ကျွေးခဲ့ပါတယ်။ ထမင်းကိုတော့ မြိန်ရည်ရှက်ရည် စားနိုင်တာပါပဲ။ ကျွန်မတို့တစ်တွေ ရန်ကုန်ရောက်တာနဲ့ ဖေဖေ့ကို ဆရာဝန်နဲ့ ပြတာပါပဲ။ ဆေးလည်းကျွေးတာပါပဲ။ အစားအသောက်လည်း စားနိုင်ပါတယ်။ သို့ပေမယ့် ဆီးနဲ့ဝမ်းကျတော့ ချုပ်လို့ ချူပေးရပါတယ်။ ကျွန်မမှာ ညီမကလေးလိုနေတဲ့ ဆရာဝန်မကလေးတစ်ယောက် ရှိပါတယ်။ သူက



မမရေ၊ ဘဘကြီးကို ဆေးရုံတင်ရအောင်လို့ပြောတော့ ကျွန်မက မဖြစ်ဘူးကွယ်။ ဖေဖေတို့က အသက်လည်းကြီးတယ်။ နယ်မှာလည်း နေခဲ့တယ်ဆိုတော့ ဆေးရုံတင်တယ်ဆိုရင် သူတို့မှာ အလုပ်များလို့ ငါ့ကို ဆေးရုံတင်ထားတယ်လို့ ထင်သွားရင် အခက်ပဲလို့ ပြောလိုက်ပါတယ်။ တစ်ခါတုန်းက ဖေဖေ့ကို ရန်ကုန်ခေါ်လာတော့ ကျွန်မ ကျောင်းသွားတဲ့အခါမှာ စောင့်ပေးဖို့ ကလေးမကလေးတစ်ယောက်ကို အကူအညီတောင်းရပါတယ်။ ပြီးတော့ ဖေဖေရေ ဟောသည်မှာ သူနာပြုဆရာမကလေးက ဖေဖေ့ကို နေ့လယ်နေ့ခင်းမှာ စောင့်လိမ့်မယ်လည်းပြောရော၊ ဖေဖေ့ကို သူနာပြုနဲ့ပဲထားတော့မှာလားလို့ အလန့်တကြား မေးရှာပါတယ်။ အဲသည်အချိန်မှာ ကျွန်မဟာ ခွင့်ရက်ရှည်ယူလိုက်ပြီး ဖေဖေနဲ့ နေပေးလိုက်ပါတယ်။

အဲသည်လို ပြည့်စုံအောင် ကြိုးစားတယ်ဆိုတဲ့အခါမှာတောင်မှ လိုနေတာတွေ ရှိပါသေးတယ်။ ဆရာဝန်မကလေးက ဘဘကြီး လည်ချောင်းထဲက အဲသည်လို ဟောက်သံကြီးက ဘယ်တုန်းကထွက်တာလဲလို့ မေးပါတယ်။ ကျွန်မက ရေနံချောင်းကတည်းက ထွက်တာပါ ညီမလေးရေ။ မမက စာဖတ်ပြတော့ ဖေဖေက တခူးခူးနဲ့ ဟောက်ပြီး အိပ်နေတာပဲ။ ဖတ်ပြတာကိုလည်း နားမထောင်ဘူးလို့ ပြောမိပါတယ်။ အဲသည်တော့ ဖေဖေက ဖေဖေ မအိပ်ဘူးသမီးရဲ့၊ ဖေဖေ့လည်ချောင်းထဲက အဲသည်လိုမြည်နေတာပဲလို့ ပြောဖူးတယ်လို့ပဲ ပြန်ပြောပြီး ဘာဖြစ်လို့လဲဟင်လို့ မမေးလိုက်မိပါဘူး။

ဖေဖေ သတိလစ်သွားတဲ့ တစ်နေ့မှာတော့ ဆရာဝန်မကလေးက မမ စဉ်းစားပေတော့၊ ဘဘကြီးက အခြေအနေ မကောင်းတော့ဘူး။ ဆေးရုံမှာဆိုရင် အောက်ဆီဂျင်တွေဘာတွေ ပေးနိုင်တယ်။ ချွဲစုပ်စက်နဲ့ ချွဲကိုစုပ်ယူနိုင်တယ်။ အခုအတိုင်းဆိုရင် သိပ်ဒုက္ခရောက်မယ်ဆိုတော့ ကျွန်မလည်း တုန်တုန်ရီရီနဲ့ ဖေဖေ့ကို ဆေးရုံတင်ရတော့တာပေါ့။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ထူးဆန်းတာက (Deep Coma) ဝင်သွားပြီလို့ ကျွန်မမိတ်ဆွေ ဆရာဝန်မကလေးက ဆုံးဖြတ်ထားပေမယ့် ဖေဖေဟာ မြို့ထဲကိုရောက်ပြီး ကားသံတွေ ဘာတွေနဲ့ ဆူညံနေတဲ့ နေရာလည်းရောက်ကရော ပြန်ပြီးသတိရလာတာပါပဲ။ အဲသည်နေ့ညမှာ ဆေးရုံတင်ပြီး ဆေးရုံမှာ ငါးရက်ကြာမှ ဆုံးပါတယ်။ ထမင်းကို ငါးရည်ချိုဟင်းကလေးနဲ့ စားချင်လိုက်တာလို့ပြောပေမယ့် နှာခေါင်းပိုက်ကနေပဲ အစာသွင်းရ ဆေးသွင်းရပါတယ်။

ဖေဖေဆုံးတဲ့အခါမှာ မမတော့ ဖေဖေ့ကိုဆေးရုံပြဖို့ ရန်ကုန်ကို ခေါ်ခဲ့တာ မှားပြီထင်တယ်လို့ မိတ်ဆွေဆရာဝန်မကလေးကို ပြောပြီး ငိုမိပါတယ်။ အဲသည်တော့မှာ ဆရာဝန်မကလေးက မဟုတ်ဘူးမမ၊ ဘဘကြီးက ရေနံချောင်းမှာကတည်းက လည်ချောင်းထဲကဟောက်သံလို ထွက်နေတယ်ဆိုကတည်းက ကိုယ်ထဲမှာရှိတဲ့ အက်ဆစ်ဓာတ်တွေကို မချေဖျက်နိုင်တော့ဘူးဆိုတာ သိနိုင်တယ်။ အဲသည်လို ရောဂါရှင်များဟာ အဲသည်အသံထွက်လာပြီးတဲ့နောက် မကြာခင်မှာပဲ ဆုံးပါးတတ်ကြတယ်။ မမက ရန်ကုန်ကိုခေါ်လာခဲ့တဲ့အတွက် ဆုံးတာတောင် သက်သောင့်သက်သာ ဆုံးနိုင်ပါသေးတယ်လို့ပြောမှ ကျွန်မ စိတ်သက်သာခဲ့ရပါတယ်။

ဖေဖေ့ကို ဆေးကုပြီးရင် ပြန်ပို့မှာလားဆိုတဲ့ မေးခွန်းကို ဆေးကုပြီးတာနဲ့ ပြန်ပို့မှာပါဖေဖေလို့ ဖြေခဲ့တဲ့ ကျွန်မရဲ့ဂတိစကားကို ကျွန်မက တည်အောင် ဆောင်ရွက်ရမယ်လို့ ခံယူပါတယ်။ ဆေးကုပြီးပြီလေ။ ပျောက်ကင်းချမ်းသာရင် ပြန်ပို့မယ်လို့ ပြောခဲ့တာမဟုတ်ဘူး။ ဆေးကုပြီးရင် ပြန်ပို့မယ်လို့ ပြောခဲ့တာဖြစ်လို့ ကျွန်မပြန်ပို့ရမှာပဲလေ။ မေမေက လည်း ရအောင်ပြန်ယူပေးပါ ငွေကို လိုသလိုသုံးပါလို့ သူနားလည်သလို ပြောရှာပါတယ်။ ခက်နေတာက အဲသည်ခေတ်တုန်းက ဘယ်လိုစည်းမျဉ်းနဲ့ ဘယ်လိုစနစ်နဲ့ တစ်ဆင့်ပြီးတစ်ဆင့် ခွင့်ပြုချက်ယူပြီး ရုပ်



ကလာပ်ကို သယ်ရမယ်လို့ တိတိကျကျ ပြောနိုင်တဲ့သူရော၊ ရေးသားထုတ်ပြန်ချက်ရော မရှိတော့ သောကြာနေ့မနက်မှာ ဆုံးတဲ့အလောင်းကို သောကြာနေ့ရုံးမပိတ်ခင် ထုတ်ယူလို့မရရင် အအေးခန်းမရှိတဲ့ ဆေးရုံမှာဆိုတော့ နောက်ပိုင်းမှာ အဝေးမြို့ကိုသယ်လို့ ရတော့မှာမဟုတ်တော့ပါဘူး။

အဲသည်တော့ ဟိုလူသည်လူ ခွဲတမ်းချပြီး လိုက်လိုက်ရတာ နောက်ဆုံးတော့ အလောင်းထုတ်ယူခွင့်လက်မှတ်ရပြီး ကျွန်မတို့ပြန်ယူခဲ့ပါတော့တယ်။ စာရေးဆရာများဟာ သူများထက်များ နည်းနည်းပိုခံစားတတ်သလားတော့ မသိပါဘူး။ ဖေဖေ့ကို ပြန်လိုက်ပို့ပါမယ်ဆိုတဲ့စကားကို အတိအကျလိုက်နာပြီး ကားတောင်မှ အလောင်းတင်တဲ့ကားနဲ့ပဲ လိုက်ခဲ့ပါတယ်။ ကျွန်မဟာ အဲသည်လို လုပ်ရမယ့်ကိစ္စများစွာကို လုပ်နေတဲ့အချိန်မှာ မငိုနိုင်ပါဘူး။ ရေနံချောင်းအိမ်ရှေ့ကိုရောက်ပြီး အိမ်ရှေ့တည့်တည့်က မြို့ပိုင်းတံခါးကိုဖွင့်ကာ ဖေဖေ့ကိုထည့်ယူခဲ့တဲ့ ခေါင်းကိုထည့်တော့မှ အိမ်ကိုပြန်ပို့ပါတယ်ဖေဖေရဲ့ဆိုပြီး ဟီးချငိုတော့တာပါပဲ။ ဖေဖေဆုံးတာ ၈၄ ခု နိုဝင်ဘာလ ၂၄ ရက်နေ့ ဖြစ်ပါတယ်။ အခုအထိ နှစ်တိုင်း ဆွမ်းသွတ်ရင် ငါးရည်ချိုချက်ထည့်ပြီး လှူပါတယ်။

ကျွန်မဟာ တော်တော်နဲ့ မူလအနေအထားကို ပြန်မရောက်ပါဘူး။ အဲသည်တော့ သူငယ်ချင်းဆရာဝန်က ဆေးစားခိုင်းပါတယ်။ ညတိုင်း ဖေဖေ့အလောင်းပြန်ယူရေးအတွက် ဆောင်ရွက်နေရတာတို့၊ သတိမရလို့ သတိရအောင် ဆောင်ရွက်နေရတာတို့စတဲ့ အိပ်မက်မျိုးတွေနဲ့ သိပ်ပင်ပန်းနေခဲ့ပါတယ်။ အလုပ်ခွင်ကိုပြန်ဝင်တဲ့အခါမှာလည်း ပုံမှန်လို့ပဲ အများက မြင်ကြမှာပါပဲ။ အိမ်ပြန်ရောက်လို့ သော့ဖွင့်ပြီး ဖေဖေရေလို့ မရှိမှန်းသိပါလျက်နဲ့ အော်ခေါ်တတ်တာကတော့ သဘာဝမဟုတ်တော့ပါဘူး။ မသိတာလည်း မဟုတ်ပါဘူး၊ ဖေဖေက မကျွတ်မလွတ်ဘဲဖြစ်နေလို့ ခေါ်တာလည်းမဟုတ်ပါဘူး။ အရင်တုန်းက ကျောင်းကပြန်လာရင် ခေါ်နေကျအတိုင်းခေါ်တာပါပဲ။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



နောက်တော့ မေမေက သမီးဟာ သမီးအဖေ့ကို ဘယ့်လောက်ချစ်တယ်ဆိုတာ အမေသိပါတယ်။ အဖေနဲ့ပတ်သက်လို့ လိုလေသေးမရှိအောင်လည်း ဆောင်ရွက်ပေးခဲ့တာကို မေမေကျေနပ်ပါတယ်။ တော်ရောပေါ့ သမီးရယ်။ အခုလို ပူဆွေးနေတာဟာ အကုသိုလ်စိတ်ဖြစ်တယ်။ အဲသည်စိတ်ကိုပျောက်အောင် ဖျောက်ပါလို့ ပြောတော့မှ ကျွန်မဟာ သိပါလျက်နဲ့ ကြောင်တောင်တောင်လုပ်မိနေတဲ့ အကျင့်တွေကို ဖျောက်ယူရပါတယ်။

မေမေ့ကျတော့ရော။ မေမေ့ကို သုံးလခွဲလောက်ပဲခံတော့မယ်လို့ ဆရာဝန်ကြီးက ပြောပေမယ့် ဆယ်လလောက်ခံအောင် ကျွန်မတို့ ကြိုးစားကုသပြီး မေမေလှူချင်သမျှနေရာတွေကို သွားရောက်လှူဒါန်းပါတယ်။ ထူးထူးဆန်းဆန်းအဖြစ်ကတော့ ပြည် ရွှေတောင်နားက ရွှေနတ်တောင်ဘုရားကို ကိုယ်တိုင်သွားပြီး အမှုအတန်းဝေပါမှ ကျွတ်မယ့်သူတွေရှိတယ်လို့ ပြောတာနဲ့ လူနာတင်ယာဉ်နဲ့သွားပြီး လူနာထမ်းစင်နဲ့ တက်ရောက်ပြီး ၁၉၉၁ ခု နိဝင်ဘာလမှာ ငွေသုံးသိန်းနဲ့ ဆရာတော်များအတွက် ပစ္စည်းဝတ္ထုတွေကိုလှူခဲ့ပါတယ်။ အဲသည်လို သွားရောက်ပြီး လှူဒါန်းနိုင်ဖို့ဆိုတာကတော့ နိုင်ငံတော်က ပံ့ပိုးပေးခဲ့လို့ လှူနိုင်တာဖြစ်ပါတယ်။ ဘဝဆက်တိုင်း ကျေးဇူးတင်နေရမယ့်သူကတော့ ငယ်သူငယ်ချင်း နွံ့လေး (ဒေါ်ခင်သန်းနွံ့) ဖြစ်ပါတယ်။ မေမေဟာ အဲသည်အလှူပြီးရင် စိတ်လျှော့လိမ့်မယ်လို့ ထင်ထားတဲ့အတိုင်း အလှူပြီးလို့ သုံးပတ်အရမှာ ဆုံးပါးသွားခဲ့ပါတယ်။

မေမေဆုံးပါးသွားတဲ့အခါမှာလည်း ကျွန်မဟာ တော်တော်နဲ့ နာလန်မထူနိုင်ခဲ့ပါဘူး။ သိပ်ခံစားတတ်တာ၊ သိပ်မှတ်မိတတ်တာတွေဟာ စာမေးပွဲဖြေဖို့ စာရေးဆရာဖြစ်ဖို့အတွက် ကောင်းသလောက် ဆို့နစ်ဝမ်းနည်းစရာကိစ္စများနဲ့ ပတ်သက်လာရင် သိပ်ဆိုးပါတယ်။ နောက်မှ မေမေကိုယ်တိုင် သွန်သင်ခဲ့တဲ့စကားတွေကို ပြန်လည်ကြား



ယောင်ပြီး ဖြေရပါတယ်။ မေမေကျေနပ်ပါတယ်လို့ ပြောမှာလည်း သေချာပါတယ်။ မတင်ဝင်း၊ ညည်းက သိပ်ဝမ်းနည်းတတ်တာပဲ။ အဲသည်အကျင့်ကို ဖျောက်လို့ ဖေဖေ့ကိစ္စတုန်းက ပြောခဲ့တာတွေကိုလည်း သတိရပြီး ဖြေရပါတယ်။

ကျွန်မ ၂၁ နှစ်သမီးတုန်းက ဆရာကြီးဦးဘခင်ရဲ့ တရားရိပ်သာမှာ တရားသွားအားထုတ်တော့ အဲသည်အချိန်မှာ အသက် ၄၀ ပြည့်ပြီဖြစ်တဲ့ ဆရာဝန်မတစ်ယောက်လည်း တရားလာပြီး အားထုတ်ပါတယ်။ အဲသည်မမကြီးက သိပ်ငိုတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူကသူ့မေမေ ဒီရိပ်သာမှာလာပြီး တရားအားထုတ်မယ်လို့ဆိုတော့ တားခဲ့မိပါတယ်တဲ့။ နေမကောင်းလို့ တရားအားမထုတ်ပါနဲ့လို့ တားခဲ့တာပါတဲ့။ သူ့မေမေဟာ နာလန်ပြန်ပြီးမထလောက်အောင်ဖြစ်ပြီး ဆုံးပါးသွားခဲ့ပါတယ်။ အဲသည်တော့ သူကမဖြေနိုင်တိုင်း ရိပ်သာမှာ တငိုတည်း ငိုနေတာနဲ့ ဆရာကြီးက အားပေးဆုံးမပြီး တရားဆက်ထိုင်ခိုင်းရပါတယ်။

ကျွန်မကတော့ အဲသည်လို နောင်တရစရာအကြောင်း မရှိပါဘူး။ ကျွန်မလည်း အသက်ကြီးလာပြီး တရားရိပ်သာကို အကြာကြီးသွားမနေဖြစ်တာ ကြာခဲ့ပြီ။ တရားသွားပြီးအားထုတ်ဦးမှပဲလို့ စိတ်ကူးရလာတာနဲ့ ပဲခူးဆယ်မိုင်ကုန်းက ပဏ္ဍိတာရာမ တောစခန်းရိပ်သာကို ဝင်ခဲ့ပါတယ်။ သရက်ပင်အုပ်အုပ်တွေကြားက လမ်းကလေးကနေပြီး တရားဝင်တဲ့သူတွေနေဖို့ ဇရပ်ကလေးတွေကို သွားရပါတယ်။

ကျွန်မဟာ ဇရပ်ကလေးအပြင်ဘက်မှာရှိတဲ့ ဝရန်တာကလေးမှာ ထွက်ရပ်ပြီးနေရင်း ဩော် မေမေနဲ့ဖေဖေသာရှိရင် သိပ်စိတ်ချမ်းသာကြမှာပဲ။ သမီးတော့ တရားတကယ်ထိုင်ပြီပေါ့လို့တွေးပြီး ပျော်ကြမှာပဲလို့ တွေးမိတာနဲ့ သရက်ပင်အုပ်ကလေးကို ကွေ့လာရတဲ့ လမ်းကလေးထိပ်မှာ အမေနဲ့အဖေတို့ အတူယှဉ်ပြီးရပ်ရင်း ကျွန်မကိုကြည့်နေကြ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



သလို ခံစားမိပါတယ်။ ဒါက တကယ်မြင်တာမဟုတ်ပါဘူး။ ကျွန်မရဲ့ စိတ်ကူးအိပ်မက်သာဖြစ်ပါတယ်။

တကယ်တော့ မိဘကျေးဇူးဆိုတာ အသက်ကြီးလေ နားလည်လေပါပဲ။ အများအလယ်မှာ တင့်တယ်ရင်လည်း သြော် အမေတို့အဖေတို့ ဆုံးမသလို နေခဲ့လို့ပဲလို့ တွေးရပါတယ်။ တကယ်လို့ စိတ်ညစ်စရာ ရက်စရာများကို ကြုံတွေ့ခဲ့ရင်လည်း မေမေပြောတဲ့စကားကို သတိရလိုက်ပါတယ်။ သမီး၊ လောကသဘာဝအရ ရက်စရာနဲ့မကြုံဘူးတဲ့ မိသားစုဆိုတာ မရှိပါဘူး။ သို့ပေမဲ့ ကိုယ့်ဘက်က စေတနာဆိုးနဲ့ အများကို ကျူးလွန်တာမဟုတ်ရင် ရက်နေစရာမဟုတ်ဘူး။ ဟီရိနဲ့ သြတပ္ပဆိုတာ မကောင်းမှုမှ ရက်ခြင်း ကြောက်ခြင်း၊ တစ်နည်းဆိုရင် မကောင်းမှုကိုလုပ်ရမှာ ရက်တာ၊ ကြောက်တာကိုပြောတာဆိုတဲ့ စကားကို သတိရလိုက်ရတာပါပဲ။

တကယ်တော့ ရှင်ခြင်းဆိုတဲ့အထဲမှာ ကိုယ့်ကိုအသက်ပေးတဲ့ ဘဝကိုပေးတဲ့ မိဘများ လူကြီးသူမများ အသက်ရှင်နေတုန်းမှာ ကိုယ်က ကောင်းစွာ ပြုစုစောင့်ရှောက်နိုင်ဖို့လည်း လိုအပ်ပါတယ်။ အဲဒါမှ ကိုယ်တိုင် အသက်ရှင်တဲ့ လူသားတစ်ယောက်အဖြစ်နဲ့ တန်ဖိုးရှိမှာပဲပေါ့။ ကျွန်မဟာ အမေနဲ့အဖေကွယ်လွန်တဲ့အခါ တော်တော်နဲ့ မဆည်မတန့်နိုင်အောင် ဖြစ်ပေမယ့် အစောကတင်ပြခဲ့တဲ့ မမကြီးလို အမေ တရားအားထုတ်ချင်တာကို မတားမြစ်ခဲ့မိလို့ ဝမ်းသာရပါသေးတယ်။

တကယ်တော့ အသက်ရှင်နေတဲ့အချိန်မှာသာ ပြုသင့်တဲ့ကိစ္စဟူသမျှကို ပြုနိုင်တာပါ။ အမေရဲ့ စားချင်တယ်ဆို ထပြီးစားပါဦးလို့ မရှိကာမှ ကုန်းအော်နေရင်လည်း ဖြစ်မလာပါဘူး။ ပြောပါပကော။ ကျွန်မက မကျွေးတာမဟုတ်သည့်တိုင် ဖေဖေဟာ ဆုံးပါးခါနီးမှာ ငါးရည်ချိုချက်ကလေးနဲ့ ထမင်းစားမသွားရတာတောင်မှ ကျွန်မမှာ မမေ့နိုင်အောင် ဖြစ်နေရပါတယ်။ တစ်ခုတော့ ကောင်းတာပေါ့။



ကုသိုလ်အမျှဝေတဲ့အခါမှာ ပိုမိုလေးနက်တဲ့သဘော သက်ရောက်အောင် ငါးရည်ချိုချက်ကို အမြဲသဖြင့် ထည့်ပြီး ဆွမ်းကပ်ဖြစ်တာပေါ့လေ။

ရှင်ခြင်းနဲ့သေခြင်းကြားမှ ကျွန်မတို့တစ်တွေဆိုတဲ့ ဆောင်းပါးဟာ အခုဆိုရင် ၁၇ ပုဒ်မြောက်ဖြစ်သွားပြီဖြစ်ပါတယ်။ နောက်သုံးပုဒ်လောက်ဆိုရင် လက်စသတ်တော့မယ်လို့ စိတ်ကူးထားပါတယ်။ စိတ်ဝင်စားတဲ့သူ များတယ်။ သဘောချင်း တိုက်ဆိုင်သူ မတိုက်ဆိုင်သူဆိုသလို လူအမျိုးမျိုးလည်း ရှိတယ်ဆိုတာ သိရလို့ စာဖတ်ပရိသတ်ကို ဖတ်ရှုပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## ရှင်နေတုန်း ရှင်းအောင် သန့်အောင် နေပါ

လူသာမန်များအဖို့ ရှင်ခြင်းနဲ့သေခြင်းကို ယှဉ်ပြီးကြည့်လိုက်ရင် ရှင်ခြင်းကို သိနိုင်တယ်၊ မြင်နိုင်တယ်၊ ခံစားနိုင်တယ်။ သေခြင်းကိုတော့ မရောက်သေးလို့ မသိပါဘူး။ မသိတာမှ ဘယ်လိုမှ ခန့်မှန်းလို့မရအောင် မသိတာ ဖြစ်နေတတ်ပါတယ်။ အဲသည်တော့ အမှောင်ကိုကြောက်သလို သေခြင်းကိုကြောက်ကြတာပါပဲ။ ဥပမာပြရရင် ဟိုတုန်းက ကမ္ဘာကြီးကို လုံးဝိုင်းနေသောအရာဖြစ်တယ်။ အနောက်ကနေပြီး အရှေ့စူးစူးကို ထွက်သွားရင် အနောက်ကိုပြန်ရောက်နိုင်တယ်ဆိုတဲ့ အချက်များကို မသိကြသေးတော့ ကမ္ဘာကိုပတ်မယ်၊ နယ်မြေသစ်တွေကို ရှာမယ်ဆိုတဲ့သူများနဲ့ သင်္ဘောစီးပြီး လိုက်ဖို့ ကြောက်လန့်ခဲ့ကြပါတယ်။ လိုက်မိတဲ့သူများဟာ လမ်းခရီးမှာ အခက်အခဲတွေတွေ့တိုင်း အလွန်ကြောက်လန့်တတ်ကြပါတယ်။ ကမ္ဘာအဆုံးမှာ မြေပြင်ပေါ်က ပြုတ်ကျသွားမှာကို ကြောက်ကြတာပေါ့။

နောက်တော့မှာ သူတို့ထင်သလို မဟုတ်ဘူး။ မြေပြင်ပေါ်က ပြုတ်ကျမသွားဘူးဆိုတာကို သိပြီး ကမ္ဘာကိုပတ်တဲ့သူများလည်း ပေါ်ပေါက်လာပါတယ်။ သူတို့ကိုယ်တွေ့မှတ်တမ်းများကို ဖတ်မိတဲ့သူတွေ သူတို့ကိုယ်တွေ့များကို တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားဖူးကြတဲ့သူတွေ များလာတော့ ကမ္ဘာကိုပတ်ရမှာ မကြောက်ကြတော့ပါဘူး။ သေခြင်းကို ရင်ဆိုင်ရမယ့်သူများလည်း သတိပညာကောင်းတဲ့သူများဆိုရင် ကောင်းတဲ့ကံအကျိုးပေးများကြောင့် *'အိပ်ပျော်ယောက်ျား နိုးသောလားသို့'* ဆိုသလို သက်သောင့်သက်သာပဲ ဘဝကူးသွားရမှာ ဖြစ်ပါတယ်။ 'ပြိတ္တာဘဝမှာ ခေတ္တခဏတောင်မှ နိုစရာမလိုတော့ပါဘူး။'



အဲသည်အကြောင်းများကိုတော့ မြတ်စွာဘုရားဟောကြားတဲ့ တရားများထဲမှာ သာဓကများ ရှာလို့တွေ့နိုင်ပါတယ်။

ကမ္ဘာကိုပတ်တဲ့လူတွေဟာ ကမ္ဘာအစွန်းကပြုတ်ကျတဲ့ ဒုက္ခကို မခံစားရပေမယ့် ကမ်းမမြင်တဲ့ပင်လယ်ပြင်မှာ လိမ့်လိမ့်လဲလဲ ဖြစ်တတ်ကြပါသေးတယ်။ ရာသီဥတုဖောက်ပြန်သလို ကိုယ်စီးသွားတဲ့ သင်္ဘောရဲ့ စက်ချို့ယွင်းတာလို ကိစ္စများလည်း ဖြစ်ပေါ်တတ်သေးတာကိုး။ အဲသည်လိုပါပဲ။ လူ့ဘဝမှ သေခြင်းတရားကို မဆိုက်ရောက်ခင်မှာပဲ သေမတတ် ဆင်းရဲတဲ့ဒုက္ခအမျိုးမျိုးကို ခံစားရတတ်ပါသေးတယ်။

သေခြင်းအကြောင်းတရားကို ရင်ဆိုင်ခြင်းဟာ ကမ္ဘာပတ်တဲ့ သင်္ဘောနဲ့ အပ်ကျမပ်ကျတော့ မတူပါဘူး။ ကမ္ဘာပတ်တဲ့ သင်္ဘောကို စီးလို့ ကမ္ဘာအစွန်းက မကျမှန်းသိပေမယ့် ပင်လယ်ကူးသင်္ဘောကို မစီးဘဲ နေလို့ရပါတယ်။ သေတဲ့ကိစ္စနဲ့ပတ်သက်လို့တော့ ကြောက်သည်ဖြစ်စေ၊ မကြောက်သည်ဖြစ်စေ မသေဘဲ နေလို့တော့ မရပါဘူး။

သေခြင်းတရားကို ကြောက်တဲ့အကြောက်ကို လျော့ပါးလာအောင် လုပ်တဲ့နည်းကတော့ သေခြင်းဟာ ရှောင်လွှဲလို့မရနိုင်တဲ့အကြောင်းကို ဆင်ခြင်ပေးရမှာဖြစ်ပါတယ်။ အဲသည်လို ဆင်ခြင်တဲ့နည်းများကတော့ ကျွန်မတို့ဗုဒ္ဓဘာသာဝင်များအတွက် မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်များကို သေသေချာချာ လေ့လာဖတ်ရှုပြီး နှလုံးသွင်းတဲ့နည်းနဲ့ တရားကို ကိုယ်တိုင်အားထုတ်တဲ့နည်းများ ဖြစ်ပါတယ်။ ခုခေတ်မှာ တရားတော်များကို နာကြားရတာလည်း အလွန်လွယ်ကူပါတယ်။ တစ်ခါနာပြီး အားမရသေးရင် နားရည်မဝသေးရင် အထပ်ထပ်နာနိုင်ဖို့ တရားခွေများလည်း ရှိပါတယ်။ အဲသည်နောက် အကြားအမြင်ကို ဆင်ခြင်တဲ့နည်းနဲ့ လက်တွေ့ကျင့်ကြံအားထုတ်တဲ့နည်းရယ်လို့ နည်းတွေကွဲပြားခြားနားပါတယ်။ လက်တွေ့အားထုတ်ပြီး တရားမရသေးရင်တော့ စိတ်မချရသေးပါဘူး။ အယူအဆက လွဲမှားနိုင်ခြေရှိပါသေးတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



မြတ်စွာဘုရား ရှိတော်မူစဉ်ကတည်းက မြတ်စွာဘုရားရဲ့ သာဝကအဖြစ် အမည်ခံပြီး သင်္ကန်းဝတ်ကာ တဏှာတွန်းကိုမှ ကြည်ညိုတဲ့သူလည်း ရှိခဲ့ပါတယ်။ အယူအမျိုးမျိုးကို မြတ်စွာဘုရားရဲ့ တပည့်သာဝကအဖြစ် အမည်ခံသူများက လက်ခံကျင့်ကြံလာကြတဲ့အခါမှာ သင်္ဂါယနာတင်တော်မူကြရပါတယ်။ အခုအချိန်မှာလည်း ဗုဒ္ဓသာသနာကို လက်ခံတဲ့သူချင်းတောင်မှ အယူအဆ မတူနိုင်ပါဘူး။

တကယ်တော့ သေခြင်းဟာ ပျက်စီးခြင်းဖြစ်ပါတယ်။ ဘဝရဲ့ အဆုံးမှာမှ သေတယ်လို့ မယူဆနိုင်ပါဘူး။ တကယ်တော့ ကိုယ်တိုင်မြင်အောင် အားမထုတ်နိုင်ပေမယ့် သုတမယဉာဏ်၊ စိန္တာမယဉာဏ်အားဖြင့် ကြားလိုက်ရဖူး၊ နာလိုက်ရဖူး၊ အခုခေတ်မှာတော့ ဖတ်လိုက်ရဖူးတာတွေကို အခြေခံပြီး ရှုဆင်ခြင်လို့ရပါတယ်။ အဲသည်တော့ သေခြင်းဆိုတာ ရှင်ခြင်းထဲမှာပဲ ရှိနေတာပဲဆိုတာ သတိထားနိုင်လောက်ပါတယ်။ သိပ်မဝေးတဲ့ကာလတုန်းက ဘာမဆို မှတ်မိနေတတ်တဲ့ ဦးနှောက်ဟာ အခုတော့ ကိုယ်နဲ့ အင်မတန်ရင်းနှီးတဲ့ ဝေါဟာရကလေးများကိုတောင်မှ ခဏခဏ မေ့နေပြီဖြစ်ပါတယ်။ ဥပမာ တန့်ကြည့်တောင်တို့၊ တူရွင်းတောင်တို့လို ပထဝီဝင်ဒေသအမည်တွေ၊ အာရီယန်လို လူမျိုးအမည်တွေစတဲ့ သိပ်ခက်တာလည်းမဟုတ် မကြာခဏလည်း သုံးနေတဲ့ဝေါဟာရတွေကို မေ့နေတတ်ပါတယ်။ ခက်လိုက်တာ။ မနေ့တစ်နေ့ကမှ ရောက်ခဲ့တဲ့ ကေလာသတောင်ကို ခုတင်ခု မေ့မေ့နေလို့ မိတ်ဆွေတွေကို ပြောပြရင် နေမိန္ဒရတောင်နားမှာလေလို့ အရှည်ကြီး ညွှန်းနေရတတ်ပါသေးတယ်။

အဲသည်လို ပျက်စီးခြင်းတွေဟာ ခဏခဏသေနေတဲ့ ဖြစ်ရပ်ကို ထင်ဟပ်ပြနေတာပဲပေါ့။ အစောပိုင်းကတော့ ငါ့မှာ သွေးချိုရောဂါရှိနေလို့ပါ။ အဲသည်ရောဂါကို စနစ်တကျထိန်းထားလိုက်ရင် မူလလို ပြန်ကောင်းလာမှာပါလို့ ဆင်ခြေပေးတတ်သေးတာပါ။ တရစပ်ပျက်စီး



နေလို့ ကိုယ့်ကိုယ်ကိုယ် ခိုင်းချင်တိုင်း ခိုင်းလို့ရနေတဲ့အဖြစ်ကနေပြီး အသက်က အတော်ရလာပြီပဲလို့ ပြောရင် ဟုတ်ကဲ့၊ ဒါပေမဲ့ ကျွန်မတို့ အသက်တန်းက လူတွေနဲ့စာရင် အတော်အလုပ်လုပ်နိုင်ပါသေးတယ်လို့ မနှစ်တစ်နှစ်ကပဲ ခပ်သွက်သွက်ပြန်ပြောတတ်တဲ့ ကျွန်မဟာ ဟုတ်တယ်၊ အိုလာပြီ။ အခုတော့ ဝန်ခံနိုင်ပါပြီလို့ ပြောလိုက်ရပါတယ်။ သေခြင်းဆိုတာ ပြတ်တောက်သွားတဲ့အခါကျမှ သေတာမဟုတ်ပါဘူး။ ခဏိကမရဏ ခဏခဏသေနေတာပါပဲ။

အခုဆောင်းပါးမှာတော့ သေခြင်းနဲ့ ပတ်သက်တဲ့အကြောင်းချည်း ရေးမှာမဟုတ်ပါဘူး။ ရှင်နေတဲ့အချိန်မှာ ဘာလုပ်ကြရင် ကောင်းမလဲဆိုတာကို သုံးပုဒ်လောက်ရေးပြီးရင် ဆောင်းပါးရှည်ကြီးကို လက်စသတ်တော့မှာ ဖြစ်ပါတယ်။ အခုဆက်လက်ဆွေးနွေးမှာက ရှင်နေတဲ့ကာလမှာ လုပ်တဲ့အလုပ်နဲ့ ပတ်သက်ပါတယ်။ ကျွန်မတို့တစ်တွေဟာ မွေးကတည်းက သေဖို့ မွေးလာတာပါပဲ။ သို့သော် မသေခင်စပ်ကြားမှာ ရနေတဲ့အချိန်များ အခွင့်အလမ်းများ ကောင်းမြတ်တဲ့ စိတ်ထားများကိုတော့ ကိုယ့်ဘာသာကိုယ် သတ်မပစ်သင့်ပါဘူး။ အဲလေ စိတ်ကိုသာ မသတ်သင့်တာ မဟုတ်ပါဘူး၊ ရုပ်ကိုလည်း မသတ်သင့်ပါဘူး။

ကျွန်မနဲ့ မကြာခင်ကတွေ့တဲ့ မောင်ကလေးလို ချစ်ခင်တဲ့သူတစ်ယောက်ဟာ ငယ်ငယ်က ရုပ်သွင်နဲ့ခြားနားစွာ လေးလံထိုင်းမှိုင်းပြီး ရုပ်ရည်ကလည်း အိုစာသွားလိုက်တာလေ။ သူ့ထက်ကြီးတဲ့ ကျွန်မထက်တောင်မှ အိုစာနေပါတယ်။ သူက ကန်တော့မယ်ဆိုပြီး ကန်တော့တော့ ကျွန်မဟာ သူ့ကိုယ်သူ သေသေချာချာ လိုသလို ညွှတ်ကိုင်းလို့ မရတော့တဲ့အဖြစ်ကို မြင်လိုက်မိပါတယ်။ စိတ်ထဲမှာလည်း မကောင်းဖြစ်မိပါတယ်။ သူ့ကိုဆုပေးတော့လည်း စိတ်ထဲကညွှတ်နူးစွာ စေတနာအပြည့်နဲ့ ဆုပေးမိပါတယ်။ ကိုယ်ဆုပေးတိုင်း မရနိုင်ဘူးဆိုပေမဲ့ အသက်ကြီးသူတစ်ယောက်က အသက်ငယ်သူ တစ်ယောက်အပေါ်မှာ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ထားတဲ့မေတ္တာ ကရုဏာစကားများကို ကြားရတဲ့အခါ စိတ်ချမ်းသာမှာဖြစ်ပါတယ်။ ပြီးတော့ ကြီးသူကို ငယ်သူက ကန်တော့နိုင်တာကိုက သူ့ဘက်မှာ နူးညံ့ပျော့ပျောင်းတဲ့စိတ်ရှိလို့ ဖြစ်ပါတယ်။ အဲသည်အချက်ကို သတိပြုပြီးတော့ ကိုယ့်ဘက်ကလည်း စိတ်ကောင်း စေတနာကောင်းနဲ့ မေတ္တာပို့ရပါတယ်။ တကယ်လို့ နောက်တစ်ခါ မတွေ့ခင် တစ်ယောက်ယောက်ဆုံးပါးပြီဆိုရင်တောင်မှ သြော် ငါတို့ တစ်ယောက်နဲ့တစ်ယောက် ဖြစ်ပြီးသားဝဋ်တွေ ချေပြီးပြီ။ မေတ္တာဝေငှနိုင်တဲ့ ကလျာဏ မိတ္တများအဖြစ် ခွဲခွာနိုင်ခဲ့ကြပြီလို့ အောက်မေ့လို့ရပါတယ်။

ကျန်းမာရေးကို ဂရုစိုက်ပေါ့လို့ ကိုယ်ကဦးအောင် ပြောလိုက်ပေမယ့် တကယ်တော့ ကိုယ့်မှာလည်း ခပ်သုတ်သုတ် ကျဆင်းနေတဲ့ ကျန်းမာရေးအခြေအနေ ရှိနေပါတယ်။ သူက သူ့မှာ အသည်းအဆီဖုံးတဲ့ရောဂါရှိနေတယ်လို့ ပြောတော့ ကျွန်မက မမမှာလည်း အဲသည်လိုပါပဲ။ အခု မမကို ဆရာဝန်ကြီးက အဆီကျဆေး ကျွေးနေတယ်လို့ ပြောလိုက်ရင်း ဆရာဝန်နဲ့တိုင်ပင်ပြီး ဆေးစားလိုက်ရင် ကောင်းသွားမှာပါလို့ ပြောလိုက်မိပါတယ်။ သူက သူ့အသည်းအဆီဖုံးတာဟာ အရက်ကြောင့်ဖြစ်တာဆိုတော့ မမလိုနည်းနဲ့ ကုလို့မရဘူးဆိုတော့ ကျွန်မဘာမှမပြောနိုင်တော့ပါဘူး။ စိတ်လည်း မကောင်းဖြစ်မိပါတယ်။ ဘာဖြစ်လို့ ကိုယ့်ဘာသာကိုယ် သတ်နေကြတာပါလိမ့်နော်လို့ တွေးမိပါတယ်။

တလောက ကျွန်မကို ဒေါ်လေးလို့ ခေါ်တတ်တဲ့ ကိုနွမ်ဂျာနဲ့ စကားကြာကြာပြောဖြစ်တော့ သူဟာ စီးကရက်ကို နှစ်ပေါင်းများစွာ သောက်ခဲ့တယ်။ ဆေးလိပ်ချင်းမီးကူးပြီး သောက်ခဲ့တာ ဖြစ်ပါတယ်။ (Chain smoker) ပေါ့။ အဲသည်တော့ နှလုံးကိုထိပြီး လွန်ခဲ့တဲ့ သုံးနှစ်လောက်က ထင်ပါရဲ့။ ဆေးရုံတက်ရတဲ့အထိ နှလုံးရောဂါ ထဖူးပါတယ်။ ကျွန်မတို့ အတူတူ ဟောပြောပွဲသွားတဲ့အခါ ရောက်လေရာ



ဘုရားကို ဆီမီးပူဇော်ပြီး ဖူးတတ်တဲ့၊ အရက်သေစာမသောက်စားတဲ့ ကိုနွမ်ဂျာနဲ့ ခင်မင်မိပါတယ်။ သူ့ကို မင်းက ထူးဆန်းတယ်၊ ဘာဖြစ်လို့ အရက်မသောက်တာလဲလို့ မေးတော့ ဒေါ်လေးရယ်တဲ့၊ အရက်သောက်တာဟာ တော်တော်ရှုံးတာဗျ။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ခေါင်းမူးခံရတာ တကယ့်ကိုရှုံးတယ်။ ခေါင်းမူးတာကို ကျွန်တော်မကြိုက်ဘူး။ အဲဒါကြောင့် သူများက အလကားတိုက်လည်း မသောက်ဖြစ်တော့ဘူးတဲ့။ အဲသည်လို အရက်ကိုရှောင်ပေမယ့် စီးကရက်သောက်လွန်းလို့ သတိအတန်တန်ပေးဖူးပါသေးတယ်။

အခုလည်း နှလုံးရောဂါလည်းရရော ဆရာဝန်က ဆေးလိပ်ဖြတ်ဖို့ ကြပ်ကြပ်မတ်မတ်ပြောတော့တာပါပဲတဲ့။ နှလုံးရောဂါသည်များ နှစ်စဉ် ဆေးစစ်ကြရတာကိုး။ အဲသည်တော့ ဆရာဝန်က ဆေးလိပ်သောက်လိုက်တာ နှမြောစရာပဲ။ ဆေးလိပ်သာ မသောက်ရင် ကိုယ်ခန္ဓာက အတော်ကြံ့ခိုင်သေးတာလို့ ပြောလိုက်ပါသတဲ့။ ကျွန်မပြောတဲ့စကားတွေက ရုတ်တရက်တော့ ဟိုရောက်သည်ရောက်လို ဖြစ်နေပါတယ်။ တကယ်တော့ ကျွန်မပြောချင်တာက ရှင်နေတဲ့အချိန်ပိုင်းမှာ ကောင်းတာတွေ များများလုပ်ရင်း ကိုယ့်ကျန်းမာရေးကို ကိုယ်ထိန်းနိုင်ပါတယ်။ အသက်ရှင်နေသည့်တိုင် မကျန်းမမာတဲ့ ကိုယ်ခန္ဓာနဲ့ နေနေရမယ်ဆိုရင် စိတ်ကလည်း ရွှင်လန်းမှာမဟုတ်ပါဘူး။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့တဲ့အတွက် အလိုမပြည့်သူများမှာ ဖြစ်တတ်တဲ့ ဒေါသတွေက ဖြစ်လာဦးမယ်။ သတိကြီးကြီးထားရမှာ ဖြစ်ပါတယ်။

ကျွန်မက အဲသည်လို သတိတွေပေးနေပေမယ့် အားနည်းချက်တွေ ပျော့ကွက်တွေကို တင်ပြလိုပါတယ်။ သွေးချိုတယ်ဆိုတော့ ချိုတဲ့အစားအစာကိုတော့ တကယ့်ကိုရှောင်ပါတယ်။ ခြွင်းချက်ကတော့ ဖတ်မိတဲ့သူ လန့်သွားလောက်ပါတယ်။ ဒူးရင်းသီးလို၊ ဒညင်းသီးလို အသီးမှ စားတော့တာကိုး။ ဆေးကိုတော့ သတိထားပြီး စားပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဥ်တင်ဆက်သည်။



သွေးတိုး နှလုံး မရှိပါဘူး။ တော်သေးတာပေါ့နော်။ အဲသည်လို ထိန်းသင့်သလောက် ထိန်းထားနိုင်အောင် ကူသပေးတဲ့ဆရာဝန်ကြီးများကို ခဏခဏ မေတ္တာပို့နေရပါတယ်။

အဲသည်လိုရှင်စဉ်မှာ ကိုယ့်အတွက် အသေကောင်းအောင် ရုပ်ကိုလည်း စောင့်ရှောက်ရပါတယ်။ စိတ်ကိုလည်း ကောင်းစွာစောင့်ရှောက်ရပါတယ်။ စိတ်ကဖောက်ပြန်ရင် ရုပ်ထက်ဆိုးပါတယ်။ သေခါနီးဖောက်တွေမှားနေတော့မှာ ဖြစ်ပါတယ်။ ကျွန်မကတော့ အသက်ကြီးတဲ့သူဖြစ်ဖြစ် ငယ်တဲ့သူဖြစ်ဖြစ် ကြွေးတင်မခံဘဲ နေတတ်တဲ့အကျင့် ကျင့်စေချင်ပါတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင်က ကြွေးကင်းတဲ့သူဟာ ချမ်းသာတယ်လို့ မိန့်ဆိုခဲ့တာ သေသေချာချာစဉ်းစားလေ ဟုတ်လေပါပဲ။ သေသွားတဲ့အခါမှာ ကြွေးကင်းကင်းနဲ့ သေချင်တာပေါ့။ ရှင်စဉ်မှာလည်း ဘယ်သူက အကြွေးတင်ချင်မှာလဲဆိုတဲ့ စကားမျိုးကို ခပ်ဆတ်ဆတ် ပြောသလိုမျိုး ခံစားရပါတယ်။ ပြောတာကို ကြားရတာမဟုတ်ပါဘူး။ ခံစားရတာ ဖြစ်ပါတယ်။

ကြွေးနဲ့ ကင်းကိုမကင်းနိုင်တဲ့သူများလည်း ရှိမှာပါပဲ။ ကင်းနိုင်ပေမယ့် ကင်းအောင်မနေတတ်လို့ ကြွေးမကင်းဘဲ ရှိနေတဲ့သူများလည်း ရှိမှာသေချာပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က ကြွေးမဆပ်နိုင်ရင်လည်း ကြွေးရှင်က နောက်ဘဝကျမှ ရအောင်တောင်းမယ်လို့ စောင်းစောင်းတက် မပြောကောင်းဘူးလို့ ကျွန်မမိခင်က ဆုံးမဖူးပါတယ်။ တကယ်လို့ ကိုယ်က ကျွတ်ချိန်တန်နေရင်တောင်မှ ဝဠ်ကံကအဲသည်လိုမြွက်ထားတာကြောင့် ကိုယ့်ကိုကြွေးဆပ်ရမယ့်သူက အပယ်ရောက်နေရင် စောင့်နေရတတ်တယ်၊ ကြွေးပြန်ရလည်း တကယ့်ကိုအရှုံးပေါ်တယ်တဲ့။ အကြောင်းအကျိုးဆက်စပ်မှုရှိတဲ့ စကားတစ်ခွန်းအဖြစ် မှတ်သားထားမိပါတယ်။

ကျွန်မပြောချင်တဲ့ ကြွေးကတော့ ကျေးဇူးကြွေး ဖြစ်ပါတယ်။



ကိုယ်က ကျေးဇူးဆပ်ဖို့များရှိရင် မြန်မြန်ဆပ်တာ အကောင်းဆုံးဖြစ်ပါတယ်။ တကယ်လို့ တောင်းပန်ဖို့ အမှားဝန်ခံဖို့ဆိုရင်လည်း မနှောင့်နှေးပါစေနဲ့၊ တောင်းပန်လိုက်ပါ။ ဝန်ခံလိုက်ပါ။ အချင်းချင်း အမျက်အာဃာတမရှိဘဲ နောက်ဆုံးခရီးကို နောက်ဆံမတင်းဘဲ ထွက်ခွာသွားရတယ်ဆိုတာ အေးချမ်းမှုအရှိဆုံးပဲ ဖြစ်ပါတယ်။

တစ်ခါက ညီအစ်မနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေဖြစ်ပါသတဲ့။ တစ်ယောက်က ဆုံးသွားတဲ့အခါမှာ နောက်တစ်ယောက်က အပြေးလာပြီး တက်မတတ်ချက်မတတ် ငိုကြွေးပါသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ညီအစ်မ ရန်ဖြစ်တာ စိတ်ပြေနေပေမဲ့ မာနကခံနေသေးလို့ (ညီမဖြစ်သူဆုံးပါးမယ်လည်း မထင်မိလို့) သူ့ကို တောင်းပန်တာတွေ ကိုယ့်အမှားကို ဝန်ခံတာတွေ မလုပ်မိပါဘူးတဲ့။ အခုလို ဆုံးပါးသွားတော့မှ နောင်တတွေရပြီး တက်မတတ်ချက်မတတ် ဖြစ်နေတာပါတဲ့။ အဲသည်လိုဆိုရင်တော့ ရှေးလူကြီးများက ရုပ်ကလာပ်ကိုပဲ သက်ရှိထင်ရှားသဘောထား ပြီးတောင်းပန်လိုက်ရင်ဖြစ်ပါတယ်လို့ ဆိုပါတယ်။ တချို့ဆိုရင် မြေပုံကိုသွားပြီး တောင်းပန်ရတာပေါ့။

*တကယ်တော့ ဘုရားရှိခိုးပြီးတဲ့အခါတိုင်းလည်း မိမိက ပြစ်မှားခဲ့ဖူးတဲ့သူများကို ခွင့်လွှတ်ပြီး မိမိကိုပြစ်မှားခဲ့တဲ့ ပြစ်မှားနေတဲ့ သူများကိုလည်း မိမိကခွင့်လွှတ်ကြောင်း ပြောဆိုပြီး မေတ္တာပို့ကြရတာပါပဲ။*

ကျွန်မကတော့ ရှင်နေတုန်းမှာ အထစ်အငေါ့နည်းပါးပြီး ဆက်ဆံရေး ပြေပြစ်အောင် ကိုယ့်ဘက်က မမှားအောင် နေ၊ သူ့ဘက်က မှားရင်လည်း ခွင့်လွှတ်။ သူ့ဘက်က ဖိနှိပ်ချင်ရင် ချောင်ဝိတ်ပြီး ရိုက်ချင်ရင် ကိုယ်ကမခံရအောင် ကိုယ့်သီလ သမာဓိ ပညာဆိုတဲ့ ကိုယ့်အင်အားများကို မြှင့်တင်နေရမှာ ဖြစ်ပါတယ်။

တကယ်လို့သာ ရှင်နေတဲ့အချိန်မှာ ရှင်းနေသန့်နေရင် သေတဲ့

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



အခါမှာလည်း အကုသိုလ်ဖိစီးမှု နည်းပါးစွာနဲ့ ဘဝကူးကောင်းမှာ ဖြစ်ပါတယ်။ ဘဝကူးကောင်းတယ်ဆိုတာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဆိုတဲ့ ဒုဂ္ဂတိဘုံကိုမရောက်ဘဲ သုဂ္ဂတိဘုံကို ရောက်မှာ ဖြစ်ပါတယ်။ ရှင်နေတုန်းမှာ ပြုခဲ့တဲ့ကောင်းမှုအကျိုးကြောင့် ဘဝအဆင့်မြင့်သည်ထက် မြင့်တက်သွားမှာ ဖြစ်ပါတယ်။

## အစွဲအလမ်း

ကျွန်မတို့တစ်တွေဟာ နိဗ္ဗာန်ကိုရည်မှန်းပြီး လှူဒါန်းတာတို့ နေ့နေ့ညည ဘုရားရှိခိုးတဲ့အခါတိုင်း နိဗ္ဗာန်ကို ရောက်ရပါလို၏လို့ ဆုတွေတောင်းတာတို့ကို မပျက်မကွက်လုပ်တတ်ပေမယ့် ဆုတောင်းပြည့်အောင် ကြိုးစားတဲ့သူ အရေအတွက်က နည်းပါးပါတယ်။ ကျွန်မမိတ်ဆွေထဲမှာ ဘုရားတရား အင်မတန် ဝါသနာပါပေမယ့် တရားမထိုင်ဘူးသေးတဲ့ ဆရာကြီးတစ်ယောက်ရှိပါတယ်။ သူအငြိမ်းစားယူတော့ တရားထိုင်ဖို့ တာစူနေတာ နေရာရွေးနေတာ အကြာကြီးပါပဲ။ နောက်တော့ ဆရာမရေ သေချာပြီ၊ ကျွန်တော် တရားထိုင်ဖြစ်ပြီလို့ တယ်လီဖုန်းဆက်ပါတယ်။ ကျွန်မကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့အကြောင်း အားပါးတရ ပြန်ပြောခဲ့ပါတယ်။

အဲသည်ဆရာကြီးတို့အိမ်ကို ကျွန်မ မသိပါဘူး။ ဆရာကြီးကလည်း တယ်လီဖုန်းတော့ ပေးထားပါရဲ့၊ သို့ပေမဲ့ တရားရိပ်သာ သွားတာကို အသိပေးနှုတ်ဆက်သွားတယ်ဆိုတော့ ပြန်လာရင်လည်း ဘယ်နှစ်လလောက်တောင် ကြာခဲ့တယ်ဆရာမရေလို့ နှုတ်ဆက် အကြောင်းကြားမှာပဲလို့ တယ်လီဖုန်းစောင့်နေခဲ့ပါတယ်။ သို့ပေမဲ့ တယ်လီဖုန်းလည်း မလာပါဘူး။ တစ်နေ့တော့ ကျွန်မအပြင်သွားပါတယ်။ ကျွန်မသွားတဲ့လမ်းက အဆင်ပြေချင်တော့ ဆရာကြီးတို့အိမ်ရှေ့က ဖြတ်သွားရပါတယ်။ ကားကအရှိန်နဲ့ဆိုတော့ ဆရာကြီး အိမ်ရှေ့မှာရပ်နေတာကို မြင်ပြီး ဟဲ့ ကားရပ်လိုက်စမ်းပါလို့ ပြောတော့ လွန်သွားတာနဲ့ ပြန်ဆုတ်ရပါတယ်။ ဆရာကြီးကလည်း ကျွန်မကိုမြင်တော့ ကားရပ်တာနဲ့ ကားဆီကို လာပါတယ်။ ကျွန်မက ကားပေါ်ကဆင်းပြီး နှုတ်ဆက်

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



စကား ပြောပါတယ်။ နှုတ်ဆက်ပြီးတာနဲ့ တရားထိုင်တာ တော်တော်ကြာခဲ့ပါသလားဆရာကြီးလို့ မေးတော့ ဆရာကြီးက မကြာခဲ့ပါဘူးခင်ဗျာ။ ကျွန်တော့မြေးကလေးမွေးနေ့မှာ ကျွန်တော် ပြန်လာခဲ့ရတော့ တစ်ပတ်တောင်မှ မပြည့်ခဲ့ပါဘူးလို့ ဆိုပါတယ်။

ကျွန်မလည်း ရယ်မောပြီး နှုတ်ဆက်ကာ ပြန်လာခဲ့ပါတယ်။ အစွဲများ တယ်ပြီးကြီးကြတာကိုးနော။ အပြစ်တင်ဖို့ကလည်း ခက်လိုက်ပါဘိသနဲ့။ ကိုယ်ပါ အမှုတွဲထဲမှာပါနေတာကိုး။ အဲသည်အစွဲအလမ်းက ရှင်စဉ်မှာလည်း သိပ်ပြီးကိစ္စများစေပါတယ်။ ဥပမာတွေပေးရင်ကတော့ အများကြီးပေါ့။

ကျွန်မသိတဲ့ အမျိုးသမီးတစ်ယောက်က စီးကရက်သောက်ပါတယ်။ သူသောက်တာက ကြည့်လို့ကောင်းတယ်လို့ ကျွန်မထင်ပါတယ်။ အဲသည်တော့ သူဆေးလိပ်မသောက်ဘဲနေတာ ကြာလာတော့ ဘာဖြစ်လို့ မသောက်တော့တာလဲလို့ ကျွန်မက မေးတော့တာပေါ့။ သူက ဖြေပါတယ်။ သူဟာ ဆေးလိပ်တိုင်းကိုလည်း သောက်လို့မရပါဘူးတဲ့။ သောက်နေကျမဟုတ်ရင် ချောင်းဆိုးပါတယ်တဲ့။ အဲသည်တော့ သူသောက်နေကျ ဆေးလိပ်ကိုရှာရတာက အလုပ်တစ်ခု ဖြစ်နေတာနဲ့ ကိုင်း ဒီအစွဲကိုဖြတ်မှ ငါအလုပ်တွင်မယ်လို့ ဆုံးဖြတ်ပြီး ဖြတ်လိုက်တာ တစ်ခါတည်း ဆေးလိပ်ပြတ်သွားရောတဲ့။ အခုအထိ သူဟာ အသက်ရှင်လျက် ရှိပါသေးတယ်။ တကယ်လို့သာ သူ့ဆေးလိပ်စွဲကို မဖြတ်နိုင်ရင် သေတာကြာရောပေါ့။

ကျွန်မတို့တစ်တွေမှာ အစွဲတွေကိုယ်စီကိုယ်စီ ရှိကြပါတယ်။ စိတ်ကစွဲလမ်းတာက များပါတယ်။ စိတ်အဆာဆိုပါတော့လေ။ ဘယ့်လောက်ပဲ ကောင်းမွေ့ဆိုတဲ့ အစားအစာကိုပဲ စားရစားရ ကိုယ်စားနေကျ ငါးပိရည်ကလေးကို တို့စရာကောင်းကောင်းနဲ့ တို့စားလိုက်ရရင် ဆိုတဲ့စိတ်နဲ့ စားစရာတစ်ပုံတပင်ကို မစားနိုင်လောက်အောင် ဖြစ်နေ



တတ်ပါတယ်။ အစွဲနည်းရင် တော်သေးရဲ့၊ အစွဲများရင် ကိုယ့်အစွဲများနဲ့ကိုယ် ချည်နှောင်ခြင်းခံနေရတဲ့အဖြစ်က ကိုယ့်ဘာသာကိုယ် ရုန်းမထွက်နိုင်မချင်း ဒုက္ခရောက်ရတော့မှာ ဖြစ်ပါတယ်။ တချို့ဆရာကြီး ဆရာမကြီးတွေ ပြောတတ်ပါတယ်။ အငြိမ်းစားယူရင် ဖတ်ဖို့စာအုပ်တွေ စုထားတာ အများကြီးပဲ။ အခုတော့လည်း မြေးကိုချီနေရတာနဲ့ စာအုပ်တွေက ဒီအတိုင်းပဲတဲ့။

ရှင်စဉ်မှာကတည်းက အစွဲအလမ်းကို မဖြတ်နိုင်သေးရင်တောင်မှ အနည်းနဲ့အများ လျော့ပါးအောင် ကြိုးစားကြဖို့ လိုအပ်ပါတယ်။ နို့မဟုတ်ရင် သေဆုံးခါနီးမှာ ကိုယ်စွဲမိစွဲရာကို စွဲလမ်းပြီး အယူမှားသွားနိုင်ပါတယ်။ ကျွန်မတို့ငယ်ငယ်ကတည်းက အရှင်တိဿဆိုတဲ့ ရဟန်းတစ်ပါး သင်္ကန်းကိုစွဲလမ်းသွားလို့ သင်္ကန်းအသစ်စက်စက်မှာ သန်းမကြီး ဖြစ်သွားတယ်ဆိုတာကို နိပါတ်တော်ထဲက ကောက်နုတ် ပြောကြားတဲ့ ညအိပ်ရာဝင်ပုံပြင်အခန်းကဏ္ဍမှာကတည်းက စပြီးသိခဲ့ရပါတယ်။ ညအိပ်ရာဝင်ပုံပြင်များဟာ ကလေးများကို ငယ်စဉ်ကတည်းက ဘာသာရေးအသိ ပေးနိုင်ပါတယ်။

အရှင်တိဿဆိုတဲ့ ရဟန်းဟာ အကျင့်သီလလည်း ကောင်းပါတယ်တဲ့။ မြတ်စွာဘုရားလက်ထက်မှာလည်း ရဟန်းဖြစ်ရတယ်ဆိုတာ နည်းတဲ့ကုသိုလ်လည်း မဟုတ်ပါဘူး။ အရှင်တိဿဟာ ပဋိပတ်ကိုလည်း ကျင့်ပါတယ်တဲ့။ ပရိယတ်ကိုလည်း လေ့လာပါတယ်တဲ့။ ရဟန်းတစ်ပါးအနေနဲ့ အတော့်ကိုပြည့်စုံတယ်လို့ ဆိုနိုင်ပါတယ်။

အဲသည်အရှင်တိဿဟာ တစ်နေ့မှာတော့ သူ့နှမ လှူဒါန်းတဲ့ သင်္ကန်းလျာအဝတ်ကို ရပါတယ်တဲ့။ အခုခေတ်မှာတော့ သင်္ကန်းကပ်ချင်တယ်ဆိုရင် သင်္ကန်းဆိုင်များကို သွားပြီးဝယ်လိုက်ရုံပါပဲ။ အရင်တုန်းကတော့ ရဟန်းသံဃာများနဲ့အဝ်စပ်တဲ့ သင်္ကန်းကို ကိုယ်တော်တိုင် ချုပ်တော်မူကြရပါတယ်။ ပုံသကူသင်္ကန်းဆိုရင် ဝိုပြီးအလုပ်များ

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ပါသေးတယ်။ လျှော်ဖွပ်ရတာနဲ့ ချုပ်ရဆိုးရတာနဲ့ပေါ့။ အရှင်တိဿရဲ့နှမ အလှူပေးတာကတော့ သင်္ကန်းချုပ်ဖို့ အဝတ်စအသစ် ဖြစ်ပါတယ်။ အရှင်က သင်္ကန်းချုပ်တဲ့အခါမှာ သီတင်းသုံးဖော်များကလည်း ကူညီပါသတဲ့။ သင်္ကန်းကိုချုပ်ပြီး အပ်စပ်တဲ့အရောင်ကို ဆိုးရတာနဲ့ဆိုတော့ အလုပ်ကများပါတယ်။ ဆွမ်းကိစ္စကို ဆောင်ရွက်နေရရင်တော်တော်နဲ့ သင်္ကန်းကချုပ်လို့ ပြီးမှာမဟုတ်တော့ အရှင်တိဿရဲ့နှမကပဲ အရှင်တိဿနဲ့အတူ သင်္ကန်းကူချုပ်ပေးတဲ့ ရဟန်းတော်များကို ဆွမ်းကပ်ပါသတဲ့။

အရှင်တိဿအဖို့တော့ အဲသည်သင်္ကန်းချုပ်တဲ့ ကိစ္စထဲမှာ စိတ်ကို စွဲနစ်နေအောင် ထည့်ထားမိဟန်တူပါတယ်။ ဆွမ်းဘုဉ်းပြီးနောက် သင်္ကန်းဆက်ချုပ်တာ ပြီးသွားတော့ ခေါင်းရင်းတန်းပေါ်မှာလှန်းထားပြီး မနက်ဖြန်ကျရင် ဝတ်မယ်လို့ စိတ်ကူးထားလိုက်ပါတယ်တဲ့။ သို့ပေမဲ့ အဲသည်ညမှာပဲ လေနာရောဂါနဲ့ ပျံလွန်တော်မူခဲ့ပါတယ်။ စိတ်က သည်ရက်ပိုင်းမှာ အားကြိုးမာန်တက် ချုပ်လုပ်ခဲ့တဲ့သင်္ကန်းကို စွဲသွားတဲ့အတွက် သင်္ကန်းမှာ သန်းမကြီးသွားဖြစ်ပါတယ်တဲ့။ သန်းဆိုတဲ့သတ္တဝါအစစ်ဆိုရင်တော့ ရုတ်တရက် အလိုလိုအကောင်ဖြစ်မလာဘူးပေါ့။ အရှင်တိဿပျံလွန်တာနဲ့ ရုတ်တရက် သန်းမဖြစ်သွားတာကတော့ သန်းအသွင်နဲ့ ပြိတ္တာဖြစ်သွားတာပါပဲ။

ကျွန်မက သန်းမ သန်းမနဲ့ရေးနေတော့ သန်းထီးမဟုတ်ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်မတို့မြေလတ်မှာ စစ်ပြီးစတုန်းက ဆပ်ပြာရှားတာနဲ့ လက်ရက်ဖျင်အင်္ကျီကြီးတွေကို ကောင်းကောင်းမလျှော်နိုင်ဘဲ ဝတ်ကြရပါတယ်။ အထူးသဖြင့် အသက်ကြီးတဲ့သူတွေ ဝတ်တဲ့အင်္ကျီများမှာ သန်းတွယ်တတ်လို့ ကျွန်မတို့လိုမြေးများက သန်းရှာပေးကြရပါတယ်။ သန်းတွေက အရောင်ဖြူဖြူ အကောင်ကြီးကြီးတွေ ဖြစ်ပါတယ်။ အဲသည်လို လူ့အဝတ်အစားမှာ တွယ်တဲ့သန်းကို သန်းမလို့ခေါ်တာကြောင့် သန်းမလို့ ရေးလိုက်တာဖြစ်ပါတယ်။



ကိုင်း အရှင်တိဿကတော့ဖြင့် သန်းဖြစ်သွားပါပြီ။ သူနဲ့ မိတ်ဆွေ ရဟန်းများ ချုပ်ခဲ့တဲ့သင်္ကန်းကလည်း ဘယ်သူ့ကိုပေးခဲ့ပါတယ်လို့ အမှာအထားမရှိခဲ့တော့ သံဃိကပစ္စည်း ဖြစ်သွားပါပြီ။ အဲသည်လို ပစ္စည်းမျိုးကို မဲချပြီး ယူရတဲ့ထုံးစံ သံဃာများမှာရှိပါတယ်။ အဲသည်လို မဲချယူဖို့ ရဟန်းတစ်ပါးက လှန်းထားတဲ့သင်္ကန်းကို ရုပ်သွားတဲ့အခါ သန်းမဖြစ်နေတဲ့ အရှင်တိဿက ငါ့သင်္ကန်းကို မယူကြပါနဲ့လို့ အော်ပါသတဲ့။ အဲသည်အသံကို ယူသွားတဲ့ရဟန်းက ကြားရတာမဟုတ်ပါဘူး။ မြတ်စွာဘုရားက ဒိဗ္ဗသောတနဲ့ ကြားတော်မူတဲ့အတွက် သင်္ကန်းကို ၇ ရက်မပြည့်မီ မဲချမယူကြနဲ့လို့ တားမြစ်တော်မူပါတယ်။ အရှင်တိဿဟာ သန်းပြိတ္တာအဖြစ်က ကျွတ်လွတ်သွားမှ ရဟန်းများက သင်္ကန်းကို မဲချပြီး ယူတော်မူကြပါတယ်။ အစွဲများ ကြောက်စရာ ကောင်းလှပါတယ်။ အရှင်တိဿဟာ ပရိယတ် ပဋိပတ်စာပေတွေကိုလည်း တတ်ပါတယ်။ သီလ သမာဓိ ပညာနဲ့လည်း ပြည့်စုံပါတယ်။ အကျင့်သိက္ခာလည်း ကောင်းပါတယ်။ အဲသည်ကြားက အစွဲမှားလို့ သန်းပြိတ္တာဖြစ်ရသေးတယ်လို့ဆိုရင် ပေါ့ပေါ့နေတတ် ပေါ့ပေါ့စားတတ်တဲ့ သူတွေအနေနဲ့တော့ ကြောက်စရာကောင်းပါတယ်။ သတိတရားနဲ့ သေခါနီးမှာ အစွဲမမှား အယူမမှားဘဲ နေနိုင်အောင်လို့ ကျင့်ကြံအားထုတ်ဖို့ လိုပါတယ်။ အပြောသာ လွယ်တာဖြစ်တဲ့အတွက် အပါယ်လေးဘုံကို ဆင်းတဲ့သူတွေ များနေတာပါပဲ။ ပြိတ္တာဟာ တိရစ္ဆာန်အသွင်နဲ့လည်း ဖြစ်တတ်ပေမယ့် တိရစ္ဆာန်များလို ပဋိသန္ဓေနေရတာမျိုးမရှိဘဲ ဘွားခနဲ ဥပပတ်ပဋိသန္ဓေနဲ့ စွဲမိစွဲရာနေရာမှာ မွေ့ကြီးသွားဖြစ်တာတို့ ပုတ်သင်ညိုလို၊ တောက်တဲ့လို ကုန်းကုန်းပြောရင် ပိုးဟပ်တို့လို သတ္တဝါန်မျိုးစုံနဲ့ ဖြစ်နိုင်ပါတယ်။

အဲသည်လို မွေ့ကြီးတွေသွားဖြစ်နေတာက ကိုယ်လှူတဲ့အလှူကို စွဲရင်လည်း ဖြစ်တတ်တာပါပဲ။ မွေ့ပြိတ္တာလုပ်ပြီး စောင့်နေရတာတို့

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ပေါ့။ ကျွန်မတို့နေတဲ့ ခြံထဲမှာ လင်းမြွေကြီးနှစ်ကောင် ရှိခဲ့ဖူးပါတယ်။ တစ်လံလောက်တောင် ရှည်နေပါပြီ။ အဲသည်အကောင်ကြီးများဟာ တိရစ္ဆာန်မြွေလား ပြိတ္တာမြွေလားတော့ မသိပါဘူး။ ကျွန်မတို့တော့ မြင်တာနဲ့ အမျှဝေတာပါပဲ။ အခုတော့လည်း ကျွတ်သွားပြီထင်ပါတယ်။ တစ်ကောင်မှ မရှိတော့ပါဘူး။ ကျွန်မတို့ငယ်ငယ်တုန်းက အညာမှာ ရွှေတွေ ငွေတွေကို အိုးနဲ့ မြှုပ်နှံတဲ့အလေ့ရှိပါတယ်။ အဲသည်အိုးများကို စွဲသွားတဲ့ပိုင်ရှင်ဟာ အနီးအနားမှာ မြွေဖြစ်နေတဲ့အကြောင်း၊ တချို့များဆိုရင် ရွှေအိုးကိုပတ်ပြီး နေတတ်တဲ့အကြောင်းများကို ငယ်ငယ်ကတည်းက နားထောင်ခဲ့ရဖူးပါတယ်။

ဗုဒ္ဓဓမ္မပြဿနာများဆိုတဲ့ ဆရာတော်ကြီး အရှင်ပညာဇောတရဲ့ စာအုပ်အမှတ် (၁၁) မှာ အဲသည်အစွဲများနဲ့ ပတ်သက်ပြီး ဖတ်ရဖူးပါတယ်။ တစ်ခါတုန်းက ရဟန်းအစ်မကြီးတစ်ယောက်ဟာ သူပိုင်ရွှေများကို ရွှေတောင့်များလုပ်ပြီး ကတ္တီပါအိတ်ထဲ သွတ်ထားပါသတဲ့။ အဲသည်ကတ္တီပါအိတ်ကို မီးခံသေတ္တာထဲ သွင်းထားလိုက်ပါသတဲ့။ သူကွယ်လွန်ပြီးတဲ့နောက် အသုဘကိစ္စများပြီးစီးတဲ့အခါ သူ့သားကြီးက ညီအစ်ကိုမောင်နှမများ အရပ်လူကြီးများရှေ့မှောက်မှာ မီးခံသေတ္တာသော့ကို ဖွင့်ပါသတဲ့။ အဲသည်မှာတင် ကတ္တီပါအိတ်ကို မြွေကြီးတစ်ကောင်က ရစ်ပတ်ထားထာကို တွေ့ရတော့တာပါပဲတဲ့။ စဉ်းစားကြည့်ပါနော်။ မီးခံသေတ္တာထဲ မြွေရောက်နေတာ ရွှေအိတ်ကိုရစ်ပတ်ထားတာ။ သဘာဝမဟုတ်ပါဘူး။ သို့သော်လည်း သားကြီးက ဗဟုသုတနဲ့ သိပ်ပြီးပြည့်စုံဟန် မတူပါဘူး။ အမေဆုံးပြီး စိတ်ကလည်း ညစ်နေတုန်း မဆီမဆိုင် မြွေက မီးခံသေတ္တာထဲရောက်နေတောမြွေကြီးကိုခွာယူပြီး မီးရှို့သတ်ပစ်လိုက်ပါလေရောတဲ့။

အဲသည်အကြောင်းကို မြွေဖြစ်သွားတဲ့ အမေဖြစ်သူ ကိုးကွယ်တဲ့ကျောင်းက ဆရာတော်က နောက်မှကြားပါသတဲ့။ ဆရာတော်က



သြော် ဖြစ်မှဖြစ်ရပလေ။ အဲဒါဟာ ဒကာမကြီးက ပစ္စည်းတွေကိုစွဲပြီး မြွေဖြစ်သွားတာ။ ကုသိုလ်ပြုအမျှဝေရင် သတိရပြီး သာဓုခေါ်ကာ ကျွတ်လွတ်သွားနိုင်သေးတယ်။ အခုလို မီးပုံထဲထည့်ပြီး မီးရှို့လိုက်တော့ ဒေါသဖြစ်ပြီးမှ သေရမှာ။ ဒေါသနဲ့သေရင် ငရဲကျမှာပဲ။ နှမြောစရာကောင်းတယ်လို့ မိန့်ပါသတဲ့။

ကျွန်မ ရွှေတောင်ကုန်းရိပ်သာမှာ ၁၉၉၂ ခုနှစ်က တရားဝင်တော့ ယောဂီများကို အလှည့်ကျ တရားဟောတော်မူကြတဲ့ ဆရာတော်များထဲမှာ ဇေယျဝတီဆရာတော်ဟာ အသံတော်ကဝဲတဲဝဲတဲနဲ့ ထူးခြားတဲ့ ခေါင်းစဉ်ကလေးများ ပေးထားတဲ့ တရားများကို ဟောတော်မူတတ်ပါတယ်။ တရားတွေကလည်း နာလို့သိပ်ကောင်းတာပါပဲ။ သတိပဋ္ဌာန်တရားတော်ကို ဟောတော်မူပေမယ့် ဇာတ်ကြောင်းနောက်ခံများနဲ့ ဟောတော့ စိတ်ဝင်စားမှုပိုများလာပါတယ်။

ဆရာတော် တစ်နေ့မှာဟောတဲ့ တရားတော်က 'ခေါက်ထီးကလေးတစ်လက်' တရားတော်တဲ့။ တရားခေါင်းစီးကလည်း အမည်ဆန်းနေပါပြီ။ နာလိုက်တော့ မိန်းကလေးတစ်ယောက် အပျိုအရွယ်ကလေးလည်း ဖြစ်တယ်။ ပြည့်စုံတဲ့အသိုင်းအဝိုင်းကလည်း ဖြစ်တယ်။ သိတတ်နားလည်တဲ့ အသိုင်းအဝန်းကလည်း ဖြစ်တယ်လို့ဆိုတော့ ကျောင်းပိတ်ချိန်မှာ တရားလာပြီး အားထုတ်ပါတယ်တဲ့။ တရားကို ရိုရိုသေသေ အားထုတ်ခဲ့လို့ ဉာဏ်စဉ်တရားတော်ကိုလည်း နာခဲ့ရပါတယ်တဲ့။ ယောဂီတော်တော်များများဟာ ဉာဏ်စဉ်ရဖို့ သိပ်ကြိုးစားပါတယ်။ တကယ့်ကို ဉာဏ်အဆင့်မြင့်တယ်ဆိုရင်တော့ အပါယ်တံခါးပိတ်မှာ သေချာပါတယ်။ သို့ပေမဲ့ တချို့က တရားအားထုတ်စဉ်မှာသာ အနေအထိုင်ကောင်းပြတာကိုး။ ဆရာတော်များကလည်း ယောဂီရဲ့ အလျှောက်အထားအနေအထိုင်ကို အကဲခတ်ပြီး ဉာဏ်စဉ်နာခွင့် ပေးရတာကိုး။ အဲသည်တော့ ဉာဏ်အဆင့်မီပါပြီလို့ လူတိုင်းအတွက် အာမခံချက် မပေးနိုင်ပါဘူး။

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ဓေယျဝတီဆရာတော်က ဆက်ပြီးဟောခဲ့တာက ဥဏ်စဉ် တရားတော်ကို နာပြီး အိမ်ကိုပြန်သွားခဲ့တဲ့ ယောဂီ အပျိုမကလေးဟာ မကြာခင်မှာပဲ ရုတ်တရက်ဖျားပြီး ဆုံးသွားပါတယ်တဲ့။ သူ့အသုဘကိစ္စ ပြီးစီးတဲ့အချိန်မှာ သူ့ညီမကလေးက အစ်မဖြစ်သူရဲ့ အခန်းထဲကိုဝင်ပြီး ပစ္စည်းများကို ရှင်းလင်းပါသတဲ့။ အဲသည်လို ရှင်းနေတုန်း အဲသည်ခေတ် က အတော်ကလေးရှားသေးတဲ့ ခေါက်ထီးလှလှကလေးကို တွေ့တော့ သူလည်း အပျိုကလေးဖြစ်လေတော့ စိတ်ဝင်စားသွားတာနဲ့ ဖွင့်ပြီး လှည့်ကြည့်နေပါသတဲ့။ အဲသည်အချိန်မှာ ခြေသံပြင်းပြင်းနှင်းပြီး လေ့ကားကတက်လာတဲ့အသံကို ကြားလို့ လှည့်ကြည့်လိုက်တော့ လား လား သူ့အစ်မဖြစ်နေပါသတဲ့။ သေလို့ မီးသဂြိုဟ်လို့တောင်ပြီးခဲ့ပြီနော်။ သူ့မှာ သူ့ခေါက်ထီးကိုစွဲပြီး မကျွတ်လွတ်ဘဲ အိမ်ထဲမှာတင် ပြိတ္တာဖြစ် နေပါတယ်။ သူက တော်တော်တန်တန် မဟုတ်ပါဘူး။ ခေါက်ထီးကို တောင် ဆွဲလုသေးတာပါတဲ့။ ဆရာတော်ကတော့ အဲသည်လောက်ထိပဲ ထည့်သွင်းဟောကြားတော်မူပြီး ယောဂီတွေ ဉာဏ်စဉ်ကိုချည်း ယူချင် မနေနဲ့။ ဥဏ်တကယ်မစစ်ရင် ခေါက်ထီးကလေးတစ်လက်ကို စွဲပြီး ပြိတ္တာဖြစ်သလို ဖြစ်နိုင်သေးတယ်။ တရားကိုသာ ဝိုင်အောင်အားထုတ် ပါလို့ မိန့်တော်မူပါတယ်။ တကယ်တော့ တရားကို နာနာအားထုတ် ထားရင် ဥဏ်စဉ်မရရင်တောင်မှ အရေးဆိုရင် သတိကပ်ပြီး ရှုမှတ်နေ နိုင်တာပေါ့။

တကယ်တော့ သေဆုံးခါနီးအချိန်မှာ ကိုယ့်ကိုယ်ကိုယ်တောင်မှ မနိုင်တော့တဲ့အတွက် ထားခဲ့ပြီး ထွက်ခွာရတော့မှာဖြစ်ပါတယ်။ ကိုယ်နဲ့ အတူ သားသမီး သားမယား ဘယ်သူကမှ မလိုက်ပါနိုင်ပါဘူး။ ဘယ် သူ့ကိုမှလည်း အားကိုးလို့ မရနိုင်ပါဘူး။ ကိုယ်အားကိုးရမှာက ကိုယ်ပြုခဲ့ တဲ့ ကောင်းမှုကုသိုလ်ကံဖြစ်ပါတယ်။ မကောင်းတဲ့စိတ် မကောင်းတဲ့ စေတနာများက အောက်ကိုဆွဲချနေတဲ့အချိန်မှာ ကောင်းတဲ့စိတ် ကောင်း



တဲ့စေတနာများက အထက်ကိုဆွဲတင်မှာ ဖြစ်ပါတယ်။ တစ်ယောက် ထဲ ဖော်မပါ သွားရမယ့်နေရာကို ကိုယ့်ကောင်းမှုကံ စေတနာအကျိုး များနဲ့တကွ သွားရမှာ ဖြစ်ပါတယ်။

အခုတစ်ပတ် တင်ပြဆွေးနွေးတာကတော့ ဘဝကူးခါနီးမှာ အစွဲ ပြင်းထန်ရင် မကျွတ်မလွတ်ဖြစ်တတ်တယ်။ အစွဲကြောင့် ပြိတ္တာဖြစ်ကာ ပူးကပ်ခြောက်လှန့်နေတယ်။ အမျှဝေတာတောင်မှ မသွားဘဲ နေ နေတယ်ဆိုရင် အိမ်တိုင်းလိုလိုက အိမ်သားများက ဆရာတော်များကို ကမ္မဝါစာဖတ်ပေးတော်မူပါလို့ လျှောက်ထားတတ်ကြပါတယ်။ အဲသည် လိုနဲ့ ကမ္မဝါစာဖတ်ပြီး နှင်ထုတ်လေ့ရှိပါတယ်။ အဲဒါကြောင့် ကမ္မဋ္ဌာနာ စရိယ ဆရာတော်ကြီးတစ်ပါးက ကျွန်မအမေကို *သူများက ကမ္မဝါ ဖတ်ပြီး မနှင်ခင် ကိုယ့်ဘာသာကိုယ်ထွက်ခွာဖို့ ပြင်ဆင်ပါလို့* ဆုံးမတော် မူခဲ့တာကို မှတ်မိသေးတော့တယ်။

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။

## သေဆုံးခါနီး အနီးအနားကလူများဟာ သိတတ်ဖို့လိုပါတယ်

သေမှာ သိနေရင်တောင်မှ ရှင်နေစဉ်အတွင်းမှာ အစာနဲ့ဆေးကို မဖြတ်အပ်တဲ့အကြောင်း ဆရာဝန်ကြီးတစ်ယောက်က ကျွန်မကိုဆွေးနွေးပြီး အသိတရားရစေတဲ့အကြောင်းကို အစောပိုင်းက ရေးခဲ့ တင်ပြခဲ့ပြီးပါပြီ။ အခုကျွန်မတင်ပြချင်တာကတော့ အနီးအနားမှာ ရှိတဲ့သူတွေက မသိနားမလည်လို့ စနစ်တကျ ဆေးကုသရင် ရှင်နိုင်ချေရှိတဲ့သူဟာ ဆေးကုသခြင်းမခံရဘဲ သေဆုံးသွားခဲ့ရတဲ့ သာဓကများထဲက တစ်ခုနှစ်ခုအကြောင်းဖြစ်ပါတယ်။ သူတို့ဟာ သတိမလွတ်ဘဲနဲ့ ဒေါသနဲ့ သေသွားကြတာကို ကြားဖူးနားဝရှိခဲ့တဲ့အတိုင်း ပြန်ပြီးပြောချင်ပါတယ်။

တစ်ခါက ရွာတစ်ရွာမှာ လူငယ်ကလေးတစ်ယောက် ဗိုက်နာပါသတဲ့။ သတဲ့လို့ပြောတိုင်း စိတ်ကူးယဉ်စကား မဟုတ်ပါဘူးနော်။ တစ်ဆင့်ကြားရတာ ပြန်ပြောရလို့ပါ။ အဲသည်လို ဗိုက်နာတော့ တိုင်းမြို့ကြီးနဲ့လည်း မဝေးတဲ့ရွာက ခေတ်လူငယ်ဆိုတော့ တိုင်းဆေးရုံတက်ရင် သက်သာမယ်လို့ လူနာကသိပါတယ်တဲ့။ အဲသည်လူငယ်က သူ့အမေကို အမေရယ်၊ ကျွန်တော့ကို ဆေးရုံတင်ပါလို့ ပြောပါသတဲ့။ အဲသည်လို ပြောပေမဲ့ ဗိုက်နာရုံလောက်များတော့ ဆေးရုံတင်စရာ မလိုပါဘူးလို့ အမေကတွေးပြီး သူကိုယ်တိုင် ဗိုက်ကိုနှိပ်ပေးပါသတဲ့။ ပြီးတော့ လေဆေးကလေး ဘာလေး ကျွေးတာပေါ့လေ။ လူငယ်ဟာ အူအတက်ရောင်တဲ့ ဝေဒနာကို ခံစားရဟန်တူပါတယ်။ နှိပ်တာကိုခံပြီးတော့ သူ့ဝေဒနာဟာ တဖြည်းဖြည်းဆိုးလာပါတယ်။ သူကလည်း သူ့အမေကို မျက်စောင်းတခဲခဲ ဖြစ်လာပါတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ဆေးရုံတင်ရင် သူသက်သာသွားမယ်ဆိုတာ သိပေမဲ့ သူကိုယ်တိုင်က



ဆေးရုံကို ထမသွားနိုင်။ မသိနားမလည်တဲ့ အမေဖြစ်သူက သူ့စကားကို နားမထောင်။ အဲသည်လိုနဲ့ သူသေရတော့မယ်ဆိုတာ သိနေတာကိုး။ အဲသည်တော့ သူက ဒေါသထွက်တော့တာပေါ့။

သေဆုံးတဲ့အခါမှာ ဒေါသစိတ်နဲ့သေရင် ငရဲကိုကျတတ်ပါတယ်။ သိပ်အဖြစ်ဆိုးတာပါပဲ။ တချို့သော အိမ်သားများဟာ အသိတရား နည်းပါးပါတယ်။ အခုကြားဖူးတာက အမေဖြစ်သူက မသိတတ်တာပါ။ သူက ဆေးရုံ ဆေးခန်းတော့ မသွားဘူး။ အဲသည်ကိုရောက်ရင် သေတာပဲလို့ မသိနားမလည်စွာ အယူမှားထားဟန် တူပါတယ်။ မိဘဆိုတာ သားသမီးကို အကောင်းပဲဖြစ်စေချင်တာပေါ့။ အဲသည်လို ဆေးရုံ ဆေးခန်းရောက်ရင် သေတာပဲဆိုတာကလည်း မသိနားမလည်သူများကြောင့် ပေါ်ပေါက်လာရတဲ့ စကားပဲဖြစ်ပါတယ်။ ရောဂါကို ကုသလို့ ရနိုင်တဲ့ အခြေအနေတုန်းက ဆေးရုံဆေးခန်းများကို မပို့ဘဲ ကုသလို့ မရနိုင်တော့တဲ့အချိန်ကျမှ ကမန်းကတန်းပို့ကြတော့ ဆေးရုံကိုရောက်ပြီး မကြာခင်မှာ လူနာက ဆုံးပါးသွားတတ်ပါတယ်။ အဲသည်မှာတင် ဆေးရုံကိုမပို့ကြနဲ့၊ အဲသည်ကိုရောက်ရင် လူနာဆုံးတာပဲ ဆိုတဲ့စကားက ဖြစ်လာပြန်ပါတယ်။

ကျွန်မစိတ်ထဲမှာ မကြာခဏပေါ်လာတဲ့ မြင်ကွင်းနဲ့ပတ်သက်ပြီး တင်ပြစရာ ရှိပါသေးတယ်။ ဟိုအရင် ဆယ်နှစ်လောက်တုန်းက ကျွန်မတို့အိမ်မှာ ရေရှားလွန်းလို့ ညနေတိုင်ဆိုရင် တက္ကသိုလ်ဆရာများရဲ့ ရိပ်သာကိုသွားပြီး အိမ်တစ်အိမ်ရဲ့နောက်ဘက်မှာ သီးခြားရှိတဲ့ ရေချိုးကန်ကို သွားပြီးလျှော်ကြဖွတ်ကြ ရေချိုးကြရပါတယ်။ တစ်နေ့မှာတော့ ကျွန်မတို့ရဲ့ ကားမောင်းသူက တက္ကသိုလ်ဆရာများ ရိပ်သာနဲ့ကပ်လျက် စိုက်ခင်းတွေရှိတဲ့ ရွာကလေးဘက်ကိုကြည့်ပြီး ဟိုမှာ ပြဿနာပေါ်နေပြီလို့ ပြောပါတယ်။ အဲသည်လိုပြောပြီးတဲ့နောက် အမိုးပဲရှိတဲ့ အဆောက်အအုံပေါ်မှာ လူတစ်ယောက် လဲနေပြီး လက်တွေရမ်းရင်း နှုတ်ကလည်း

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ဘာမှန်းမသဲကွဲတဲ့စကားတွေကို အော်နေတဲ့လူတစ်ယောက်ရယ်၊ အဲသည်လူ ရှိတဲ့နေရာကို လာနေတဲ့ မိန်းမတစ်ယောက်ရယ်ကို မြင်ရပါတယ်။ ရှုပ်ထွေးပြီး ပျော်စရာမကောင်းတဲ့ ကိစ္စတစ်ခု ဖြစ်နေပုံရလို့သာ အဲသည် အမျိုးသမီးကို မရယ်ဘဲ ကြည့်နေနိုင်တာဖြစ်ပါတယ်။ ခေါင်းတစ်ခေါင်းလုံးက ဆံပင်ကို ကောက်ထားလိုက်တာ လိမ်နေတာပါပဲ။ ပြီးတော့ တော်တော်ညှိုတဲ့သူ့အသားနဲ့ မလိုက်ဖက်တဲ့ ကြောင်ကြောင်ကျားကျား အဆင်နဲ့ ဝမ်းဆက်ကိုလည်း ဝတ်ထားပါသေးတယ်။

ကျွန်မတို့ကားဆရာက မနေနိုင်မထိုင်နိုင် သွားပြီးစပ်စုတော့ အဲသည်မိန်းမရဲ့ယောက်ျားနဲ့ အဲသည်မိန်းမဟာ မနက်ပိုင်းက ရန်ဖြစ်ကြပါသတဲ့။ ပြီးတော့ ယောက်ျားက မူးအောင်သောက်ပြီး အမိုးသာ ရှိသေးတဲ့ အခုလဲနေတဲ့နေရာမှာ လာပြီးအိပ်နေတာ ကျွန်မတို့ သွားတဲ့ အချိန်မတိုင်မီ ဘယ့်လောက်ကတော့ သေသေချာချာမသိတဲ့ အချိန်မှာ လေဖြတ်သွားပါသတဲ့။ အဲသည်အကြောင်းတွေကို သိလာပြီးတဲ့နောက် ကျွန်မတို့ကားဆရာဟာ မျက်စိမျက်နှာမကောင်းဘဲ ငွေလှူခဲ့ပါတယ်။ မိန်းမတစ်ယောက်တည်း အဲသည်လူအနားမှာ ထိုင်ရင်း ဆေးလိပ် သောက်နေတာကို ကျွန်မတို့ကလည်း ငွေသွားလှူရင်း ယောက်ျားကို ဆေးရုံတင်ပါ၊ ဆေးရုံကိုပို့ပေးဆိုရင်လည်း ပို့ပေးမယ်။ ငွေလည်းလှူမယ် လို့ပြောတော့ မိန်းမလုပ်တဲ့သူက အနေးနဲ့အမြန်သေမှာပဲ။ ဆေးရုံမပို့ တော့ဘူးလို့ အေးစက်စက်ပြောလိုက်တာနဲ့ ကျွန်မတို့လည်း ကိုယ့် စေတနာကို ကိုယ်ရုပ်ပြီး ပြန်လာကြပါတယ်။

မရှိတာထက် မသိတာက ပိုပြီးခက်တယ်ဆိုတာ သေတဲ့အထိ မှန်တာပါပဲ။ တကယ်တော့ ကရုဏာစိတ်နဲ့ ကူမယ့်သူတွေက အဆင် သင့် ဖြစ်နေတာတောင်မှ ကိုယ့်ယောက်ျားကို ရလိုရငြားဆိုတဲ့စိတ်နဲ့ ဆေးရုံမပို့ချင်တာ။ အပေါ်ပိုင်းမှာ အင်္ကျီဝတ်မထားတဲ့သူ့ကို စောင်ပိုင်း ကလေးနဲ့ဖြစ်ဖြစ်တောင်မှ လွှမ်းခြုံပေးမထားဘဲ ဆေးလိပ်ထိုင်သောက် နေတဲ့ မိန်းမဟာ ညဉ့်နက်ရင်လည်း အိမ်ကိုပြန်အိပ်မှာပါပဲ။



နောက်တစ်နေ့သွားတော့ အဲသည်လူဟာ မနက်အစောပိုင်းမှာ ဆုံးတယ်လို့ သတင်းကြားပါတယ်။ ခေါင်းပေါ်မှာ ဆံပင်အလိပ်လိပ်နဲ့ မိန်းမလည်း အသုဘအကူငွေတွေနဲ့ အသုဘချပြီး ကျန်တဲ့ငွေနဲ့ လက်သည်းနီတွေ နှုတ်ခမ်းနီတွေ ဝယ်ပြီး သုံးဦးမလားမသိပါဘူး။ တကယ်တော့ မသိတတ်တဲ့ မဖွံ့ဖြိုးတဲ့သူတစ်ယောက်ကို ကျွန်မတို့ကြုံခဲ့ရတာပါပဲ။ မသိတတ်တော့ပြီလို့ဆိုရင် လူလိုကို မသိတတ်တာဖြစ်ပါတယ်။

တချို့ကျတော့လည်း သမီးဖြစ်သူက အမေကို ဆေးဝါးကုသပေးချင်ပါလျက် ခင်ပွန်းကိုကြောက်ရလို့ စိတ်ရှိသလောက် ကုမပေးရဘဲ ကြေကွဲဖွယ်ရာအဖြစ်နဲ့ ရင်ဆိုင်ရတာတွေ။ ပြောင်းပြန်သဘောနဲ့ သေတော့မှာပဲဟာ၊ နေလို့သက်သာတဲ့ဆေးကလေး ပေးထားလိုက်ပေါ့ဆိုတာ မျိုးတွေပြောပြီး လက်ဆုပ်မဖြေတဲ့ချွေးမတွေစသဖြင့် အမျိုးမျိုးသော မသိနားမလည်မှုတွေက လောကမှာ အများသားပဲ။ အဲသည်လို ကိစ္စက တော့ ပထမတင်ပြခဲ့တုန်းကလို မသိတတ်တာ မဟုတ်ပါဘူး။ စေတနာ မဲ့တာပါလို့ ပြောရင်လည်း ရပါတယ်။ တကယ်တော့ အဲသည်လို စေတနာမဲ့ခြင်းဟာ လူလိုမသိနားမလည်ခြင်း ဖြစ်ပါတယ်။ ကိုယ့်ကို အဲသည်လို ပစ်ထားရင်ကော ကိုယ်စိတ်ချမ်းသာပါ့မလားလို့ တွေးလိုက် စမ်းပါ။ လူတစ်ယောက် အသက်ကို ကယ်နိုင်ခွင့်ဆိုတာ ကိုယ့်လက်ထဲ မှာ ရှိနေမှတော့ အဲသည်လို ထူးခြားရှားပါးတဲ့ ကုသိုလ်ကိုယူလိုက် ကြစမ်းပါ။ ငွေဆိုတာ ဆုပ်ထားလည်း မမြဲပါဘူး။ မဆုပ်ဘဲထားလည်း ပြန်ဝင်နိုင်ပါတယ်။ ကုသိုလ် အကုသိုလ်နဲ့ယှဉ်တဲ့သဘော ငွေမှာရှိပါ တယ်။ မသုံးသင့်တဲ့ငွေတွေကို သုံးနေတော့လည်း ကောင်းကောင်းသုံးရ တာ မဟုတ်ဘဲ ငွေနဲ့ပြန်ဝယ်လို့မရတဲ့ အရာတွေကို လက်လွှတ်ရတာ တွေ ရှိလာတတ်ပါတယ်။ သေသူ့လက်ထဲက ငွေကိုလုမယူချင်ကြပါနဲ့၊ သူ့အိတ်ထဲကငွေကို သူခွင့်မပြုဘဲ မယူချင်ကြပါနဲ့။ သူ့အတွက်ပဲ ကုသိုလ်ပြုပေးလိုက်ပါ။ ကိုယ့်စေတနာအလျောက် ကိုယ့်မှာ ငွေကြေး ပြည့်စုံလာမှာ သေချာပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



တချို့သောသူများကျတော့လည်း လူနာသည်းနေတဲ့အချိန်မှာ ကျန်ရစ်တဲ့သူအချင်းချင်း အမွေမှုနဲ့ စောင်နေတာတို့၊ အချင်းချင်း စကားကျယ်ကျယ်လောင်လောင်နဲ့ ငြင်းခုံနေတာတို့စတဲ့ လူနာကို အယူမှားစေမယ့်ကိစ္စများကို လုပ်နေတတ်ကြပါသေးတယ်။ လူနာသတိမေ့နေတယ် ထင်ပြီး သူ့အနားမှာလည်း သူမကြားသင့်တဲ့စကားများကို မပြောသင့်ပါဘူး။ တစ်ခါတုန်းက ဆရာတော်တစ်ပါးက သေအံ့မူးမူး အတွေ့အကြုံများနဲ့ ပတ်သက်လို့ ဟောတဲ့တရားကို နာခဲ့ရပါတယ်။ ဆရာတော်ကိုယ်တိုင် သေအံ့မူးမူးအခြေအနေကို ဆိုက်သွားဖူးပါတယ်တဲ့။ အဲသည်လို အခြေအနေမှာ ဟော သတိလစ်သွားပြီ၊ မေ့မြောသွားပြီလို့ ပြောတာကို ကြားနေရပါသေးတယ်တဲ့။ ဆရာဝန်များကတော့ သတိလစ်နေပါပြီ၊ မကြားနိုင်တော့ပါဘူးလို့ ပြောတတ်ကြပေမယ့် သေဆုံးတော့မယ့်သူကို လေးစားသောအားဖြင့် ညှာတာသောအားဖြင့် ဘဝကူးကောင်းအောင် အသက်အသံ မပြုဘဲ နေသင့်ပါတယ်။

တကယ်လို့ ကွယ်လွန်တော့မယ့်သူကိုယ်တိုင် တရားအားထုတ်ထားတယ်ဆိုရင် ပိုကောင်းပါတယ်။ တစ်ခါက ကျွန်မရေးဖူးတဲ့ သာသနာ့ဒါယကာ သူဌေးကြီးတစ်ယောက်ဟာ မှာစရာရှိတာများကို မှာပြီးတော့ သူ့ကို ခြင်ထောင်ချပေးခဲ့ပါ။ ဘယ်သူမှ မနှောင့်ယှက်ပါနဲ့တော့။ တရားမှတ်ပြီး သွားပါရစေလို့ ပြောတယ်ဆိုတဲ့အကြောင်းကို သတိရတိုင်း သူ့လို ဘဝကူးချင်လိုက်တာလို့ တောင့်တမိပါတယ်။ သေရမှာကို ရှောင်လို့မရဘူးလေ။ အသေကောင်းအောင် ပြင်ဆင်လို့သာ ရတာကိုး။

*အသေကောင်းအောင်ဆိုတာကလည်း ကိုယ်တစ်ယောက်တည်း တရားမှတ်ကျင့်ရှိနေလို့ မပြည့်စုံသေးပါဘူး။ တရားမှတ်ရင်း ဘဝကူးနိုင်အောင်ကလည်း လောကီလောကုတ္တရာ အသိတရားမျှတစွာ ရှိတဲ့သူများလည်း ကိုယ့်အနားမှာရှိနေဖို့ လိုအပ်ပါသေးတယ်။* တကယ်တော့ သေအံ့မူးမူးအချိန်မှာ ငွေကြေးဥစ္စာ အရှိန်အဝါတွေဟာ အပြင်ပန်းအား



ဖြင့်သာ အထောက်အကူပေးနိုင်တဲ့ အရာများဖြစ်ကြပါတယ်။ တကယ်တမ်းကတော့ မေတ္တာ ကရုဏာနဲ့ ကိုယ့်ကိုပြုစုယုယမယ့်သူများက ပိုပြီးအရေးကြီးတာပါ။ ဆေးဘယ့်လောက်ကောင်းပေမယ့် ဆေးလိုက်လို့ မမီတော့အောင် ရောဂါကျွမ်းနေပြီဆိုရင် ဂရုစိုက်ပြီး ပြုစုတာ ကြင်နာတဲ့အမူအရာ ညှာတာတဲ့ဖေးမမှုများထက် ကောင်းတဲ့ဆေးတော့ မရှိတော့ပါဘူး။

မြတ်စွာဘုရားဟာ ပုတိဂတ္တတိဿအမည်ရှိတဲ့ (ဘဝတစ်ခုက ဝဋ်ကြွေးကြောင့်) တစ်ကိုယ်လုံးပုပ်ရိနေတဲ့ ဝေဒနာကို ခံစားနေရသူ ရဟန်းကို ကိုယ်တော်တိုင် ရေနွေးအိုးတည်ပြီး ဝတ်ဆင်ထားတဲ့ ပြည်စေး အလိမ်းလိမ်းကပ်တဲ့ သင်္ကန်းကို ကိုယ်ရုံ၊ သင်းပိုင်စသည်ဖြင့် တစ်ခုစီခွဲပြီး လျှော်ဖွပ်ပေးတော်မူပါတယ်။ ဖန်ရည် ဆေးပေးတော်မူပါတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင် ဆင်းပြီးပြုစုပြီဆိုတော့လည်း ရဟန်းများကလည်း လိုက်လံကူညီလုပ်ဆောင်ကြပါတယ်။ မြတ်စွာဘုရားက တိဿရဟန်းရဲ့ ခုတင်ကို မ,မယ်အလုပ်မှာ ရဟန်းများက ဝိုင်းမပြီး အပြင်ဘက်ကို ထုတ်ယူခဲ့ကြပါတယ်။ အပြင်မှာ ဖန်ရည်ဆေးတာ သင်္ကန်းလျှော်ဖွပ်ပြီး ခြောက်သွေ့တဲ့သင်္ကန်းနဲ့ တစ်ကိုယ်လုံးကို ဖုံးထားပြီးမှ ကျန်တဲ့သင်းပိုင်ကို လျှော်တာစတဲ့ အလုပ်များကို လုပ်ခဲ့ပါတယ်။

ပုတိဂတ္တတိဿဟာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲပြီး ကိုယ့်အနံ့တောင်မှ ကိုယ်မခံသာအောင် ဖြစ်နေရာက မြတ်စွာဘုရားကိုယ်တော်တိုင် ပြုစုတော်မူတယ်ဆိုပြီး စိတ်ချမ်းသာသွားပါတယ်။ ပြီးတော့ အညစ်အကြေးကင်းစင်သွားတဲ့အခါ အနာအကျင်လည်း လျော့ပါးသွားပါတယ်။ သင်္ကန်းများကလည်း သန့်ရှင်းပြီး နေနံ့နဲ့ သန့်စင်တဲ့ရနံ့ကို ရလာပြီ ဖြစ်ပါတယ်။

အဲသည်လိုအချိန်မှာ အခန်းထဲကို တိဿရဟန်းရဲ့ ခုတင်ကို

*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဉ်တင်ဆက်သည်။



ပြန်သွင်းခဲ့ပါတယ်။ ပြီးတော့မှ မြတ်စွာဘုရားက ခေါင်းရင်းဘက်က ရပ်ပြီး တိဿ၊ သင့်ကိုယ်ခန္ဓာဟာ သေသွားတဲ့အခါမှာ ထင်းတုံးလောက်တောင်မှ တန်ဖိုးရှိမှာမဟုတ်ဘူး။ မသေခင်မှာ အနိစ္စသဘောကို ကြည့်ရှုဆင်ခြင်လော့လို့ သတိပေးဆုံးမတော်မူပါတယ်။ ကိုယ်စိတ်နှစ်ပါး ပေါ့ပါးရွှင်လန်းနေတဲ့ တိဿရဟန်းဟာ အနိစ္စသဘောကို ဆင်ခြင်ရင်း အသက်ကုန်ခြင်းသို့ ရောက်ပါတယ်။ အသက်ကုန်တဲ့အခါမှာတော့ အရှင်တိဿဟာ ရဟန္တာတစ်ပါးအဖြစ် ပရိနိဗ္ဗာန်ပြုသွားတာ ဖြစ်ပါတယ်။ ဘာမှမကြာတဲ့အချိန် အတောအတွင်းမှာ စိတ်ရော ကိုယ်ပါ ချမ်းသာသွားတဲ့အတွက် မြတ်စွာဘုရားရဲ့ အဆုံးအမမှာ ကောင်းစွာတည်ပြီး သတိကပ်ကာ ရှုမှတ်ဆင်ခြင်နိုင်ခြင်းရဲ့ အကျိုးကို ချက်ချင်းရသွားတာ ဖြစ်ပါတယ်။

တချို့ ပြောချင်ပေလိမ့်မယ်၊ စောစောက ဘာလို့လာပြီး မပြုစုတာလဲလို့ပေါ့။ စောစောက ပြုစုလို့မရတာက အရှင်တိဿအလောင်းအလျာဟာ ဘဝပေါင်းများစွာက ငှက်ခတ်မုဆိုးဖြစ်ပါတယ်။ တစ်ခါတည်း သတ်ပြီး ရောင်းချလို့ မကုန်ရင် ကျန်တာတွေအတွက် ငွေမရတော့မှာစိုးလို့ ငှက်များကို မသေမရှင် အနေအထားနဲ့ ထားရအောင် ခြေကလေးတွေကို ချိုးထားခဲ့ပါတတယ်တဲ့။ အတောင်ကလေးများကို ဖြတ်ထားခဲ့ပါတယ်တဲ့။ အဲသည်ဝဋ်ဆိုတာ မြတ်စွာဘုရားကလည်း တားမြစ်ပေးနိုင်တာ မဟုတ်ပါဘူး။ ကိုယ်ပြုခဲ့တဲ့ မကောင်းမှုကံက တစ်ဖန်ပြန်ပြီး အကျိုးပေးလာတဲ့ဝဋ်ကိုတော့ ကိုယ့်ဘာသာ ကိုယ်ခံရမှာဖြစ်ပါတယ်။ အဲဒီဝဋ်ကုန်ပြီဆိုရင်လည်း အရှင်တိဿဟာ သက်တမ်းကုန်တော့မှာ ဖြစ်ပါတယ်။ တကယ်လို့ တရားကို မရှုမှတ် မဆင်ခြင်နိုင်ဘဲ မကျေမနပ်နဲ့ နာကျင်ခံစားပြီး သေရင် ရင်းစားဆုံးမှာဖြစ်ပါတယ်။ အဲဒါကြောင့် မြတ်စွာဘုရားက အဆုံးအမကို ခံယူနိုင်တဲ့စိတ်အနေအထား ကိုယ်အနေအထားကိုရောက်အောင် ပြုစုတော်မူပြီးမှ ဆုံးမရတာ ဖြစ်ပါတယ်။




နောက်ဆုံးအချိန်မှာ အကောင်းဆုံးကို ပေးလိုက်နိုင်ဖို့ ကျန်ရစ်သူများကလည်း သတိကြီးစွာထားပြီး ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ အဲသည်လို ကျန်ရစ်သူများရဲ့ စေတနာမေတ္တာကို ရယူနိုင်ဖို့ဆိုတာကလည်း ထွက်ခွာသွားမယ့်သူ ကိုယ်တိုင်က ကိုယ့်အလှည့်မှာ ကိုယ်ကျေပွန်ရမယ့် ဝတ္တရားများကို ကျေပွန်ခဲ့ရမှာ ဖြစ်ပါတယ်။ အဲသည်လိုဆိုရင် အားလုံးဟာ ပြေပြေပြစ်ပြစ် ဖြစ်သွားနိုင်ပါတယ်။ မပြေပြစ်အောင် လုပ်တဲ့သူရှိတယ်ဆိုရင်လည်း သူ့ထိုက်နဲ့သူ့ကံပါပဲ။ ကိုယ့်ကိုယ်ကိုယ်တော့ မှားတယ်မှန်တယ်ဆိုတာ သိကြစမြဲပါပဲ။ မှားရော ဘာဖြစ်လဲ၊ ချမ်းသာဖို့က အရေးကြီးတယ်လို့များ ဆင်ခြေမတက်လေနဲ့၊ ချမ်းသာခြင်းမှာလည်း ဆင်းရဲတဲ့အခန်းကဏ္ဍပါတယ်။ ခံရတော့မှ သိလိမ့်မယ်။

အချစ်ဝိုင်းတော်သားများက ရှင်ခြင်းနဲ့သေခြင်းကြားမှ ကျွန်မတို့တစ်တွေကို အပုဒ် ၂၀ တိတိ ၅ လတိတိ ရေးသားခွင့်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။ သည်းခံပြီးဖတ်ရှုကြတဲ့ စာဖတ်သူများကိုလည်း ကျေးဇူးတင်ပါတယ်။ လူတိုင်းနဲ့မကင်းနိုင်တဲ့ ရှင်ခြင်းနဲ့ သေခြင်းကိစ္စဟာ အင်မတန်ကျယ်ဝန်းပါတယ်။ အယူဝါဒအလိုက် လူမျိုးအလိုက် ခေတ်အလိုက်၊ ခေတ်မှာတောင်မှ ဒေသအလိုက် ကွဲပြားခြားနားတဲ့ ဓလေ့ထုံးစံများ ရှိပါတယ်။ အဲသည်တော့ ကျွန်မလက်ခံပြီး ဆွေးနွေးတင်ပြတာကို နှစ်လိုတဲ့သူများရှိမှာဖြစ်သလို မနှစ်လိုတဲ့သူများလည်း ရှိမှာသေချာပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မဆောင်းပါးများကို သည်းခံဖတ်ရှုပေးတဲ့အတွက် ကျေးဇူးတင်လျက်ရှိပါတယ်။

ကလျာမဂ္ဂဇင်းမှာတော့ ‘နေခြင်း သေခြင်းနဲ့ လွတ်မြောက်ခြင်း’ ဆိုတဲ့ခေါင်းစဉ်နဲ့ ဆက်လက်ရေးသားနေပါတယ်။ ချဉ်းကပ်ပုံက ဝိုပြီးကျယ်ဝန်းမှာ ဖြစ်ပါတယ်။ ဝါသနာပါတဲ့သူများ ဖတ်ရှုကြည့်စေလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာအုပ်စင်မှ စီစဥ်တင်ဆက်သည်။




*စာအုပ်များကို ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေများကိုကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)*